www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

- JUN 2014

# အချစ်ရိပ်မြုံလေးဆီ

ရှင်မြတ်နိုး



www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင် ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

မိုးလပြည့် စာပေ
အမှတ်–၂၂၇၊ ၃–လွှာ၊ ၃၁–လမ်း(အထက်)၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
: ၀၉ ၅၁၆၃၇၆၄၊ ၀၉ ၅၀၈၉၈၉၄

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ထုတ်ဝေသူ | - | ဦးကျော်ဆန်း (မြ-၀၉၃၂)<br>ရဲအောင်စာပေ၊ အမှတ်(၂)၊<br>ခွန်း(၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊<br>ရန်ကုန်မြို့။ |
| အတွင်းနှင့်အဖုံးပုံနှိပ်သူ | - | ဦးကျင်ရင် (မြ-၁၀၀၉၈)<br>(ရွှေခြည်သွေ့ပုံနှိပ်တိုက်)<br>အမှတ်-၁၇၉၊ ၃၁လမ်း၊ (၁၁)ရပ်ကွက်<br>ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်ခြင်း | - | ၂၀၁၄ ခုနှစ်၊ မေလ။ |
| အုပ်ရေ | - | ၅၀၀ အုပ် |
| တန်ဖိုး | - | ၁၀၀ ကျပ် |
| ဖြန့်ချိရေး | - | ဖိုးလပြည့်စာပေ<br>အမှတ်-၂၂၃၊ ၃လွှာ၊ ၃၁-လမ်း၊<br>ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။<br>ဖုန်း - ၀၉ ၅၁၆၃၇၆၄၊ ၀၉-၅၀၈၉၈၉၄ |

၈၉၅.၈၃

ရှင်မြတ်နိုး

အချစ်ရိုင်းမြူလေးဆီ/ရှင်မြတ်နိုး။ ရန်ကုန်။

ရဲအောင်စာပေ၊ ၂၀၁၄။

(၂၈၈)စာ၊ ၁၂ စင်တီမီတာ × ၁၇.၇ စင်တီမီတာ

(၁) အချစ်ရိုင်းမြူလေးဆီ



အခန်း ( ၁ )

မောင်က သူမအား သဝန်ကြောင်လွန်းသည်။ အသေးစိတ်ဂရုတစိုက် စောင့်ကြည့်သံသယဖြစ်နေ၍ သူမ အိမ်ထောင်သက်တမ်း နှစ်နှစ်သာ ရှိသေးသော်လည်း စိတ်သောက အပူမီးတွေလောင်မြိုက်နေရသည်မှာ နှစ်ပေါင်းများစွာ အကြာကြီး ခံစားနေရသလို ဖြစ်နေရသည်။

"သုန် ... မင်းဘာဖြစ်လို့ အလှအပတွေ ပြင်ထားရတာလဲ၊ မင်းကို ချောမှလှမှ မောင်ကကြိုက်မှာမဟုတ်ဘူးနော်"

"မောင်ရယ် ... ကျွန်မ ဘာများအလှပြင်လို့လဲ၊ မနက်ကမှပါ ကရင်းဘတ်လေး နည်းနည်းတို့ကြည့်မိတာပါ"

"မင်း အိမ်ထဲမှာနေတာပဲ ... ဘာဖြစ်လို့ အလှပြင်စရာအကြောင်းရှိလဲ"

"အင်းပါ မောင်ရယ် ... နောက်ဆို ကျွန်မ လုံးဝအလှအပ



www.burmeseclassic.com

www.burmeseclassic.com



တွေ မပြင်တော့ပါဘူး၊ ကျေနပ်ပြီလား"

မောင့်မျက်နှာကြီးက စုတင်းတင်းကြီးနှင့် သုန်တစ်ခါတရံ ထွက်ပြေးသွားချင်တဲ့ဆန္ဒတွေပင် ဖြင်းမြလာသည်။

"မင်း ဖားတုလို့ခရုခုန် အိုင်ပျက်ရုံပဲရှိမယ် ခင်ဝသုန် ... မင်း နောက်မီးလင်းလိုက်တော့ ငါ လုံးဝခွင့်လွှတ်မှာမဟုတ်ဘူး"

မောင်က သူမအား သူ့စိတ်တွေနှင့် နှိုင်း၍ ဖောက်ပြန်မည့် မိန်းမတစ်ယောက်အဖြစ် စွပ်စွဲပုတ်ခတ်ပြောဆိုနေခြင်းသာ ဖြစ်သည်။ မောင်ကရော လောလောဆယ်ပင် ကောင်မလေးတစ်ယောက်နှင့်ငြိစွန်းနေကြောင်း သူမ သတင်းသဲ့သဲ့ ကြားထား၏။ ဒါပေမဲ့ ... မောင့်ဆင်ခြေက ယောကျ်ားကောင်း မောင်းမတစ်ထောင်တဲ့။ ယောကျ်ားလေးကို မတုနဲ့တဲ့။ သူမ ဘယ်တုန်းကမှ မောင်ကလွဲပြီး တခြားယောကျ်ားတစ်ယောက်နှင့် ဖောက်ပြန်ဖို့ဆိုတာ စိတ်ကူးထဲမှာပင် မရှိခဲ့။ သူမ ကြောက်သည်။

"ချစ်ဝသုန်"

"ရှင် ... မောင်"

"မင်း ရိုးရိုးသားသား နေစမ်းပါ၊ မောင် ဘာပဲလုပ်လုပ်လေ၊ မင်းလိုက်မတုနဲ့ ကြားလား ... မိသားစုဘဝလေးကို မင်းဖန်တီးပေးစမ်းပါ၊ မောင့်ရင်သွေးလေးတွေ ရှိချင်တယ်၊ ဒါပေမဲ့ ... မင်းက အမြုံဖြစ်နေတယ်"





"မောင်"

"မင်းက မောင့်ကို မြုံနေတယ်လို့ပြောချင်တာလား၊ မောင် တခြားမိန်းမတစ်ယောက်နဲ့ စမ်းသပ်ကြည့်ရမလား"

"မောင်ရယ် ... မဟုတ်တာတွေ၊ ကျွန်မ အိုဂျီနဲ့သွားပြချင်ပါတယ်"

သူမ ဘယ်လိုပဲသွားချင်နေပါစေ မောင့်ထံ တင်ပြ၍ ခွင့်ပြုချက်ရယူရသည်။ နေမကောင်းဖြစ်တာတောင် ဆေးခန်းပြခွင့် မောင့်ကို တင်ပြရ၏။ သူမရိုးသားဖြူစင်စွာ မောင့်ဇနီးအဖြစ် ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်ခဲ့ချင်တာပါ။

"ဘယ်ဆရာဝန်မှ ပြစရာမလိုဘူး ခင်ဝသုန် ... မင်း လမ်းကြောင်းမရှာနဲ့၊ အိမ်ထဲမှာပဲနေ ... "

အိမ်ဖော်အဒေါ်ကြီးကိုလည်း မောင်က အသေအချာမှာထားသေးသည်။ ကျွန်တော့်မိန်းမကို အသေအချာ စောင့်ကြည့်ထားပါတဲ့။

"မောင်က လုပ်ငန်းကြီးလုပ်ဆောင်နေရတာလေ၊ နာမည်ပျက်လို့ မဖြစ်ဘူး ... မင်း သတိထားပါ"

"မောင်ရယ် ... သုန်လေ ဘယ်တုန်းကမှ မောင်ကလွဲပြီး တခြားယောကျ်ားတစ်ယောက်ကို စိတ်ကူးနဲ့တောင် ပြစ်မှားလို့



www.burmeseclassic.com

www.burmeseclassic.com



မရပါဘူး … ကျွန်မကို ယုံကြည်ပေးပါနော်”

“မင်း အဲဒီကိစ္စ လုံးဝမတောင်းဆိုနဲ့နော်၊ မောင် လက်မခံဘူး မိန်းမကို ဘယ်တော့မှယုံကြည်လို့မရဘူးဆိုတာ မောင့်ဝါဒပဲ”

သူမ မောင့်ကို တုယှဉ်ပြိုင်၍ ပြောဆိုနိုင်ခြင်းမရှိဘူးဆိုတာ သုန် သိလိုက်သည်။

“မင်းဆီကို မောင်မကြာခဏ ဖုန်းဆက်မယ် … မင်းအပြင် ခိုးထွက်ဖို့တော့ မစဉ်းစားနဲ့နော်”

“မောင်ရယ်”

မောင်နှင့်လက်ထပ်ပြီး နှစ်နှစ်အတွင်း မောင် မိန်းကလေး ဘယ်နှယောက်နဲ့ ဖောက်ပြန်နေခဲ့လဲ။ သုန့်နှလုံးသားတွေ ဘယ်လောက်အထိ နာကျင်ကြေကွဲရလဲ။ မောင့်မှာ ကျွန်မနှင့်ပတ်သက်ပြီး ကိုယ်ချင်းစာနာစိတ် လုံးဝမရှိခဲ့ပေ။

“မောင်သွားမယ် ဝသုန်ရယ် … မင်းကို မောင်ချစ်မြတ်နိုးလို့ပါ၊ မောင့်အိမ်ထောင်ရေးကို လုံးဝအထိခိုက်မခံနိုင်တာလေ”

မောင်က သူမ နဖူးလေးကိုနမ်းပြီး ထွက်သွားသည်။ သူမ အခုမှ စိတ်သက်သာသွားရသလို အိပ်ယာပေါ်သို့ ခန္ဓာကိုယ်လေး ပြိုလဲကျသွားတော့၏။ မောင် ဘာကြောင့်များ ဒီလို သူမအား အကျယ်ချုပ်ထားနေရတာလဲ။ အချစ်ဆိုတာကို သူနဲ့စဉ်းစား၍မရ





နိုင်။ ချစ်သူဘဝထဲက ဇိဇာကြောင်လွန်းတဲ့မောင့်ကို သူမ တဖြည်းဖြည်း အချစ်တွေကင်းမဲ့သွားခဲ့ရ၏။ သူမ မောင့်ကို လက်မထပ်ဖို့ ဆုံးဖြတ်ခဲ့မိပေမယ့် ဖူးစာရေးနတ်က မောင်နှင့်ပဲ ဆုံဆည်းစေခဲ့သည်။

“သုန်ရေ အောက်ထပ်မှာ မင်းမောင်လေး ရောက်နေတယ်”

“ဟုတ်ကဲ့ ဒေါ်ဒေါ်”

အိမ်ဖော်မကြီး ဒေါ်အုံးကလာပြီး ပြောသည်။ မောင်လေး ချစ်ခြိမ့် ရောက်လာတာပဲ။ သူမ ပါးပြင်လေးပေါ်မှာ စီးကျနေတဲ့ မျက်ရည်တွေကို သုတ်ပစ်လိုက်ရသည်။ အောက်ထပ်ဆင်းလာတော့ မောင်လေးက ဧည့်ခန်းမှာထိုင်နေ၏။ ခြိမ့် ဘာလာလုပ်တာလဲ။ မောင်က အပြင်လည်းမထွက်ရ၊ သုန့်မိသားစုဝင်တွေလာပတ်သက်တာလည်း မကြိုက်ပေ။ မေမေတို့ဆီကိုတော့ တစ်လတစ်ခါ ငွေကြေးတွေ ထောက်ပံ့ပေးသည်။

“ခြိမ့်”

“မမ”

“မင်း ဘာဖြစ်လို့လာတာလဲ”

“မေမေ နေမကောင်းလို့ပါ မမ … ဆေးဖိုး လိုတယ်လေ၊ လခက ကုန်ပြီ၊ မေမေကတော့ မတောင်းခိုင်းပါဘူး၊ ခြိမ့်ကလာပြော



www.burmeseclassic.com

www.burmeseclassic.com



ပြတာပါ”

မောင်လေး ခြံရံ ဒီကောင်လေးကလဲ မလိမ်မာဘူး။ မမက သူဌေးဆိုပေမယ့် မမက ငွေကြေးကိုင်ခွင့်ရှိတာမှ မဟုတ်တာပဲ။ မောင်က နောက်ယောက်ျားတစ်ယောက်ကို ခိုးပေးမှာကြောက်နေသည်။

“မမ”

“ဟင်”

“ငိုနေတာလား”

“မဟုတ်ပါဘူး မောင်လေးရယ် … မေမေ နေမကောင်းတာကို ဂရုစိုက်ပေးပါ၊ မမ မောင့်ဆီဖုန်းဆက်ပြီး ပိုက်ဆံတောင်းပေးမယ်၊ မင်းရော … ဘာတွေလုပ်နေလဲ၊ ပညာရေးလည်း ကြိုးစားပါဦး ခြံရံရယ် … မမလည်း သူဌေးဇနီးဖြစ်ပေမယ့် သူက စည်းကမ်းကြီးတယ်လေ၊ အလုပ်လုပ်မှ ကြိုက်တာ”

“မမ”

“ဟင်”

“ယောက်ျားကို ဒီလောက်အထိကြောက်နေရလား၊ မိသားစုဆီလည်း မလာရဘူး … မိသားစုနဲ့ပတ်သက်တာလည်း မကြိုက်ဘူး၊ ဘယ်လိုယောက်ျားမျိုးလဲ ခြံရံတို့က ဆင်းရဲလို့လား”

“မဟုတ်တာ ခြံရံရယ် … မမ ဘဝပါ၊ မိန်းမတွေက အိမ်





ထောင်ပြုပြီးရင် ဒီလိုပဲ နေထိုင်ရတယ် ခြံရံ”

ခြံရံကတော့ မမကို သနားနေမိသည်။ ရိုးသားဖြူစင်တဲ့ မမပါ။ ပြီးတော့ … မမခင်ပွန်းက မမကွယ်ရာမှာ ကောင်မလေးတွေနဲ့ တွဲနေတာလည်း ခြံရံတွေ့ထားသည်။ မမကို ပြောမပြရက်။ မမ ဘာသိလို့လဲ။ အိမ်ထဲမှာနေပြီး စည်းစိမ်တွေတော့ အပြည့်အဝခံစားရပါရဲ့။ စိန်တွေ ညွှတ်နေအောင် ဝတ်ထားတဲ့မမက ချက်နှာပေါ်မှာ မျက်ရည်စီးကြောင်းတွေနှင့် ခြံရံထလိုက်သည်။

“ခြံရံ”

“သွားတော့မယ်”

“မေမေ့ကို ဂရုစိုက်ပါ ညီမလေးကိုလည်း စောင့်ရှောက်ပါဟယ် … မမတာဝန် မကျေနပ်နိုင်တာ ခွင့်လွှတ်ပေးပါ မောင်လေးရယ်”

“မမ နေနိုင်ရင်ပြီးတာပါပဲ … မေမေ့ဆေးဖိုးတော့ ခြံရံပဲ ရှာရမယ်”

“အေးပါ … မမပို့ပေးပါ့မယ်၊ မင်းလည်း တက္ကသိုလ်ဝင်တန်းလေးတောင် မအောင်ဘူး၊ ကြိုးစားပါ”

“ကျွန်တော် စာမေးပွဲမဖြေတော့ဘူး၊ တက္ကသိုလ်ဝင်တန်းအောင်ပြီး ဘယ်သူကျောင်းဆက်ထားပေးမှာလဲ … သွားပြီ”



www.burmeseclassic.com

www.burmeseclassic.com



"ခြိရံ ... ဟော့ ... ဟဲ့ ..."

မောင်လေးခြိရံက လက်ပြပြီး ပြန်ထွက်သွားသည်။ သုန်တို့မှာ မောင်နှမသုံးယောက်ရှိ၏။ မောင်လေး ခြိရံနှင့် ချစ်ခြင်းဘုံတို့က အမွှာမောင်နှမ။ ညီမလေးဘုံက တက္ကသိုလ်ဝင်တန်းအောင်ပြီး စာပေးစာယူနှင့် ကုမ္ပဏီတစ်ခုမှာ အလုပ်ဝင်လုပ်နေသည်။

"မမ တောင်းပန်ပါတယ်ကွယ်၊ မောင်လေးနဲ့ညီမလေးတို့ကို မစောင့်ရှောက်နိုင်ခဲ့ဘူး"

သုန် ငိုပစ်သည်။ မောင့်ကွယ်ရာတွင် သုန်ငိုကျွေးရတာ နေ့စဉ်ပါပဲ။ မေမေကတော့ သုန့်ဆီက အထောက်အပံ့မယူခဲ့ပါဘူး။ အခုတော့ မေမေလည်း ကျန်းမာရေးမကောင်း၍ လက်ခံခဲ့တာဖြစ်သည်။

"ခြိရံ မောင်လေးရယ် ... မင်းအရွယ်လေးက ပျက်စီးလွယ်တဲ့ အရွယ်လေးပါ၊ မောင်လေးမှာ အထိန်းအကွပ်မဲ့နေသလိုပဲ၊ မင်းအရက်တွေတောင် သောက်တတ်နေပြီတဲ့"

မောင်လေး ချစ်ခြိရံရဲ့သတင်းကို အိမ်ဖော်ဒေါ်အုံးကတစ်ဆင့် သုန် အမြဲတမ်း ကြားနေရသည်။ တစ်ခါတရံ သူမကိုယ်တိုင်သွား၍ မေမေ့ကိုလည်း ပြုစုပေးချင်၏။ မောင်လေးနဲ့ညီမလေးကိုလည်း ဆုံးမသွန်သင်စောင့်ရှောက်ပေးချင်သည်။





"သုန်"

"ရှင် ဒေါ်ဒေါ်အုံး"

"ညည်းလေး အမေဆီ သွားကြည့်ချင်ရင်သွားလေ၊ ညည်းက သမီးကြီးပဲ ... သွားချင်မှာပဲလေ"

"ဒေါ်ဒေါ်အုံးရယ် ... နေပါစေတော့၊ သုန်လေ မောင့်ရဲ့အငြိုအငြင်လည်း မခံချင်ပါဘူး၊ သူက ဖုန်းဆက်နေတာလေ"

"သုန့်ကို သနားတယ် ... ရွှေပုံပေါ်မှာ စံရပေမယ့် ဘဝက မလွတ်လပ်လိုက်တာ ... သောကတွေ ခံစားနေရတယ်"

"ဘယ်တတ်နိုင်မလဲ ဒေါ်ဒေါ်အုံးရယ် ... ကျွန်မဘဝပဲလေ၊ မောင်သဝန်ကြောင်ပြီး ချုပ်ချယ်နေတာ စဉ်းစားလို့တောင် မရဘူး"

"သုန့်ကို ဒေါ်ဒေါ်အုံးကတော့ သနားတယ်၊ ရိုးသားတယ်လို့လည်း သတ်မှတ်ထားတယ် ... မောင်ဒုတ ဘယ်လောက်ပဲ မှားပါစေ၊ သုန် လွတ်လွတ်လပ်လပ်နေပါ"

"ဟုတ်ကဲ့"

ဒေါ်ဒေါ်အုံးက မောင့်ရပ်ဆွေရပ်မျိုးဖြစ်ပြီး မောင့်လူပါ။ သူမကိုတော့ မောင်ဘယ်လောက်ပဲ မှားထားပါစေ ငဲ့ညှာထောက်ထားသို့ တော်သေးသည်။

"အမေကိုတော့ သွားကြည့်သင့်တယ်၊ ပိုက်ဆံလည်း ပေးသင့်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ မောင့်ဆီကို ဖုန်းဆက်မယ်၊ မေမေ နေမကောင်းဘူးဆိုတော့ ငွေပို့ပေးချင်တယ်"

"ဆက်လေ ပေးရမှာပေါ့ … ကိုယ့်အမေပဲ … တော်ကြာ"

သူမ စိတ်ကိုဆုံးဖြတ်လိုက်ပြီး မောင့်ဆီကို ဖုန်းဆက်သည်။

"မောင် မေမေ နေမကောင်းဘူးတဲ့၊ မောင်လေးခြံရဲ လာတယ်လေ … ပိုက်ဆံလေး ဘာလေးပို့ပေးချင်ပါတယ်"

"မင်းမောင်လေးက လိမ်ညာတောင်းနေတာလည်း ဖြစ်ဦးမယ် … ညနေရုံးဆင်းရင် မောင်ဝင်လိုက်မယ်၊ မင်းစိတ်မပူနဲ့ အိမ်မှာပဲနေ"

"ဟုတ်ကဲ့ မောင်"

သုန် ဘာထပ်ပြောရတော့မလဲ။ မောင့်ကို စောဒကတက်ခွင့်မရှိ။ မောင်ပြောတာလည်း မှန်သည်။ မောင်လေးခြံရဲက နည်းနည်းလေး ဆိုးပေချင်၏။ မောင်လေးသာလိမ်ညာတောင်းတယ်ဆိုရင် ဒုက္ခပါပဲ။ မေမေ့ဆီ ဖုန်းဆက်သွယ်လို့လည်းမရ၊ အိမ်အနီးအနားမှာ ဖုန်းက မရှိ။

"မောင်သုတက ဘာပြောလဲ သုန် … "

"သူ ဝင်မယ်တဲ့"

"အင်း … မင်းအတွက်လည်း စိတ်မကောင်းလိုက်တာ၊ အင်းလေ … ဘယ်တတ်နိုင်မလဲ၊ ညည်းယောက်ျားပဲလေ"

ဖိုးလပြည့်စာပေ



မောင်က သုန့်မိသားစုကို ထောက်ပံ့နေလျှင် မင်းမောင်လေး အချောင်သမား ဖြစ်မယ်တဲ့။ အခုတောင် အရက်လေး တမြမြနဲ့ ပွက်စီးစပြုနေပြီတဲ့။ သုန် စိတ်ညစ်လိုက်တာ။ မောင့်ဆီဖုန်းဆက်ပြောမိတာ မှားတယ်။ မေမေ တကယ်နေမကောင်းတာပဲ ဖြစ်ပါစေ။ ညီမလေးက စောင့်ရှောက်မှာပါ။ သုန်အတွေးတွေနှင့် ရင်ထဲမှာ မီးတောက်မတတ် ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၂ )

"အမေ နေကောင်းလားဟင် … ဆေးခန်းပြရအောင်၊ အမေ ဘာဖြစ်လို့ ဆေးခန်းမပြချင်ရတာလဲဟင် … ပိုက်ဆံကြောင့်လား"

"ဟုတ်တယ် ဘုံ … အမေ ဘာမှမဖြစ်ပါဘူးအေ၊ လူကြီးဆိုတော့ ဒီလိုပါပဲ"

"မမသုန် ဘာဖြစ်လို့များ မိသားစုကို ဥပေက္ခာပြုထားရတာလဲ … ဘုံသွားတွေ့မယ် အမေ"

"မတွေ့နဲ့ … ညည်းအရှက်မရှိဘူးလား ဘုံ … သူက သူ့မိသားစုနဲ့သူပဲ၊ ညည်းအစ်ကိုကလဲ လူဆိုးလူပေ၊ ဒီကောင်လေးအရက်သောက်နေသေးတယ်၊ အမေတော့ စိတ်ဆင်းရဲတယ်"

"ခြံရံကတော့လေ"





ချစ်ခြင်းဘုံနှင့်ချစ်ခြံရံက အမွှာမောင်နှမ။ ခြံရံက ဒီနှစ်တွေမှာ စိတ်လေပြီး တော်တော်လေး ပေချင်နေတယ်။ ပြောလည်းမရဘူး။ အရက်တောင် သောက်တတ်နေပြီ။

"အမေ … "

"ဟင် … သားခြံရံ … မင်းဘယ်ကနေ ပြန်လာတာလဲ"

"မမဆီက"

"ဘာပြောတယ်"

"အမေ့အတွက် ပိုက်ဆံသွားတောင်းတာလေ"

"ဘာပြောတယ် ခြံရံ … သားကြီး သူ့ဟာသူနေပါစေ၊ မင်းကို ဘယ်သူက တောင်းခိုင်းလို့လဲ"

"အမေမှ နေမကောင်းတာ၊ ဘုံ့လခနဲ့မှ မလောက်တာ၊ အမေ့သမီးကြီး ထောက်ပံ့တာကလဲ ကလေးမုန့်ဖိုးပေးသလိုပဲ"

"အမလေး ခြံရံရယ် … မင်းက ဘာအလုပ်မှမလုပ်ဘူး၊ မိသားစုအတွက် ဘာတာဝန်မှလည်း မယူဘူး … သုန်လေးလခပဲ ဆိုးနေတာ၊ မင်းကများ တာဝန်ယူထားရတဲ့အမေကို ဝေဖန်နေသေးတယ်"

"အမေကလည်းဗျာ … ခြံရံအလုပ်ရှာနေပါတယ်၊ မမယောက်ျားက မမကို မတရားအနိုင်ကျင့်နေလို့ပြောပြတာပါ၊ အမေ



www.burmeseclassic.com

www.burmeseclassic.com



နေမကောင်းတာတောင် လာဖို့ခွင့်တောင်းနေရတယ်”

“ဟဲ့ အိမ်ထောင်တစ်ခုဖြစ်လာရင် ဒီလိုပဲလေ၊ ယောကျ်ားနဲ့ မိန်းမ ညှိနှိုင်းနေထိုင်ကြရတာပဲ ... အရေးကြီးတာက သမီးကြီးဘဝ ချမ်းချမ်းသာသာနေရဖို့ပဲ”

“စိန်တွေတော့ ညွှတ်အိနေအောင် ဝတ်ထားပါရဲ့၊ မောင် လေးတစ်ယောက်လာတာတောင် မုန့်ဖိုးပေးစရာ မရှိဘူး”

“ခြိရဲ့ မင်းသွားမတောင်းနဲ့နော် ... သမီးကြီးကို မနှောက် ယှက်ပါနဲ့သားရယ် အမေရှက်တယ် ... သား အလုပ်မလုပ်ရင်တောင် အမေတို့ ချွေချွေတာတာလေး သုံးစွဲကြရအောင်ပါ”

“ခြိရဲ့လည်း အလုပ်ရှာနေတာပါ အမေရာ ... ဘိုက တက္က သိုလ်ဝင်တန်းအောင်တယ်၊ ခြိရဲ့က မအောင်ဘူး ... ဘာတွေမှန်း မသိဘူး၊ စိတ်ဓာတ်တွေ အရမ်းကျတယ်”

ခြိရဲ့ အခန်းလေးထဲဝင်လာခဲ့သည်။ သူ့စိတ်တွေက ရှုပ်ထွေး ညစ်နွမ်းနေသလိုပင် ခြိရဲ့ အခုစိတ်ဝင်စားနေတဲ့ ကောင်မလေးက ချမ်းသာတဲ့ အသိုင်းဝန်းကပဲ။ ခြိရဲ့ကို အထင်သေးမှာကြောက် သည်။ မမက သူဌေးကတော်။ ဒါပေမဲ့ အနားတောင်ကပ်ခွင့်မရှိ။

“ခြိရဲ့”

“ဟင်”





ခြိရဲ့ရှိနေတဲ့ အခန်းလေးထဲ ဘိုဝင်လာခဲ့သည်။ ဘာပဲဖြစ်ဖြစ် အမွှာမောင်နှမဆိုတော့လည်း သံယောဇဉ်က ပိုရှိတွယ်တာရ၏။ ခြိရဲ့ ဘာတွေဖြစ်နေလဲ အခုတလော စိတ်ညစ်နေပုံရသည်။

“နင် ဘာတွေဖြစ်နေလဲ ... အရက်တွေဘာတွေသောက် ဘာတော့ မကောင်းဘူး ထင်တယ်ဟာ”

“စိတ်ညစ်လို့”

“ဘာဖြစ်လို့ စိတ်ညစ်ရတာလဲ၊ အမေက ကျန်းမာရေး ကောင်းဘူး၊ စိတ်ဓာတ်ကျသွားမယ် ... နင် အလုပ်မလုပ်ရင်နေပါ အမေ စိတ်ညစ်အောင်တော့ မလုပ်ပါနဲ့”

“ဘို”

“ပြော”

“ငါ ကောင်မလေးတစ်ယောက်ကို ချစ်နေတယ်”

“ဘာ”

“အဲဒီကောင်မလေးက ပိုက်ဆံချမ်းသာတယ်လေ၊ မမလိုပဲ ... ငါက သူဌေးသမီးကိုပဲ ယူမှာ”

“သေချင်တာပဲ ခြိရဲ့ရယ် ... နင်ကလေ တကယ့်ကိုအချောင် ... သူက နင့်ကို ကြိုက်လို့လား”

“ကြိုက်တာပေါ့ဟ ... ငါက လူချောပဲ၊ ချစ်ခြိရဲ့က ပိုက်ဆံ



www.burmeseclassic.com

www.burmeseclassic.com

မရှိတာပဲရှိတာပါ၊ ရုပ်ကတော့ ဖြောင့်ပြီးသား"

"နင်က တက္ကသိုလ်ဝင်တန်းလည်း မအောင်ဘူး၊ အလုပ်လည်း မလုပ်ချင်ဘူး၊ ဟိုကောင်မလေးက နင့်ကိုကြိုက်တယ်၊ ဟုတ်မှလည်းလုပ်ပါ ခြိရံရယ် ..."

"အဲဒီကောင်မလေးက ဘယ်သူလဲသိလား"

"ဘယ်သူလဲ"

"ကိုသုတ ညီမလေး မြကေရီပဲလေ"

"ဟင် ..."

"ဘာဖြစ်လို့လဲ သူ့အစ်ကိုက မမကိုလက်ထပ်ပြီး နှိပ်စက်နေတာလေ ... အဲဒီတော့ ငါကလဲ သူ့ညီမကို ပြန်ယူပြီး နှိပ်စက်မလို့"

"အဓိပ္ပာယ်မရှိတာပဲ ခြိရံရယ် ... မလုပ်ပါနဲ့၊ မမကြီးတို့ အိမ်ထောင်ရေးမှာ ပြဿနာတက်မယ် ... ထားလိုက်ပါ"

"ဒီကောင်မလေးက ငါ့ကို အရင်ကပ်နေပြီ၊ ငါလေ အဝတ်အစားလေး ဘာလေး ဝယ်ချင်တယ် ... နည်းနည်းရှုံးပြရမယ်၊ ငါ သူဌေးသမီးနဲ့ လက်ထပ်တော့ နင်လည်း တာဝန်ပေါ့သွားမှာ"

"တော်ပါတော့ ခြိရံရယ် ... ထားလိုက်ပါ၊ အချစ်မပါဘဲ ငွေကြေးကြောင့်တော့ မိန်းကလေးတစ်ယောက်ရဲ့ အနာဂတ်ကို ဖျက်ဆီးမပစ်ပါနဲ့၊ တော်ကြာ ... နင့်ကို သဘောမတူလို့ အမွေဖြတ်





ရင် နင်တာဝန်ယူနိုင်လို့လား"

"သဘောမတူလည်း ပြစ်ထားပေါ့၊ သူ့ညီမပဲ နာမှာ"

"ခြိရံ ..."

"နင်လည်း ဘောစိကိုပဲ ရှာနော်၊ တို့မိသားစုတွေ ဆင်းရဲကျွှန်းလို့"

"အချောင်သမားစိတ်ဓာတ်တွေ မမွေးစမ်းပါနဲ့ခြိရံရာ၊ နင်ကြိုးစားပါလား ... အရက်သောက်တာလည်း အကျင့်မလုပ်ပါနဲ့တော့၊ ငါ့မှာ ပိုက်ဆံရှိတယ်၊ နင် အဝတ်အစားဝယ်ချင်ဝယ်လေ"

"ပေးဟာ ..."

"နင် အဝတ်အစားတော့ဝယ်နော် ... ပိုက်ဆံကို သုံးဖြုန်းမနေနဲ့ ပိုက်ဆံက ရှာရခက်တယ်"

"မပေးချင်လည်းနေဟာ၊ နင်လည်း ငါ့ကိုမမကြီးလိုပဲ မယုံဘက်နဲ့"

"ယူပါဟာ ... အမေက ဆေးခန်းမပြဘူးဆိုလို့ပေးနိုင်တာ"

ခြိရံကိုလည်း အထင်အမြင်သေးတဲ့စကားတွေ ဘုံမပြောချင်သော အမွှာမောင်နှမပေမယ့် ခြိရံက ယောက်ျားလေးဖြစ်၍ မိသားစုအပေါ်ကို နားမလည်ဘဲ အတ္တကြီးချင်သည်။

"ရော့ ခြိရံ ..."


www.burmeseclassic.com

www.burmeseclassic.com



"ဘုံ"

"ဘာလဲ"

"ကျေးဇူးပဲ ... နင့်ကိုလည်း ငါချမ်းချမ်းသာသာနေစေချင်ပါတယ်ဟာ၊ ငါချမ်းသာရင် နင်လည်း ချမ်းသာစေရမယ်"

"တော်ပါပြီ ခြိမ့်ရယ် ... နင်နဲ့ငါ အမွှာမောင်နှမဖြစ်ရတာတင် စိတ်ပျက်တယ် ... အချောင်သမားစိတ်ဓာတ်ကြီးကို မုန်းလိုက်တာ"

"ဟား ... ဟား ... ဟား ..."

ခြိမ့်ကတော့ ရယ်မောရင်း ပိုက်ဆံကိုဘာလုပ်ရမလဲ စဉ်းစား
နေမိသည်။ ကိုသုတ ... ခင်ဗျားကြီးက မမိုက်ပါဘူး။ မမကြီးက
ချုပ်ချယ်ထားတာ ပိုက်ဆံမကိုင်ရတာ လူ့အခွင့်အရေးဆုံးရှုံးရတာပဲ
ခင်ဗျားကြီးက ချမ်းသာတယ်ဆိုပြီး အနိုင်ကျင့်တာ။ ချစ်ခြိမ့်ဆိုတ
ကောင်အကြောင်း မကြာခင် သိရမယ်။ စောင့်ကြည့်နေ။ ခြိ
အပြင်ပြန်ထွက်လာခဲ့သည်။ ဘုံပေးတဲ့ငွေနှင့် အဝတ်အစားတစ်
ဝယ်ခဲ့၏။ မြဇေကရီကို သွားတွေ့ရမယ်။ ကလပ်မှာ မြဇေကရီက သူ
ငယ်ချင်းတွေနှင့် ကလပ်ကိုလာရင်း ခြိမ့်နှင့်တွေ့ဆုံကြခြင်းဖြစ်သည်
ခြိမ့် အဝတ်အစားဝယ်ပြီး ပြန်လာတော့ မမကြီးယောက်ျားကိုသုတ
ရောက်လာသည်။





"အမေ နေမကောင်းဘူးဆို ... ဟိုကောင်လာပြောတာပဲ၊ ကျွန်တော်မယုံလို့ ကိုယ်တိုင်လာကြည့်တာပါ"

"ဟုတ်ပါတယ် အမေနေမကောင်းဖြစ်နေတာပါ ... သားကိုလည်း အမေလွှတ်လိုက်တာလေ"

အမေကတော့ သူ့ဘက်ကနေ အကာအကွယ်ပေးပြီးပြောနေသည်။ သူ့ကို ဟိုကောင်တဲ့။ ခြိမ့်မျက်နှာထားက တင်းမာနေ၍ ဘုံက အိမ်ခန်းထဲဝင်နေဟု အရိပ်အမြွက်ပြလိုက်သည်။ မမကြီးမျက်နှာငဲ့လို့ပါ ခြိမ့် အိပ်ခန်းထဲ ဝင်လာခဲ့သည်။

"အမေ အခုကောင်းနေတာပဲ ... နည်းနည်းပါးပါးလောက်နဲ့တော့ လွှတ်ဖို့မသင့်ဘူး၊ ဟိုကောင့်ကို လမ်းပြသလိုဖြစ်နေလိမ့်မယ်"

ဘုံ ဒေါသတွေ ထောင်းခနဲ ပေါက်သွားရပေမယ့် မမကြီးခင်ပွန်းဖြစ်၍ ဘာမှမပြောဖြစ်။ အမေက အရှက်ကြီးသူပါ။ သမက်ထောက်ပံ့စာကိုတောင် လက်ခံချင်တာမဟုတ်။

"ဟုတ်ပါတယ်ကွယ် ... အမေ တောင်းပန်ပါတယ်၊ နောက်တစ်ခါ မလွှတ်တော့ပါဘူး"

"ဟိုကောင်က အလုပ်လုပ်ရမယ် ... ဝင်ငွေရှာရမယ် ... ယောက်ျားဖြစ်ပြီး အမေကိုတောင် တာဝန်မယူနိုင်တာ အသုံးမကျတဲ့ကောင်ပဲ၊ အမေက အလုပ်လုပ်ခိုင်းသင့်တယ်၊ ဒီကောင့်ကို အလို



www.burmeseclassic.com

www.burmeseclassic.com



မလိုက်သင့်ဘူး”

သုတကတော့ သုန်တို့မိသားစုဝင်တွေကို ငွေထောက်ပံ့ရတာ အပန်းမကြီးပေမယ့် အဆက်အသွယ်မလုပ်လို၍ တမင် ပြဿနာရှာပစ်ခြင်းဖြစ်သည်၊ နောက်ထပ် မလာရဲအောင် ပြောပစ်ရမယ်။ အချောင်သမားတွေ။ ခြံရုံက ယောက်ျားဖြစ်ပြီး ပညာရေးလည်း မကြိုးစား။ အရက်ကသောက်တတ်နေသေးသည်။ ယောက္ခမကြီး ဒီလောက်နေမကောင်းတာ မဟုတ်ဘဲနှင့် အကြောင်းရှာပြီး လာတောင်းနေသည်။ လက်မခံနိုင်ဘူး။ တမင်နာအောင်ပြောဖို့ ဆုံးဖြတ်ထား၏။ အဖွားကြီးက တောင်းပန်သည်။

“အမေ တောင်းပန်ပါတယ် မောင်သုတရယ် … နောက်မလာစေရပါဘူး၊ အမေလည်း ဆေးခန်းပြမလားလို့ပါ”

“အရမ်း နေမကောင်းဖြစ်ပြီး အိပ်ရာထဲလဲနေရင်တော့ တစ်မျိုးပေါ့၊ အခုတော့ အကြောင်းရှာပြီး လာတောင်းတာ၊ ကျွန်တော်လုံးဝ လက်မခံနိုင်ဘူး … သုန့်ကိုလည်း လာမနှောက်ယှက်ပါနဲ့၊ ဒါပဲ ပြောချင်တယ်”

ဘုံကတော့ အဲသွားတွေကို တင်းတင်းဖိကြိတ်ထားရင်း ခြံရုံရှိနေတဲ့ အိပ်ခန်းလေးထဲဝင်ခဲ့သည်။ ခြံရုံကတော့ ဘယ်လောက်များ ဒေါသတွေ ဖြစ်နေမလဲ။ မမကြီးယောက်ျား စကားတွေက စော်





ကားလွန်းနေသည်။

“ခြံရုံ”

“ဒီလူ တော်တော်စော်ကားတာပဲဘုံ … ငါထွက်ပြီး သတ်မိတော့မယ်”

“သည်းခံလိုက်ပါဟာ … မမကြီးမျက်နှာက ရှိသေးတယ်လေ … ထားလိုက်တော့ … အမေ စိတ်ဆင်းရဲလိမ့်မယ်နော် ခြံရုံ”

“တောက်”

ကိုသုတ ခင်ဗျားကြီး တော်တော်မိုက်ရိုင်းတာပဲ။ ကျုပ်အမေက ခင်ဗျားကြီးယောက္ခမပဲ လေးစားသင့်တယ်။ ပိုက်ဆံချမ်းသာတယ်ဆိုပြီး ခြံရုံ ဒေါသတွေ ပေါက်ကွဲမတတ်ဖြစ်ရသည်။ အမေက တောင်းပန်နေ၏။ မမကြီးယောက်ျားအား ထွက်ပြီးသတ်ပစ်ချင်လာရသည်။

“သုန့်ကို စိတ်အနှောက်အယှက်မပေးပါနဲ့၊ အမေ့သမီး ချမ်းချမ်းသာသာ နေထိုင်ရတာပဲ ကျေးဇူးတင်ပါ … ”

“ကောင်းပါပြီကွယ် … အမေ တာဝန်ယူပါတယ်၊ ဘယ်သားသမီးမှ သုန့်ဆီမလာစေရပါဘူး”

ကိုသုတ ပြန်သွားမှ ခြံရုံ ဒေါသတကြီးနှင့် နံရံကို လက်သီးနှင့် ထိုးပြစ်လိုက်သည်၊ အမေ ဝင်လာ၏။ နောက်ဆုံးတော့



www.burmeseclassic.com

www.burmeseclassic.com



ခြိမ့်ရဲကိုပဲ အမေဆူသည်။

"မင်း အသုံးမကျတာဘဲ ခြိမ့်ရဲ … မင်းဘာဖြစ်လို့ သွားရတာလဲ ပြောစမ်း … မင်းကို အမေကခိုင်းလို့လား"

"ကိုယ့်အစ်မဆီ ကိုယ်သွားတာပဲ အမေရာ … ဒီလောက်အထိလာပြီး အထင်သေး အမြင်သေးနဲ့ စော်ကားပြောဆိုစရာလားဗျာ"

"မင်း … မင်းကရော လူအထင်သေးစရာ ဖြစ်နေတယ်ခြိမ့်ရဲ သားအနေနဲ့ ဘဝအတွက်ဖြစ်ဖြစ် ကြိုးစားစမ်းပါ၊ မင်းတက္ကသိုလ်ဝင်တန်းကို ပြန်ဖြေစမ်းပါ သားရယ်"

ခြိမ့်ရဲ အမေ့ကို ဘာမှမပြောချင်တော့။ သူ အရက်သောက်တာကလဲ သူငယ်ချင်းတွေအတင်းတိုက်နေလို့ပါ။ ပြီးတော့ သူ့ဘဝဆင်းရဲနွမ်းပါးနေရတာကို လုံးဝမကြိုက်ပေ။ သူ့စိတ်တွေလေလွင့်ချင်နေ၏။ အစ်မက သူ့ငွေးကတော်၊ သူတို့သားအမိတွေကို ပတ်သက်ဆက်ဆံတာမျိုး မလုပ်ရ၊ ခြိမ့်ရဲ မကျေနပ်ချက်တွေနှင့် ရင်ထဲမှာမွန်းကြပ်နာကျင်ရသည်။

"မင်း နောက်တစ်ခါ သမီးကြီးအိမ်ကို လုံးဝခြေဦးတောင်မလှည့်နဲ့ခြိမ့်ရဲ … အမေ့ကို စိတ်ဆင်းရဲအောင်မလုပ်ပါနဲ့"

"တော်ပါတော့ အမေရာ … ခြိမ့်ရဲက အစ်မအိမ်သွားတာပဲ





ပြစ်မှုကြီး ဒီလောက်ကျူးလွန်တာမဟုတ်ပါဘူး ဆူမနေပါနဲ့"

"ဘုံ … ညည်းလည်း ခြိမ့်ရဲကို ကာကွယ်မပေးနဲ့၊ ဒင်းက ဆိုးချင်တယ်၊ သူများပြောစရာ မဖြစ်စေနဲ့"

ခြိမ့်ရဲ အိပ်ခန်းထဲပြန်ဝင်လာခဲ့သည်။ အသားတွေ တဆတ်ဆတ်တုန်အောင် ဒေါသတွေဖြစ်ရ၏။ ခင်ဖျားကြီးသိမယ်။ ချစ်ခြိမ့်ရဲ ဘာကောင်လည်းဆိုတာ ပြရလိမ့်မယ်။ ဟုတ်တယ် … ချစ်ခြိမ့်ရဲက အချောင်သမားပဲ။ ခင်ဖျားညီမ မြကေရီ ကျုပ်မိန်းမဖြစ်စေရမယ်။ ခြိမ့်ရဲ ဒေါသကို ထိန်းချုပ်ရင်း လက်သီးတွေကို ကျစ်ကျစ်ပါအောင် ဆုပ်ထားမိသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၃ )

"မင်းမောင်က အကြောင်းပြပြီးလာတာပဲ သုန် ... မောင် ထင်သားပဲ၊ မင်းအမေ ဘာမှမဖြစ်ပါဘူး"

"ဟုတ်လား"

အမေ နေကောင်းတယ်ဆိုတာ ကြားရ၍ စိတ်အေးသွားရ ပေမယ့် မောင်လေးခြိမ်ရဲ့အတွက် စိတ်မကောင်းဖြစ်ရသည်။ မောင် လေး အသုံးစရိတ်လိုလို့လား။ အစ်မတစ်ယောက်အနေနဲ့ ပေးသင့် သည်ဟု ထင်မိ၏။ ခြိမ်ရဲက အုပ်ထိန်းမှု ကင်းမဲ့နေ၏။ အစ်မတစ် ယောက်အနေနှင့် စောစီးစွာ အိမ်ထောင်မပြုသင့်ဟုထင်သည်။

"အရေးကြီးတာက တာဝန်သိတတ်ဖို့နဲ့ သူများကို အားကိုး မနေဖို့ပဲသုန် ... မင်း မောင်လေးခြိမ်ရဲက လက်ကျောမတင်းဘူး၊ ပညာရေးလည်း မကြိုးစားချင်ဘူး၊ အသုံးမကျတဲ့ စိတ်ဓာတ်တွေပဲ





မွေးတယ်"

မောင့်ကို သုန် ဘာမှမပြောချင်ပေ။ ပြောနေလည်း မောင် ကလက်ခံမှာမှ မဟုတ်တာ။ သုန့်ကိုပြောချင်တာပြော ဘယ်လိုပဲ ဖိနှိပ်ချုပ်ချယ်နေပါစေ မောင်လေးခြိမ်ရဲ့ကို ပြောတာတော့မကြိုက်။ မောင်လေးက သူ့မအချစ်ဆုံးပဲ။ အစ်မကြီးဖြစ်ပြီး သုန် ဘယ်လိုမှ ဆုံးမသွန်သင်ခွင့် မရှိခဲ့။

"မောင်က မင်းမောင်လေးကို နှိမ်ချပြောနေတာတော့ မဟုတ်ဘူးနော်သုန် ... အချောင်သမား လက်ကျောမတင်းတဲ့ ကောင် မဖြစ်စေချင်လို့ပဲ"

"အမေ နေကောင်းတယ်ဆိုရင် ပြီးတာပါပဲမောင်ရယ်၊ ခြိမ်ရဲ ကို ထားလိုက်ပါတော့ ... ဒီကောင်လေးအတွက် စိတ်ပူတယ်၊ မတတ်နိုင်ဘူးလေ ... မောင်ပြောတာ မှန်တာပဲ၊ ခြိမ်ရဲ အလုပ်လုပ် သင့်တယ်"

မောင့်ဘက်ကနေလိုက်ပြီး ပြောပေးမှ သုန်သက်သာမည် ဖြစ်သည်။ မောင့်စကားလုံးတွေက လူတစ်ယောက်အား ရိုက်နှက် တာထက် အဆပေါင်းများစွာ နာကျင်စေ၏။ ထို့ကြောင့်ပင် သုန် ဆန့်ကျင်ဘက် စကားတွေပြောမနေတော့ဘဲ ငြိမ်သက်နေလိုက် သည်။

"သမီးဘဝကောင်းစားရေးပဲ သမီးစဉ်းစားနော် ... အမေတို့



www.burmeseclassic.com

www.burmeseclassic.com

မိသားစုက အရမ်းအဆင်ပြေတယ်၊ သမီးကြီး ချမ်းသာမယ်ဆိုရင် အမေ စိတ်ချမ်းသာပါတယ်"

အမေ့စကားတွေကို သူမကြားယောင်နေမိသည်။ ခြံရဲ့ မောင်လေးရယ် ... မင်း အသုံးစရိတ်လိုအပ်နေတာလား။ မမကြီး မင်းကို မုန့်ဖိုးလေးတောင် မပေးလိုက်နိုင်ဘူး။ သုန် ငိုချင်သည်။

"ကျွန်မ ညစာပြင်လိုက်တော့မယ် မောင်"

"မောင် အပြင်ထွက်မှာ"

"ဟုတ်လား"

"မောင် ညေ့ခံပွဲတစ်ခုကိုသွားရမယ်၊ ညဥ့်နက်မယ် ... မင်း စောင့်မနေနဲ့ အိပ်နှင့် ... ကိုမြ စောင့်နေပါစေ"

"ဟုတ်ကဲ့ပါ မောင် ..."

မောင်က ဒီလိုနေဆိုလည်း သုန်နေသည်။ မောင် ဆင်တာကို ဝတ်၏။ မောင်ကျွေးတာကိုပဲ စားသည်။

"မင်း ပိုက်ဆံမကိုင်ရပေမယ့် လိုအပ်တာတွေ မောင်အပြည့် အစုံထားပေးတယ်၊ ငွေကြေးအတွက် မင်းမပူရဘူး၊ မင်းကျေနပ်ပါ"

"ကျေနပ်ပါတယ်မောင်ရယ် ... ကျွန်မ ကျေနပ်ပါတယ်"

မောင့်ကို ဆန့်ကျင်၍ တစ်စုံတရာ စောဒက မတက်ရဲ။ သုန် ယောကျ်ားနဲ့ကွဲပြီး အိမ်လည်းမပြန်လိုပေ။ ညီမလေးချစ်ခြင်းဘုံရဲ့ ဂုဏ်သိက္ခာမဲ့စေမည် စိုးရိမ်၍ ဖြစ်သည်။





"မောင် သွားပြီ ... မောင့်ကွယ်ရာမှာခိုးပြီး မင်းမိသားစုနဲ့ ဆက်သွယ်ဖို့တော့ မကြိုးစားနဲ့နော်"

"ဟုတ်ကဲ့ပါ မောင်ရယ်"

မောင် ထွက်သွားသည်။ သူမ အိပ်ရာထဲမှာလဲနေသည်။ သူမ ရင်ထဲမှာ ပြင်းပြတဲ့နာကျင်မှုတွေ ခံစားနေရသည်။

"ရှင့်ရဲ့စည်းစိမ်ဥစ္စာတွေ ကျွန်မတစ်ယောက်ထဲ ခံစားနေရတာ ဘာလုပ်ရမှာလဲ ... ကျွန်မအပေါ် ရှင်ရက်စက်လွန်းပါတယ်"

အမေရော တကယ်ပဲ နေကောင်းရဲ့လား။ မောင်လေး အသုံးစရိတ်မှ ရှိရဲ့လား။ ညီမလေးရော အရမ်းပင်ပန်းနွမ်းနယ်နေပြီ လားပဲ။ မမ တကယ်ပဲ မတတ်နိုင်တော့ဘူးကွယ်။ သူမ ဘဝက တော့ မောင့်လိုယောကျ်ားတစ်ယောက်နဲ့ လက်ထပ်ခဲ့ရပြီပဲ။ ကံ ကြမ္မာအရ သူမ နေထိုင်ဖို့ ဖြစ်နေသည်။

"သုန်ရေ မင်း ညစာစားဖို့လေ ..."

"ဟုတ်ကဲ့"

မောင်က မစားမအိပ်နှင့် သူမရောဂါသည်ဖြစ်မှာကို မနှစ် သက်။ မင်းကျန်းမာအောင်နေတဲ့။ မောင်က အရွယ်ရှိသေးတဲ့ ယောကျ်ားတဲ့။ ခန္ဓာကိုယ် ပိန်လိမ်နေတဲ့မိန်းမကို အရွံ့ဆုံးပဲတဲ့။ အဘက်ဘက်ကနေ သူမအား မလွတ်တမ်း ပိတ်လှောင်တင်းကြပ် ထားခဲ့သည်။ သူမ အပြင်သို့ထွက်လာခဲ့၏။ မှောင်စတောင် ပြုနေ



www.burmeseclassic.com

www.burmeseclassic.com



ပြီပဲ။ သူမ စားသောက်ခန်းထဲဝင်လာခဲ့သည်။

"သုန်လေး စိတ်ညစ်မနေပါနဲ့ကွယ် ... ဒါက ဘဝပဲ၊ ညည်းလေးအတွက် ဆင်းရဲဒုက္ခတွေ မကြုံတွေ့ရတာပဲ ကံကောင်းတယ်မှတ်ရမယ်"

မောင်နှင့်ဆွေမျိုးနီးစပ် ဒေါ်အုံးကတော့ သူမဘက်ကနေ ရပ်တည်ပေးနေ၍ စိတ်သက်သာရာရနေသည်။

"စားပါ သုန်ရယ် ... ညည်းယောကျ်ားက ဘာပြောလဲ၊ ညည်းအမေ နေကောင်းလား ... ငွေရော ထောက်ပံ့ပေးရဲ့လား"

"မောင်လေးက လိမ်တောင်းတာတဲ့ဒေါ်အုံးရယ်၊ အမေကတော့ နေကောင်းပါတယ်တဲ့"

"အင်း ... မောင်လေးလာလို့တောင် မုန့်ဖုးမပေးနိုင်တဲ့ အစ်မသူဌေးကတော်ဘဝ၊ အဲဒါ ကံကြမ္မာနတ်မင်းကြီးက ညည်းအတွက်ပေးထားတဲ့ဘဝပဲ"

ဒေါ်အုံးလည်း စိတ်မကောင်းဖြစ်ရသည်။ ဘယ်တတ်နိုင်မလဲလေ။ မောင်သုတက သူကျတော့ သုန်လေးကို ဂရုမစိုက်၊ ကောင်မလေးတွေနှင့် ဖောက်ပြန်နေသည်။ ညဆို ကောင်မလေးတစ်ယောက်ယောက်နှင့်တွဲ၍ ပြန်နေကျ။ တစ်ခါတရံ ခြံထဲမှာ ဖက်၍နမ်းနေကြသေး၏။ သုန်က မသိ။ ယောကျ်ားက အိပ်ဆိုအိပ်ပဲ။ သနားစရာကောင်းလိုက်တာ။ မိမိက မောင်သုတလူဆိုပေမယ့်





မတရားလုပ်တာတော့ မနှစ်သက်မိ။ မိမိသာ ဖေးမကူညီမှုမရှိလျှင် ဒီကလေး ချစ်ဝသုန် ရူးပြီး သေမှာပဲဖြစ်သည်။

"ညည်းလေးက ချောတယ်၊ ရိုးသားပြီး ဖြူစင်တယ်၊ မောင်သုတက တန်ဖိုးထားမှာပါအေ ... သည်းခံလိုက်၊ တစ်နေ့နေ့ ညည်းလေး စိတ်ချမ်းသာရတဲ့ဘဝကို ရမှာပါ"

"ကျေးဇူးတင်ပါတယ် ဒေါ်အုံးရယ် ... ကျွန်မဘဝက ဘာပဲဖြစ်ဖြစ်ပါ၊ မိသားစုနဲ့တောင် မပတ်သက်ရဘူးဆိုတော့ ခံစားရတာပဲ ရှိတာပါ"

သူမ ညစာစားပြီး အပေါ်ထပ်သို့ ပြန်တက်လာခဲ့သည်။ အိပ်လို့မရ။ မိသားစုအတွက် အစ်မကြီးတစ်ယောက်ဖြစ်ပြီး တာဝန်မဲ့လွန်းသည်ဟု ထင်၏။ မောင်ကွယ်သည်နှင့် မျက်ရည်ကျရတာ အကြိမ်ပေါင်း မရေမတွက်နိုင်တော့။

"မောင်လေးရယ် ... မမကို အထင်မကြီးပါနဲ့၊ ပိုက်ဆံကိုင်ခွင့် မရှိသူပါကွယ်"

အမေရယ် ... မောင်လေးနဲ့ ညီမလေးရယ် တစ်ချိန်က ရှိရှိ[illegible] ပျော်ရွှင်စွာ နေထိုင်စားသောက်လာခဲ့ကြပုံများကို သတိရတမ်းတလာသည်။

"ကျွန်မက မောင်နဲ့မလိုက်ဖက်ပါဘူး၊ မိသားစုကိုလည်း မခွဲ[illegible]လို့ပါ ... မောင်နဲ့လက်ထပ်ဖို့ မဖြစ်နိုင်လို့ ကျွန်မတို့လမ်းခွဲကြရ



www.burmeseclassic.com

www.burmeseclassic.com



အောင်ပါနော်"

သူမကို မောင်က အတင်းအကြပ် ဟိုတယ်တစ်ခုကိုခေါ်သွားပြီး ညအိပ်ခဲ့သည်။ ရိုးသားဖြူစင်ပြီး ဣန္ဒြေသိက္ခာကြီးမားသော သူမက အရှက်တွေနှင့် မောင့်နောက်သို့ လိုက်ခဲ့ရသည်။ မောင်နှင့်သူမ တရားဝင်လက်ထပ်တဲ့နေ့ကစပြီး မောင်ထားရာနေစေရာသွားခဲ့ရ၏။ အမေ့ဆီလည်း ပြန်မအပ်ခဲ့။ လက်ထပ်ပြီး တစ်ကြိမ်သာ အမေ့ကိုသွားကန်တော့ခွင့် ရခဲ့သည်။

"သမီးကြီးဘဝ ချမ်းသာဖို့ပဲ အရေးကြီးတာပါ၊ မိသားစုတာဝန်ကို သမီးကြီးယူနိုင်သလောက် ယူပေးခဲ့ပြီးပြီပဲလေ၊ မိသားစုထက် သမီးကြီးအိမ်ထောင်ရေးကိုပဲ စဉ်းစားပါနော် ... လင်နဲ့ကွဲပြီးပြန်လာတဲ့ မိန်းမလောက် ဂုဏ်သိက္ခာမဲ့တာ မရှိတော့ဘူး"

မောင်က မင်းမိသားစုကို တစ်လတစ်သိန်း ထောက်ပံ့ပေးမယ် ကျေနပ်တဲ့။ မင်းက အားလုံးတာဝန်ယူထားရင် မင်းမောင်နဲ့ ညီမ အချောင်သမား စိတ်ဓာတ်တွေနဲ့ ဘဝပျက်မယ်တဲ့။ သုန် စောဒကတက်မနေတော့ အမြဲတမ်း မယုံသင်္ကာစိတ်တွေနှင့် သုန့်အား စောင့်ကြည့်နေခဲ့သည်။

"မောင့်ကိုလိုက်မတုနဲ့ ချစ်ဝသုန် ... မင်းက မိန်းမ၊ မောင်ထားရာမှာပဲ နေစမ်းပါ"

သူမ အိပ်မပျော်။ မောင်က သူ့အား မိန်းမက ဖုန်းဆက်ခေါ်





တာတို့ စောင့်နေတာတို့ လုံးဝမကြိုက်။ သူမကလည်း မောင်မနှစ်သက်သော အပြုအမူတွေကို လုံးဝသတိထားရှောင်ကျဉ်ရင်း ပြဿနာ မဖြစ်စေရန် ထိန်းသိမ်းနေထိုင်လာခဲ့သည်။

"အမေ နေကောင်းပါစေ ... ညီမလေးဘုံလည်း အလုပ်မှာအောင်မြေပါစေ၊ ခြံရုံလည်း လိမ်မာပါစေ"

သူမ ဆုတောင်းပေးရုံပဲ လုပ်နိုင်၍ ဆုတောင်းပေးနေမိသည်။ ဒီည မျက်လုံးတွေက ကြောင်နေသည်။ အိပ်မရ၍ သူမပြတင်းပေါက်ကို ဖွင့်၍ ခြံကြီးထဲသို့ အဓိပ္ပာယ်မဲ့စွာ ငေးစိုက်ကြည့်နေမိ၏။ ညဉ့်နက်နေပြီပဲ မောင်ပြန်မလာသေးပေ။ သူမအတွက်တော့ ရိုးနေပါပြီ။

"တီ ... တီ"

"တီ"

မောင့်ကားဟွန်းသံကြားရပြီး ခြံစောင့်က တံခါးဖွင့်ပေးတော့ မောင့်ကားပြန်ဝင်လာသည်။

"ဟင်"

မောင့်ကားပေါ်မှ လူတစ်ယောက်ဆင်းလာ၍ သေသေချာချာကြည့်မိတော့ မိန်းကလေးငယ်ငယ်တစ်ယောက် ဖြစ်နေသည်။ မောင်လည်း ဆင်းလာပြီး တစ်ယောက်ကိုတစ်ယောက် တင်းကြပ်စွာဖက်လိုက်၍ အနမ်းတွေနှင့် နှုတ်ဆက်နေကြ၏။ သုန် ရုတ်



www.burmeseclassic.com

www.burmeseclassic.com

တရက် ရှက်သွားရကာ ပြတင်းပေါက်တံခါးကို ပိတ်ပစ်လိုက်သည်

"အမလေး ... အရှက်မရှိလိုက်ကြတာနော်၊ မောင်လွန်တ
တစ်နေ့ တစ်နေ့ သွားလိုက်တဲ့ညွှေ့ခံပွဲတွေ၊ ငါထွက်မကြည့်မိ
အကောင်းသားပဲ"

မောင် ဘယ်လောက်ပဲ အိမ်ပြန်နောက်ကျနေပါစေ သူ
ထွက်ကြည့်လေ့မရှိခဲ့။ မောင်နှင့်ပြဿနာ မဖြစ်စေရန် သုန် အတ
နိုင်ဆုံး ရှောင်ကြဉ်နေခဲ့သည်။ သူမခန္ဓာကိုယ်တစ်ခုလုံး အေးစ
တောင့်တင်းသွားသလို ရပ်နေမိ၏။ သူမစိတ်တွေ နာကျင်တုန်လ
စွာ အသိတွေ ကင်းမဲ့နေသည်။

"သုန်"

"ဟင်"

"မင်း ဘာထွက်ကြည့်တာလဲ ... မောင့်ကိုမယုံလို့လား။ မ
ချောင်းနေတာပေါ့လေ"

သုန် စကားပင်ပြောလို့မရ။ မောင် ရှုပ်ပွေနေတာတေ
သုန် သိနေပြီးသားပါ။ ဒါပေမဲ့ ... တကြိမ်တစ်ခါမှ မတွေ့ကြုံဘူ
မောင် ရဲတင်းလိုက်တာ။ ခြံစောင့်ကြီး ဘယ်နှစ်ကြိမ်လောက် မေ
တို့ အနမ်းမိုးရွာနေတာ တွေ့မြင်နေလဲ။

"မောင်က ယောကျ်ားလေးပဲ ပြဿနာ မရှိဘူးနော်၊ မ
သဝန်ကြောင်စရာ မလိုဘူးနော်"





သူမက သဝန်မကြောင်ရဘူးတဲ့လား။ မောင့်ဇနီးလေး ရင်
ာက ခံစားချက်တွေအထိ မောင်ကလိုက်ပြီး ကန့်သတ်ချုပ်ချယ်
ား‌ချင်သေးတာလား။

"ချစ်ဝသုန် ... မင်းဘာဖြစ်နေတာလဲ၊ ယောကျ်ားက စီးပွား
ပြီး ပြန်လာတာကွ၊ ငါ့စိတ်တွေ ဘယ်လောက်ပင်ပန်းလာလဲ၊
း နားမလည်ဘူးလား ..."

မောင့်အသံက မာကျောခက်ထန်စွာဖြင့် ကျယ်လောင်နေ
ည်။ သုန် ဘာပြောခွင့်ရှိမှာလဲ။ ခံစားနေတော့ရော မောင်က
င်းလဲပြစ်မှာမဟုတ်။ သုန့်ကို အိမ်ပေါ်ကနေ နှင်ချမှာလည်း
ာက်သည်။

"သမီး အိမ်ပေါ်ကနေဆင်းမလာနဲ့နော် ... မိန်းကလေးဆို
ဘာလုပ်လုပ် မတင့်တယ်ဘူး ... နာမည်ပျက်ရမယ် ...
ယောကျ်ား ကွေ့ျနပ်အောင်ပဲ နေပါကွယ်"

ယောကျ်ားနှင့်ကွဲလာတယ်ဆိုရင် အမေရှက်ပြီး သေမှာတဲ့။
ာ်တွေကိုပဲ ထုံးစံအတိုင်း ဖြေလျှော့ပစ်လိုက်ရသည်။

"ချစ်ဝသုန် ... မင်းဘာအချိုးချိုးနေရတာလဲ၊ ငါ့အတွက်
ည်တစ်ခွက် သွားဖျော် ... မင်းလို တုံးတုံးအအ မိန်းမကို
ို့တောင် မရတော့ဘူး"

သူမ ထွက်လာခဲ့သည်။ မျက်ရည်တွေက သူမပါးပြင်ပေါ်


www.burmeseclassic.com

www.burmeseclassic.com



ဘယ်ကနေဘယ်လို ထွက်လာပြီး လိမ့်ဆင်းကျလာမှန်းပင်မသ
တော့။ စားသောက်ခန်းထဲဝင်လာပြီး ထမင်းစားစားပွဲမှာထိုင်ပြ
သူမ မျက်ရည်တွေသုတ်ရင်း ကြေကွဲစွာ ရှိုက်ငိုမိသည်။

"သုန်"

"ဟင်"

"ဒီကိစ္စတွေက ရိုးနေပါပြီ၊ မောင်သုတအကြောင်း မင်းသ
နေတာပဲလေ"

"ကျွန်မ ... ကျွန်မကိုယ်တိုင် ဒီတစ်ခါမြင်လိုက်ရတာ
သူတို့ အရမ်းချစ်နေကြတယ်"

"ဒါတွေက အပျော်ပါအေ ... ညည်း သည်းခံနေကျပဲဟာ
ဘာခိုင်းလိုက်လို့လဲ"

"သံပုရာရည်တဲ့ ... ကျွန်မ အရမ်းခံစားရတယ်၊ ကျွန်မ အခ
တုန်လှုပ်သွားသလိုပဲ"

"မျက်ရည်တွေ သုတ်ပစ်လိုက်တော့၊ ဒေါ်အုံး ဖျော်ပေးမ
မငိုနဲ့တော့ကွယ်"

သူမ မျက်ရည်တွေကို သုတ်ပစ်လိုက်သည်။ ယောကျ်ားဒ
ယောက် နောက်မိန်းမနဲ့ရှုပ်ပွေတာ မဆန်းပါဘူးလေဟုတွေး
ဒေါ်အုံးဖျော်ပေးတဲ့ သံပုရာရည်ကိုယူ၍ အပေါ်ထပ်သို့ ပြန်တက်
ခဲ့သည်။





အခန်းထဲရောက်တော့ မောင်က အိပ်ပျော်နေ၏။

အင်္ကျီအဝတ်အစားလည်းမလဲ၊ ဖိနပ်ကဝတ်လျှက်နှင့်မိန်းမ
ကို လုံးဝဂရုမစိုက်တဲ့ယောကျ်ား။ သူမ သံပုရာရည်ခွက်ကိုချပြီး
မောင့်ဖိနပ်ကို ချွတ်ပေးရသည်။

နေသားတကျ အိပ်စက်ရန်ပြုပြင်ပေးရ၏။ အရက်နံ့တွေက
ထောင်းထောင်းထနေသည်။

"အင်း ... အား ... ညိုပြာလေး ကိုကိုချစ်ရတဲ့ညိုပြာလေး"

မောင်ကယောင်ကတမ်းနှင့် ညိုပြာလေး ချစ်ရတဲ့ညိုပြာ
လေးဟု ရေရွတ်နေသည်။ သူမ မောင့်ကိုထားခဲ့ပြီး ထွက်ပြေးချင်တဲ့
ဆန္ဒတွေပင် ပြင်းပြစွာ ဖြစ်ပေါ်နေ၏။ သုန် စားပွဲမှာထိုင်ပြီး ထုံးစံ
အတိုင်း အသံထွက်မငိုရဲဘဲ မျက်ရည်တွေသာ စီးကျနေသည်။

◆◆◆

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၄ )

"ခြိမ့်ရုံက အရမ်းဆင်းရဲတယ် ကေရီ ... မင်းနဲ့မတန်ပါဘူး၊ ကေရီကို အရမ်းချစ်တယ် မဖြစ်နိုင်ဘူးဆိုတာလည်း သိနေတယ်၊ အားငယ်လိုက်တာကွာ"

မြကေရီက ခြိမ့်ရုံကို မမကြီးမောင်မှန်း မသိပေ။ ဘယ်သိမလဲ အမေ့ဆီမှ လာမအပ်တာ။ မမကြီး ယောကျ်ားတစ်ယောက်ကို နှိမ့်ချစွာ လက်ထပ်ရသည်။ ပြီးတော့ ... သူ့မိသားစုအား အထင်သေး အမြင်သေးနှင့် သူအပြတ်ပဲ။ မြကေရီအား ချူကလီးယားတွေ လွှတ်နေသည်။

"ခြိမ့်ရုံရယ် အချစ်မှာမျက်စိမရှိဘူးတဲ့၊ ကေရီကတော့ ခြိမ့်ရုံ့ကို ချစ်တယ် ... ဆင်းရဲတာ ဘာဖြစ်လဲ၊ အခု ခြိမ့်ရုံ ဘာလိုအပ်လဲဟင်"

"လိုအပ်တာတွေကတော့ အများကြီးပဲ ... ကိုယ်ဖုန်းကိုင်





ချင်တယ်၊ အဝတ်အစားတွေ ဝယ်ချင်တယ်၊ အမေ နေမကောင်းလို့ ဆေးကုပေးချင်တယ်၊ အား ... အများကြီးပဲ"

"ရော့"

"ဘာလဲ"

"ဖုန်းလေ ... "

"မင်းဖုန်းလား"

"အသစ်"

"ဟင် ... "

"ခြိမ့်ရုံ့အတွက် ရည်ရွယ်ပြီး ကေရီဝယ်လိုက်တာ"

သူဌေးသမီးကို ရည်စားထားရတာ ကောင်းလှချည်လား။ လိုတာတွေ တစ်ခဏအတွင်းမှာ ရတာပဲ။

"နေပါစေ ကေရီရာ ... ကိုယ်က ယောကျ်ားပါ မလိုချင်ပါဘူး"

အိုက်တင်က ခံလိုက်သေးတယ်။

မြကေရီက သူ့လက်မောင်းကို ဖက်တွယ်၍ ချစ်သူချင်း အားအစရာမလိုပါဘူးတဲ့ အတင်းပေးနေသည်။

"ကေရီလည်း ခြိမ့်ရုံ့ကို ဖုန်းတစ်လုံးပေးချင်နေတာပါ ... အဆက်အသွယ်ရအောင်လေ"

"ဟာကွာ ... မိန်းကလေးဆီက ကိုယ်လက်မခံချင်ပါဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ဖုန်းကဒ်ဖိုး ကိုယ်မတတ်နိုင်ဘူး ... နေပါစေ ... ”

“ယူပါ ခြံရံရဲ့ ကေရီအတွက် ဒီလောက်ငွေလေးက အပမ်းမကြီးပါဘူးနော် ... ကေရီ့ကိုချစ်ရင် လက်ခံပေးပါ ခြံရံရယ်နော်”

ကိုသုတ ခင်ဗျားညီမအငယ်ဆုံးလေးက ကျူပ်လက်ခုပ်ထဲကရေဖြစ်နေပြီဗျ။ ကျူပ်အစ်မအတွက် ပေးဆပ်သင့်တာပဲ။ မြကေရီက ကိုသုတရဲ့ တစ်ဦးတည်းသော ညီမလေးပါ။ အရမ်းချမ်းသာကြသည်။ ’အငယ်ဆုံးမို့ အလိုလည်း အလွန်အမင်းလိုက်ထားကြ၏။ ငွေအပြည့်နဲ့ ကလပ်တက်နေတဲ့ကောင်မလေး။ ခြံရံ လက်ထပ်ယူမယ့် မိန်းမမျိုးက မင်းလိုမိန်းမမျိုး မဟုတ်ဘူးနော်။ အရမ်းရိုးသားဖြူစင်ရမယ်။

“ခြံရံ”

“ဟင်”

“ယူပါနော် ... ကေရီရဲ့ချစ်သက်လက်ဆောင်ပါ။ ခြံရံ့အတွက် လိုအပ်တဲ့ အဝတ်အစားတွေ အသုံးအဆောင်တွေလည်း လိုက်ဝယ်ပေးမယ်”

မြကေရီက အတင်းအကြပ်ကြီးဆိုတော့လည်း ခြံရံမငြင်းတော့။ ကေရီ ပြုသမျှ နုပစ်လိုက်တော့သည်။ ဖိမ်ပဲ။ ခြံရံတို့ ဘုန်းကံထလာတာပဲ။ မထင်မှတ်ဘဲ သူဌေးသမီးကို အပိုင်ချိုင်မိလှုက်သားဖြစ်သွားသည်။





“ခြံရံရယ် ... တကယ်ပဲ ကေရီ့ကို မစိမ်းစမ်းပါနဲ့၊ အဆင့်အတန်းကဘာလဲ ... ကေရီက ခြံရံကို အရမ်းချစ်မိနေပြီလေ”

“အချစ်ရယ်”

ခြံရံက လက်သွက်သည်။ မြကေရီ ခန္ဓာကိုယ်လေးက သူ့ရင်ခွင်ထဲ ဇွေ့ခနဲ ရောက်လာ၏။ ခြံရံက ယောကျ်ားပီသစွာ ချောမောသူ။ ရုပ်က သန့်တယ်။ ခြံရံတို့မောင်နှမတွေအားလုံး ချောမောအိစက်နေကြသည်။

“ကေရီ”

“ခြံရံရယ်”

“ချစ်တယ်”

“ကေရီလည်း ချစ်တယ်”

“ကေရီ့ကို ခြံရံ လုံးဝဖြည့်စွမ်းမပေးနိုင်တာ အရမ်းအောက်တယ်ကွာ ... မျက်နှာလည်း ပူတယ်”

“ချစ်သူချင်းပဲ ခြံရံရယ် ... ယူပါ၊ ကေရီ့ကို ခွဲခြား ခွဲခြားမဆက်ဆံပါနဲ့”

ခြံရံတို့ ဒိုင်တွေထည့်လိုက်တာ ကေရီ ပျော့ခွေအိပျစ်ကျသွားသည်။ ဟုတ်တယ် ... မင်းအစ်ကိုပြောသလိုပဲ ငါက အချောင်သမားပဲ။ ငါ့အစ်မကြီးကို မင်းအစ်ကိုက အတင်းအကြပ် လက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ပြန်မအပ်ဘူး။ ငါဘယ်လောက်အထိ အရှက်ရပြီး စိတ်ဓာတ်ကျ ခဲ့ရလဲ။ အမေက ဘာလဲ ... မင်းပေးဆပ်ရမယ် မြကေရီ။ ငါ့အမေ ကို မင်းဦးညွှတ်ရမယ်။

"ကေရီ"

"ဟင် ... "

"ကိုယ်တို့ အေးအေးဆေးဆေးအနားယူချင်တယ်၊ ပြင်ဦး လွင်ကို သွားမလား"

တမင် မြကေရီကို ခေါ်ထုတ်တာပါ။ အပိုင်ချည်နှောင်ရ မယ်။ ခြံရုံပဲ ... ခင်ဗျားကြီးကြောင့် ကျုပ်တို့မိသားစုဘဝတွေ ပျက် ရတာလေ။ ခြံရုံ တွေးမိတိုင်း ဒေါသတွေ ပေါက်ကွဲရသည်။

"ခြံရုံ သဘောပါပဲ"

"မြကေရီကို ချစ်တယ်"

"ကျွန်မရောပဲ"

မြကေရီက ပိုက်ဆံအထပ်လိုက် သူ့အိတ်ထဲ ထည့်ပေးသည်။ ပါးစပ်က မယူပါဘူးဟု ငြင်းနေပေမယ့် ခြံရုံအိတ်ထဲရောက်ပြီးသား ပဲ။

"ခြံရုံ အမေနေမကောင်းဘူးလား ... ကေရီ လိုက်ကြည့် မယ်လေ"





"မဖြစ်ဘူး ကေရီ ... ကိုယ်တို့က ဆင်းရဲတယ်၊ အိမ်ကသေး သေးလေး ... အမေက ခပ်နွမ်းနွမ်း"

"ဘာဖြစ်လဲ ခြံရုံရယ် ... တစ်နေ့နေ့ ကေရီ ယောက္ခမဖြစ် ရမှာလေ၊ အခုထဲက ရင်းနှီးထားချင်တယ်"

"နောက်မှတွေ့ပါ ကေရီ ... ကိုယ်ကြိုးစားဦးမယ်၊ မင်းကို ယောကျ်ားကောင်းတစ်ယောက်အနေနဲ့ တာဝန်ယူနိုင်မယ့်တစ်နေ့ လေ"

"မရဘူးကွာ ... ခြံရုံအိမ်ကို ကေရီလိုက်မှာပဲ၊ အမေ့ကိုတွေ့ မယ် ... ကေရီက အဆင့်အတန်းမခွဲခြားတတ်ပါဘူး၊ ကိုကိုနဲ့လုံးဝ ဆန့်ကျင်ဘက်ပဲ"

သူမအစ်ကိုက မိန်းမတစ်ယောက်ကိုယူပြီး မိန်းမမိသားစု အပေါ် အထင်သေး၍ အပ်ပင်မအပ်ကြောင်း သူမလက်မခံနိုင် ကြောင်း ပြောပြသည်။

"ခြံရုံ့ကို ကေရီချစ်တယ်၊ အရမ်းမြတ်နိုးတယ်၊ ခြံရုံ့ဘဝက ကေရီဘဝပဲလေ"

"ကေရီ"

"ပြော"

"တကယ်လို့ မင်းအိမ်က သဘောမတူရင်ရော"

"ခြံရုံနဲ့ပဲနေမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်က ဆင်းရဲတယ်လေ"

"ကေရီမှာ ကိုယ်ပိုင်ငွေတွေ ဘဏ်မှာအပ်ထားတာရှိပါတယ် ခြိရံ့ စီးပွားရေးလုပ်လေ၊ မိဘက အမွေစွန့်လည်း စွန့်ပေ့ါ၊ ကေရီက ခြိရံ့ကို လုံးဝမခွဲနိုင်တော့ဘူး သိလား ..."

ကေရီက သူ့ရင်ခွင်ထဲ တိုးဝင်ဖက်တွယ်သည်။ ခြိရံ့တို့က မိန်းမကြမ်းကြေပြီးသားပဲ။ မြကေရီလို သူဌေးသမီး မနူးမနပ်လေးအား စည်းရုံးသိမ်းသွင်းနိုင်၏။ ကေရီက အတင်းအကြပ်တောင်းဆို၍ သူခေါ်လာခဲ့သည်။

"အမေ ... သူက သားသူငယ်ချင်း မြကေရီတဲ့၊ အမေ နေမကောင်းတာ လာကြည့်တာပါ"

အမေက မိန်းကလေးတွေကို ခြူစားမြူစားတာမျိုးမကြိုက်ပေ။ ဒါပေမဲ့လည်း မြကေရီအား အပြုံးနှင့်ဆီးကြိုသည်။ ဘုံလည်း ပြန်ရောက်လာတော့ မြကေရီနှင့် ဆုံသွား၏။ ဘုံးလည်း မျက်နှာပျက်ပျက်။ သူကတော့ ရယ်မောနေသည်။

"ဒါက ကိုယ့်ရဲ့အမွှာညီမ ချစ်ခြင်းဘုံတဲ့ ... ဒါ ခြိရံ့သူငယ်ချင်း မြကေရီပါ"

ခြိရံ့ မိတ်ဆက်ပေးတဲ့ကောင်မလေးက မမကြီးခင်ပွန်းနှင့်ဆင်တူနေသည်။ ခြိရံ့ကတော့ ပြုံးနေပဲ။ မမကြီးမျက်နှာကို ထောက်ထားသင့်သည်ဟု ထင်သည်။

ဖိုးလပြည့်စာပေ



"သမီးရယ် ... အမေကတော့ ချစ်သူထားတယ်ဆိုတာ ကိုယ်အားကိုးလောက်တဲ့ယောက်ျားလေးကိုပဲ ထားသင့်တယ်လို့ ထင်တယ် ... သမီးလေးက သူဌေးသမီးလေးဆိုတော့ အမေအရမ်းအားနာတယ်ကွယ်"

"ကေရီကို အားနာစရာမလိုပါဘူးအမေ ... ကေရီက ခြိရံ့ကို အရမ်းချစ်ပါတယ်၊ ခြိရံ့ဆင်းရဲတာကို လက်ခံပါတယ်၊ အဆင့်အတန်း မခွဲခြားတတ်ပါဘူးအမေ ..."

ကေရီက အမေ့လက်ကိုဆုပ်ကိုင်ပြီး တရိုတသေပြောတာကို ခြိရံ့သဘောကျသွားသည်။ ကိုသုတကို လက်စားချေဖို့ သူ့ညီမက အလိုအလျောက် ခွင်ထဲဝင်လာ၏။ မြကေရီရဲ့ နှလုံးသားကို သူ အပိုင်ချုပ်ကိုင်ထားနိုင်သည်။

"အမေ ဆေးခန်းသွားပါ၊ သမီးကားနဲ့သွားမယ်၊ သမီးကို အားမနာပါနဲ့နော်"

"အမေ ဘာမှမဖြစ်ပါဘူး မြကေရီ ... နေပါစေကွယ်၊ သားကိုလည်း သိပ်မယုံကြည်ပါနဲ့ ... အမေ စေတနာနဲ့ပြောတာပါ"

ဒီကောင်ခြိရံ့ သူဌေးသမီးကို ချိုင်လိုက်တာပါလား။ အကျင့်ကို မကောင်းဘူး။ သားသမီးတွေ သူဌေးတွေကို အရယူတာ ဒေါ်ချစ်မေတ္တာ မတားဆီးလိုပေမယ့် မိမိကတော့ အထောက်အပံ့ ခံယူလိုပေ။

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"သားခြိမ့်ရဲ့ကိုလည်း သမီးပုံစံသွင်းနိုင်မှ ကောင်းမယ်ထင်တယ် ... ဒီကောင်လေးက အမေအလိုလိုက်ထားလို့ လက်ကျောမတင်းချင်ဘူး"

"အမေကလဲ ကိုယ့်သားကို ဒီလောက်ကြီး ချိုးနှိမ်းပြောမနေနဲ့လေ"

"အမေက အရှိကိုအရှိအတိုင်းပဲ ဖြစ်စေချင်တယ်ကွယ်၊ မင်းဘဝလေး နစ်နာမှာကို အမေအရမ်းစိုးရိမ်တယ်"

"အမေရယ် ... ကေရီသိပါတယ်၊ အမေ့စိတ်ဓာတ်ကိုလည်း ကေရီ အရမ်းလေးစားပါတယ် ... ခြိမ့်ရဲ့က ကေရီကို သူ့ဘဝအမှန်ပဲ ပြောပြထားပါတယ်၊ ကေရီကတော့ ခြိမ့်ရဲ့ ဘယ်လိုပဲဖြစ်ဖြစ်ချစ်နေမှာပါ အမေ ... "

ဒေါ်ချစ်မေတ္တာက ခြိမ့်ရဲ့လုပ်ရပ်အတွက် မနှစ်သက်ခဲ့။ ဒါပေမဲ့ သားချမ်းချမ်းသာသာ နေထိုင်ရမယ်ဆိုရင်လည်း ကျေနပ်သည်။

"အမေ နေကောင်းပါတယ်ကွယ် နည်းနည်းပါ ... လူကြီးလေ၊ အမေ မြန်မာနှလုံးသွေးဆေးသောက်တာ သက်သာပါတယ်"

သားသမီးတွေကို အပူဒုက္ခ မပေးလိုပေ။ မိမိက အသက်ကြီးပါပြီ။ ကလေးမလေးကိုလည်း သနားမိသည်။ ကောင်မလေးက တရိုတသေပဲ။ သမီးကြီးခင်ပွန်း မိသားစုဘက်က မိမိကို လုံးဝအဖက်မလုပ်ခဲ့။ သမီးကြီးကိုလည်း အပ်တာတွေ၊ မင်္ဂလာပွဲတွေ





လုပ်ပေ။ မိမိကတော့ သည်းခံနားလည်ပေးမိသည်။

"သမီး ပြန်တော့မယ် ... အမေ ဘာမှအားမနာပါနဲ့နော်၊ ကေရီ့ကို သမီးတစ်ယောက်လိုပဲ သဘောထားပါ"

"အေးပါကွယ် ... မင်းမိဘတွေအတွက်လည်း ထည့်ပြီးစဉ်းစားသင့်တယ်နော်၊ မိဘတွေက သဘောမတူနိုင်ဘူး၊ စဉ်းစားပါဦးကွယ်"

ခြိမ့်ရဲ့ ချစ်သူကောင်မလေး ပြန်သွားတော့ ဘုံ စိတ်ပူပြီး အမေ့ရှေ့မှာ မပြောချင်၍ ခြိမ့်ရဲ့အား ခြံထဲခေါ်လာခဲ့သည်။

"ခြိမ့်ရဲ့ ... အဲဒါ မမကြီးယောင်းမနော်၊ နင်ဘာလုပ်တာလဲ"

"သူက ခြိမ့်ရဲ့ခွင်ထဲ တိုးဝင်လာတာပါ၊ နင်စိတ်ပူမနေနဲ့ အမေ သွားလို့ မဖြစ်ဘူးနော်ဘုံ"

"အမေသိမှာပဲ တစ်နေ့နေ့လေ ... အမေ ဘယ်လောက် တ်ထိခိုက်ကြေကွဲရမလဲ ခြိမ့်ရဲ့ ... မမကြီး အိမ်ထောင်ရေးပြဿနာ တ်မှာ အမေအရမ်းစိတ်ပူတယ်တဲ့"

ခဲအိုမကောင်းတာက မကောင်းတာပါပဲ။ မမကြီး အိမ်ထောင်ရေးကိုတော့ မပြိုကွဲစေချင်ပါဘူး။ ခဲအိုက အတ္တကြီးပြီး ဘုံတို့ သားစုအပေါ် အထင်သေးနှိမ်ချဆက်ဆံနေသည်။

"နင် အသာနေစမ်းပါဘုံ ... အမေ့ကိုတော့ လုံးဝအသိမပေးနော် ... ငါ့ပြဿနာ ငါရှင်းမယ်၊ ကိုသုတ ကိုယ်ချင်းစာတတ်



www.burmeseclassic.com

www.burmeseclassic.com



အောင်ပဲ ငါ့ဘယ်တော့မှ မြကေရီကို မယူဘူး ... အပျော်"

"ဘာ ... နင်ကများ ဘာအစွမ်းအစမှ မရှိဘဲနဲ့"

"ဘုံ ... နင်အသာနေစမ်းပါ၊ ငါ့ဘယ်လောက်ခံပြင်းနေ ကြည်းနေရလဲ ... ငါ့ကို လက်ကျောမတင်းတဲ့ကောင်တဲ့၊ ခြိမ့်ရဲ ဘာ ကောင်လည်းဆိုတာ ပြမလို့ ... "

ခြိမ့်အတွက် စိတ်ပူသည်။ မမကြီး လက်ထပ်သွားထဲက ခြိမ့် စိတ်လေနေခဲ့တာပါ။ သူက မမကြီး အချစ်ဆုံးမောင်လေးပဲ။ ခြိမ့် ကိုလည်း သနားသည်။ အနှိမ်ခံဘဝ။

"မြကေရီကိုတော့ အရမ်းကြီး မလုပ်ပါနဲ့ဟယ် ... မမကြီး ခင်ပွန်းသိသွားရင် မမကြီးပဲစိတ်သောကတွေ ရောက်ရလိမ့်မယ် ခြိမ့်ရဲ"

"အခုလည်း မမကြီး စိတ်သောကခံစားနေရတာပဲ၊ ကိုသုတ က လူရှုပ်လူပွေ ... မိန်းကလေးတွေနဲ့ ကလပ်တက်ပြီး ပျော်ပါးနေ တာပဲ"

ကိုသုတ သတင်းတွေက ဘုံမကြားချင်မှအဆုံးပဲ။ သူတွဲ တဲ့အထဲမှာ ဘုံတို့ကုမ္ပဏီက ကောင်မလေးတောင်ပါတယ်။ ဘုံ အစ်မယောက်ျားမှန်း မသိ၍ ပြောပြတတ်သည်။ တစ်ခါတလေ ဘုံပင် ဒေါသထွက်ရသည်။

"မမကြီး မျက်နှာကိုလည်း ကြည့်ပါဦး ခြိမ့်ရယ်"





"ဘာဖြစ်လဲဟာ ... ကွဲသွားတော့လည်း ကောင်းတာပဲ၊ မမကြီးကိုလည်း မပတ်သက်ရ၊ အမေသေရင်တောင် မမကြီး လာခွင့်ရှိပါ့မလား"

"ဒါတော့ဒါပေါ့ဟယ် ... အမေ အရမ်းစိတ်မကောင်းဖြစ်လိမ့်မယ်၊ မြကေရီကို ခွာပစ်လိုက်ပါ"

ခြိမ့်က ဘာမှမပြောပေ။ အခုတလော အမေ့အတွက်ဆေးတွေ စားသောက်စရာတွေ အပြည့်ဖြစ်နေသည်။ ခြိမ့်မှာလည်း ဖုန်းနဲ့ ဘုံမနှစ်သက်မိ။ ခြိမ့်က ခေါင်းမာ၏။ ဘုံ့အတွက်လည်း ဖုန်းတစ်လုံးဝယ်ပေးမယ်တဲ့။ သူမ လုံးဝ ငြင်းပယ်ဖြစ်ထားသည်။

"ခြိမ့်နော် ... နင်မဟုတ်တာတွေ မလုပ်နဲ့၊ ဘုံလုံးဝလက်မခံဘူး၊ ရှုပ်ရှုပ်ယှက်ယှက် ... "

"ကိုသုတနဲ့ပတ်သက်သမျှ ခြိမ့်ကတော့ လက်ခံတာတရားမှတယ်လို့ ထင်တယ်"

"တော်ပါတော့ ခြိမ့်ရာ ... မမကြီးဘဝကို ထိခိုက်လိမ့်မယ်"

"ဒီအတိုင်းလည်း မမကြီးဘဝက ထိခိုက်နေရတာပဲ ကိုသုတ လုပ်ချင်တာလုပ်နေတာလေ"

ခြိမ့်ကတော့ လုံးဝနောက်ဆုတ်မှာမဟုတ်ပေ။ ကိုသုတက သူ့ကို အချောင်သမားလို့ သတ်မှတ်ထားတာပဲလေ။ ဘာထူးမှာလဲ ခြိမ့်ကို အမေကလဲ ဆူသည်။ မိန်းကလေးတစ်ယောက်ဆီက



www.burmeseclassic.com

www.burmeseclassic.com



အထောက်အပံ့ယူတာ ယောက်ျားမပီသဘူးတဲ့။ မင်းချစ်တယ်ဆိုရင်လည်း အတည်အတန့် မိသားစုဘဝလေး ထူထောင်နိုင်အောင် ကြိုးစားပါသားရယ်တဲ့။ ခြံရံကတော့ မြကေရီနှင့်မိသားစုဘဝ တည်ဆောက်ဖို့ စိတ်ကူးယဉ်လို့တောင် မရနိုင်တာ အသိဆုံး ဖြစ်နေသည်။

◆◆◆

အခန်း ( ၅ )

ဘုံ ကုမ္ပဏီထဲဝင်လိုက်တော့ ကိုသုတအား မထင်မှတ်ဘဲ တွေ့လိုက်ရသည်။ သူမ ပုန်းနေလိုက်၏။ ဘာလာလုပ်တာလဲ။ သူမတို့ကုမ္ပဏီဝန်ထမ်း ညီပြာ့ဆီလာတာလား။ ညီပြာကတော့ ပြောနေတယ်။ ဂုဏ်ယူဝင့်ကြွားစွာနဲ့ သူဌေးလုပ်ငန်းရှင်ကြီး ကိုသုတက သူမကို အရှုးအမူးစွဲလမ်းနေတယ်တဲ့။ တိုက်ခန်းတောင် ဝယ်ပေးလို့တဲ့။ သူမဘယ်လောက်အထိ ခံပြင်းနာကြည်းရလဲ။ မမကြီးရော သိရဲ့လား။ သူမတို့မိသားစုကိုတော့ နှိမ်ချဆက်ဆံပြီး မိခင်ဆေးဖိုးပင် မပေးချင်။ သူမထင်ထားတဲ့အတိုင်းပင် ကိုသုတနှင့်ညီပြာ လက်ချင်းတွဲ၍ ထွက်လာကြသည်။

"တောက်"

ဘုံ အံကိုတင်းတင်းဖိကြိတ်ပြီး သူတို့ထွက်သွားမှ ဒေါသတ



www.burmeseclassic.com

www.burmeseclassic.com



ကြီး တောက်ခေါက်ဖြစ်လိုက်မိသည်။ လူယုတ်မာကြီး ... ခြံရုံကိုတော့ အချောင်သမားတဲ့။ လက်ကြောမတင်းဘူးတဲ့။ ဘုံတို့မိသားစုကို ထောက်ပံ့ကြေးငွေတစ်သိန်းကိုတောင် မတူမတန်သလိုနှင့် ဒရိုင်ဘာပဲ လာပို့သည်။

"ခြံရုံလုပ်တာတောင် နည်းသေးတယ်၊ ရှင်တော်တော် ယုတ်မာတာပဲ ... ဘုံ့မမကြီး အရှမ်းနာကျင်ထိခိုက်နေရမယ်"

ဘုံ ငိုပြစ်ချင်သည်။ မမကြီးအတွက် မခံချင်စိတ်တွေနှင့် ဒေါသဖြစ်လို့ မဆုံး။

"ဘုံ"

"ဟင်"

"ဓါတ်လှေကားကို မပိတ်ဘဲ ဘာရပ်လုပ်နေတာလဲ"

သူမနှင့်တစ်ခန်းထဲ ဝန်ထမ်း ကိုနန္ဒမိတ် ဝင်လာတာပင် မသိ။ သူ့အသံကြားမှ ခပ်ကြောင်ကြောင် မော့ကြည့်မိသည်။

"ဘုံ"

"ဟင် ... "

"ဘာဖြစ်လို့လဲ ... ဘုံ့မျက်ဝန်းတွေထဲမှာ မျက်ရည်တွေနဲ့ ဘာဖြစ်လာလို့လဲ"

"ဩော် ... အင်း ... ဟာ မဟုတ်ပါဘူး ကိုနန္ဒမိတ် ...





မှာ အမေနေမကောင်းဘဲ ကျန်ခဲ့လို့တွေးပြီး စိတ်ပူလို့ငိုချင်တာ"

"ဒေါ်လေးမေတ္တာ အရှမ်းနေမကောင်းဖြစ်နေလို့လား၊ ဆေးခို့ ပိုက်ဆံမရှိဘူးလား"

"ရှိပါတယ် ... တစ်ခါတလေတော့လည်း အမေတစ်ခုခုဖြစ် စိတ်ပူတယ်"

"ဘုံရယ်"

ကိုနန္ဒမိတ်ကတော့ ချစ်ခြင်းဘုံကိုကြိတ်၍ ချစ်နေမိသည်။ ကြီးတဲ့ ကောင်မလေးက ဘယ်ယောကျ်ားကိုမှ အရေးတယူ ပ်။ မျက်နှာထားတင်းတင်းလေးနှင့် သူ့အလုပ်ပဲ သူမလုပ်နေ တ်သည်။

"အပေါ်တက်မှာ မဟုတ်လားဘုံ"

"အင်း"

ကိုနန္ဒမိတ်က ဓါတ်လှေကားခလုတ်နှိပ်သည်။ ဘုံကတော့ ကြီးခင်ပွန်းလုပ်ရပ်အတွက် ဒေါသတွေ မပြေသေးပေ။

"ဘုံ"

"ဟင်"

"တစ်ခုခုစားမလား၊ နင် ကုမ္ပဏီထဲဝင်လို့မဖြစ်ဘူးထင် ... မျက်ရည်စတွေနဲ့ တဖြည်းဖြည်းပြည့်လာပြီး လျှံကျတော့



www.burmeseclassic.com

www.burmeseclassic.com



မယ်ထင်တယ်ဘုံ"

ဟုတ်သားပဲ။ သူမ ငိုပြစ်ချင်နေခဲ့တာပါ။ မမကြီးက ရိုးသား အေးချမ်းသူပါ။ ရက်စက်တယ်။ မမကြီးက ယောက်ျားကိုလည်း မဆန့်ကျင်ရဲပေ။ ကြောက်တတ် ရှက်တတ်သည်။ အမေက အိမ် ထောင်ကွဲပြီး ရပ်ကွက်ထဲတော့ ပြန်မဝင်လာခဲ့ပါနဲ့တဲ့။

"လာပါ ဘုံရာ ... မင်းကို ကိုယ်တစ်ခုခုကျွေးမယ်၊ မင်း တစ်ခုခုတော့ ဖြစ်လာပါတယ်"

"မလိုက်တော့ပါဘူး ကိုနန္ဒမိတ် ... ရုံးခန်းပဲသွားမယ်၊ ဘ ဘာမှမဖြစ်ပါဘူး ... တကယ်ပါ"

ယောက်ျားတွေကိုရောယောင်၍ ဘုံမှန်းတီးနာကြည်းနေ သည်။ မပတ်သက်ချင်။ နန္ဒမိတ်က ဘုံ့အပေါ် ဂရုတစိုက်နှင့်ကူ ပေးတတ်ပေမယ့် သူမကတော့ ယောက်ျားတွေကို အထင်ကြီးမ ဖြစ်နေသည်။

"ကဲပါ ဘုံရာ ... ခဏလေးဖြစ်ဖြစ် ဒီမှာပဲထိုင်ပါ၊ မင်း ဘ ဖြစ်လာတာလဲ၊ ရင်ဖွင့်လေ ... "

သူမ စားသောက်ဆိုင်အထိ မလိုက်သွားပေမယ့် ခဏလေ ဝင်ထိုင်မှဖြစ်မည်ထင်သည်။ မျက်ဝန်းတွေထဲမှာ မျက်ရည်တွေ ပြည့်နှက်နေဆဲပင်။





"အင်း"

"ဘုံ"

"ဟင်"

"မင်း ဘာဖြစ်လာတာလဲဆိုတာ မမေးတော့ပါဘူး၊ မဖြေနဲ့ ရော့ ... ဒီအအေးဗူးလေးပဲ ဖောက်သောက်လိုက်"

ကိုနန္ဒမိတ်က အအေးဗူးပေး၍ သူမယူပြီး မော့သောက်ပစ် သည်။ စိတ်ထဲမှာ ဒေါသတွေ နည်းနည်းလေးတော့ ပြေသွား၏။ သူမ ခဏလေးပဲ ထိုင်ပြီး ပြန်ထသည်။

"သွားတော့မယ်"

"ကောင်းပါပြီ"

ကိုနန္ဒမိတ်က ရယ်ကျဲကျဲနှင့် သူမအား စနောက်နေ၍ သူမ မျက်စောင်းထိုးပြီး ရယ်ဖြစ်သည်။ ခဏနေတော့ ရုံးကို ညိုပြာပြန် ရောက်လာကာ အပြုံးတွေနှင့် မော်ကြွားနေသေး၏။

သူများယောက်ျားကြီးကိုခိုးပြီးတော့များ ဘုံ ခပ်တည်တည် လေးနေသည်။

"ဟဲ့ ... ဘုံ"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုဟာမ ညိုပြာလေ အရမ်းပျော်နေတယ် ... မနက်က သူ့စပွန်ဆာလာတယ်ဟ ... အရှက်မရှိလိုက်တာ"

သူမ အံသွားလေးကို တင်းတင်းဖိကြိတ်ထားမိသည်။ သူမ ခဲအိုဟုပြောမထွက်။ သူငယ်ချင်းဝေမာက မကျေမနပ်နှင့်ပြောနေ၏။ တချို့ကောင်မလေးတွေကလဲ ညိုပြာ့ကို အားကျနေကြသည်။

"ကြည့်စမ်းဟဲ့ဘုံ ... ညိုပြာ့လက်မှာ စိန်လက်စွပ်အပြားကြီး ဝတ်ထားတယ်၊ ဟိုနောကြီးပေးတာထင်တယ်နော်"

ညိုပြာက သူမလက်စွပ်ကို တပြပြနှင့် ရှုံးဝင်ကာစကာ ညိုပြာ ခပ်နွမ်းနွမ်းလေးပါ။ မမကြီးရယ် ဘုံတော့လေ ဒီကုမ္ပဏီကနေထွက်တော့မယ်။ အကုသိုလ်များလိုက်တာ။ ဒေါသတွေက အရမ်းပေါက်ကွဲချင်နေပြီသိလား။

"ဝတ်စားထားတာလည်း ပုံလန်နေတာပဲ ... တခြားဝန်ထမ်းတွေပါ စိတ်ဓာတ်ပျက်ပြားသွားနိုင်တယ် ... အရှက်လည်းမရှိဘူးဟာ"

ဘုံကတော့ ညိုပြာ့ထက် မမကြီးယောကျ်ားကိုပဲ အမှန့်ကြိတ်ပစ်ချင်သည်။ မမကြီးဆီသွားပြီး အသိပေးလိုက်ရင်ကောင်းမလားဘဲ။ နေပါစေ ... မမကြီးက စိတ်ထားအဖြူ။ တော်ကြာ စိတ်ထိခိုက်ကြေကွဲရမည်။ သူမပင် ဒေါသကို ထိန်းချုပ်ထားရသည်။





"နင်ပဲ ကောင်းပါတယ်ဘုံရယ် ... ပတ်ဝန်းကျင်ကို စိတ်မဝင်စားဘူး၊ ကောင်းတယ် ... ဒီဟာမအကြောင်းပြောရတာ ကျက်သရေမရှိပါဘူး"

တစ်ခါတလေ ဘုံက ပတ်ဝန်းကျင်နှင့်ပင် သိပ်အပြောအဆိုအဆက်အဆံမလုပ်ခဲ့။ ဝေမာတစ်ယောက်နှင့်ပဲ စကားပြောတာပါ။ ညနေ ရုံးဆင်းတော့ ညိုပြာ့အား ကိုသုတက ကားအကောင်းစားကြီးနှင့် လာကြိုနေသည်။ ဘုံကွယ်နေလိုက်ရ၏။ ကိုယ့်ခယ်မ ဘယ်ကုမ္ပဏီမှာလုပ်တယ်ဆိုတာတောင် စိတ်မဝင်စားဘူး။ တလောကလုံးကို စိတ်မဝင်စားတဲ့လူပဲ။ ခြံရဲ့ လုပ်ပြစ်တာမှန်တယ်။ လူရုပ်လူပွေတစ်ယောက်ကများ ခြံရံကို လက်ကြောမတင်းဘူး အချောင်သမားတဲ့။ ဘုံအိမ်ပြန်ရောက်တော့ အမေ မောနေသည်။

"အမေ နေမကောင်းဘူးလား"

"အင်း မောနေတယ် ... အခုပဲ သားခြံရံက သူ့ကောင်မလေးဆီ ဖုန်းဆက်နေတယ် ... ကားခေါ်တာလေ"

"အမေရယ် ... ဘာပဲဖြစ်ဖြစ် ခြံရံလုပ်ပေးတာကို လက်ခံလိုက်ပါ ... ဘုံတို့မှာ ပိုက်ဆံမရှိဘူးလေ"

"လက်မခံပါဘူး ... ခြံရံကို အမေအော်ထုတ်လိုက်လို့ သူ့ကောင်မလေးကို မလာနဲ့တော့လို့ပြောနေတယ်၊ လမ်းထိပ်ထွက်



www.burmeseclassic.com

www.burmeseclassic.com



သွားတယ်ထင်တယ် ... ကားသွားငှားတာ”

“သူ့ကောင်မလေး ကားကို အမေမစီးချင်ရင်လည်း ဆေးကု တာခံပါ ... ဆေးခန်းသွားရအောင်နော်”

“အမေရှက်တယ် ... သားအချောင်သမား မိန်းကလေးတစ် ယောက်ဆီကချိုင်တယ် ... အမေ့မျက်နှာ ဘယ်မှာထားရမလဲ”

“ခြိရံ အရက်သမားဖြစ်ပြီး လမ်းပေါ်လျှောက်နေတာထက် ပိုကောင်းပါတယ်အမေ”

“ဘုံ ညည်းကရော ဒီလိုစိတ်ဓာတ်တွေ မမွေးနဲ့နော်၊ ခြိရံက ယောက်ျားလေး ... အမေက ချမ်းသာတဲ့သူဌေး လူပျိုလူလွတ်ကို ယူတာ အမေလက်ခံပေမယ့် ပိုင်လုံးတော့မလုပ်နဲ့”

“အမေကလဲ”

ဘုံကတော့ ယောက်ျားဆို ရွံ့လို့၊ မမကြီးအဖြစ်က စိတ်ပျက် စရာကြီး။ အမေ့သမက်ဖောက်ပြန်နေတာ ဘုံနဲ့တစ်ခန်းထဲက စာ ရေးမလေးဟုမပြောပြရဲ။ မမကြီးကို ဘုံ့ထက်ပင် အမေကစိတ်ပူ တတ်သေးသည်။ ခြိရံက ကားငှားလာသည်။

“လာ ... အမေ ဘုံလည်းလိုက်မယ်”

“အေးပါအေ”

ခြိရံ့ကောင်မလေးကား မလာတော့။ အမေက ရှက်လို့တဲ့။





ရပ်ကွက်ထဲမှာ အမေ့ကို အားကျနေကြတဲ့လူတွေက ရှိသေးသည်။

“ဘုံ”

“ဘာလဲ ခြိရံ”

“မမကြီးယောက်ျား ကောင်မလေးတစ်ယောက်နဲ့တွဲနေတဲ့ သတင်း ငါကြားထားတယ်”

“ရှုး ... ”

အမေကြားသွားလို့ မဖြစ်ဘူး။ အမေ့မှာက နှလုံးရောဂါရှိ သည်။

“ဟဲ့ ခြိရံ ... နင်နော် ... အမေ့ရှေ့မှာကြည့်လုပ်၊ တစ်နေ့ တခြား အမေပိန်ချုံးလာသလိုပဲ၊ အမေက ကြိတ်ခံနေတာ”

ခြိရံလည်း မမကြီးယောက်ျားနှင့် ကောင်မလေး တစ် ယောက် ကလပ်ကိုလာကြတာ တွေ့ထားသည်။ ဒေါသက ဖြစ်နေ ရ၏။ အမေကို ကြည့်ရတာ အားမရပေ။ အမေ ဆေးခန်းကထိုင်ခုံ မှာ ထိုင်နေတုန်း ဘုံနှင့်ခြိရံ အပြင်ခဏထွက်ပြီး စကားပြောနေကြ ခြင်းဖြစ်၏။ ပြီးမှ အမေ့အနား ပြန်သွားကြသည်။

“အဒေါ်က နှလုံးအရမ်းအားနည်းနေတယ်၊ ဆေးကို ဂရု တစိုက်သောက်ပါ ... ဆေးခန်းလည်း မှန်မှန်ပြပေးပါ”

ဆရာဝန်က သတိပေးစကားတွေ ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"တွေ့လားအမေ ... ဆရာဝန်ကပြောတာ"

ဒေါ်ချစ်မေတ္တာကတော့ သမီးကြီးကို တွေ့ချင်နေသည်။ အလိမ်မာဆုံးသမီးပါ။ အိမ်ထောင်ရေးမှာ ချမ်းသာတဲ့ယောက်ျားကို ရခဲ့ပေမယ့် မိသားစုနှင့်ဝေးနေရသည်။ သားနဲ့သမီး ဒေါသဖြစ်ကြမှာ စိတ်ပူ၍မပြောဖြစ်တော့။ အိမ်ကိုပြန်ရောက်တော့ အမေ ဆေးသောက်ပြီး အိပ်သည်။

"ခြိမ့်ရ"

"ပြော ... "

"အမေ့နှလုံးက အရှိန်အားနည်းနေတယ်ဟ၊ စိတ်ထိခိုက်စရာတွေကြားလို့ မဖြစ်ဘူး၊ နင့်ကောင်မလေးကို ခဏခဏ ခေါ်မလာနဲ့ ... ပြောထားနော်"

"အေးပါ"

"မြဇေကရီကို နင် လွှန်လွှန်ကျူးကျူးတွေ ဘာမှမလုပ်နဲ့နော် သူ့အစ်ကိုသိသွားရင် မလွယ်ဘူး၊ နင့်ကိုထောင်ထဲပို့မှာ"

"မကြောက်ပါဘူး ... ပို့လေ မြဇေကရီဟာ ခြိမ့်ရဲ့မှ ခြိမ့်ရဲ့"

"ခြိမ့်ရဲ့ရယ် ... နင့်အတွက် စိတ်ပူတယ်၊ မမကြီးတို့အိမ်ထောင်ရေး ထိခိုက်မယ့်ကိစ္စတွေ ဘာမှမလုပ်နဲ့နော်"

အမေ့နားသို့ ဘုံပြန်ရောက်လာသည်။ အမေ အိပ်နေ၏

ဖိုးလပြည့်စာပေ



မမကြီးအတွက် အမေကြိတ်ပြီး ခံစားနေရတာတွေ ဘုံမသိဘဲနေမလား။ အမေ့ဘေးနားမှာ ဘုံဝင်အိပ်လိုက်၏။ အမေ နေကောင်းပါစေ။ ပျော်ရွှင်စေချင်နေသည်။

"ညီပြာ့စပွန်ဆာက အရှိန်ထောတယ်၊ တိုက်ခန်းတောင်ဝယ်ပေးတော့မယ်တဲ့ ... ကားမောင်းတောင် သင်နေပြီ"

ရုံးမှာ ဘုံကြားခဲ့ရတဲ့သတင်းတွေဖြစ်သည်။ ဘုံတို့မိသားစုကိုတော့ အရေးပင်မလုပ် ဖြစ်ထားခဲ့၏။ ဖြစ်သင့်လား ... အမေ့ကိုပျော်ရွှင်စေချင်လိုက်တာ။ မမကြီးနှင့် တွေ့ပေးချင်သည်။

"အမေရယ် ... မမကြီးကို အရှိန်တွေ့ချင်နေခဲ့တယ်ဆိုတာ ဘုံသိပါတယ် ... အမေကြိတ်မှိတ်ခံစားနေရတာ မဟုတ်လား"

မဆီမဆိုင် ညီပြာ့ကိုတော့ တိုက်ခန်းတောင်ဝယ်ပေးတော့မယ်တဲ့။ ဝတ်ထားတဲ့ စိန်လက်စွပ်ကြီးက ပြူးနေတာပဲ။

"ခြိမ့်ရဲ့ ... နင်လုပ်တာလဲ အပြစ်မရှိပါဘူး၊ နင်က အပြောအဆိုပါ ခံရတာလေ"

မြဇေကရီက ကိုသုတရဲ့တစ်ဦးတည်းသော ညီမလေး။ ဘယ်လောက်အထိများ ဘုံတို့မိသားစုအား အဖက်မတန်သလိုဖြစ်ထားလဲဆိုရင် မြဇေကရီက သူမအစ်ကိုနဲ့ဇနီး မိသားစုဝင်တွေကိုပင် မသိပေ။

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com

"အမေ့အတွက် ဘုံစိတ်ထိခိုက်ကြေကွဲနေရတယ်၊ အမေ သေဆုံးသွားရင်တောင် မမကြီးကို တွေ့ခွင့်ရပါတော့မလားဘဲ"

ဘုံ အတော်လေး ညှို့နက်မှ အိပ်ပျော်သွားသည်။ မနက်ကျ တော့ အမေ နည်းနည်းလေး သက်သာလာ၏။ မျက်နှာလေးလည်း လန်းနေသည်။

"ဘုံ ခွင့်ယူရမလား အမေ"

"သွားပါ ... သားခြိမ့် ရှိတာပဲ၊ အမေက ရပါတယ် ... သွား လေ ... "

သူမ ရုံးကိုပင် မသွားချင်တော့ အမေတစ်မျိုးထင်မှာလည်း စိတ်ပူရသည်။ ဘုံတို့ကုမ္ပဏီက အကြောင်းမဲ့ပျက်လျှင် တစ်ရက်စာ နုတ်၏။ အမေ နေမကောင်းဖြစ်နေတာနှင့် ဘုံလခပင် အပြည့်မရ တော့ပေ။ အမေက ဝင်ငွေမရှိမှာလည်း ကြောက်၍ အလုပ်ပဲဆင်း စေသည်။

"ဘုံ ... ခြိမ့်ကို အားမကိုးနဲ့ သမီးရယ်၊ သမီးလေးစိတ်ခံစား တွေပါ ပျက်ပြားသွားမှာ အမေစိတ်ပူတယ်"

"အမေရယ် ... ဘာတွေစိတ်ပူနေတာလဲ၊ အမေ့မှာရောဂါ ရှိတယ်နော်၊ ဘုံ့ဘဝမှာ ငွေမရှိရင်နေပါစေ၊ အမေရှိနေဖို့တော့လိုအပ် ပါတယ် ... ကျန်းမာအောင်နေပေးပါနော် အမေ ... "

ဖိုးလပြည့်စာပေ



"အေးပါ ... အေးပါ"

သမီးလေးဘုံက အရမ်းသနားဖို့ကောင်းတယ်။ ပညာရေး ရာ တော်ပေမယ့် မိမိက မထောက်ပံ့နိုင်ပေ။ အခမဲ့ပညာရေးဒါန ကျောင်းတွေမှာ ပညာသင်ရင်း ဘဝကိုကြိုးစားရုန်းကန်နေရရှာ သည်။ အလိမ်မာဆုံး သမီးလေး။ အနှစ်မအိမ်ထောင်ကျသွားပေမယ့် စိတ်ခံစားမကျဘဲ ကြိုးစားနေ၏။ သားခြိမ့်ပဲ အမေအပေါ် ချစ်ခင် အားကိုးလွန်းနေသည်။ သမီးကြီးမရှိထဲက သားခြိမ့် စိတ်ခံစားကျ း ပေပေတေတေနေခဲ့၏။ စိတ်ပူတယ် ... သားခြိမ့်ကောင်မလေး တော့ မဆိုးပါဘူး။ ဒီကောင်ပဲ အချောင်သမားဖြစ်ပြီး ဘဝကို ဆောင်နိုင်မှာပဲစိတ်ပူမိသည်။ အင်းလေ ... ဘယ်တတ်နိုင်ပါ့ ။ သူတို့ဘဝပဲ ... သမီးငယ်ဘုံ ပြောသလိုပဲ မိမိကျန်းမာနေမှ ယ်။ သမီးငယ်ဘုံ ရုံးထွက်သွားမှ ဒေါ်ချစ်မေတ္တာ အိပ်ရာပေါ် လှဲနေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၆ )

ဘုံ့စိတ်တွေ ဘယ်လိုပဲထိန်းချုပ်ထားပါစေ မမကြီးကို သွား ပြီး အမေနေမကောင်းဖြစ်နေတဲ့အကြောင်း ပြောပြချင်သည်။ မ ကြီးတို့ခြံကြီးရှေ့မှာ ဘုံရပ်မိသွား၏။ ခြံစောင့်ကြီး ထွက်လာသည်

"မင်းတို့မမကြီး ချစ်ဝသုန်ကို လာတွေ့တာက အကြောင် မဟုတ်ဘူး ကလေးမ ... တော်ကြာ မောင်သုတက မကြိုက်ဘူ မင်းတို့လာတောင်းတယ်ပဲ ထင်နေမှာ ... မမကြီးချစ်ဝသုန် အပြောအဆို ခံရမှာလေ"

"ရှင်က ဘယ်သူလဲ ... "

"ခြံစောင့် ... မင်းတို့အတွက် အကောင်းဆုံးပြောပြတာ မောင်သုတက ငါ့ကိုအပ်ထားတယ်၊ မင်းတို့မောင်နှမတွေလာ ဖွင့်မပေးရဘူးတဲ့"

"ဘာဖြစ်လို့လဲ ... ကျွန်မအစ်မကိုတောင် ဘာဖြစ်လို့ခေ





င့်မရှိရတာလဲ"

"အဲဒါတော့ မသိဘူး ... ငါကတော့ သူဌေးက ဖွင့်မပေးရဘူး အမိန့်ထုတ်ထားလို့ မဖွင့်ပေးနိုင်ဘူး"

"တောက် ... "

မမကြီးရှိနေတဲ့ တိုက်ကြီးကိုတွေ့နေပါလျှက်နဲ့ ဘာဖြစ်လို့ း တွေ့ခွင့်မရခဲ့။ ဒရိုင်ဘာကအစ အထင်သေးစွာ မောက်မောက် ာ ဆက်ဆံနေသည်။

"ဘုံတို့မိသားစုက ဘာဖြစ်နေလို့လဲ ... သူတောင်းစားတွေ း"

မဆီမဆိုင် အငယ်နှောင်းကျတော့ တိုက်ခန်းတောင်ဝယ် ေလို့တဲ့။ ပိုက်ဆံတွေပေါ်နေလိုက်တာ။ ဘုံ ချာခနဲလှည့်ပြန်လာ သည်။ ဒေါသဖြစ်လိုက်တာ ... ဘုံက အမေစိတ်ချမ်းသာစေရန် ကို မမကြီးနှင့် တွေ့စေချင်၏။ အမိပွာယ် မရှိလိုက်တာ။ ရှင် ဘာလဲ ... ကျွန်မတို့ကို သူတောင်းစားတွေလို့ သတ်မှတ်နေ သား။

ဘုံ ပြန်လာခဲ့သည်။

"အမေ"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



သူမ ခေါ်လိုက်၍ အမေလှည့်ကြည့်တော့ အမေ့ပါးပြင်ပေါ်မှာ မျက်ရည်တွေ လိမ့်ဆင်းကျလာသည်။

"အမေ ငိုနေတာလား ... ဘာဖြစ်လို့လဲဟင်"

"ဘာမှမဟုတ်ပါဘူးကွယ် ... အမေက ကျန်းမာရေးမကောင်းတော့ သမီးတို့ကို စောစောခွဲခွာသွားရတော့မလားဆိုပြီး ဝမ်းနည်းလာသလိုပဲ"

ဘုံ သိပါတယ်။ အမေက မမကြီးကို တွေ့ချင်တာမဟုတ်လား။ အမေ့မျက်ရည်တွေကို မြင်ရတော့ ဘုံ့ဒေါသတွေက မမကြီးယောကျ်ားအပေါ် အထွတ်အထိပ် ရောက်သွားရသည်။

"ဘုံလေး ပြန်လာပြီလား၊ အမေ နေကောင်းပါတယ် ... ခြံရုံက အခုပဲ ထွက်သွားတာပါ"

"ခြံရုံကတော့လေ ဘုံပြန်လာမှသွားပါဆိုတာ မရဘူး၊ အမေကို တစ်ယောက်ထဲ ဘာဖြစ်လို့ ထားခဲ့ရတာလဲ"

"အမေ နေကောင်းပါတယ် ဘုံလေးရယ် ... အိမ်နီးနားချင်းတွေဆီ အပ်ထားတာပဲ"

ဘုံလေးက အမေ့အတွက် ပိုမိုစိတ်ပူတတ်သည်။ သမီးကြီးကိုလည်း ပြဿနာ မရှာလိုပေ။

"အမေ ဆေးသောက်ပြီးပြီလား"





"အင်း"

"အမေရယ် ... စိတ်သောကရောက်စရာတွေ ဘာမှမစဉ်းစားပါနဲ့နော် ... ဘုံကိုချစ်တယ် မဟုတ်လားဟင်၊ ဘုံ့အတွက် အမေက အလိုအပ်ဆုံးပါ"

အမေ့ကို ဖက်ထားမိသည်။ အင်အားတွေမဲ့နေတဲ့ အမေ့လက်တွေက သူမခန္ဓာလေးအား ပြန်၍သိုင်းဖက်ထားသည်။

"မမကြီးကို ညီမလေးကလာတွေ့တာ၊ မမကြီးကိုဒုက္ခပေးတာလားဟင် ... မမကြီးကိုမွေးထားတဲ့အမေက တစ်သက်လုံး မမကြီးကို တွေ့ခွင့်မရှိတော့ဘူးလား"

အမေ့ရင်ထဲမှာ မမကြီးကိုတွေ့မြင်ချင်တဲ့ဆန္ဒတွေ ပြင်းပြနေမှာပါပဲ။ ဘုံသိတာပေါ့။ မဖြစ်မနေ အမေတွေ့စေရမယ်။ ဒီလိုလုပ်ဖို့ ဘယ်ရမလဲ ကိုသုတ။ ရှင်ကြီးကတော့ မမကြီးအပေါ် သစ္စာဖောက်လွန်းသည်။

"ဘုံလေး"

"အမေ"

"သမီး အလုပ်မှာရော အဆင်ပြေရဲ့လား"

"ပြေပါတယ်အမေ ... မကြာခင် ဘုံလေ ရာထူးကြီးကြီးရတော့မယ်"

ဘုံလေးက လိမ်မာသည်။ အခမဲ့ပညာရေးဒါနသင်တန်းတွေ



www.burmeseclassic.com

www.burmeseclassic.com



မှာသင်တန်းတွေတက်နေ၏။ ကြိုးစား၍ ဘုံ့အတွက် စိတ်အေး
သည်။

"အမေကတော့ ခြိမ့်ရံအတွက် စိတ်ပူတယ်၊ ဒီကောင်လေး
ဟိုမိန်းကလေးကို ဒုက္ခပေးနေတာ အမေ လုံးဝသဘောမကျဘူး"

"ခြိမ့်ရံ့ကို ဘုံပြောပါ့မယ် ... အမေတရားမှတ်ပြီးပဲ နေပါနော်
အမေ့နှလုံးက အရမ်းအားနည်းနေလို့ မခံစားပါနဲ့အမေရာ"

အမေ့ကိုဆေးတိုက်ပြီး အနားယူအိပ်စက်စေသည်။ အမေ
အိပ်ပျော်သွားမှ ဘုံပြန်ထွက်လာခဲ့သည်။ ခြိမ့်ရံရော ... ကိုသုတအပေါ်
ခြိမ့်ရံ လက်စားချေတာလည်း အပြစ်မတင်ချင်တော့ဘူး။ ဘုံတော
ပြဿနာရှာပြစ်ချင်သည်။

"ကျွန်မကို ခွေးမောင်းသလိုမောင်းထုတ်ပြစ်ခဲ့တဲ့ ရှင်ကြီး
အစေအပါးတွေလို ရှင်ကြီးအမိန့်ပေးခဲ့တာပဲ"

သူမ ...

အံသွားလေးကိုတင်းကြပ်စွာ စေ့ကပ်ထားမိသည်။ ကိုသု
အရှက်သိက္ခာမဲ့လိုက်တာ ... မိန်းကလေးတစ်ယောက်ကို
ရှင်ကြီးက ပေးကမ်းထောက်ပံ့နေလိုက်တာ။ ကျွန်မတို့မိသားစု
တော့ အချောင်သမားတွေတဲ့ ... အကျင့်ပါမယ်တဲ့ ...

"တောက်"





တစ်ယောက်ထဲ ဒေါသတွေနှင့် ကြိတ်မနိုင်ခဲမရဖြစ်ရသည်။
ခြိမ့်ရံပြန်ရောက်လာတော့ အမေနှင့်ဘုံ့အတွက် စားစရာတွေပါလာ
၏။ ဘုံ့အတွက် အဝတ်အစားတွေတောင်ပါသည်။

"ရော့ဘုံ ... နင့်အတွက် ... ငါကောင်မလေးက ဝယ်ပေး
တာ ... အမေ မသိစေနဲ့"

"ခြိမ့်ရံ ... အမေက ... "

"ယူထားပါ ... သူတို့က သူဌေးတွေဟ ... ဒီလောက်လေး
က သူတောင်းစားခွက်ထဲ ပစ်ထည့်သလောက်ပဲရှိတာ ... နင့်ကို
ဝယ်ပေးချင်နေတာကြာပြီ"

ခြိမ့်ရံပေးတဲ့အထုပ်တွေကို ဘုံလှမ်းယူထားလိုက်သည်။

ဟုတ်တယ် ...

ယူသင့်တယ်။

ဒင်းတို့က လူပါးအရမ်းဝလို့ ...

"ထွက်လာခဲ့ ... အမေ့အတွက် စားစရာတွေပါတယ်"

"အမေအိပ်နေပြီထင်တယ် ခြိမ့်ရံ ... အမေက လုံးဝမကြိုက်
ဘူးနော်"

"ထားလိုက်ပါ"

"ခြိမ့်ရံ"

"ပြော ... "



www.burmeseclassic.com

www.burmeseclassic.com

"နင် ... အလုပ်လေး တစ်ခုဝင်လုပ်ပါလား ... အမေလည်း စိတ်အေးတာပေါ့"

"ငါ အငှားကားမောင်းမလို့"

"ဟုတ်လား ... ကောင်းတာပဲ ကားရောရှိလား"

"ရှိတယ် ... ဇေရီကဝယ်ပေးမှာ ငါ့အတွက်"

"ဘာ"

"ဇေရီက ငါ့အတွက်တစ်စီးဝယ်ပေးမယ်တဲ့ ... သူက ကြို တင် စုဆောင်းထားတာလေ"

"အမယ်လေး ခြိမ့်ရယ် ... နင်ကရော ဒီကောင်မလေးကို အတည်ယူမှာလား ... ကိုသုတလိုတော့ မယုတ်မာပါဘူး၊ စိတ်သ ဘောထား ပြည့်ဝပုံပဲနော် ... နင် အတည်ပဲချစ်ပါ"

"ခြိမ့်ကိစ္စတွေ ခေါင်းထဲမထည့်နဲ့ ... အရေးကြီးတာက အမေ မသေခင် ... အကောင်းဆုံး နေထိုင်စားသောက်သွားနိုင်ဖို့ပဲ အရေးကြီးတယ်"

"နင် အရက်တွေသောက်ထားတာလား"

"အင်း ... ကလပ်ကပြန်လာတာ ... ဟိုလူ့ကိုတွေ့တယ်"

"နင့်ကိုရော ... သူတွေ့လား"

"မတွေ့ဘူး ... ခြိမ့်က သူ့ညီမနဲ့သွားတာလေ ... သူ့ကို အတွဲနဲ့တွေ့တော့ ပြေးရတာပေါ့"





"ဇေရီက ဘာပြောလဲ"

"သူ့အစ်ကိုက ရုပ်တယ်တဲ့ ... ယောက်မကအေးပြီး ရိုးတယ်တဲ့ ... ကိုကို့ရဲ့အနှိမ်ခံတဲ့"

"တောက်"

"ထားလိုက်ပါဟာ ... အမေအိပ်နေရင်လည်း နင်ပဲစား"

"အေးပါ"

ခြိမ့် ပြန်ထွက်သွားသည် ... သူမ အိတ်တွေထဲက အဝတ် အထည်တွေကို ထုတ်ကြည့်ပြီး သဘောကျနှစ်သက်နေသည်။ သူမ ဝယ်ချင်နေခဲ့တာပါ။ တစ်လတစ်လ အိမ်အသုံးစရိတ်နဲ့ပဲ ကိုယ့်လခ က ပြတ်ပြီ။

"အင်း ... ကံကလည်း ... အဝတ်အစားအသစ်လေး ဝယ် ရတာတောင် မလွတ်မလပ်နဲ့ ... သူများအထောက်အပံ့ကြီး"

ခြိမ့်နှင့်ဘုံတို့က အမွှာဆိုတော့ ... တစ်ယောက်ကိုတစ် ယောက် သံယောဇဉ်တွေ လွန်စွာကြီးမားကြသည်။ တစ်ယောက် က ကောင်းကောင်းလေး စားရဝတ်ရလျှင် မျိုမကျ ...

"ကျေးဇူးပဲခြိမ့် ... ငါလည်း အဝတ်အစားအသစ်လေးတွေ လိုအပ်နေတယ်လေ"

ခြိမ့်လိုပဲ ဘုံကိုယ်တိုင်ပင် ... စိတ်ရှိင်းတွေဝင်နေသည်။ ကိုသုတအပေါ် ... ကြီးမားပြင်းထန်တဲ့ထိုးနှက်ချက်တစ်ခု လိုအပ်



www.burmeseclassic.com

www.burmeseclassic.com



နေပြီဟု ဘုံထင်မြင်နေသည်။

လူမဆန်လိုက်တဲ့လူကြီးပဲ ... ခြံရှံ ဝယ်လာတဲ့အကျီတွေက အရမ်းလှပြီး အဖိုးတန်တွေဖြစ်သည်။

ဘုံ ဝတ်ကြည့်တာ အတော်ပဲ ...

နောက်နေ့ ကုမ္ပဏီကိုသွားတော့ ခြံရှံက ပိုက်ဆံထပ်ပေးသည်။

"ခြံရှံရယ် ... ငါလည်း နှင့်ဆီကယူရတာ စိတ်မလုံဘူးဟ"

"ယူစမ်းပါ ... ဘာမှစိတ်မလုံစရာမရှိဘူး၊ ငါကတော့ သူတို့ဆီကရသမျှ အကုန်ယူပစ်မှာပဲ"

နင်က အချောင်သမားစိတ်ဓာတ်ဟု ဘုံမပြောချင်။ အခုတလော ခြံရှံကစိုပြေနေပြီ။ ယောက်ကျားပီသ ခန့်ညားချောမောနေသည်။ ဘုံကတော့ သူများဆီကနေ မယူချင်ဘူး။ ကိုသုတဆီကပဲ ယူချင်တယ်။ ရှင်ကြီး ချစ်ခြင်းဘုံရဲ့ပစ်မှတ်ဖြစ်သွားပြီ။ လူယုတ်မာကြီးအား ဘုံ တစ်စုံတစ်ခုလုပ်ပစ်ချင်နေသည်။

"ဘုံ"

"ကိုနန္ဒမိတ် ... ဘာကိစ္စရှိလို့ လာတာလဲဟင်"

"ကိစ္စရှိမှလာရမှာလား ဘုံရာ ... အန်တီနေမကောင်းဘူးကြားလို့ လာကြည့်တာပါ"

"ဘုံတောင် ကုမ္ပဏီကိုလာတော့မလို့ ... အချိန်ရပါသေး





တယ် ... လာလေ"

အမေလည်း နိုးနေပါပြီ။ ဘုံ စောစောကပဲ မုန့်ကျွေးပြီး ဆေးတိုက်ထားသည်။

"အမေ ... ဒီမှာ သမီးတို့ကုမ္ပဏီက သူငယ်ချင်းလာတယ်"

နန္ဒမိတ်က အမေ့အတွက် အိုဗာတင်းဗူးတွေ ... မုန့်ပုံးတွေ ပါလာသည်။

"သားရယ် ... ရပါတယ် ... အန်တီ့ကို ဒီအတိုင်းလာကြည့်လည်း ရပါတယ်ကွယ်"

"အန်တီ့ကို စားစေချင်လို့ပါ ... အားမနာပါနဲ့နော်"

နန္ဒမိတ်ဆိုတဲ့ကောင်လေးက ရိုးသားသည်။ ပညာကလည်း အင်ဂျင်နီယာဘွဲ့ ရပြီးသားပဲ ... ငွေကြေးမချမ်းသာပေမယ့် ပညာကြိုးစားသူဖြစ်၏။ ဒေါ်ခင်မေတ္တာ နှစ်ကြိမ်လောက်တွေ့ဖူးခဲ့တာ သဘောကျမိသည်။

"အန်တီကတော့ ဒီလိုပါပဲကွယ် ... နှလုံးအားနည်းတယ်ပြောတာပဲ ... ဘယ်တတ်နိုင်မလဲလေ"

"ကျွန်တော်လည်း မကြာမကြာ လာကြည့်ပါ့မယ် ... ဘုံနဲ့က သူငယ်ချင်းတွေပါ"

"ဘုံလေးကိုတော့ စောင့်ရှောက်ပေးပါနော် ... သမီးဘုံက နည်းနည်းလေး ဘုဆတ်ဆတ်ပြောဆိုတတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဘုံကကြိုးစားပါတယ် ... လိမ္မာပါတယ်"

နန္ဒမိတ်က အင်ဂျင်နီယာဘွဲ့ရပြီး ... ကုမ္ပဏီမှာဝင်လုပ်နေသည်။ ဘုံက သူ့ရဲ့လက်အောက်ငယ်သားပါ။ နန္ဒမိတ်ရင်ထဲကနေ ချစ်မြတ်နိုးနေမိတဲ့ မိန်းကလေး ... ဆင်းရဲပေမယ့် မာနရှိတဲ့ကောင်မလေးမို့ တန်ဖိုးထားချစ်မြတ်နိုးမိနေသည်။ ဖွင့်ပြောဖို့ကြိုးစည်နေပေမယ့် မပြောရဲသေး ... ဘုံရန်တွေ့ပြီး ... မပတ်သက်မဆက်ဆံမှာလည်း ကြောက်သည်။

"ဘုံ ... ကုမ္ပဏီကို အတူတူသွားမယ်"

"ကိုနန္ဒမိတ်ပဲသွားပါ ... ဘုံ ကားနဲ့မလိုက်ချင်ဘူး၊ ပတ်ဝန်းကျင်က အတင်းပြောကြမှာလေ"

ကိုနန္ဒမိတ်က အင်ဂျင်နီယာပေါက်စလေးပါ။ ဘုံတို့ဌာနမှာ တာဝန်ထမ်းဆောင်နေသည်။ သူမအား ဂရုစိုက်ခင်မင်နေပေမယ့် ဘုံကတော့ ပတ်ဝန်းကျင်မှာ ကွဲရဲ့အတင်းပြောစရာ အဖြစ်မခံနိုင်၍ ... တည်တည်တင်းတင်းလေးပဲ ပြောဆိုဆက်ဆံဖြစ်နေ၏။ အမေကတော့ ... မောင်နန္ဒမိတ်က ယောကျ်ားပီသပြီး လူတော်တဲ့ မိန်းကလေးတွေရွေးချယ်သင့်တဲ့ ယောကျ်ားကောင်းတဲ့ ...

"ဘုံ"

"ဟင်"

"ကားနဲ့ပဲလိုက်ခဲ့ပါ ... ဘာဖြစ်လဲ ... ကိုယ်ကလူပျိုလူလွတ်





လေ၊ မင်းကို ဘယ်သူကကွဲရဲ့မှာလဲ၊ တက်ပါ ... ဒါကလည်း ကိုယ့်ကားမှမဟုတ်တာ ... ကုမ္ပဏီပိုင်လေ၊ မင်းလမ်းကြုံစီးသင့်တာပဲ"

ဘုံလည်း နောက်ကျနေပြီထင်တယ် ... မထူးတော့ပါဘူး။ ကိုနန္ဒမိတ်က လူရှုပ်လူပွေမှမဟုတ်တာပဲ ... သူမလိုက်လာခဲ့သည်။

"ဘုံ"

"ဟင်"

"မင်းမှာ ဘာလိုအပ်နေလဲ ... ကိုယ် အကူအညီပေးနိုင်ပါတယ်"

"ဟင့်အင်း"

"မာနတွေမထားပါနဲ့ ဘုံရယ် ... မင်း ဘာပဲဖြစ်နေဖြစ်နေ ကိုယ့်ကိုဖွင့်တိုင်ပင်ပါ၊ ကိုယ်ကူညီမယ်"

"တကယ်ပဲ ဘုံ့မှာ မလိုအပ်လို့ပါ ... အမေ့အတွက်လည်း ခြံရှံက တာဝန်ယူနေတယ်လေ"

"ဘုံ့အမေကို ဂရုစိုက်နော် ... မင်း တကယ်ဆို အလုပ်က တောင်ထွက်သင့်တယ်"

"အင်း ... ဘုံလည်း စဉ်းစားနေပါတယ် ... အမေ့အနားမှာတော့ ဘုံရှိနေသင့်တယ်"

"ငွေကြေးအတွက်မပူပါနဲ့ ဘုံ ... ကိုယ် ဘဏ်မှာစုထားတဲ့ ငွေရှိတယ်၊ ဘုံ့အမေအတွက် ဆေးဖိုးသုံးပါ ... ကိုယ့်မှာမိဘတွေ


www.burmeseclassic.com

www.burmeseclassic.com

မရှိကြတော့ဘူး။ ဘုံ့မိသားစုကိုပဲ ခင်မင်ပါရစေ”

သူက မသိမသာစကားလုံးလေးတွေ ပြစ်သွင်းလိုက်ပေမယ့် ဘုံကတော့ တည်တည်လေးနှင့်ငြိမ်သက်နေသည်။

ဘုံများ စိတ်ဆိုးသွားပြီလားဟု ကြည့်လိုက်တော့ … သူ့စကားတွေကို ဘုံ မကြားသလိုလို … အတွေးတွေ နက်နက်ရှိုင်းရှိုင်း ရှိနေပုံပင်။

ဘုံတို့မိသားစုအကြောင်း နန္ဒမိတ်မသိပေမယ့် ဘုံတစ်စုံတစ်ခုတော့ စိတ်သောက ရောက်စရာတွေနှင့် ကြုံတွေ့နေရပြီ ထင်နေမိ၏။

နန္ဒမိတ် ကူညီချင်နေသည်။

ငြိမ်သက်နေတဲ့ဘုံ့ကို မနှောက်ယှက်ချင်တော့၍ ကားကိုပဲ ဂရုတစိုက်မောင်းနေလိုက်၏။

မင်းကို ကိုယ်ချစ်နေမိပြီဘုံရယ်။

ကိုယ် ဘယ်လိုဖွင့်ပြောရမလဲ … သူ အမြဲတမ်းကြံစည်နေမိသည်။

## အခန်း (၇)

ကိုသုတရောက်လာတိုင်း ဘုံ ပုန်းရှောင်နေရသည်။ ညိုပြာကို အလွန်အမင်းစွဲလန်းနေပြီတဲ့ … တိုက်ခန်းဝယ်ပေးဖို့ လိုက်ကြည့်နေသည်တဲ့ … ညိုပြာ အရှက်မရှိတဲ့မိန်းမ ကြားစရာလား … ကိုသုတနှင့်လိုက်သွားပြီး ကုမ္ပဏီမှာကြားလို့မဆုံးတော့ …

“ဟဲ့ ဘုံ … ဟိုဟာမ ညိုပြာနဲ့လေ အဲဒီသူဌေးက တရားဝင်လက်ထပ်ကြတော့မှာတဲ့ … ညိုပြာ့ကို အရူးအမူးစွဲလမ်းနှစ်သက်နေတာတဲ့ … စွဲမှာပဲ ညိုပြာက ချူကလီးယားတွေ ဘယ်လောက်သွတ်နေမှန်းမှမသိတာ”

ကိုသုတ … ရှင်ကြီး ဘယ်လိုလုပ်လိုက်တာလဲ … ကျွန်မအစ်မကရော … မမကြီးကို မောင်းထုတ်ပစ်လိုက်မှာလည်း ဘုံစိတ်ပူမိနေသည်။ အမေအကြောင်းဆိုးပဲ … သမီးကြီး ယောက်ျားနဲ့ကွဲသွားမှာ စိတ်ပူမိ၏။ အမေစိတ်ထိခိုက်မှာ မလိုလားပေ … သူမ


www.burmeseclassic.com

www.burmeseclassic.com

ဒေါ်သတွေကို ထိန်းချုပ်နေရသည်။

“ဘုံ”

“ဟင်”

“ဘုံနဲ့ ကိုနန္ဒမိတ်ရော”

“ဟာ … မဟုတ်တာ … ဘုံလေ … ယောက်ျားတွေကို လုံးဝ အထင်မကြီးဘူး၊ ယောက်ျားလည်း ဘယ်တော့မှမယူဘူး … ရွံလို့”

ကိုသုတအကြောင်းတွေးမိပြီး … ဘုံ မျက်နှာထားတင်းတင်းလေးနှင့် ဒေါသတကြီး ပြောပစ်မိသည်။

“ယောက်ျားတွေကိုတော့ သိမ်းကြုံးပြီး မရွံလိုက်ပါနဲ့ဘုံလေးရယ် … ကိုနန္ဒမိတ်ကတော့ အားကိုးထိုက်တယ်နော်၊ လူကောင်းပါ”

ကိုနန္ဒမိတ်ကိုတော့ ဘုံ ဘာမှမပြောလိုပါဘူး။ သူမအပေါ် တယုတယနှင့် တန်ဖိုးထားသူဟုတော့ ခံစားမိသည်။ ဒါပေမယ့် ကိုနန္ဒမိတ်ရယ် … ဘုံ ယောက်ျားတွေကို နာကျည်းမုန်းတီးနေတဲ့ စိတ်တွေက ဘုံ့နှလုံးသားတွေကို လွှမ်းနေပါတယ်။ မမကြီးခင်ပွန်းက … မိန်းမတစ်ယောက်ကို တရားဝင်ယူတော့မယ်တဲ့ … သူမ နာကြည်းရသည်။





“ဟဲ့ … ငါ သတင်းကြားတာတော့လေ ကိုသုတက မယား ကြီးကို အရမ်းနိုင်ရတာတဲ့ … ညီပြာကြပ်ပေးလို့ မယားကြီးထွက် ပြေးသွားအောင်လုပ်နေတာတဲ့”

“ဘာပြောတယ်”

“ဘုံရယ် … နင်ကလည်း အထိတ်တလန့်နဲ့ … ဒေါသထွက် နေလိုက်တာ … လန့်တောင်လန့်တယ်၊ ညီပြာပြောတာပဲလေ”

“ခတောက်”

“ဘုံ”

“ဒါကြောင့် ယောက်ျားတွေကိုရွံတာပဲ … လူယုတ်မာတွေ”

“အဲဒီလူကတော့ ယုတ်မာပါတယ်၊ ဒါပေမယ့် ယောက်ျား တွေအားလုံးကတော့ အဲဒီလိုမဟုတ်ကြပါဘူး”

“တော်စမ်းပါ”

ဘုံ့ဒေါသတွေက … အထွတ်အထိပ်သို့ ရောက်သွားရသည်။ ကြီးကို လုံးဝခွင့်မလွှတ်နိုင်တော့ဘူး ကိုသုတ … အပြစ်မရှိတဲ့ အားလွန်းတဲ့ မမကြီး … ပြီးတော့ ဘုံတို့မိသားစုတွေ ကိုသုတရဲ့ နိုင်ကျင့်စော်ကားနေမှုတွေကို ခံစားနေကြရသည်။

“မမကြီးကို ရှင်ကြီး ဘယ်လိုမှ မောင်းထုတ်ပစ်လို့မရဘူး၊ အကြောင်း ရှင်ကြီးကောင်းကောင်းသိစေရမယ်”

သူမရင်တွေက ပြင်းပြစွာနာကျင်စူးရှနေသည်။ မမကြီးကို



www.burmeseclassic.com

www.burmeseclassic.com

အပြစ်ရှာနေပြီတဲ့ ... မိန်းမငယ်လေးတစ်ယောက်ကြောင့် ... ဘုံ့မေ ကြီးက ဘဝတွေအနစ်မွန်းခံလိုက်ရမလား ... သူမနှုတ်ခမ်းသားတွေ စေ့ကပ်တွန့်မဲ့သွားသည်။ သူမဆုံးဖြတ်လိုက်ပြီ ... ကိုသုတအပေါ် အပြစ်ဒဏ်ပေးသင့်နေပြီဟု ထင်မိနေ၏။ သူမနှလုံးသားတွေ အေး စက်မာကျောသွားသည်။

"ဘုံ စောစောပြန်မယ်ဟာ ... အမေနေမကောင်းဘူး"

ဘုံနှုတ်ဆက်ပြီး ထွက်လာခဲ့သည်။ လောကကြီးက ဘာတွေ လဲ ... ဘုံကြောက်ရွံ့လာပေမယ့် ... ရင်ဆိုင်ဖို့သတ္တိတွေကို မွေးပေ ၏။ ဘုံ့ခြေလှမ်းတွေက အသိကင်းမဲ့နေပြီလားပင် မသိတော့ ... ကိုသုတကုမ္ပဏီရှေ့သို့ ရောက်လာခဲ့သည်။

"ကျွန်မ ဥက္ကဋ္ဌဦးသုတနဲ့ တွေ့ချင်လို့ပါ"

"မင်း ဘယ်သူလဲ ဘယ်သူကတွေ့ချင်တယ်လို့ ပြောရမလဲ"

"ချစ်ခြင်းဘုံလို့"

"ဥက္ကဋ္ဌက ညိုပြာဆိုတာပဲ တွေ့ခွင့်ပေးဖို့ပြောထားပါတယ် မကြာခင် ဥက္ကဋ္ဌရုံးဆင်းတော့မှာပါ၊ မင်းတွေ့ချင်ရင် စောင့်နေ"

"ဟုတ်ကဲ့"

ညိုပြာကိုတော့ တံခါးမရှိဓားမရှိ ... ရှင်ကြီးက ခွင့်ပြုထား တာပေါ့လေ။ ဘုံ မမှားဘူး ... မမကြီး ရက်ရက်စက်စက်မော

ဖိုးလပြည့်စာပေ



ထုတ်ခံရမယ့်အရေးက ကာကွယ်ပေးရမယ် ... သူမရပ်နေမိသည်။ ခဏကြာတော့ ကိုသုတအခြွေအရံတွေနှင့် ထွက်လာ၏။ ဘုံ့ကိုတွေ့ သွားသည်။

"မင်းက ... သုန္ဒရီမ ချစ်ခြင်းဘုံလား"

"ဟုတ်ကဲ့"

သုတကတော့ သုန္ဒရီမဘုံ့ကို အမှတ်တမဲ့ပဲ တွေ့ဖူးထား တာပါ။ သေသေချာချာကြည့်မိတော့မှ ချောမောလှပအိစက်နေတဲ့ ကောင်မလေးဖြစ်နေသည်။ ဘောင်းဘီအရှည်အပျော့စားကို ဝတ် ထား၍ ပေါင်တံတွေတင်ပါးတွေက တင်းရင်းတောင့်ဖြောင့်နေ၏။ သုတပင် မိန်းမချောလေးတွေအများကြီးနှင့် တွေ့ကြုံပတ်သက်လာ တာ ငယ်ရွယ်နုပျိုပြီး ချစ်စရာကောင်းလွန်းတဲ့ ချစ်ခြင်းဘုံနှင့်တွေ့ တဒင်္ဂ အသက်ရှူပင်မှားလောက်သည်။

"လာလေ ... ကိုကြီးကားနဲ့လိုက်ခဲ့ ... မင်းပြောစရာရှိလို့ လား"

"ဟုတ်"

ကိုကြီးတဲ့ ... လေသံက ချက်ခြင်းပင် နူးညံ့ပျော့ပြောင်းညင် သာနေသည်။ ကောင်မလေးငယ်ငယ်တွေနဲ့တွေ့ရင် ရှင်ကြီးက ... ထင်တယ်။ သူမ ... ကားလေးပေါ် ခွေ့ခနဲ တက်ပစ်ခဲ့၏။ သုတဆီကို ညိုပြာဖုန်းဆက်ခေါ်ပုံပင်။ ငြင်းပစ်နေသည်။

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်မအားသေးဘူး ညိုပြာ ... နောက်နေ့မှပဲတွေ့မယ်"

သူမ ရယ်ပစ်ချင်သည်။ ညိုပြာ နင်ဘာတတ်နိုင်သေးလဲ။ မယားရှိတဲ့ယောကျ်ားတစ်ယောက်ကို အိမ်ထောင်ရေးပြိုကွဲစေဖို့ နင် မာယာတွေနဲ့ဖြားယောင်းသွေးဆောင်နေခဲ့တာပဲ ... ချစ်ခြင်းဘုံရဲ့အစ်မကိုတော့ ဒီလိုလာလုပ်လို့မရဘူးနော် ... သူမ ငြိမ်သက်နေသည်။ တကယ့်ကို သေးနုတ်ညှိုးနွမ်းတဲ့ ဖြူစင်တဲ့ကောင်မလေး အဖြစ် အဝီအပြင်သရုပ်ဆောင်ပြခဲ့၏။ ကားလေးက အကောင်းဆုံး စားသောက်ဆိုင်ကြီးရဲ့ ထောင့်စွန်းတစ်နေရာမှာ ရပ်သွားသည်။

"ဆင်းလေ ... ချစ်ခြင်းဘုံ"

"ဟာ ... ဒါကဘယ်နေရာလဲဟင် အစ်ကိုကြီး ... ဘုံ မဝင်ဘူး၊ ဘုံက စကားလေးနည်းနည်းပဲ ပြောချင်တာပါ၊ ကားပေါ်မှာ ပြောပါရစေ"

"ဘုံရယ် ... ကိုကြီးကို ဘာကြောက်နေတာလဲ လာပါ ... မင်းကို ကြုံတုန်း အကောင်းဆုံးအစားအစာတွေ ကျွေးချင်လို့ပါ"

"ဘုံရှက်တယ် ... မဝင်ရဲပါဘူး၊ ဘုံက မမကြီးနဲ့တွေ့ခွင့်ပေး လာပြောတာပါ ... ဒါပဲနော် အစ်ကိုကြီး ... အမေက ... တကယ် နေမကောင်းဖြစ်နေတာပါ၊ မမကြီးကို တွေ့ချင်နေတယ်၊ ခဏလေး ပဲဖြစ်ဖြစ်ပါ ... တွေ့ခွင့်ပေးပါနော်"

ကိုသုတမျက်ဝန်းတွေက စူးရှတောက်ပြောင်နေသည်။ ဘုံ





က တရိုတသေရှိ့ရှိ့ကျိုးကျိုးလေး ပြောနေမိ၏။ မျက်ဝန်းဝိုင်းဝိုင်း ညို့ညို့လေးများက သနားစဖွယ် ... ပြူးကျယ်ဝိုင်းစက်နေသည်။

"ဘုံ"

"ရှင်"

"လာပါ ... အစ်ကိုကြီးတို့ အေးအေးဆေးဆေးစကားပြောကြမယ်လေ၊ မင်း ဘာဖြစ်ချင်လဲ ... ပြောပါ မကြောက်ပါနဲ့"

ဘုံ တွက်ထားတဲ့အတိုင်းပင် အတင်းအကြပ်ခေါ်ဆောင်နေသည်။ ဘုံ လိုက်လာခဲ့၏။ ရှင်ကြီးတော့ ဘုံ့ထောင်ခြောက်ထဲတိုးဝင်လာပြီပဲ ... မမကြီးရယ် ... ဘုံ လုပ်သင့်တယ်လို့ထင်တယ်။ မမကြီး မောင်းထုတ်ခံရတော့မယ်။ ဘုံတို့မိသားစုဝင်တွေ အရှုံးတွေနဲ့ရင်ဆိုင်ရတော့မှာပါ။

"ဘုံ"

"ရှင်"

"ဘာစားမလဲ"

"ဘုံမသိဘူး ... အစ်ကိုကြီးပဲမှာပါ၊ ဘုံ ဘာမဆိုစားပါတယ်၊ တစ်ခါမှမထိုင်ဖူးတော့လေ ရင်တွေတုန်နေတယ်"

"ဒါဆို အစ်ကိုကြီးပဲမှာမယ်နော် ... အပြန် အမေ့အတွက် သည်းယူသွား"

"အို ... နေပါစေ အစ်ကိုကြီးရယ် ... အမေက သိပ်လည်း



www.burmeseclassic.com

www.burmeseclassic.com



မစားပါဘူး … နောက်နေ့မှ မမကြီးကို ခဏလေးပဲဖြစ်ဖြစ် အမေ့ဆီ လွှတ်ပေးပါ။ တောင်းပန်ပါတယ်နော် ကိုကြီး”

“ဘုံ့တောင်းဆိုမှုအတွက် ကိုကြီးလိုက်လျှောပေးပါ့မယ်”

“တကယ်လားဟင် ကိုကြီး … ဘုံ ဝမ်းသာလိုက်တာ ကျေး ဇူးလည်းတင်ပါတယ်၊ အမေ့ရဲ့ အကြီးမားဆုံးဆန္ဒဖြစ်နေလို့ပါ”

“ဘုံ”

“ဟင်”

“ကိုကြီး တောင်းပန်ပါတယ်ကွာ … သုန်တို့မိသားစုကို ပြစ် ထားမိသလိုဖြစ်နေတယ်လေ”

ဒီလိုပဲဖြစ်ရမယ်လေ … ချစ်ခြင်းဘုံပဲဟာ … မမကြီးလို တုန်းအေ မဟုတ်ဘူး … ကိုသုတ ရုပ်ရည်ကတော့ သန့်သန့်ချော ချောပါပဲ … ရှင်ကြီးတော့နာပြီ။ ခြံရုံကလည်း ရှင့်ညီမမြကေရီကို ကောင်းကောင်းပညာပေးနေပြီ။ ကိုသုတအကြည့်တွေက စူးရှနေ သည်။

“ဘုံလေ … မနေ့က မမကြီးဆီသွားတယ်၊ ခြံစောင့်ကတွေ့ ခွင့်မပေးနိုင်ဘူးတဲ့ … မမကြီးကို ဘုံ ဒုက္ခလာပေးတာမဟုတ်ပါဘူး။ မမကြီးကိုတွေ့ချင်လို့ အမေကြိတ်ခံစားနေရှာတယ် … အမေက နလုံးမကောင်းဘူးလေ”

ဘယ်လိုယောကျ်ားမျိုးကိုမှ ချစ်ခြင်းဘုံက ညှုတုတုမလုပ်ခဲ့။

ဖိုးလပြည့်စာပေ



…ခဲ့လေးထဲက ကိုယ်ကျင့်တရားကို တန်ဖိုးထားတတ်စွာ မာန …နေထိုင်သူဖြစ်ခဲ့သည်။

“အစ်ကိုကြီးမှားတာပါကွာ … ဘုံခွင့်လွှတ်ပါ၊ မင်းတို့မောင် …တွေ သူများကိုအားကိုးပြီး ကိုယ်ပိုင်အစွမ်းအစတွေ ပျောက်ဆုံး …မှာ စိုးရိမ်လို့ပါ၊ သုန့်ကိုလည်း မိသားစုနဲ့ထိတွေ့ပေးရမယ်”

သုတ မထင်မှတ်ဘဲနှင့် သုန့်ညီမလေးချစ်ခြင်းဘုံကို စွဲလမ်း …သက်မိသွားရသည်။ ညီပြာ့ကို ဒီလောက်အထိ စွဲလမ်းနှစ်သက် …မဟုတ်ခဲ့ … ညီပြာက အကြပ်ကိုင်ထားခဲ့လို့ပါ။ သူ့ကိုထောင် …ချောက်ဆင်ပြီး ကြိုးသွင်းခဲ့၏။ ဓာတ်ပုံတွေ … ဖုန်းထဲမှာ ဗီဒီယိုဖိုင် …ရှိနေ၍ သုတ မလွှဲမရှောင်သာ လိုက်လျှောပေးနေရသည်။

“ကိုကြီး”

“ဟင်”

“ဘုံလည်း သိပ်မစားနိုင်ပါဘူး … တော်ပါပြီ၊ ပြန်တော့မယ် … အမေနေမကောင်းဘူး … ခြံရုံက သွားချင်တဲ့နေရာသွားနေ …လေ”

ဘုံထသည်။ အမေ့အတွက် စားစရာတွေထည့်ပေးတာပင် …ခဲ့။ အငမ်းမရကြီးလုပ်လို့ မဖြစ်သေးပေ။ ဘုံကနုပ်ပြီးသားပဲ …တာက မနက်ဖြန် မမကြီးနဲ့လာခဲ့မယ်ဆိုပြီး ပိုက်ဆံငါးသိန်းပေး …ည်။

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ပိုက်ဆံတော့ ဘုံမယူသွားပါရစေနဲ့နော် ကိုကြီး ... မမကြီး လာမှ ပေးချင်ပေးပါ။ အမေက လုံးဝလက်ခံမှာမဟုတ်ဘူး၊ ဘုံ မောင်နှမကိုလည်း မှာထားတယ် ... မမကြီးကို အားမကိုးနဲ့ ဘုံပြန်တော့မယ် ... အစ်ကိုကြီးလိုက်မပို့နဲ့ ဘုံအငှားကားနဲ့ပြန်မယ်"

"OK"

သူ အဖြစ်သည်းပြီ။ ဘုံစီးသွားတဲ့အငှားကားနံပါတ်ကို မှတ် လိုက်သည်။ ကားထွက်ခါနီးမှာ သူကိုင်ထားတဲ့ လက်ကိုင်ဖုန်းအား ဘုံ့ကိုပေးပစ်၏။ ဘုံ ငြင်းသည်။

"အကိုကြီး စိတ်ပူလို့ပါ ... ဖုန်းဆက်မယ်၊ ဒါယူထားလိုက် မင်းတို့မိသားစုအတွက် ဖုန်းတစ်လုံးတော့ လိုအပ်တယ်"

သုတ ဘာတွေဖြစ်သွားတာလဲ။ ချစ်ခြင်းဘုံက တခွတ်တ ပြီး လက်လေးပြ နှုတ်ဆက်သွားသည်။ ရှုးပြီထင်တယ်။ ရင်ထဲမှာ ဟာသွားရ၏။ အရမ်းလှပအိစက် ချောမောနုထွက်နေတဲ့ ချစ်ခြင်းဘုံ အလန်းစားမလေး ... သုတ နှစ်ကြိမ်လောက်ပဲဆုံခဲ့ဖူးစဉ်က နွမ်း နွမ်းလေး ... သူ့ရှေ့လည်း သိပ်မလာပေ။ မာနတကြီးနေထိုင်သည်

"ချစ်ခြင်းဘုံတဲ့လား ... နာမည်လေးကိုက ရင်ထဲစွဲငြိနေ တယ် ... ဘုံ ... ဘုံလေး"

သုတ အရူးလိုရှေ့ရှတ်ရင်း ကားကိုပင်မမောင်းနိုင်။ ကား





မှီရပ်ရင်း ဘုံလေးထွက်သွားတဲ့လမ်းကို အဓိပ္ပါယ်မဲ့စွာငေးမောကြည့် မိနေသည်။ သူ့ရင်ကို ... ချစ်ခြင်းဘုံက လာရောက်ထိခတ် ခံစား ငြိတွယ်စေ၏။ အရေးထဲ ဖုန်းကလာသေးသည်။

"ကိုကို ... ဘာတွေအလုပ်ရှုပ်နေတာလဲဟင် ... ညိုပြာ့ဆီ မလာနိုင်လောက်အောင် ... ညိုပြာနဲ့ချိန်းထားပြီး ကိုကို ဘယ်တုန်း ကဖျက်ခဲ့လို့လဲ"

ညိုပြာ ကောင်မစုတ် ... သူ့ကို နည်းမျိုးစုံနဲ့ဖမ်းစားပြီး မလှုပ် နိုင်အောင် ချုပ်ထားခဲ့သည်။ အကြောင်းမသိခင်က သူရူးသွပ်စွာ စွဲလမ်းခဲ့ရ၏။ တဖြည်းဖြည်း ငွေညှစ်ချင်မှန်းသိလာ၍ စိတ်ပျက်စပြု နေသည်။

"ညိုပြာ ... ကိုကို မအားဘူး၊ အလုပ်တွေရှုပ်နေတယ်လေ၊ နောက်မှတွေ့မယ် ... ဒါပဲနော်"

"မရဘူး"

"တောင်းပန်ပါတယ် ညိုပြာရယ် ... ကိုကို လုံးဝမအားသေး လို့ပါ၊ ညိုပြာစိတ်ကောက်လည်း ကိုကိုမတတ်နိုင်ဘူး ... လုံးဝ မလာနိုင်လို့"

သူ ခပ်ပြတ်ပြတ်လေးပြောပြီး ... ဖုန်းပိတ်၍ အိမ်ပြန်လာခဲ့ သည်။

"ဥက္ကဌ ... မနေ့က မမကြီးညီမ ချစ်ခြင်းဘုံဆိုတာ ရောင်



www.burmeseclassic.com

www.burmeseclassic.com



လာပါတယ်၊ ကျွန်တော် တွေ့ခွင့်မပေးလိုက်ပါဘူး”

ခြံစောင့်ကြီးစကားကိုနားထောင်ပြီး သုတတိုက်ထဲဝင်လာခဲ့သည်။ သူအိပ်ခန်းထဲရောက်တော့ သုန်က အိပ်နေ၏။ သူဝင်လာတော့ ... အိပ်ရာက လူးလဲထသည်။

“မောင် ပြန်လာပြီလား ... သုန် နည်းနည်းနေမကောင်းလို့ပါ”

“သုန်”

“ရှင်”

“မင်းကို ပြစ်ထားမိသလိုဖြစ်နေလို့ မောင်တောင်းပန်ပါတယ်၊ ခွင့်လွှတ်ပါကွာ”

“ဟင်”

မောင် ထူးဆန်းလာသည်ဟုထင်သည်။ သုန့်ကို ဘယ်တုန်းကမှ ချိုချိုသာသာမပြောခဲ့။ အမြဲတမ်းအပြစ်ရှာပြီး မာန်မဲဆူပူနေခဲ့တာပါ။ သုန် နေမကောင်းဘူး။ ကိုယ်ဝန်ရှိနေပြီလို့ ဆရာဝန်ကပြောပေမယ့် မောင့်ကို သုန်ဖွင့်မပြောပြရဲခဲ့ ... ဒီညတော့ ထူးထူးခြားခြား မောင်က သုန့်ခန္ဓာကိုယ်လေးကိုပွေ့ဖက်၍ တောင်းပန်စကားတွေ ပြောနေသေးသည်။

အခန်း ( ၈ )

“မင်းအမေကိုသွားတွေ့မလား သုန် ... ကိုယ်စဉ်းစားတယ်၊ မင်းနဲ့မင်းမိသားစုကို အဆက်အသွယ်ဖြတ်ထားတာ မလုပ်သင့်ဘူးထင်တယ်”

သုန့်ညီမလေး ဘုံ လာတွေ့တာ ... အကောင်းဆုံး ... စားသောက်ဆိုင်ကြီးမှာ ဧည့်ခံခဲ့တာတွေကို ... စိတ်မလုံ့စွာဖြင့် သိအောင်မပြောပြခဲ့။ ညီပြာ တောင်းဆိုမှုကြောင့် ... သူနဲ့ပင် ကွာရှင်းပစ်လိုက်ဖို့ကြံစည်မိသည်။ သုန်က အပြစ်မရှိဘူး ... ညီပြာက သူ့ကို အမှုလုပ်မှာစိုးရိမ်၍ ညီပြာ့ကိုပဲ တရားဝင်ယူဖို့စဉ်းစားခဲ့သည်။

“မောင်”

“ပြောလေ ... သုန်”

“အမေ့ဆီကိုတော့ သုန် တစ်ခါလောက်သွားတွေ့ချင်ပါတယ် ... ပိုက်ဆံ တပြားတစ်ချပ်မှယူမသွားပါဘူး၊ မောင့်ကွယ်ရာ



www.burmeseclassic.com

www.burmeseclassic.com



မှာ … သုန် ဘယ်တော့မှ မဟုတ်တာမလုပ်ပါဘူး”

“ဒါတွေထားလိုက်ပါတော့ သုန်ရယ် … မောင်မှားပါတယ်၊ တကယ်တော့ အမေဆိုတာ မသေခင်တွေ့ရမှာပဲ … မင်းအမေမှာ နှလုံးအားနည်းတဲ့ရောဂါရှိတယ်တဲ့”

“ဟင် ဟုတ်လားမောင် … ဒါဆိုလည်း သုန်သွားမယ်နော်”

“မင်း ဒရိုင်ဘာနဲ့သွားပါ၊ အဲဒီမှာနေ … ညနေမှ မောင်လာခေါ်မယ် … မင်းအမေကို တောင်းပန်ပေးနော်”

“တောင်းပန်စရာမလိုပါဘူး မောင်ရယ် … စေတနာနဲ့ မောင်က ပြောဆိုခဲ့တာလေ”

သုန်ဟာ တကယ့်ကိုရိုးသားဖြူစင်တဲ့မိန်းမပဲ … သုတက ရိုးသားတဲ့ အဖြူရောင်သက်သက် မိန်းကလေးတစ်ယောက်အား လက်ထပ်ယူပြီး ရှုပ်ပွေချင်တိုင်းရှုပ်ပွေခဲ့သည်။ သုန် ပြန်ရှုပ်ပွေမှာလည်းစိတ်ပူပြီး အိမ်ထဲမှာပဲထားခဲ့၏။ သုတ နောင်တရမိနေသည်။

“ဘုံရေ … မင်းကိုတော့ ကိုကြီးအရမ်းစွဲလမ်း နှစ်သက်မြတ်နိုးနေမိပြီ … သုန့်ညီမဖြစ်လို့ ပြဿနာလည်း အရမ်းမပေါက်ကွဲနိုင်ဘူး”

သုတအတွေးတွေထဲမှာ ဘုံပဲရှိနေသည်။ ငယ်ရွယ်နုပျိုနေတဲ့ အလှညို့မျက်ဝန်း နက်နက်ကျယ်ကျယ်လေး … ကိုကြီးရူးတော့မယ်။ သုန်လည်း ချောမောလှပသူပဲ … ဒါပေမယ့် ချစ်ခြင်းဘုံက





ငယ်ရွယ်သည်။ သုန်ကတော့ သူမကိုမိခင်နှင့်တွေ့ခွင့်ပေး၍ ပျော်ရွှင်နေ၏။ ချစ်ခြင်းဘုံကြောင့်ပါ … သုတနှလုံးသားတွေကို လှုပ်ခတ်စေသူ …

“သုန် … မင်းအမေကို သေသေချာချာပြုစုပေး … တော်ကြာ တစ်စုံတစ်ခုဖြစ်သွားရင် မောင့်အပြစ်ဖြစ်မယ်၊ ခြံရှံ့ကိုလည်း တောင်းပန်တယ်ကွာ … တကယ်တောင်းပန်တယ်ကွာ … တကယ်ဆို … မောင်က ခြံရှံ့ကိုအရင်းအနှီးထုတ်ပေးပြီး လုပ်ငန်းတစ်ခုခု ထူထောင်ပေးရမှာပါ”

မောင် ကုမ္ပဏီကိုသွားသည်။ သုန် အိပ်မက်မက်နေလားဟု ပင်ထင်၏။ မောင် လုံးဝပြောင်းလဲသွားခဲ့တာပဲ … ဘာကြောင့်လဲ သုန်မယုံနိုင် … သုန့်ကို နေ့စဉ်ဆူပူကြိမ်းမောင်း၍ မယုံသင်္ကာဖြစ်နေတတ်တဲ့ ယောကျ်ားပါ။ အမေစားဖို့မုန့်တွေလည်း အများကြီး ယူသွားတဲ့ … သုန်စိတ်ပူတာက ခြံရှံ့အတွက်ပဲ … အမယ်လေး မောင်က ခြံရှံ့ကိုတောင် အရင်းအနှီးထောင်ပေးမယ်တဲ့ … သုန် ပျော်ရွှင်မိသည်။

“မမကြီး … ဟိုနေ့က မမကြီးညီမလာတာ … ဆရာ့အမိန့်နဲ့ ကျွန်တော်တွေ့ခွင့်မပေးခဲ့ပါဘူး၊ တောင်းပန်ပါတယ်”

မောင့်ရဲ့လူယုံ ခြံစောင့်ဒရိုင်ဘာက သုန့်ကိုထူးထူးခြားခြား ရိုသေနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဥက္ကဋ္ဌက မှာသွားပါတယ် … မမကြီးကို ဂရုစိုက်ပါတဲ့"

"ရပါတယ်ရှင် … ကျွန်မအပြစ်မတင်ပါဘူး၊ မောင့်အမိန့်ပဲနာခံပါ"

သုန် … မေမေ့ဆီရောက်လာတော့ ခြိမ့်ရံပဲရှိနေသည်။

"မမကြီး … အမေ့ကိုလာတွေ့တာလား … ခြိမ့်ရံတို့ အိပ်မက်မက်နေတာတော့မဟုတ်ပါဘူးနော် … တကယ်ပဲလား … တို့ကြည့်လိုက်ပါဦး"

"ခြိမ့်ရံရယ် … မမကြီး အမေ့ကိုတကယ်လာတွေ့တာပါ … မောင်ကိုယ်တိုင် အမေ့ကိုပြုစုဖို့ လွှတ်လိုက်တာပါ"

ဘာအတွက်လဲ … အရှုးကွက်လား … ခြိမ့်ရံ့ကိုတောင် အချောင်သမားဆိုပြီး အထင်သေးနှိမ့်ချချင်တဲ့လူ … အမေကတော့ မမကြီးရောက်လာ၍ပျော်ရွှင်ပြီး … မမကြီးအား အတင်းအကြပ်ဖက်ထားသည်။

"အမယ်လေး … အမေအရမ်းတွေ့ချင်နေတာပါ သမီးကြီးရယ် … နည်းနည်းချောင်ကျသွားတယ်"

"အမေ … သမီးမှာလေ … သမီးမှာ ကိုယ်ဝန်လွယ်ထားရလို့ပါ၊ အစားပျက်နေတယ်လေ"

"ဟယ် ဟုတ်လား … ဝမ်းသာလိုက်တာ သုန်ရယ် …





ဗိုက်ကြီးနာစွဲနေတာပေါ့လေ"

"အင်း … ပြီးတော့လေ အမေ့ကိုရောခြိမ့်ရံ့ကိုပါ မောင်က တောင်းပန်ခိုင်းတယ် … သူမှားတယ်တဲ့"

"ဟုတ်လား … မောင်သုတ မမှားပါဘူးကွယ် … ဒါက စေတနာနဲ့ပါ"

ခြိမ့်ရံကတော့ လုံးဝကိုစဉ်းစားမရဖြစ်သွားသည်။ မမကြီး ယောက်ျားရှုပ်ပွေနေတာ ခြိမ့်ရံ့နားထဲမှာမဆန့် … သူကိုယ်တိုင်လည်း တွေ့ခဲ့၏။ မမကြီးစိတ်မကောင်းဖြစ်မှာစိုးလို့ … မပြောခဲ့တာပါ။ လောကကြီးကဘာတွေလဲ … အပြောင်းအလဲမြန်လွန်းတာပဲဖြစ်ဖြစ် … မမကြီးလာတာတော့ ကျေနပ်မိ၏။ အမေကအရမ်းတွေ့ချင်နေတာပါ။

"ခြိမ့်ရံ"

"ပြော"

"မင်းကိုလည်း မောင်က အရင်းအနှီးထုတ်ပေးရမယ်လို့ ပြောနေတယ် … မောင် နောင်တရနေသလိုပဲ"

"ဟာ … လောကကြီးရဲ့အပြောင်းအလဲက မယုံနိုင်လောက်အောင်ပါပဲလား မမကြီးရာ … မလိုပါဘူး၊ ခြိမ့်ရံတို့က အစွမ်းအစနဲ့နော်"

ခင်ဗျားညီမက ကျုပ်လက်ခုပ်ထဲကရေဖြစ်နေတယ်။ အရင်း



www.burmeseclassic.com

www.burmeseclassic.com

အနှီးဟုတ်လား ... မလိုဘူး။ ခင်ဗျား ဘာအကွက်တွေနင်းတာလဲ။ သူကတော့ ကိုသုတကိုအထင်မကြီးပေ ... မမကြီးမှာ ကိုယ်ဝန်ရှိနေလို့လားပဲ ... မမကြီးစိတ်ချမ်းသာမယ်ဆိုရင်လည်း ခြိမ့်ရှံကျေနပ်သည်။

"မမကြီး ... ညနေမှပြန်မယ်ဆိုရင် ကျွန်တော်အပြင်ထွက်မယ်၊ ဘုံ့ကိုလည်း ကုမ္ပဏီမှာဝင်ပြောလိုက်မယ် ... အိမ်ကိုစောစောပြန်လို့"

"အင်းကောင်းတယ် ... ခြိမ့်ရှံ မောင်လေး ... မမကြီးတွေ့ရတုန်း ဆုံးမစကားလေးပြောချင်တယ် ... အမေ့ကိုစိတ်ချမ်းသာအောင်ထားပါလို့ မမကြီးပြောပိုင်ခွင့်မရှိပေမယ့် ... ခြိမ့်ရှံ မောင်လေး အရက်မသောက်ပါနဲ့ ... လမ်းပေါ်မှာ ပေတေလေလွင့်သွားမှာ မမကြီးစိတ်အရမ်းပူတာပဲကွယ်"

သုန်လည်း တာဝန်မကျေတဲ့အစ်မတစ်ယောက်ဖြစ်ပေမယ့် ခြိမ့်ရှံ့ကို ပျက်စီးသွားမှာကြောက်မိသည်။ ညီမလေးဘုံ့ကိုရောပဲ ...

"မမကြီးရာ ... ခြိမ့်ရှံ့အတွက် ဘာမှပူမနေစမ်းပါနဲ့ ... ခြိမ့်ရှံတို့က ဘုန်းကံနဲ့ပါ"

"ညည်းမောင်ခြိမ့်ရှံက ကောင်မလေးတစ်ယောက်နဲ့ ရည်းစားဖြစ်နေကြတယ်"

"ဟင် ... ဘယ်ကကောင်မလေးလဲ ခြိမ့်ရှံ ... မင်းငယ်သေး





တယ်လေ"

"အရမ်းချမ်းသာတဲ့ ကောင်မလေး"

"ခြိမ့်ရှံ"

"ကျွန်တော်သွားပြီ ... ခြိမ့်ရှံဆိုတဲ့ကောင်အတွက် မမကြီး ဘာမှပူပင်စရာမရှိဘူး ... OK ပဲ"

"ခြိမ့်ရှံ ... ဟဲ့"

ခြိမ့်ရှံထွက်လာခဲ့သည်။ မမကြီးဆုံးမစကားတွေကို ခြိမ့်ရှံ နားထောင်လိုတော့ ...ကိုသုတ ဘာကြောင့်ပြောင်းလဲသွားရတာလဲ။ ဘုံ့ဆီ ခြိမ့်ရှံရောက်လာသည်။

"ဘုံရေ ... လောကကြီးကတော့ တကယ့်ကိုသာယာနေတယ်လေ ... ကိုသုတက တောင်းပန်စကားတွေပြောတယ်"

မမကြီးရောက်လာပြီပဲ။ အမေအရမ်းပျော်နေကြောင်း ခြိမ့်ရှံ ပြောပြသည်။

"အမေပျော်နေတယ် ... မမကြီးကို အရမ်းဖက်ထားတယ် ... ငါတောင် ဧဝေဇဝါဖြစ်သွားရတယ်"

"ဟုတ်လား ... ဒါဆိုလည်းပြီးတာပဲလေ ... အရေးကြီးတာ အမေပျော်ရွှင်ဖို့ပဲ"

"နင်လည်း စောစောပြန်လေ ဘုံ ... မမကြီးယောကျ်ား နေလာကြိုမယ်တဲ့"


www.burmeseclassic.com

www.burmeseclassic.com



"အင်း"

ခြိမ့်ရုံ ပြောပြီးပြန်သွားသည်။ ကိုသုတညီမနဲ့ ငြိနေတယ်ဆိုတာ မမကြီးကိုမပြောပြနဲ့ဟု မှာသွားသည်။ ခြိမ့်ရုံရယ် ... ဘုံလည်းလေ အမှားလုပ်မိသွားပြီလားမသိဘူး။ အမေမသေခင် ပျော်ရွှင်စေချင်တာရယ် ... မမကြီးယောကျ်ားကို ပညာပေးချင်တာရယ်ကြောင့်ပါ။ ခြိမ့်ရုံပြန်သွားတော့ ကိုသုတက ဖုန်းဆက်သည်။

"ဘုံ ... ညနေ ကိုကြီး ကုမ္ပဏီကိုလာခဲ့မယ်"

"မလာနဲ့ကိုကြီး ... အိမ်ပဲတန်းသွားပါ၊ ဘုံ လာခဲ့ပါ့မယ်"

ကိုသုတ လာလို့မဖြစ်ပါဘူး။ ညိုပြာနှင့်ဘုံက ကုမ္ပဏီတစ်ခုထဲပါ။ ပြဿနာက မစရသေးဘူး ပေါက်ကွဲသွားနိုင်သည်။ ညိုပြာလည်း ငြိမ်သက်နေ၏။ မျက်နှာက မသာမယာ ... ကိုသုတ ရှောင်နေပုံရသည်။

"ဒါဆိုလည်းပြီးရောကွာ ... အိမ်ကိုတော့ စောစောပြန်ခဲ့ပါ၊ ကိုကြီးက လူဆိုးဆိုတော့ မျက်နှာပူတယ်ကွ"

"ကိုကြီးရယ် ... ဘုံတို့မိသားစုက နားလည်မှုရှိပါတယ်နော် အားနာစရာလည်းမလိုပါဘူး"

"ဘုံ"

"ရှင်"





"ဘုံက အခမဲ့ပညာရေးဒါနကျောင်းတွေမှာ တက်နေရတာဆို"

"ဟုတ်"

"နောက်ဆို ဘုံလေးမျက်နှာမငယ်စေရတော့ဘူး ... ကိုကြီးခြေဦးပေးပါ့မယ်"

"ဟာ ... ကိုကြီးရပါတယ်၊ မလိုပါဘူး ... ဘုံ့အတွက်မပူနဲ့ အမေ့အတွက်ပဲလိုတာပါ"

ကိုသုတက အရှမ်းကို ပေးကမ်းထောက်ပံ့ချင်နေလေသည်။ ဘယ်လောက်ဒေါသထွက်ရလဲ ... စားနေကျ ကြောင်ဖားကြီးင်တယ်။ စကားသံတွေက နူးညံ့နေ၏။ ဘုံ ... ရင်တော့နည်းနည်း းလံနေသည်။

"အမေ့ကိုလည်း ... အိမ်မှာခေါ်ထားပြီး စောင့်ရှောက်မယ်၊ လေးလည်းလာနေပါ၊ ကိုကြီးတာဝန်ယူပါတယ်"

"အဲဒါတော့ မဖြစ်နိုင်ဘူးထင်တယ် ကိုကြီး ... အမေက လက်မခံဘူး၊ ဘုံတို့မိသားစု အဆင်ပြေပါတယ်"

"ဘုံရယ် ... အကိုကြီးတောင်းပန်ပါတယ် ... စိတ်မဆိုးပါနဲ့ မိသားစုကို နှစ်ဆပြန်ပေးဆပ်ပါ့မယ်"

"ရပါတယ် ကိုကြီးရယ် ...မမကြီးပျော်ရွှင်တယ်ဆိုရင်တောင် ကျေနပ်ပါတယ်၊ အခုပဲ ကိုကြီးကျေးဇူးနဲ့ အမေစိတ်ပျော်ရပြီ



www.burmeseclassic.com

 www.burmeseclassic.com

လေ"

"ဟုတ်ပါပြီ ... ဟုတ်ပါပြီ ... ဘုံလေးကိုလည်း ပျော်ရွှင်စေ ချင်တယ်ကွာ"

သုတ ... တစ်နေ့လုံ ဘုံ့ဆီဖုန်းဆက်ချင်တဲ့ဆန္ဒတွေ ပြင်းပြ နေခဲ့သည်။ တစ်ခဏလေးအတွင်းမှာပင် ဘုံ့ကိုချစ်မိသွားရ၏။ ဘုံ ဘုံ ... ချစ်ခြင်းဘုံလေး ...

ကိုကြီးရှူးသွပ်မတတ်ပဲ။ သူ့မျက်လုံးတွေထဲမှာ ချစ်ခြင်းဘုံ ကိုပဲမြင်ယောင်နေသည်။

"ကိုကို"

"ဟင် ... ညိုပြာ"

"ဘာဖြစ်လို့ရှောင်နေရတာလဲ ... မှန်မှန်ပြောစမ်း ... ကိုကို က ညိုပြာ့ကိုရှောင်နေတာ မဟုတ်လား"

"မဟုတ်ပါဘူး ညိုပြာရယ် ... ကိုကိုက အစည်းအဝေးတွေ နေတယ် ... ညနေလည်း ကိုကို့ယောက္ခမကြီး အသည်းအသန်ဖြစ် လို့ သွားကြည့်ရမယ်ထင်တယ်"

"မကြည့်နဲ့ ...ကိုကိုပဲ ငတုန်းအမိန်းမကို စိတ်ကုန်နေပြီဆို"

"ညိုပြာ ... ကိုကိုက ဘယ်လောက်ပဲစိတ်ကုန်နေပါစေ အခု သူနဲ့မှာ ကိုယ်ဝန်ရှိနေပြီ"

"ဘာပြောတယ်"





မထူးတော့ ... သုန့်ကိုကွာရှင်းဖို့မှ မဖြစ်နိုင်တော့တာ။ သူ ာစ်နည်းနည်းနဲ့ ညိုပြာ့ကိုရှောင်တိမ်းရမည်ဖြစ်သည် ... ဘုံနဲ့ယှဉ် ိုက်လျှင် ညိုပြာက ရွံစရာဖြစ်နေ၏။ သူ့ဆီကနေ ရလိုမှုတွေနှင့် အတင်းအကြပ်ချုပ်ကိုင်ဖို့ ကြိုးစားနေသည်။

"ကိုကိုနော် ... ညိုပြာ့ကိုတော့ စွန့်ပစ်ဖို့မကြံစည်နဲ့ ... ဆောင်ထဲကို ပို့ပစ်လိုက်မှာ"

"ဒုက္ခပါပဲကွာ ... မင်းဘာဖြစ်လို့ ဒီလောက်အထိလောဘ ဆွတက်နေရတာလဲ ညိုပြာ ... ကိုကိုမအားဘူးလို့ပြောနေတာပဲ ခင်း ဘာလိုချင်တာလဲပြော"

"ကိုကို ကတိပေးထားတဲ့အတိုင်းပဲလေ ... ဘယ်မှာလဲ ိုက်ခန်း ... ပြီးတော့ကား"

"ဝယ်ပေးပါ့မယ်ကွာ ... ခဏလေးစောင့်ပေးပါ၊ ကိုကို့မှာ ငွေတွေမြုပ်နေလို့ပါ"

ညိုပြာ့ကိုဝယ်ပေးဖို့ သုတန့်မျောနေမိသည်။ သူ့ဝင်ငွေလည် ဘာပဲထင်တယ် ... သုန့်မိသားစုကို နည်းနည်းလေးမှထောက်ပံ့ပေး ာမ်းဖို့ စေတနာမရှိခဲ့။ ညိုပြာ့ကို သုတပေးရတာ ဝတ်တော်လေး များနေ၏။ ထောင်ထဲပို့မယ်ခြိမ်းခြောက်လိုက် ... လိုချင်တာတွေ ယ်ခိုင်းလိုက်နှင့် ညိုပြာလိုအပ်တာတွေက များလွန်းနေသည်။

"ကိုကိုနော် ... ညိုပြာ့ကိုစွန့်ပစ်ဖို့ ကလီကမာတွေကြံရင်



www.burmeseclassic.com

www.burmeseclassic.com



တော့ သေပြီသာမှတ်တော့ ... ညိုပြာ့အစ်ကိုတွေက အားလုံးလူဆိုး တွေ"

ညိုပြာလိုချင်တာက သူဌေးကိုသုတကို တရားဝင်လက်ထပ် ဖို့ဖြစ်သည်။ အခုတလော ကိုကို့အမူအယာတွေပျက်လာ၏။ ညိုပြာ့ အား နွာချင်လာတဲ့သဘောပင်။ ညိုပြာပဲရမလား ... မယားကြီးကို ပင်ကွာရှင်းဖို့ ညိုပြာကြံစည်ထား၏။ အားလုံးအပိုင်သိမ်းမယ်။ တင် နေ့နေ့ ... ညိုပြာ့အား တရားဝင်လက်ထပ်ယူပါ့မယ်ဟု ကိုကိုပြော ထားတဲ့အသံဖိုင်က ညိုပြာ့ဆီမှာရှိနေသည်။

"ကဲပါညိုပြာရယ် ... ပြန်တော့နော် ... ကိုကိုမအားဘူး မင်းလိုချင်တာတွေ ဝယ်ပေးပါ့မယ်ကွာနော်"

သုတ ဒေါသတွေပေါက်ကွဲထွက်ချင်ပေမယ့် ... ညိုပြာ့အား ဖက်၍နမ်းရင်း အချိုသတ်နေရတာ စိတ်မောစရာကောင်းသည်။

✦✦✦

အခန်း ( ၉ )

"ကျွန်တော့်ကို ခွင့်လွှတ်ပေးပါအမေ ... သုန်တို့မိသားစုကို ကျွန်တော် ပစ်ထားသလိုဖြစ်နေတယ် ... ကျွန်တော် အတွက်ကြီးသွား တာပါ"

"ရပါတယ်ကွယ် ... မင်းမှန်တာပဲ ... အမေလည်း သဘော ကျပါတယ် ... အမေ့သားနဲ့သမီး အစ်မကြီးကို အားကိုးလို့ဘယ်ဖြစ် မလဲ၊ အချောင်စိတ်ဓာတ်တွေဝင်သွားမယ်လေ"

ကိုသုတ ... အမေ့ကို တရိုတသေဆက်ဆံနေသည်။ မမကြီး လည်း အရမ်းပျော်နေ၏။ ဘုံကတော့ ရင်တွေနာကျင်ရသည်။

"ဘုံ"

"ဟင် ... မမကြီး"

"ညည်းအစ်ကိုကြီး အခုတလော မထင်မှတ်လောက်အောင် စိတ်သဘောထားတွေပြည့်ဝနေတယ် ... မမကြီးလေ အမေ့ကိုရော



www.burmeseclassic.com

www.burmeseclassic.com



မောင်လေးနဲ့ညီမလေးကိုရောတွေ့ပြီး ကျွေးမွေးစောင့်ရှောက်ခွင့်ရတာ အရမ်းပျော်တယ် ... ပြီးတော့လေ ဘုံ ... မမကြီး ကိုယ်ဝန်လွယ်ထားရတဲ့အချိန်လေ ... မမကြီးမှာ မောင့်ရင်သွေးရှိနေတာ မောင် မသိသေးဘူး"

မမကြီးက ကိုယ်ဝန်လွယ်ထားရတာတောင် ... မပြောရဲတဲ့ ဘဝ ... ဘုံ မပျော်နိုင်။ ကိုသုတ ဘာကြောင့်စိတ်သဘောထားကောင်းပြနေရလဲဆိုတာ ဘုံသိနေသည်။ ဘုံတော့ ကျားကိုမှအစာကျွေးမိနေပြီလားပင်မသိ။ ကျားက ဘယ်တော့မှ သီလစောင့်မှာ မဟုတ်ပေ။

"စားစရာတွေအများကြီးပဲ ... ညည်းအစ်ကို ပိုက်ဆံပေးရင်လေ ရေခဲသေတ္တာလေးတစ်လုံးဝယ် ဘုံ ... အမေ့အတွက် စားစရာတွေ ထည့်ထားလို့ရအောင်ပါ"

"အင်း"

"မောင်ထောက်ပံ့တဲ့ငွေကို ... အမေလက်မခံဘဲငြင်းနေရင် ညီမလေးလက်ခံနော် ... ဘုံ ... မမကြီးကတော့ မိသားစုကိုပြည့်စုံစေချင်တယ်"

ကိုသုတဝယ်လာတဲ့စားစရာတွေကို မမကြီးက တက်တက်ကြွကြွပြင်နေသည်။ အမေနှင့်ညီမလေးကို ကျွေးချင်လွန်းနေ၏။ မမကြီးရယ် ... ဘုံ့ကိုခွင့်လွှတ်ပါနော်။ မလုပ်သင့်တာလားမသိဘူး။





မမကြီးကို စွန့်ပစ်တော့မယ့်ယောကျ်ားဖြစ်နေလို့ပါ။

"ဘုံလေး"

"ရှင်"

"ခြံရှေ့ ... ဒီကောင်လေးက မောင့်ကိုရှောင်နေတာဖြစ်မယ်၊ ခြံရဲ့ကိုလည်း ဆုံးမပေးဦးနော် ... ယောက်ဖဆီက ရသမျှယူထားလို့"

မောင်စိတ်ကောင်းဝင်နေတုန်း ... မိသားစုဝင်တွေရစေချင်သည်။ အမေက မာနကြီးတယ်။ ဘယ်သူ့ကိုမှ လက်ဖြန့်ခံတောင်းချင်တာမဟုတ်ဘူး။ ဘုံ့ကိုလည်း အဝတ်အစားအကောင်းတွေ ဝယ်ပေးလိုသည်။

"ဒီအိမ်လေးကိုလည်း မမကြီးပြင်ပေးချင်တယ် ... အမေ အသက်ရှင်နေတုန်းပေါ့"

"မမကြီး"

"ပြောလေ ဘုံ"

"အစ်ကိုကြီးက အပြင်မှာ ဘယ်လိုနေထိုင်ပြုမူတယ်ဆိုတာ မမကြီး သိလား"

"သိပါတယ် ... ဘယ်တတ်နိုင်မလဲ ဘုံရယ် ... မမကြီးကတော့ ခွင့်လွှတ်တယ်၊ မောင်က ငွေရှာနေတဲ့လူလေ"

မမကြီး သိနေတာပဲ။ ဘယ်လောက်ပဲမခံစားရဘူးပြောနေပါ



www.burmeseclassic.com

www.burmeseclassic.com



စေ မမကြီး ဘယ်လောက်အထိနာကျင်နေမယ်ဆိုတာ … ဘုံသိပါတယ်လေ။ အမေနဲ့မမကြီးတို့ တွေ့စေချင်ခဲ့တာပါ။ အမေ့ဆန္ဒလေ။

"ဘုံလေးရော … လိုအပ်တာပြောနော် … သူပေးတာပဲလာ … စားစရာတွေသွားပို့ပေးရအောင်"

မမကြီး ပိန်သွားသည် … မျက်နှာလေးတောင် ပိန်ခြိုးနေတယ်။ ဘုံ ထွက်လာခဲ့၏။ ခြံရုံတော့ ရှိမနေပေ … ရှောင်နေသည်။ သူမ အပြင်ရောက်တော့ … မမခင်ပွန်းက သူမဆီအကြည့်တွေကရူးစိုက်နေ၏။ အမေ့ရှေ့မှာလည်း ပိုက်ဆံတွေ … အမေကငြင်းနေသည်။

"အမေလက်မခံပါရစေနဲ့ မောင်သုတရယ် … လစဉ်ထောက် ပံ့နေတာပဲ"

"ယူပါအမေ … ကျွန်တော်ဝတ္တရားရှိလို့ စောင့်ရှောက်ပေးတာပါ၊ အမေလက်မခံရင် ကျွန်တော် အရမ်းစိတ်ထိခိုက်ကြေကွဲရမှာပါ"

အမေက လုံးဝလက်မခံပေ။ မမကြီးက ဘုံ့ကိုမျက်စပစ်ပြပြီး သိမ်းထားဖို့အချက်ပြသည်။

"ဘုံလေးယူထားလိုက် … လိုလိုမယ်မယ်ပေါ့ … အမေ့အတွက်ဆေးဖိုးပါ"

"ဟုတ်ကဲ့"





သူမကလည်း ကိုသုတဆီက ရသလောက်ယူပစ်ရမှာပဲဖြစ်သည်။ တစ်နေ့နေ့ … မမကြီးကိုစွန့်ခွာမယ့်ယောက်ျားပဲ။ မမကြီးမှာ ကိုယ်ဝန်ရှိနေသဖြင့် ပို၍လိုအပ်သည်ဟုထင်သည်။

"သိမ်းထားလိုက်ပါဘုံ … အမေတစ်ခုခုဖြစ်ရင်လည်း ကိုကြီးတို့ဆီ ဖုန်းဆက်"

"ဟုတ်"

မျက်ဝန်းတောက်တောက်နက်နက်လေး … တစ်ချက်တစ်ချက်ဝင့်တက်လာလျှင် … သုတ ရင်ခုန်လှိုက်မော စိတ်တွေချောက်ခြား သိမ်ငယ်သွားရသည်။ မင်းကို ကိုကြီးကမွေ့ဘီကိုပြောင်းရမယ်။ မင်းလေး ကိုကြီးအနားမှာပဲနေရမယ်။ မင်းကိုချစ်သွားပြီ။ ညိုပြာနဲ့ဘာမှမဆိုင်တဲ့ကောင်မလေး … တစ်ခါတစ်ရံ ချစ်ခြင်းဘုံနှင့် မျက်ဝန်းအကြည့်ချင်းဆုံသည်။

"ကိုကြီးစားပါ … ဘုံတို့အိမ်က ဘာမှမရှိဘူး၊ အစ်ကိုကြီးဝယ်လာလို့ တော်ပါသေးတယ်"

"ရပါတယ် ဘုံ … ကိုကြီးတို့က မိသားစုလေးပျော်ပျော်ရွှင်ရွှင်နေချင်တာပါ၊ နောက်လည်း မကြာမကြာလာပါ့မယ် … အမေစိတ်ချမ်းသာအောင်နေပါ"

"အေးပါကွယ် … သမီးကြီးကိုတွေ့ချင်တာမှန်ပေမယ့် အိမ်ထောင်ရှင်ဖြစ်နေပြီလေ၊ အလုပ်အားမှလာကြပါ … အမေ ခွင့်လွှတ်



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်”

သုတ မပြန်ချင် … ဘုံနှင့်တရင်းတနှီးနေထိုင်ရတာ ပျော်နေသည်။ ဘုံအရမ်းလှတယ်။ ဘောင်းဘီရှည် အကြပ်လေးဝတ်ထား၍ ခန္ဓာကိုယ်အလှလေးက တင်းရင်းလုံးကျစ်နေ၏။ အကြာကြီးနေပြီးမှ ပြန်သည်။

“မောင် ကျေးဇူးတင်ပါတယ် … သုန့်မိသားစုကို စောင့်ရှောက်ပေးလို့ပါ”

“သုန်”

“ရှင်”

“မောင်လည်း မင်းကိုပစ်ထားမိတယ်၊ တောင်းပန်ပါတယ်ကွာ”

“မောင့်ကို သုန်အသိပေးစရာတစ်ခုရှိပါတယ် … မောင့်စိတ်တွေကြည်လားဟင်”

“ပြောပါသုန် … အခုတလော မောင့်စိတ်တွေကြည်လင်ပါတယ်”

“သုန့်မှာလေ … သုန့်မှာ မောင့်ရင်သွေးလေးလွယ်ထားရပြီ၊ သုန် ဘာလုပ်ရမလဲဟင် … မောင့်သဘောပါ … သုန် သုန်လေ”

“သုန်ရယ် … ဒါကဝမ်းသာစရာပဲ … စောစောကပြောရောပေါ့၊ မောင် အရမ်းဝမ်းသာတယ် … မောင့်ရင်သွေးလေးကိုဂရုစိုက်





ပါကွာ”

သုတ … တကယ်ပဲရင်ချောင်သွားရသည်။ ညိုပြာ့ကို မိန်းမကိုယ်ဝန်ရှိနေတယ်လို့လိမ်ထားတာပါ။ သုန့်မှာကိုယ်ဝန်ရှိတာလည်းကောင်းတာပဲ … သူ့ရင်ထဲမှာ ဘုံက နေရာအပြည့်ယူထားနေပြီ။

“သုန်”

“ရှင်”

“မင်းပိန်လွန်းတယ် … အစားအသောက်တွေ အကောင်းတွေစားပါ၊ မင်းကျန်းမာမှဖြစ်မယ်နော်”

“မောင်ရယ် … သုန်လေ တကယ်ဆိုတာတောင် မယုံနိုင်ဘူးဖြစ်နေတယ်၊ အိပ်မက်တွေတောင်ထင်တယ်”

“ဘာမှမစဉ်းစားနဲ့ သုန် … မင်းကိုယ်ဝန်ပဲဂရုစိုက် … ကျန်တဲ့ကိစ္စ မင်းစိတ်မဝင်စားနဲ့နော်”

သုတ တခြားကောင်မလေးတွေကို လုံးဝခေါက်ပစ်လိုက်ဖို့ ဆုံးဖြတ်လိုက်သည်။ ရှင်းပစ်ရမယ် … အဓိက ညိုပြာပဲ … သူစိတ်တော့ပူနေ၏။ ညိုပြာ ဘာလိုချင်တာလဲ … တိုက်ခန်း … ကား သုတ တွေးနေမိသည်။

“သုန်ရယ် … မင်းအပြစ်မဲ့ပါတယ် … မောင်လေ … မင်းကိုဘွာရှင်းရတော့မလို့ … ညိုပြာက အပိုင်ချိုင်တာ”

သုတတွေးနေမိသည်။ သုန့်ကိုဆေးတိုက်၍ အိပ်စေသည်။



www.burmeseclassic.com

www.burmeseclassic.com

"မောင် ခြံထဲမှာခဏသွားထိုင်မယ် ... သုန်အိပ်တော့နော်၊ အပြင်မှာ အေးတယ်လေ"

"ဟုတ်ကဲ့"

သူ့အတွက်အရေးကြီးဆုံးက ဘုံပဲဖြစ်စေရမယ်။ ဘုံကတော့ အစ်မဒုက္ခရောက်အောင် သူ့ကို အပိုင်ချုပ်ကိုင်မည်မဟုတ်။ သူ ခြံထဲ ရောက်လာသည်။ ဘုံ့ဆီ ဖုန်းဆက်မိနေ၏။ သူ ဘယ်လိုမှချုပ်တည်း မရ။ ဘုံ့အသံလေးကို ကြားချင်၍ဖြစ်သည်။

"ဘုံ"

"ဩော် ... ကိုကြီး ... ဘာကိစ္စရှိလို့လဲဟင်"

"ဘုံ အိပ်ပြီလား"

"မအိပ်သေးပါဘူး ... ခြံရုံပြန်မလာသေးလို့လေ"

"ကိုကြီး သတိရလို့"

"မမကြီးရော"

"အိပ်နေပြီ ... အခု ကိုကြီးကခြံထဲမှာလေ"

"ဘာထွက်လုပ်ရတာလဲ ကိုကြီးရယ် ... အေးတယ်၊ တော်ကြာ အအေးပတ်ပြီးဖျားနေလိမ့်မယ် ... ပြန်ဝင်ပါနော်"

ကိုသုတ ... ရှင်ကြီးတော့နာပြီပဲ။ ချစ်ခြင်းဘုံကို လျှော့တွက်ထားတယ်ထင်တယ် ... မမကြီးမျက်နှာကိုတောင် မထောက်ဘူး။ ဘုံ့အသံလေးက ညုတုတု ... ရင်တွေတော့နာကျင်နေသည်။

ဖိုးလပြည့်စာပေ



ကိုသုတပေးထားတဲ့ပိုက်ဆံတွေက အထပ်လိုက်ပဲ ... အမေကတော့ အရမ်းမသုံးပစ်နဲ့တဲ့ ... ပြန်ပေးသင့်ပေးမှာတဲ့ ... အမေ့ဆေးဖိုးက တစ်ခါတစ်ရံ တစ်ပြားတစ်ချပ်ပင်မရှိ ဖြစ်နေသည်။

"ဘုံ"

"ဟင်"

"မင်းလည်း ဘာဖြစ်လို့အပြင်ထွက်နေရတာလဲ ... အေးတယ် ... ပြန်ဝင် ... အိပ်တော့နော်"

"ဟုတ်"

"မနက်ဖြန် မင်း ကိုကြီးကုမ္ပဏီကိုလာခဲ့ပါ ... မင်းကို လက်ဆောက်ခန့်မယ် ... လခတွေအများကြီးပေးချင်လို့ ဘုံ"

"ရပါတယ် အစ်ကိုကြီးရယ် ... မလိုပါဘူး ... အခုလည်း အစ်ကိုကြီးထောက်ပံ့ပေးထားတာပဲ"

"မရဘူး ... ကိုကြီးအနားမှာပဲထားမယ် ... မင်းလိုအပ်တာတွေဖြည့်စွမ်းပေးမယ်၊ အေးစက်တယ် ... တစ်ခါတစ်လေတော့ ညည်း ကိုကြီးအရမ်းပင်ပန်းလို့ အပျော်ရှာမိတာပါ"

သုတအကြောင်းတွေ ဘုံက ခေတ်လူငယ်ဆိုတော့ သိနေနိုင် သည်။ တခြားကောင်မလေးတွေက ဘာမှမလုပ်ပေမယ့် ညီပြာက ကြာခဏ တတွဲတွဲလုပ်ပြချင်၏။ သုတလည်း တဖြည်းဖြည်းမငြင်း ဆန်တော့ ... ညီပြာ့ထောင်ခြောက်ထဲ တိုးဝင်ရသည်။

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com

"ဘုံအိပ်တော့မယ် ... ကိုကြီးလည်း တိုက်ထဲဝင်ပါ၊ အလုပ်တာဝန်တွေက ကြီးတယ်လေ၊ ကိုကြီးနေထိုင်ပြုမူတာတွေအားလုံး ဘုံနားလည်ပါတယ်"

"ဘုံရယ် ... ကလေးရယ်"

ဘုံ ... ဆက်မပြောချင်တော့သဖြင့် ဖုန်းကိုပိတ်ပစ်လိုက်သည်။ လူယုတ်မာကြီး ... မိန်းမကျမ်းကြေနေ၏။ မမကြီးကို အမေတွေ့ချင်နေလွန်းလို့သာပါ။

"ဘုံ"

"ဟင် ... ခြိရံ ... နင် ဘာဖြစ်လို့နောက်ကျနေရတာလဲ၊ ငါအရမ်းစိတ်ပူပြီး ထွက်စောင့်နေတာ"

"ရော့"

"ဘာလဲ"

"နင့်အတွက် ... ဖုန်း"

"ငါမလိုချင်ပါဘူး ခြိရံ ... သူများဆီက နင်ဖန်လာတာကြီး"

"ယူထားလိုက်ပါ ... အမေလည်းနေမကောင်းဘူးလေ၊ ဖုန်းရှိမှဖြစ်မယ် ... အခုခေတ်မှာ ဖုန်းကလူတိုင်းဆီမှာရှိနေကြတာ၊ နင့်ကို မျက်နှာမငယ်စေချင်ဘူးဘုံ"

ခြိရံ့ကို မြကေရီပေးလိုက်တာပါ။ သူ ပေါ်တင်ပဲတောင်းဆိုခဲ့သည်။ ဘုံ့ကို ဖုန်းတစ်လုံးဝယ်ပေးချင်တယ်လို့ ... မြကေရီက





ချက်ခြင်းဝယ်ပေးခဲ့၏။ ကိုသုတကြောင့်ပါ။ အခုဆို သူ့အတွက်အသုံးစရိတ် မပူရ ... အမေ့ဆေးဖိုးလည်း လိုသလောက်ရနေသည်။

"ခြိရံ"

"ဘာလဲ ... ပြော"

"နင့်အနားကပ်ရတာ ... အရက်နံ့က ထောင်းထောင်းထနေတာပဲ ... နင် အရမ်းပျက်စီးနေပြီထင်တယ်၊ ကိုသုတကိုပုံစံပေးချင်တာနဲ့ နင့်ဘဝကပျက်ပြီ"

"ထားလိုက်ပါ ... ငါကယောကျ်ားလေးပဲ ဘုံ ... နင်ပဲအရေးကြီးတာပါ၊ နင်က ပညာတတ်ဖြစ်ချင်တာ ... ပြီးတော့ အရမ်းလည်းချောတယ်၊ မမကြီးလို အသိဉာဏ်မကောင်းမဲ့နဲ့ ... ရွေးချယ်ဘုံ ... နင့်အတွက်အလိုအပ်ဆုံးက ကိုယ်ကျင့်တရားနဲ့ဂုဏ်သိက္ခာ"

ခြိရံ့စကားကြောင့် ဘုံစိတ်မလုံမလဲနှင့် ခြံထဲမှာပဲပြန်ထိုင်သွားသည်။

"ဝင်တော့လေ ... ဘာလုပ်နေတာလဲ ... အေးတယ်၊ အမေလာ စိတ်ချမ်းသာသွားပြီလား၊ ငါတော့လေ ဟိုလူကို မျက်နှာချင်းဆိုင်ဘူး၊ အလကားပါ ... ဘာအကွက်ရွှေ့နေပြန်ပြီလဲမသိဘူး၊ ခြိရံ့ကိုတော့ လာပြီးဖြားယောင်းသွေးဆောင်လို့ ရမယ်မထင်နဲ့ ... ဘုံ ... နင်ရောသတိထား ... ကိုသုတအရှုံးကွက်လာနင်းတာ လူရှုပ်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



ခြိမ်ရုံ ပြစ်ပြစ်နှစ်နှစ်ဒေါသတကြီးပြောပြီး ဝင်သွားသည်။ ဘုံ ရင်တွေပူလောင်သွားရ၏။

မဖြစ်ဘူး။

ဘုံ နည်းနည်းတော့ ဆင်ခြင်ရမည်ဖြစ်သည်။ အမေသိသွားရင် သေလိမ့်မယ်။

ခြိမ်ရုံကိုယ်တိုင် ဘုံ့ကို လိုအပ်တာတွေ မျက်နှာမငယ်ရစေ ဖြည့်စွမ်းပေးဖို့ကြိုးစားနေ၏။

ဘုံလည်း ခြိမ်ရုံ့လိုပါပဲ ...

မမကြီးယောက်ျားကို မုန်းတီးရွံရှာစွာ ရက်ရက်စက်စက် အပြစ်ကြီးတစ်ခုပေးဖို့ ကြံစည်လုပ်ဆောင်မိတာပဲ ဖြစ်သည်။

◆◆◆

အခန်း ( ၁၀ )

"ဘုံ ... ကိုယ်တို့နှစ်ယောက် ညစာအတူတူသွားစားကြ လား ... ဒီနေ့က ကိုယ့်မွေးနေ့လေ"

ကိုနန္ဒမိတ်ကို ဘုံငြင်းပယ်ဖို့အတွက် အင်အားမဲ့သလိုဖြစ်နေ သည်။ ဘုံ မီးစကိုဆုပ်ကိုင်ထားမိပြီ။ အားကိုးရာက ကိုနန္ဒမိတ်ပဲဖြစ် နိုင်၏။ ဘုံ့စိတ်တွေကလည်း မလုံပေ ...

"ဘုံ ... ကိုယ်တောင်းဆိုတာပါ၊ မိတ်ဆွေတွေပဲလေ"

"ဘုံတစ်ယောက်ထဲကိုလား"

"ကိုယ်တခြားသူတွေနဲ့ ... ပတ်သက်ဆက်ဆံတာမျိုးတွေ မလုပ်ဘူး ဘုံ ..."

"ဘုံတို့နှစ်ယောက်ထဲဆိုရင် သူများအမြင်မှာပြောစရာဖြစ် သွားလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်ကိုတော့ နန္ဒမိတ်ဂရုမစိုက်ချင်ပေ။ ဘုံ့ကိုချစ်တယ်ဟု ပြောချင်သည်။ ပြီးတော့ တစ်နေ့နေ့လက်ထပ်ခွင့်ပေးပါဟု ပဲ ပြောချင်နေ၏။ ဘုံစိတ်ဆိုးမှာလည်း သူအကြောက်ဆုံးပင်။ အခု တလော ဘုံ့မျက်နှာလေးနွမ်းနေတာ ... ဘုံ့အမေ ကျန်းမာရေးအခြေ အနေကြောင့်ဟုထင်သည်။

"ဘုံ့အမေကျန်းမာရေးရော ... ရပါတယ်လေ ဘုံမလိုက်ချင် ဘူးဆိုရင်လည်း ရပါတယ်၊ ကိုယ်အတင်းအကြပ်မတောင်းဆိုပါဘူး"

ကိုနန္ဒမိတ်က ဘုံ့အတွက်ဆိုလျှင် အမြဲတမ်းနားလည်ပေး တတ်သည်။ တကယ်ဆို ကိုနန္ဒမိတ်က ပျို့တိုင်းကြိုက်တဲ့ယောကျ်ား ပါ။ ပညာလည်းတူးချွန်ပြီး ... ယောကျ်ားပီသသူ ... ဘုံ မာနပြ ပေမယ့် ... ကိုနန္ဒမိတ်ရဲ့အချစ်တွေကိုလည်း မျှော်လင့်နေခဲ့သည် အမှန်အတိုင်းဝန်ခံတာပါ။ အခုလည်း ကိုနန္ဒမိတ်မွေးနေ့မှာ ဘုံ အမှတ်တရလေးသွားလိုခဲ့၏။ ဒါပေမယ့် ဘုံမဟုတ်တာတွေလုပ် နေသည်ဟုထင်သည်။

"ကိုယ့်အတွက် ဘုံအနှောက်အယှက်ဖြစ်သွားလား ... ကိုယ် က ဘုံနဲ့ပဲ နှစ်ယောက်ပွဲကျင်းပချင်တာပါ"

"ကိုနန္ဒမိတ်"





"ပြောလေ ဘုံ"

"ဘုံလည်း ကိုနန္ဒမိတ်မွေးနေ့ပွဲကို ဂုဏ်ပြုပေးချင်ပါတယ်၊ သွားကြမယ်လေ"

"တကယ်လား ဘုံ ... မင်းတကယ်ပဲ ကိုယ့်မွေးနေ့ကိုဂုဏ် ပြုပေးမှာလား"

"အင်း"

ဂုဏ်ပြုပေးရမှာပေါ့ ကိုနန္ဒမိတ်ရယ် ... ဘုံ့ဘဝရှေ့ရေး အတွက် ရွေးချယ်သင့်တဲ့ယောကျ်ားကရှင်ပဲလေ ... ခြံရုံကလည်း သဘောတူတယ်။ ဘုံရွေးချယ်ရင် ကိုနန္ဒမိတ်လိုယောကျ်ားမျိုးကိုပဲ ရွေးတဲ့ ... တစ်ယောက်အကြောင်း တစ်ယောက်သိထားကြသည်။ ဘုံဆင်းရဲတာလည်း သိနေ၏။ ကိုနန္ဒမိတ်ကတော့ ဘုံ့ထက်မိသားစု အဆင်ပြေသည်။

"ညနေကိုယ်စောင့်နေမယ် ... ကုမ္ပဏီဝန်ထမ်းအချင်းချင်း လိုပဲသွားလာနေကျပါ"

"အင်း"

ညီပြာဆိုရင် သူဌေးကြီးတစ်ယောက်နဲ့တွဲရတာကိုပဲ ဂုဏ် ယူ၍ ပတ်ဝန်းကျင်မှာမော်ကြွားမဆုံးတော့ ... ကိုသူတရင်ကွဲစေရ မည်။ သူမလက်ထပ်ဖို့ရည်မှန်းထားသူက ကိုနန္ဒမိတ်ပဲ ...

"ကျေးဇူးပဲဘုံရယ် ... ကိုယ့်မွေးနေ့ပွဲကိုဂုဏ်ပြုပေးလို့"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မလေ ရင်ဖွင့်စရာ ... မှီခိုအားထားစရာယောက်ျားတစ်ယောက်ရှိနေစေချင်ပါတယ်။ ကိုနန္ဒမိတ်ပဲလေ ... ကျွန်မအမှားအယွင်းတစ်ခုကို ကြီးမားစွာလျှောက်လှမ်းမိမှာသွားဖို့ ကိုနန္ဒမိတ်ကာကွယ်စောင့်ရှောက်ပေးပါနော်။ ကျွန်မလေ နက်ရှိုင်းမတ်စောက်တဲ့ ချောက်ကမ်းပါးကြီးတစ်ခုရဲ့အစွန်းကို တက်နင်းမိသွားမလား ... စိတ်တွေပူလောင်နေတယ်။ ကျွန်မရွေးချယ်သင့်တာက ကိုနန္ဒမိတ်ထင်တယ်။

ညနေရုံးဆင်းတော့ ကိုနန္ဒမိတ်ကစောင့်နေသည်။ သူတို့ကုမ္ပဏီက ကားတစ်စီးပေးထား၏။ သူမကိုမြင်တော့ ကိုနန္ဒမိတ်က ကားတံခါးလေး ဖွင့်ပေးသည်။

"တက်ပါ ဘုံ"

သူမ ကားပေါ်တက်တော့ ... ဖုန်းကဝင်လာသည်။

ကိုသုတဆီကပါ။ သူမနည်းနည်းတော့ ရင်ထိတ်သွား၏။ ကိုနန္ဒမိတ် အထင်သေးသွားမှာလည်းကြောက်သည်။

"ဟဲလို"

"ဘုံ"

"ဟုတ်"

"မင်း ဘယ်ရောက်နေလဲ ... ကိုကြီးတွေ့ချင်လို့ မင်းကိုဝယ်ပေးစရာပစ္စည်းတစ်ခုရှိလို့"





"ဒီနေ့တော့ ဘုံ မိတ်ဆွေတစ်ယောက်ရဲ့မွေးနေ့ပွဲကို သွားရမယ်၊ မအားလို့ပါ"

"ဘယ်သူလဲ ... ကောင်လေးတစ်ယောက်လား"

"မဟုတ်ပါဘူး"

"မင်းအသံတွေက အရမ်းသတိထားပြီးပြောနေသလိုပဲ ... ဘေးမှာလူရှိလား"

"မရှိပါဘူး ... ဒါပဲနော်"

"ဘုံ"

"ရှင်"

"မင်းမှာ ချစ်သူရှိလား"

"ဟင့်အင်း"

"တကယ်နော်"

"ဟုတ်"

"မနက်ဖြန်တော့ ကိုကြီးကိုအချိန်ပေးရမယ်"

"ဟုတ်"

ကိုသုတ ... သူမအား ဟန်မဆောင်နိုင်လောက်အောင်ဖြစ်နေသည်။ သူမစိတ်တွေ တုန်လှုပ်ချောက်ခြားသလိုကြီးပဲ ...

"ဘယ်သူလဲ ဘုံ ... သြော် Sorry နော် ... ကိုယ်သိစရာမလိုဘူးထင်တယ်၊ မပြောပြပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ကိုနန္ဒမိတ်က လူတစ်ယောက်ရဲ့အခွင့်အရေးကို နားလည်သည်။ ဘုံတော့ အမှားတစ်ခုကို လွန်ကျူးမိပြီထင်တယ်။

ကိုနန္ဒမိတ်ရယ် ...

စိတ်တွေမလုံမလဲနှင့်ထိုင်နေသည်။

ကိုသုတနှင့် ဒီထက်ပိုပြီး တရင်းတနှီး မနေသင့်ဟုထင်၏။

ဘုံ စိတ်တွေလေးလေးလံလံကြီး ဖြစ်နေသည်။

"ဘုံ"

"ဟင်"

"မင်း တစ်ခုခုဖြစ်နေလား"

"မမကြီးကြောင့်ပါ"

"ပြန်ချင်တာလား"

"ရပါတယ် ... ကဲပါ ဘုံ့မျက်နှာကို အသေအချာကြည့်ပြီး စာဖတ်မနေပါနဲ့တော့ ကိုနန္ဒမိတ်ရယ် ... ညစာအတွက်ဂုဏ်ပြုပါတယ်နော်"

သူမအပြုံးလေးတွေက ကိုနန္ဒမိတ်မွေးနေ့အတွက် အမှတ်တရလေးအဖြစ် ကြိုးစားပြုံးပြမိသည်။ ကိုသုတက ဘုံ့ကိုပေါ်တင်ကြီးစိန်ခေါ်နေ၏။ သူ့ကိုအချိန်ပေးပါတဲ့ ... ညီပြာကရော ...

ဘုံ့ကို အမှတ်တရ ဘာပစ္စည်းတွေများဝယ်ပေးမလို့လဲ ... ဘုံ ဆက်ပြီး မတိုးသင့်ဟု ထင်သည်။





"ကိုယ့်မွေးနေ့မှာ ဘုံ့ကို အမှတ်တရပစ္စည်းလေးပေးချင်တယ်၊ ဘုံ လက်ခံပေးပါ"

"ဘာတွေလဲ"

ဘုံ့အတွက် သူ့နှလုံးသားတွေက ထုတ်ဖော်ပြောပြချင်တဲ့ အကြောင်းအရာတွေရှိနေသည်။

ဘုံ့ကိုချစ်တယ် ...

လက်ထပ်ခွင့်ပြုပါဟု တောင်းချင်နေခဲ့၏။ ဘုံ့ဆီကို ဗူးလေးတစ်ခု နန္ဒမိတ်ပေးလိုက်သည်။

"ဘာတွေလဲ ... ကိုနန္ဒမိတ် အထူးအဆန်းတွေလား"

"ဘုံ ဖွင့်ကြည့်လေ"

ဘုံကဗူးလေးကိုဖွင့်ကြည့်တော့ ... သူ့ရင်တွေတထိတ်ထိတ်ခုန်နေသည်။

"ဟင် ... လက်စွပ်လေးပဲ ... ဒါက"

"ကိုယ် ဘုံ့ကိုလက်ထပ်ချင်တယ် ... ခွင့်ပြုပေးပါလို့ တောင်းဆိုတာပါ ဘုံ"

"ရှင်"

ကိုနန္ဒမိတ်ရယ် ...

ဘုံလေ ...

ကိုနန္ဒမိတ်ရဲ့တောင်းဆိုမှုတွေကို ဘုံငြင်းပယ်ဖို့ လုံးဝ မဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နိုင်ပါဘူး။

ကိုနန္ဒမိတ်ရဲ့အချစ်တွေကို ရယူပိုင်ဆိုင်လိုတဲ့ မိန်းမချော လေးတွေကလည်း အများကြီးပါ။

ဒါပေမဲ့လေ ... ဘုံ လက်ခံဖို့လည်း သတ္တိမရှိသေးပါဘူး။ ဘုံ လုပ်သင့်လုပ်ထိုက်တာကိုတော့ လုပ်ပစ်ရပါဦးမယ်။

"ဘုံ"

"ပြန်ယူထားလိုက်ပါနော် ... ဘုံက ခုလောလောဆယ်တော့ လက်ခံဖို့မဖြစ်နိုင်သေးလို့ပါ"

"ဘုံ ... ဘာဖြစ်လို့လဲကွာ ... ကိုယ်တောင်းပန်ပါတယ်၊ ကိုယ် မင်းကိုချစ်နေခဲ့တာ ကြာပါပြီ၊ ကိုယ်ဖွင့်ပြောဖို့သတ္တိမရှိလို့"

"ကိုနန္ဒမိတ် ... ဘုံ့ကိုအချိန်ပေးပါ၊ အမေလည်း ကျန်းမာ ရေးမကောင်းဘူး ... ဘုံတို့မိသားစုပြဿနာတွေလည်း အများကြီး ရှိနေသေးတယ်၊ ဘုံ့ကိုနားလည်ပေးပါနော်"

"ဘုံ ... ကိုယ်လေ မိတ်ဆွေအနေနဲ့ အကူအညီတွေပေးပါရ စေ ... ကိုယ် ဘုံ့ကို တာဝန်တွေအပြည့်အဝယူနိုင်ဖို့ ကြိုးစားနေပါ တယ်၊ ကိုယ့်တောင်းဆိုမှုကို ဘုံ သေသေချာချာစဉ်းစားပြီးမှ အဖြေ ပေးပါ၊ ကိုယ်ဘယ်လောက်ပဲ အချိန်ပေးရပါစေစောင့်နေမယ်"

ဘုံ့ကို ချစ်မြတ်နိုးသည်။

သူ တန်ဖိုးလည်းထားမိသည်။





ထို့ကြောင့်ပင် ဘုံအဖြေပေးမယ့်နေ့ကို သူစောင့်မည်။

ဘုံမျက်နှာလေး နွမ်းနေတာတော့ သတိထားမိနေသည်။

"ဘုံ့မှာ ဘာတွေများအခက်အခဲဖြစ်နေလဲ ... အန်တီမေတ္တာ ကိုလည်း ကိုယ်လာကြည့်ချင်ပါတယ်"

"ဘုံတို့အဆင်ပြေပါတယ်၊ အမေ့ဆေးဖိုးလည်း အခု မကြီး က ထောက်ပံ့ပါတယ်၊ ကိုနန္ဒမိတ်ကို စောင့်နေပေးပါလို့လည်း မပြောလိုပါဘူး၊ ဘုံ့မှာ တခြားဖြေရှင်းစရာကိစ္စလေးတစ်ခုရှိနေလို့ပါ"

"ဘာမဆို ကိုယ့်ကိုပြောပြနိုင်ပါတယ် ဘုံ ... အားမနာပါနဲ့ မင်းကိုကူညီပြီးဖြေရှင်းပေးချင်တယ်၊ ပြောပြပါ ... မင်းနဲ့ကိုယ်က ဘဝတူတွေလေ"

ဘုံ့မပြောနိုင်သေးပေ။

စိတ်ဓာတ်အောက်တန်းကျတဲ့ မိန်းမ တစ်ယောက်ရဲ့ အပြု အမူတွေပါ။

ကိုနန္ဒမိတ် အထင်သေးသွားမှာလည်း စိုးရိမ်မိနေသည်။

"ကိုနန္ဒမိတ် ... ဘုံ့ကိုနားလည်ပေးပါနော် ... ဘုံ ကြိုးကျယ် ခမ်းနားနေတာ မဟုတ်ပါဘူး"

"ဘုံရယ် ... ကိုယ်နားလည်ပါတယ် ... မင်းမပြောချင်ရင် မပြောနဲ့နော်၊ ကဲ ... ကိုယ့်မွေးနေ့ အမှတ်တရ ညစာလေးကို ပျော် ပျော်ပါးပါးစားကြရအောင်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"OK"

စားစရာတွေမှာပြီး ... စားဖို့ပြင်နေတုန်း ကိုသုတ ဖုန်းဆက်သည်။

"မင်း ဖုန်းဝယ်လိုက်တာလား ဘုံ"

"မမကြီးပေးထားတာပါ"

"ကိုယ်ရော သိခွင့်ရှိလား"

"နောက်မှပေးမယ်နော်"

ကိုသုတပေးထားတဲ့ဖုန်းဖြစ်၍ ကိုနန္ဒမိတ်အား မပေးလိုပေ။ ဘုံ ပြန်ပေးမှာမို့ပါ။

"ဘုံ"

"ရှင်"

"မင်းအိမ်ရောက်နေပြီလား ... မင်းသူငယ်ချင်းမွေးနေ့မှာပဲလား"

"ဟုတ်ကဲ့ ... သူငယ်ချင်းနဲ့ပါ"

"ကိုကြီးလာမလို့"

"ရှင်"

"မင်းကိုတွေ့ချင်နေတယ်"

"ဘာကိစ္စရှိလို့လဲဟင်"





"ကိုကြီးတွေ့ချင်နေတယ် ... မင်း ယောက်ျားလေးတစ်ယောက်နဲ့ ရှိနေလားဆိုပြီး ကိုကြီး မနာလိုဝန်တိုတွေဖြစ်နေတယ်"

ဘာဆိုင်လို့လဲ ... ရှင်ကြီး အဲဒီလောက်အထိမလုပ်သင့်ပါဘူး။ ဘုံ ပက်ပက်စက်စက်ပြောပစ်ချင်ပေမယ့် ... မမကြီးမှာက ကိုယ်ဝန်နှင့် ... အမေ့အပျော်တွေကိုလည်း ဘုံဖျက်စီးမပစ်လိုပေ။ ဘုံ အရမ်းမှားသွားပြီပဲ ...

"ကျွန်မ ပြန်လာတော့မှာပါ ... ခဏပဲ"

"မင်းပြန်လာခဲ့နော် ... ကိုကြီး အမေ့ကိုကျန်းမာရေးမေးဖို့ လာမယ်၊ မင်း ရှိနေပါ"

အမယ်လေး ... ကိုသုတရောက်လာရင် ခြံရှေ့ကကြည့်လို့ရမှာ မဟုတ်ဘူး ... ပြဿနာတွေတက်သွားနိုင်သည်။ ဘုံပြန်မှဖြစ်မှာပါ။ ကိုသုတ အဲဒီလောက်အထိ ပေါ်တင်ကြီးအရှက်မရှိလုပ်နေတာ ဘုံ ဒေါသဖြစ်ရသည်။

"ကိုနန္ဒမိတ် ... Sorry နော် ... ကျွန်မအခုပဲပြန်ရမယ်၊ မမကြီး တို့လာမယ်တဲ့ ... အားနာလိုက်တာ၊ နောက်နေ့မှ ဘုံလိုက်ပြီးစားပါဦးမယ်နော်"

"ဘုံ ... မင်းမှာ အခက်အခဲတွေရှိနေရင်လည်း ပြန်ပါ"

"အင်း"

သူမထလိုက်သည်။ ကိုသုတ ဘာတွေလုပ်နေတာလဲ။ သူမ



www.burmeseclassic.com

www.burmeseclassic.com



မြူခွေယ်ဖြားယောင်းမှုထောင်ခြောက်ထဲ … တိုးဝင်လာတာတော့ အမှန်ပဲဖြစ်သည်။ ကိုနန္ဒမိတ်ကို အားနာလိုက်တာ။ ဘုံ အငှားကား နှင့်ပဲပြန်လာခဲ့၏။ အိမ်ကိုမရောက်ခင် ကိုသုတကားရပ်ထားတာကို တွေ့လိုက်ရသည်။

"မင်းကိုစောင့်နေတာ ဘုံ … ကိုကြီးကားပေါ်တက်လေ"

"ဟုတ်"

သူမ ကားလေးပေါ်တက်လိုက်တော့ … ကိုသုတက ကား ကိုအိမ်ဘက်မမောင်းဘဲ တခြားလမ်းကိုကွေ့ပစ်သည်။

"ကိုကြီး အိမ်ပြန်မယ်လေ"

"ခဏလေးပါ"

"မဖြစ်ဘူးထင်တယ်"

"ဖြစ်ပါတယ် ဘုံ … ခဏလေးပါ၊ ကိုကြီးဝယ်ပေးစရာရှိလို့"

သူမငြင်းနေပေမယ့် … ကားကတော့ ရုပ်ပါမားကတ်ကြီး တစ်ခုရှေ့မှာ ထိုးရပ်သွားသည်။ ဘုံ ကားပေါ်ကနေမဆင်းဘဲ ထိုင် နေမိ၏။

ဒါပေမယ့် ကိုသုက သူမလက်လေးကိုဆွဲယူ၍ ကားပေါ်မှ ဆင်းစေသည်။

ဘုံ … နင်မှားသွားပြီပဲ …

မလုပ်သင့်တာကို နင်လုပ်ပစ်လိုက်မိပြီ။

ဖိုးလပြည့်စာပေ



သူမရုန်းဖယ်ဖို့လည်း မမကြီးနှင့်အမေတို့ရဲ့ပျော်ရွှင်မှုကို ပျက်စီးသွားမှာပဲဖြစ်၏။

ဆက်လုပ်ဖို့လည်း သတ္တိမရှိဘဲဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၁ )

"ကိုကြီး ... တောင်းပန်ပါတယ်၊ ဘုံ လက်မခံပါရစေနဲ့ ရွှေတွေ စိန်တွေ ဘုံ မလိုချင်ပါဘူး"

"ယူပါ ဘုံ ... ဘာဖြစ်လို့လဲဆိုတော့ မင်းမမကြီးပျော်ရွှင်ရေးပါ၊ ကိုကြီး ပြောပြီးပြီ ... မင်းမမကြီးလည်း အရမ်းဝမ်းသာနေတယ်၊ ဘုံလေးကို ပြင်ဆင်ပေးချင်တာကြာပါပြီတဲ့"

မမကြီးကတော့ ဘုံ့ကို အလှအပဆုံးပြင်ဆင်ပေးချင်သည်။ ခြံရှံ့ကိုရောပဲ ...

"မင်းမမကြီးမှာ ကိုယ်ဝန်လွယ်ထားရတယ်လေ ... မင်းပျော်ရွှင်စေချင်တယ် မဟုတ်လား"

"ရှင် ... ဟုတ်"

ကိုသုတ လူယုတ်မာကြီးပဲ ... ဘုံသာ ငြင်းဆန်ပစ်လိုက်လျှင်





မမကြီးဘဝ လမ်းဘေးကို ရောက်သွားနိုင်သည်။ အမေရောပဲ ... အခုတလော စိတ်ချမ်းသာနေပါသည်။

"အမေမေးရင် ဘုံ ဘယ်လိုဖြေရမလဲ ... ပြီးတော့ ခြံရှံ ... ဒီကောင်က ဘုံ အမှားအယွင်းလုပ်ပြီး ကိုယ်ကျင့်တရားပျက်ပြားမှာကို အရမ်းကြောက်တယ် ကိုကြီး ... မမကြီးကို စိတ်ချမ်းသာအောင်ထားရင် ရပါပြီ"

"ချစ်ခြင်းဘုံ ... မင်း အရမ်းစကားများတဲ့ကောင်မလေးပဲ မင်းတို့မိသားစုအတွက် ကိုကြီးတိုက်ခန်းစီစဉ်ပြီးပြီ ... ခြံရှံနေပေါ့၊ မင်းတို့သားအမိက သုန္ဒကိုစောင့်ရှောက်ဖို့ အိမ်လာနေပါ"

ရှင့်အကြံတွေက ဒါအကုန်ပဲလား ... ဘုံ့ကိုသိမ်းပိုက်ဖို့ နည်းမျိုးယာယ်မျိုးစုံနှင့် ဗြူဟာတွေဆင်လာသည်။ ဘုံကစမိပြီးပြီပဲ ... ခြံရှံကတော့ ကိုသုတ ပေးကမ်းထောက်ပံ့တာတွေကို လက်ခံမှာမဟုတ်။ အထင်ကြီးပြီး ကျေးဇူးမတင်နိုင်။ ဘုံကိုယ်တိုင်သူ့မလုပ်ရပ် က အန္တရာယ်ကြီးကြောင်း သိလာသည်။

"ကိုကြီး ဝတ်ပေးမယ်နော် ... လာပါဘုံရယ်"

သူမလက်လေးကိုဆွဲပြီး ... စိန်လက်စွပ်တစ်ကွင်းဝတ်ပေးသည်။ လက်စွပ်ပေးတယ်ဆိုတာ လက်ထပ်ခွင့်တောင်းတာပဲ။ ကိုနန္ဒမိတ်ပေးတဲ့လက်စွပ်လေးကို မြင်ယောင်လာ၏။ ကိုနန္ဒမိတ် ဘုံ့ကိုလက်ထပ်ခွင့်တောင်းခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com


"စိန်လက်စွပ်လေးက ပဏာမလက်ဆောင်လေးနော် ဘုံ... မင်းလက်ခံပေးပါ"

ဘုံ သေပစ်ချင်တယ်။ စိန်လက်စွပ်ပေးတဲ့အဓိပ္ပါယ်တွေကို သိနေသည်။ ဘုံ ဓာချွေးတွေပင်ပျံချင်လာသည်။

"ချစ်ခြင်းဘုံ"

"ဟင်"

"လက်ဖျားလေးတွေအေးစက်နေပါလား ... ကြောက်နေလို့လား ဘုံ"

"ဟုတ်ကဲ့ ... ဘုံကြောက်တယ်၊ လက်မခံသင့်ဘူးလို့လည်း ထင်ပါတယ်၊ ခြံရှင်လည်း ဒေါသထွက်လိမ့်မယ် ... ဘုံတို့ကို အမ်း လောက်အများကြီး မထောက်ပံ့ပါနဲ့ကိုကြီး ... ဘုံ ပြန်ပါရစေ"

သူမ သေသေချာချာစဉ်းစားကြည့်တော့ ကိုနန္ဒမိတ်က သူမ အတွက် အသင့်တော်ဆုံးရွေးချယ်မှုပါပဲ ... သူမ ပြန်ချင်နေသည် ကိုသုတက ... အဝတ်အစားအသုံးအဆောင်တွေ ဝယ်ပေးနေသေး၏။ ဘုံ ငြင်းလည်းမရ၊ ပစ္စည်းတွေကို ပုန်းလျှိုးကွယ်လျှိုးနှင့် သူမ အိမ်လေးထဲဝင်လာတော့ ခြံရှင်မရောက်သေး၍တော်သေးသည်။

"ဘုံ ပြန်ပြီလား"

"ဟုတ်ကဲ့အမေ ... ဘယ်လိုလဲဟင် အမေနေကောင်းလား"

"အင်း ကောင်းတယ် ... သမီးကြီးနဲ့တွေ့လိုက်ရလို့လားမသိ ဘူး၊ အမေနေကောင်းတယ် ... အိပ်လို့လည်းပျော်တယ်ကွယ်"

အမေ့မျက်နှာပေါ်မှာ တက်ကြွမှုတွေနှင့်အပြုံးတွေ ဝေနေ သည်။

"အမေအိပ်တော့နော် ... ဘုံလည်းအနားယူတော့မယ်၊ ခြံရှင် ရော"

"ဘုံ"

"ရှင် အမေ"

"ခြံရှင့်ကိုပြောပေးပါ၊ ဒီကောင်လေး ဟိုကလေးမကိုမတရား လုပ်တာမျိုး အမေမကြိုက်ဘူး၊ ခြံရှင့်ကို လက်ကျောမတင်းမှာလည်း စိတ်ပူတယ်"

ခြံရှင်ကြိုက်နေတဲ့ကောင်မလေးက မမကြီးယောက်မဖြစ်နေ တာ အမေသိရင် ဘယ်လောက်များစိတ်ထိခိုက်ကြေကွဲရှာမလဲ။ ဘုံ ရော ... ခြံရှင်ရော ... အမေမကြိုက်တာတွေ လုပ်မိနေကြပြီဖြစ် သည်။

"သမီး"

"ရှင်"

"သမီးလေးကို အမေပြောစရာရှိတယ်"

"ပြောလေအမေ"

"မောင်နန္ဒမိတ်ကို သမီးရွေးချယ်ပါ"



www.burmeseclassic.com

 www.burmeseclassic.com

"အမေကလည်း ဘာတွေပြောနေတာလဲ ... ကိုနန္ဒမိတ်က ဘုံ့ကိုချစ်တယ်လို့မပြောဘဲ သမီးကဘယ်လိုရွေးချယ်ရမှာလဲ"

"အမေကပြောပြထားတာပါ၊ သမီးရွေးချယ်နိုင်အောင်လေ၊ အမေထင်နေတာက မောင်နန္ဒမိတ်အနေနဲ့ သမီးကိုချစ်နေတယ်လို့လေ"

အမေရယ် ... ကိုနန္ဒမိတ်က ဘုံ့ကိုလက်ထပ်ခွင့်တောင်းပါတယ်။ ဘုံလက်မခံရဲဘူး။ အမေ့လိုပဲ ဘုံရွေးချယ်တဲ့ယောကျ်ားက ကိုနန္ဒမိတ်ပါ။

"မိန်းကလေးတစ်ယောက်ရဲ့ဘဝက လင်ရက်ကောင်းဖို့ပဲ ဘုံ ... သမီးကြီးတောင် အမေ ရင်မနေရတာပါ"

"ဘာမှတွေးမနေနဲ့နော် အမေ ... ဘယ်တတ်နိုင်မလဲ ကံပဲလေ"

အမေ့အနားကနေ ဘုံထွက်လာခဲ့သည်။ ဘုံ့ကို မဟုတ်တာတွေမလုပ်ဖို့ ... လိုအပ်တာထက် ပိုမိုဝတ်စားပြင်ဆင်ချင်စိတ်တွေ မထားဖို့ အမေပြောနေ၏။ ဘုံအိပ်ခန်းလေးထဲ ဝင်လာခဲ့သည်။ ဘုံ ဆီမှာ ဖုန်းရှိတာရော ... တခြားတန်ဖိုးကြီးအသုံးအဆောင်ပစ္စည်းတွေရှိတာရော ... အမေ့ကိုပင်အသိမပေးရဲ ... သူမအိပ်ခန်းလေးထဲ ရောက်မှ ဘုံသက်ပြင်းချနိုင်သည်။





"ကိုကြီးရဲ့အမှတ်တရလက်ဆောင်လေးကို ဘုံလက်ခံပါဘုံ"

ရှင်ကြီးက ဘာသဘောလဲ။ ကျွန်မကိုလက်ထပ်ခွင့်တောင်းတာလား။ ညီပြာကရော ... မမကြီးမှာလည်း ကိုယ်ဝန်ကဆောင်ထားသေးသည် ... သူမလက်စွပ်လေးကိုယူပြီး တန်ဖိုးကြီးမားတဲ့ ပစ္စည်းဖြစ်ပေမယ့် စိတ်ထဲမှာတန်ဖိုးမဲ့နေသည်။

"ကိုနန္ဒမိတ်ရယ် ... ဘုံလေ အခုမှ ရှင့်ကိုလက်လွှတ်ဆုံးရှုံးရမှာကြောက်နေတယ်၊ ဘုံ့လိုမိန်းမမျိုးက အဆင့်အတန်းရှိတယ်လို့ ရှင်ထင်နိုင်ပါ့မလားဟင်"

သူမကြောက်လာသည်။ ကိုနန္ဒမိတ်စိတ်ထဲမှာ ... ဘုံ့အား မိန်းမရုပ်မလေးတစ်ယောက်အဖြစ် သတ်မှတ်မှာလည်း စိုးရိမ်နေ၏။ ရင်တွေမောပမ်းနွမ်းနယ်ရသည်။

"ဘုံ ... အိပ်ပြီလား"

"အင်း ... နင်နောက်ကျတယ်နော် ခြိမ့်"

"ဘုံ ... ငါကားဝယ်ပြီးပြီ၊ မနက်ဖြန်ကစပြီး ငါကားမောင်းမယ်၊ နင်တို့ ဘာမှပူစရာမလိုဘူး၊ ငါငွေရှာမှာပါ ... ပူစရာမလိုဘူး နော်"

ခြိမ့် အပြင်ကပဲပြောပြီး ... သူ့အိပ်ခန်းထဲ ပြန်ဝင်သွားသည်။ ... ဘယ်လိုလုပ်ရမလဲ။ ကိုသုတနှင့် ခပ်ကင်းကင်းနေထိုင်ရမည်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။ သေချင်တာပဲ ... ဘုံ နောက်ဆုတ်လို့ရနိုင်ပါ့မလား။

"ခြံရဲ့အတွက်တိုက်ခန်းပေးပြီး ... ဘုံတို့က ကိုကြီးနဲ့လာနေပါ"

ဘုံ နေလို့မဖြစ်ပါဘူး။ ကိုသုတနှင့်ပတ်သက်တာက ... ခဏတဖြုတ်လေးပါ ... အိပ်စက်ချင်စိတ်တွေတောင် ပျောက်ဆုံးနေသည်။ သူမအိပ်ရာကနိုးတော့ မမကြီးရောက်လာ၏။ ဘုံတောင်အံ့သြပြီး မျက်လုံးပြူးသွားရသည်။

"ဟင် မမကြီး ... စောလိုက်တာ ဘာဖြစ်လို့လဲဟင်"

"ဘာမှမဖြစ်ပါဘူး ဘုံ ... မောင်ကလေ သဘောကောင်းပြီး မမကြီးကို အမွေအိမ်သွားခိုင်းနေတာ ... မမကြီး ဟင်းတွေလည်း ချက်လာတယ်၊ ဘုံလေး ထမင်းဗူးထဲထည့်ပေးမယ်"

ကိုသုတကတော့ အရမ်းကြီးကိုလုပ်နေတော့တာပါလား။ လွန်တယ် ... ဘုံ စောစောစီးစီး စိတ်ညစ်သွားရသည်။

"ဘုံလေး"

"ဟင်"

"ညီမလေးတို့ထမင်းဗူးကိုလေ မမကြီး ပြင်ဆင်ပေးချင်နေတာကြာပါပြီ ... မောင်က သဘောကောင်းလို့လေ၊ ခြံရဲရော ... မမသွားနိုးမယ်၊ မောင်လေးအိပ်ပုတ်ကြီးကို အစောကြီးမနိုးရတာကြာပြီ"





မမကြီး ပျော်နေသည်။ အရင်ကထက်စာလျှင် မမကြီးပြည့်ဝ...၏။ မမကြီးရယ် ... အဲဒီလိုဖြစ်အောင် ဘုံလုပ်ခဲ့တာပါ။

"ဘုံလေး မျက်နှာသစ် ... ရေချိုး ... ပြင်ဆင်တော့နော်၊ ...ကြီး ထမင်းဗူး ထည့်ပြီးသွားပြီ"

"ဟုတ်"

ဘုံ ငိုပစ်ချင်သည်။ မိသားစုအပေါ် သံယောဇဉ်ကြီးမားသူ...နေ၏။ မမောနိုင်မပမ်းနိုင် လုပ်ပေးနေသည်။

"ခြံရဲရေ ... မောင်လေး ... အိပ်ပုတ်ကြီးတဲ့ကောင်လေး ... "

ခြံရဲ့ကိုလည်း မမကြီးကသွားနှိုးနေသည်။ ခြံရဲ့မှာ ကားရှိနေ... အမေပင်မသိသေး ... သူငယ်ချင်းအိမ်မှာထား၏။ ဘုံရေချိုးရင်း ...ပြင်ပေါ်မျက်ရည်တွေက စီးကျလျှက် ... နာကျင်ရသည်။

"မမကြီးပျော်ဖို့ ဘုံလုပ်ခဲ့မိတာပါ၊ မမကြီးသိသွားရင် ဘုံ့ကို ...ရမ်းမုန်းတီး နာကျည်းသွားမှာလားဟင်"

ဘုံငိုချင်၍ တမင်ရေနှင့်မျက်နှာကိုသစ်ရသည်။ ခြံရဲ ထလာ... မမကြီးအသံက ဆာနေသည်။

"ဘုံလေး အအေးပတ်မယ် ... မြန်မြန်ချိုးလေ၊ ဒီကလေးမ...ချိုးကြာတဲ့အကျင့်က ပျောက်ကိုမပျောက်ဘူး"

မမကြီးအော်နေ၍ ဘုံရေချိုးတာရပ်ပြီး ... အခန်းထဲပြန်ဝင်



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့သည်။

"ပြင်ဆင်ပြီးရင် ... မောင်နှမတွေ မေမေ့အခန်းလာကြ ... မနက်စာ စားကြမယ်"

"မမကြီး ... ခြိမ့်ရုံမစားတော့ဘူး၊ အရေးကြီးလို့ စောစောသွားရမယ်"

"မရဘူး ... မရဘူး ... လာခဲ့ဟဲ့ ... ဘုံမပြီးသေးဘူးလား"

"ပြီးပါပြီ မမကြီး"

ဘုံလည်း ... မမကြီးနှင့်မျက်နှာချင်းဆိုင်ရမှာ ကြောက်နေသည်။ ခြိမ့်ရုံရောပဲ ... နှစ်ယောက်သားကုတ်ကုတ်လေးနှင့် မမကြီးရှေ့ရောက်လာကြသည်။

"တို့မိသားစုတွေ တစ်စုတစ်ဝေးတည်းမစားကြရတာ ကြာပြီလေ၊ ခြိမ့်ရုံ မောင်လေး ... အမေ့ကို တစ်ယောက်ထဲထားခဲ့မလို့လား"

"ကျွန်တော် အငှားကား မောင်းမလို့ပါ"

"ဟင် ... ဟုတ်လား"

"ညည်းမောင်ကလေ အခု သူဌေးသမီးလေးတစ်ယောက်နဲ့ ကြိုက်နေတာလေ ... ကောင်မလေးက အရမ်းရှိသေတယ်၊ အမေ့ကို လာလာကြည့်တယ်"

"ဟုတ်လားမောင်လေး ... သူဌေးကိုချစ်ရင် မင်းစိတ်ဒုက္ခ





ရောက်ရမှာနော်"

သုန်လည်း မောင့်ရဲ့အထင်သေးပစ်ပယ်မှုတွေကို ခံရသည်။ မိသားစုနှင့်ဝေးရတော့မလို့ ...

"ကောင်မလေးမိဘတွေက ... မမကြီးတို့မိသားစုကို အထင် သေးမှာလေ"

"ခြိမ့်ရုံကတော့ မိဘနဲ့ဘုံ့ကိုစွန့်ပစ်ရမယ်ဆိုရင် ... ဒီမိန်းမကို ဘယ်တော့မှလက်မထပ်ဘူး"

မမကြီးယောက်ျားလိုမဟုတ်ဘူးဟု ... ခြိမ့်ရုံပြောချင်တာပါ။ မပြောဖြစ်တော့ ... ဘုံ့ကိုခေါ်ပြီး ခြိမ့်ရုံ အပြင်ထွက်လာသည်။

"နင့်ကို ကုမ္ပဏီလိုက်ပို့ပေးမယ်"

"ခြိမ့်ရုံ"

"ပြော"

"နင်ရပ်လိုက်သင့်ပြီ၊ မမကြီးသိသွားရင် ပြဿနာတက်လိမ့်မယ်"

"တက်ပါစေဘုံ ... ငါကတော့ မမကြီးယောက်ျားကို လုံးဝ အထင်မကြီးဘူး"

"နင် သူများသားသမီးကို"

"သူက ကိုသုတညီမဖြစ်နေတာ ကံဆိုးတာပဲလေ"

"ခြိမ့်ရုံ"



www.burmeseclassic.com

www.burmeseclassic.com



"ပြော"

"နှင် တကယ်မချစ်ဘူးလား ခြိုရံ"

"မချစ်ဘူး"

"ဒုက္ခပါပဲဟယ် ... သူပေးတာတွေ နှင်ဆက်မယူနဲ့တော့"

"ယူမှာပဲ ... ကိုသုတဆီက ယူသလိုမျိုး ငါကသဘောထား တာ"

"ခြိုရံ"

"ပြော"

"မမကြီးယောကျ်ားကလေ ... နှင့်ကိုတိုက်ခန်းတစ်ခန်းဝယ် ပေးပြီး အမေ့ကိုသူ့အိမ်မှာခေါ်ထားမလို့တဲ့ ... သူ့မိန်းမအတွက် အဖော်တဲ့"

BURMESE CLASSIC

"ဘာပြောတယ်"

"နှင်ကလဲဟယ် ... ဘာဖြစ်လို့ ဒီလောက်အော်ရတာလဲ"

"အလကား ... ဘာမှအထင်ကြီးမနေနဲ့ ... ဘုံနော် နှင်ဝေး ဝေးနေနော် ... ဒီလူက စားဖားကြီး မယုံနဲ့"

ခြိုရံက ဘုံ့ကိုမသင်္ကာတဲ့မျက်လုံးတွေနှင့် ကြည့်သည်။ ဘုံပင် မလုံမလဲနှင့်။ ခြိုရံက မမကြီးယောကျ်ားကို လုံးဝမပတ်သက်ဘဲ နေ ထိုင်သည်။

"အမေ့ကို ငါရှာဖွေကျွေးနိုင်ပြီ ... မမကြီးကိုတော့ ငါသနား





ပါတယ်၊ မိသားစုအပေါ် အရမ်းသံယောဇဉ်ကြီးတယ် ... ငါတို့ကို အရမ်းရောနေတာကိုက မဟုတ်တာ"

"မမကြီးမျက်နှာကိုတော့ထောက်ပါဦး ခြိုရံရယ်"

"နှင်လည်းကင်းကင်းနေစမ်း ဘုံ ... ငါပြောထားပြီးပြီနော်"

"အင်းပါ"

ဘုံ ဘယ်လိုလုပ်ရမလဲ ... ခြိုရံက လုံးဝလက်ခံမှာမဟုတ်။ ကိုသုတအပေါ် ခြိုရံ့ရဲ့မုန်းတီးရွံရှာမှုတွေက အတိုင်းအဆမဲ့နေသည်။ ဘုံရောပဲ ... ကိုသုတနှင့်ဘုံပတ်သက်မှုက အလွန်အကျွံမဖြစ်စေရန် ဘုံ အချိန်မီ ထိန်းရတော့မယ်။

"ဘုံ ... နှင့်ကိုပြောချင်တာက ကိုနန္ဒမိတ်ကိုပဲရွေးချယ်ပါ၊ ငါက ယောကျ်ားလေးဆိုတော့ သိပ်မပြောချင်ဘူးနော်"

"အင်းပါဟဲ့"

ခြိုရံ့နဲ့ဘုံက အမွှာမောင်နှမဆိုတော့ နှစ်ယောက်သား ပွင့် လင်းမှုတွေတော့ရှိနေသည်။ ကိုနန္ဒမိတ်နဲ့တော့ ... အမေရောခြိုရံပါ သဘောတူနေကြ၏။ ဘုံ့ကို ကုမ္ပဏီအထိ ခြိုရံကသူ့ကားအသစ်နှင့် လိုက်ပို့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၂ )

"ဘုံ"

"ရှင်"

"မင်းဘာတွေစဉ်းစားပြီး လာနေတာလဲကွာ … ကိုယ် စဝင်လာထဲကကြည့်နေတာ"

"ဘာမှမဟုတ်ပါဘူး ကိုနန္ဒမိတ်ရယ် … ဘုံ့အမေကျွန်းမာရေးအတွက်ပဲ စဉ်းစားနေတာပါ"

"ဘုံ"

"ဟင်"

သူမအကြည့်တွေက ကိုနန္ဒမိတ်ထံမှသွေဖယ်၍ ညိုပြာနှင့်တွဲ၍ဝင်လာတဲ့ ကိုသုတနှင့် အကြည့်ချင်းဆုံမိသွားသည်။

"ဟင်"

ကိုသုတလည်း တွေ့သွားသည်။ မျက်နှာပျက်ပျက်နှင့် ဘုံ့ကို





လှမ်းကြည့်နေ၏။ ဘုံကတော့အေးစက်စက်နှင့် အကြည့်ကိုလွှဲပစ်လိုက်သည်။ ဘုံ ရှန်းထွက်ရမယ့်အချက်ပဲ …

"ဘုံ"

"ဟင်"

"ညိုပြာ့လိုမိန်းကလေးတစ်ယောက်ကြောင့် … ကိုယ်တို့ကုမ္ပဏီ နာမည်ပျက်ရတယ်၊ ညိုပြာ ကုမ္ပဏီကနေ အထုတ်ခံလိုက်ရတယ်"

"ဟုတ်လား"

"ဒီသူဌေးတော့မလွယ်ဘူး ဘုံ … ကိုယ်ကြားရတာက ညိုပြာ ချုပ်ကိုင်တာ အတော်လေးခံနေရတယ်တဲ့"

"ဟုတ်လား"

မမကြီးအတွက် အရမ်းခံစားနေရသည်။ ကိုသုတရှုပ်ပွေမှုတွေက သူမဒေါသတွေကိုပေါက်ကွဲဖို့အထိ တွန်းအားပေးနေသည်။

"ဘုံ"

"ဟင်"

"ကုမ္ပဏီကို သွားကြမယ်လေ"

"အင်း … ဟုတ်သားပဲ"

ညိုပြာကလည်း … ကုမ္ပဏီထဲကို ဝင့်ဝင့်ကြွားကြွားဝင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com

"ချစ်ခြင်းဘုံ"

"ပြော"

"မင်းနဲ့ကိုသုတ သိတယ်ဆို"

"သိတယ်"

"မင်းအကြောင်းတွေကိုမေးနေလို့ ... ကိုနန္ဒမိတ်ရည်မှန်းနေတဲ့ကောင်မလေးလို့ ပြောလိုက်တယ်"

ကိုကိုက ဘုံ့ကိုတွေ့လိုက်တော့ ... ထိတ်ထိတ်ပျာပျာနှင့် ရှောင်ထွက်သွားဖို့ကြံစည်တာ ညိုပြာရိပ်မိပြီး ... အတင်းအကြပ်မေးတော့မှ သူ့မိန်းမညီမတဲ့ ... ညိုပြာမယုံနိုင်။ သူမနှင့်ကိုကိုတွဲနေတာ ဘုံသိနေတာပဲ ... ဘုံ ဘာမှမပြောပေ။

"နင်က ကိုကို့မိန်းမရဲ့ညီမလား"

"နင့်ကို သူကဒီအတိုင်းပဲပြောလား"

"ပြောတယ် ... နင် အစောကြီးထဲကသိနေတာပေါ့ ... ဘာဖြစ်လို့ ရေငုံနှုတ်ပိတ်နေရတာလဲ"

"ရှက်လို့"

"ဘာ"

"အရှက်မရှိတဲ့လူတွေကလုပ်ရဲပေမယ့် ... ဘုံကတော့ရှက်တယ်၊ ကိုယ့်ခဲအိုဖောက်ပြန်နေတာကြီးကို ပတ်ဝန်းကျင်ကသိမှာတောင် ငါရှက်တယ်"

ဖိုးလပြည့်စာပေ



"နင်"

ညိုပြာ ဒေါသတွေထွက်နေသည် ... ဘုံကတော့ အေးအေးဆေးဆေးပင် ... တခြားဝန်ထမ်းတွေရောက်လာ၍ ညိုပြာထွက်သွားသည်။

"ဟဲ့ ... ဟိုမိန်းဘာလာလုပ်တာလဲ ... ဟိုအဖိုးကြီးက သူ့ကိုခွာစပြုနေပြီလို့ သတင်းကြားတယ်၊ နင်လည်းသတိထားနော် ဘုံ၊ ကိုနန္ဒမိတ် ပါသွားဦးမယ်"

"ကိုနန္ဒမိတ်နဲ့ဘုံ ဘာမှမဆိုင်ပါဘူးနော်"

"နင်တို့နှစ်ယောက်ထဲ ... ညစာထွက်စားကြတာရော ... ကိုနန္ဒမိတ်က နင့်ကိုလက်ထပ်ခွင့်တောင်းတာရော ... တစ်ရုံးလုံးသိကြတယ်နော် ဘုံ"

"ဟင် ... ဘယ်လိုလုပ်ပြီးသိကြတာလဲ"

"နင်တို့နှစ်ယောက် ညစာသွားစားကြတဲ့ဆိုင်က ဝန်ထမ်းပြောတာလို့ သတင်းကြားတာပဲ"

"ဘုရားရေ"

မကောင်းမှုက ဆိတ်ကွယ်ရာမရှိပါလား ... တိုက်တိုက်ဆိုင်ဆိုင်ဖြစ်သွားရသည်။ သူမ ဆင်ဆင်ခြင်ခြင်နေထိုင်ဖို့ လိုအပ်ပြီဖြစ်၏။ ဘုံ့စိတ်တွေရှုပ်ထွေးနေသည်။ ကိုနန္ဒမိတ်ကိုရွေးချယ်ဖို့ လောလောဆယ်မဖြစ်နိုင်သေးပါဘူးဟု ဘုံထင်သည်။

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ဘုံ ... နင်ကငြင်းတယ်ဆို ... ဘာဖြစ်လို့လဲ ... နင်က လက်စွပ်ကိုပြန်ပေးတယ်ဆို"

"ကျွန်မစိတ်ရှုပ်နေလို့ ဘာမှမပြောချင်တော့ဘူးဟာ အမေ ကလည်း နေမကောင်းဘူး"

ညီပြာနဲ့ရုပ်တာ ဘုံ့ခဲအိုဆိုတာ ကုမ္ပဏီဝန်ထမ်းတွေသိသွား မှာ ကြောက်မိသည်။ ကိုသုတ ဘယ်အချိန်ဖုန်းဆက်မလဲ တထိတ် ထိတ် ... မီးစတွေက တောက်လောင်တော့မည်ဖြစ်၏။ ခြံရုံက လည်း ပြင်းပြင်းထန်ထန်သတိပေးနေသေးသည် ... ထင်ထားတဲ့ အတိုင်းပင် ... ဘုံ့ဆီကို သူဖုန်းဆက်သည်။

"မင်းအခုချက်ချင်း အပြင်ကိုထွက်လာခဲ့ပါ ဘုံ ... ကိုကြီး တွေ့ချင်တယ်၊ မင်းကိုရှင်းပြစရာတွေ အများကြီးရှိတယ်ကွာ"

"ကျွန်မထွက်လာလို့မရဘူး ... ကိုကြီးကိစ္စ ဘုံ မသိချင် ယောင်ဆောင်ပေးထားပါ့မယ်"

"မဟုတ်ဘူးကွာ ... ကိုယ်ပြောစရာရှိလို့ပါ၊ မင်းထွက်ခဲ့နော် ဘုံ ... အလုပ်ကထွက်လိုက်ပါ၊ ကိုကြီးကုမ္ပဏီမှာဆိုရင် လခအများ ကြီးပေးမယ်"

"ကျွန်မ ဘယ်ကုမ္ပဏီမှာမှမလုပ်ပါဘူး"

"ဘာပဲဖြစ်ဖြစ် မင်းထွက်ခဲ့နော် ... ဒါပဲ"

ဘုံ ဘယ်လိုလုပ်ရမလဲ ... အမေနှင့်မမကြီး ... ဘုံ မပတ်





သက်ချင်တော့ပေမယ့် သွားပြီးစမိထားပြီဖြစ်သည်။ မတတ်နိုင် တော့ ... ပြဿနာမဖြစ်ချင်၍ ဘုံထွက်လာခဲ့၏။ ကိုနန္ဒမိတ်လည်း အပြင်ထွက်နေသည်။ ဒီကုမ္ပဏီမှာလည်း ဘုံဆက်ပြီးမလုပ်ချင်တော့ ပြဿနာတွေကရှုပ်ထွေးလွန်းနေ၏။ ခွင့်ပြုပြီး ဘုံထွက်လာခဲ့သည်။

"တက်လေ ဘုံ ... "

ကိုသုတ ... တကယ့်ကိုရှုံ့မှုန်းစရာကောင်းနေသည်။ ဘုံ မုန်း တီးနေ၏။ လူယုတ်မာကြီး ... အရှက်နည်းလွန်းတယ်။ ဘုံ ကား ပေါ်တက်လိုက်သည်။ ဖြစ်ချင်ရာဖြစ်ပဲ ... ဒီလိုဖြစ်သွားစေရန် ဘုံက တောင်ခဲ့သူပါ ... မမကြီးရဲ့အပျော်တွေကိုလည်း ဘုံရိုက်မချိုးရက်။ အမေလည်း အခုတလော ကျန်းမာရေးကောင်းနေသည်။ ဘုံ့ကို ခေါ်ပြီး မြို့ပြင်ဘက် မောင်းလာသည်။

"ကိုကြီး ... ကားက ဘယ်ကိုမောင်းနေတာလဲ၊ ဘုံ ဆက် လိုက်နိုင်တော့ဘူးနော်"

"ဒီလမ်းဘေးမှာ ရပ်မှာပါ၊ လူရှင်းတဲ့နေရာ"

"ဟင်"

လမ်းဘေးမှာ ကားထိုးရပ်သွားမှ ဘုံသက်ပြင်းမောကြီးကို ချတ်ထုတ်ပစ်လိုက်ရသည်၊ ဘုံ ဆက်မလုပ်သင့်တော့ဘူးလား။ အန္တ ရာယ်က အကြီးမားဆုံး ကျရောက်မည့်အနေအထားမျိုး ဖြစ်နေ သည်။



www.burmeseclassic.com

www.burmeseclassic.com


"ဘုံ"

"ရှင်"

"မင်းကို ပွင့်ပွင့်လင်းလင်းပဲပြောမယ်၊ အကိုကြီးက လူမှေ့ ဆိုတာ မင်းအစောကြီးထဲကသိတယ်မဟုတ်လား ဘုံ"

"အင်း"

ညိုပြာနှင့်ဘုံတို့က ကုမ္ပဏီတစ်ခုထဲပဲဆိုတာ ... သုတ ဒီနေ့ သိလိုက်ရသည်။ မင်း ဒါကြောင့်ပဲ ငါ့ဆီကိုလာပြီး ညကလီးယား လွှတ်တာမဟုတ်လား ချစ်ခြင်းဘုံ ... ဒါပေမယ့် ငါကစွဲလမ်းသွားပြီ မင်းကြောင့် မင်းမိသားစုအပေါ် ငါအကောင်းဆုံးလုပ်ပြခဲ့ပြီးပြီ ချစ်ခြင်းဘုံက ချောမောလှပလွန်းသည် ... နန္ဒမိတ်ဆိုတာ အ ကောင်လဲ ... မင်းချစ်သူလား ... ညိုပြာကတော့ နန္ဒမိတ်က လ ထပ်ခွင့်တောင်းထားသည်တဲ့။ ဘုံကလက်မခံသေးကြောင်း ပြော သည်။

"ညိုပြာက အစ်ကိုကြီးကို အတင်းအကြပ်ထောင်ချော ဆင်ပြီး ကြိုးသွင်းခဲ့တာပါ ဘုံ"

"ရှင်"

"ကိုကြီး မလုပ်နိုင်မလွန်နိုင်ဖြစ်ရတယ် ... မင်းအစ်မ တောင် ကွာရှင်းပစ်ရတော့မယ်၊ ဒါပေမဲ့ မင်းကြောင့် ကိုကြီးအ လုပ်သင့်လဲဆိုတာ ပြတ်ပြတ်သားသားဆုံးဖြတ်နိုင်ခဲ့တယ် ဘုံရယ်



သူ ... ချစ်ခြင်းဘုံကို ဘယ်လိုအကြောင်းတွေနဲ့မှ လက်လွှတ် မခံနိုင်တော့ ... အရယူဖို့ကြိုးစည်နေသည်။

"မင်းကိုချစ်လို့ပဲ"

"ရှင် ... ရှင် ... အစ်ကိုကြီးရယ် မဖြစ်နိုင်တာပဲ ... ကျွန်မက မမကြီးရဲ့ညီမပါ၊ ဘယ်လိုလုပ် ဒီလိုကိစ္စမျိုးတွေဖြစ်နိုင်မှာလဲ"

"ဘယ်သူမှ မသိစေရပါဘူး၊ ကိုကြီးတို့အိမ်မှာ ဘုံလိုက်နေ လေ၊ မင်းမမကြီးက ကိုယ်ဝန်ကြီးနဲ့ ... ကိုကြီး အပြင်မှာမဖောက် ပြန်ချင်ဘူး၊ ဘုံ နားလည်ပေးပါ"

ဘုံ ဒေါသထွက်သွားသည်။ ဒီလောက်အရှက်မရှိတဲ့ လူတစ် ယောက်ကို ဘုံမမြင်ဖူးသေးပေ။ မမကြီး ကံဆိုးလိုက်တာ။ ဘုံ ဘယ် လိုလုပ်ရမလဲ။ အပြတ်သားဆုံးဖြင်းပစ်ဖို့ကလည်း မိသားစုတွေကရှိ သေးသည်။

"မင်းမမကြီးကို စိတ်သောကရောက်အောင် ကိုကြီးထပ် မလုပ်ချင်ပါဘူး၊ မင်းအမေကိုလည်း ကိုကြီးစောင့်ရှောက်ပေးပါ့မယ်၊ ဒိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲဖိတ်လေ"

"တော်ပါတော့ကိုကြီးရယ် ... ဘုံပြဿနာတက်မှာကြောက် တယ်၊ ပြီးတော့လေ ... ညိုပြာနဲ့ကိုကြီး အပြတ်ရှင်းပစ်ပါ၊ ဘုံတို့က ကုမ္ပဏီတစ်ခုထဲလေ"

"ဒီကုမ္ပဏီကနေ ဘုံထွက်လိုက်တာအကောင်းဆုံးပဲ ကိုကြီး


www.burmeseclassic.com

 www.burmeseclassic.com

အနားမှာ လာနေပေးပါ၊ မင်းမမကြီးကို မင်းချစ်တယ်မဟုတ်လား မင်းအမေလည်းမသေခင် အကောင်းဆုံးတွေနဲ့ နေထိုင်စားသောက်သွားပါစေ”

ရှင်ကြီးကတော့ လူလည်ကြီးပဲ ... ညီပြာနဲ့ရှင်းလိုက်ပါဦး ဘုံ အချိုသက်ထားဖို့ စဉ်းစားထားသည်။

“နန္ဒမိတ်ဆိုတာကရော ဘယ်သူလဲ ... မင်းနဲ့ဘယ်လိုပတ်သက်နေလဲ ဘုံ”

“ကျွန်မကို လက်ထပ်ခွင့်တောင်းထားတဲ့သူပါ”

“မင်း ... မင်း ... လုံးဝလက်ခံလို့မဖြစ်ဘူးနော် ချစ်ခြင်းဘုံ မင်း ... တခြားယောကျ်ားတစ်ယောက်နဲ့လက်ထပ်ဖို့ လုံးဝမရဘူး”

သုတ ဆောက်တည်ရာမရအောင်ပင် ဒေါသတွေပေါက်ကွဲရသည်။ ချစ်ခြင်းဘုံ လက်ကိုဆုပ်ကိုင်၍ ပြောနေမိ၏။ သူ ... ချစ်ခြင်းဘုံကို ချစ်မိသည်။ ဘယ်လိုမိန်းမမျိုးကိုဖြစ်ဖြစ် နှလုံးသားကင်းမဲ့စွာ ရက်စက်နိုင်သူ ဖြစ်ခဲ့သည်။ သူ အတ္တပါကြီးခဲ့တာပါ။ မိန်းမတွေကို အနိုင်ကျင့်ရက်စက်ဖို့ဆန္ဒတွေ ပြင်းပြခဲ့သည်။

“ချစ်ခြင်းဘုံ ... ဒီပြဿနာကို မင်းစခဲ့တာပဲ ... မင်းဘယ်လိုရည်ရွယ်ချက်တွေနဲ့ ငါ့ဆီချဉ်းကပ်ခဲ့လဲဆိုတာ ငါသိတယ်”

“ကိုကြီး ... မလုပ်သင့်ဘူး၊ ဟုတ်တယ် ... အစကတော့ မမကြီးအပေါ်ရက်စက်လို့ ဘုံဒေါသထွက်ပြီး ကြံစည်ခဲ့တာပါ”

ဖိုးလပြည့်စာပေ



“မင်း ... မင်း ... ငါ့ကို ဒီလိုလုပ်လို့မရဘူးနော် ချစ်ခြင်းဘုံ၊ မင်းအစ်မမှာကိုယ်ဝန်ကြီးနဲ့ ... မင်းအမေလည်း ကျန်းမာရေးမကောင်းဘူး ... မင်းတို့မိသားစုဘဝလေးပျော်ရွှင်အောင် ကိုကြီးလုပ်ပေးပါ့မယ်၊ ကိုကြီး မင်းကိုချစ်မိသွားပြီ ... မင်းဆန္ဒရှိမယ်ဆိုရင် အရာအားလုံးကိုစွန့်ပစ်ပါ့မယ်”

သုတ ဘယ်လိုမှတင်းမနေနိုင်တော့ဘဲ ... ချစ်ခြင်းဘုံအားခယယတောင်းပန်နေမိသည်။

“မဖြစ်ပါဘူး ကိုကြီးရယ် ... ဘုံတောင်းပန်ပါတယ် ပြန်ကြစို့နော် ... မမကြီးနဲ့အမေသိသွားရင် သေပစ်လောက်အောင်ရှက်ကြပါ၊ ခြိမ့်ရဲ့လည်း ဘုံ့ကိုတားနေတယ်”

“မရဘူးကွာ ... ဘုံ့အချစ်တွေကိုရမှဖြစ်မယ်၊ ကိုကြီးရူးသွပ်တတ် ဘုံ့ကိုချစ်တာပါ”

“ဘုံတို့ ပြန်ကြပါစို့နော် ... ဘုံ စဉ်းစားပါရစေ”

ကိုသုတအား ... အတင်းအကြပ်ပြုလုပ်ဖို့မလွယ်ကြောင်း ဘုံသိလာ၍ အသာအယာချော့မော့ပြောဆိုနေရသည်။ ဘုံ မှားသွားတာပါ၊ မမကြီးအတွက် ကိုသုတအား ဘုံချဉ်းကပ်တာဖြစ်ပေမယ့် လွန်အကျွံရင်းနှီးပတ်သက်မှုကိုတော့ ဘုံရှောင်ရှားရမှဖြစ်မည်။ ဘုံကြောက်ရွံ့တုန်လှုပ်လာသည်။

“ကောင်းပြီ ဘုံ ... မင်းစဉ်းစားပါ၊ မင်း ကိုကြီးကိုစွန့်ပစ်သွား

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဖို့တော့ မစဉ်းစားနဲ့နော်၊ မင်း ဘယ်လိုယောကျ်ားမျိုးကိုမှ လက်ထပ်ခွင့် မရှိတော့ဘူး"

ကိုသုတကတော့ ဘုံ့ကို အကြီးအကျယ် ခြိမ်းခြောက်နေပြီ ဖြစ်သည်။ ဘုံ ဘယ်လိုရှောင်တိမ်းရမှန်းပင် မသိတော့။ ဘုံ့ဘဝကို ဘုံဒေါသထွက်မိနေ၏။ စဉ်းစားဆင်ခြင်တုံတရားကင်းမဲ့တဲ့ ချစ်ခြင်းဘုံ ...

"ဘုံ"

"ရှင်"

"မင်း ကိုကြီးတို့နဲ့လာနေပါ ... မင်းအမေ ကျန်းမာရေးကို စောင့်ရှောက်ပေးဖို့လေ"

"မကြေးကိုချစ်လို့ ကိုကြီးလက်ထပ်ခဲ့တာ မဟုတ်ဘူးလား ဟင်"

"ကိုကြီးက ရိုးသားဖြူစင်တဲ့မိန်းမတစ်ယောက်ကို လက်ထပ်တာ ... အချစ်ကြောင့်မဟုတ်ဘူး၊ မိန်းမတစ်ယောက်အပေါ် ချစ်ဖို့ ကိုကြီးဘယ်တော့မှမစဉ်းစားခဲ့ဖူးဘူး ... မင်းကိုမှ အရူးအမူး ချစ်မိသွားတာပဲ ဘုံ"

ဘုံက သူ့ကိုမုန်းတီးရွံရှာလို့ချဉ်းကပ်တာ သူသိသည်။ ဘုံ့ကို ဘယ်လိုနည်းနှင့်မှ မစွန့်လွှတ်နိုင်တော့။ သူ ရအောင်သိမ်းပိုက်ရမည် ဖြစ်၏။ မင်း ဒီလိုလာလုပ်လို့မရဘူး ချစ်ခြင်းဘုံ ... သုတဆိုတာ





မင်းကစားစရာအရုပ် မဟုတ်ဘူးကွ ... ဘုံ့ကို ပွေ့ဖက်ပြီးနမ်းဖို့ကြံ သည်တာ ချစ်ခြင်းဘုံကလက်မခံဘဲ ရုန်းကန်တွန်းထိုးဖယ်ရှားပစ်နေသည်။ ဒီကောင်မလေးအား အကြမ်းဖက်၍မရနိုင်မှန်း သုတရိပ်မိသွား၏။ မင်းအချစ်ကို မရလို့တော့မဖြစ်ဘူးနော် ချစ်ခြင်းဘုံ ... ကိုယ်ကတော့ မင်းကိုအရယူရမယ်။ ချစ်ခြင်းဘုံကိုချော့မော့၍ အိမ်ပြန်ပို့ပေးလိုက်သည်။

www.burmeseclassic.com

အခန်း ( ၁၃ )

"ဘုံ ... ကိုယ့်ကို ဘာဖြစ်လို့မချစ်နိုင်ရတာလဲ ... ကိုယ့်ဘက်က ဘာတွေလိုအပ်နေလဲဆိုတာ ပြောပြပါ"

"လောလောဆယ်တော့ ... ဘုံ အချစ်အကြောင်းတွေကို မစဉ်းစားပါရစေနဲ့နော်၊ ကိုနန္ဒမိတ်မှာ အရာရာပြည့်စုံနေခဲ့တာပါ။ မိန်းကလေးတစ်ယောက်အတွက် ... အားကိုးဖို့အသင့်တော်ဆုံး ယောကျ်ားတစ်ယောက်ပဲလေ"

"ဘုံရယ် ... ကိုယ်တို့နှစ်ယောက်က ဘဝတူတွေပါ ... ကိုယ် ကြိုးစားမယ်၊ ကိုယ့်မိသားစုအိမ်ထောင်ရေးတာဝန်ကို ကျေပြွန်စေမှာပါ၊ ဘုံ့ကိုပျော်ရွှင်အောင် ချမ်းသာအောင် ကိုယ်ထားနိုင်ဖို့ကြိုးစားမှာပါ"

ဘုံက ... အလွန်မိုက်မဲတဲ့အလုပ်တစ်ခုကို လုပ်မိနေတာပါ ကိုနန္ဒမိတ်ရယ် ... မမကြီးယောကျ်ားက ဘုံ့ကိုအလွတ်ပေးမှာ





မဟုတ်တော့ပါဘူး။ ကိုနန္ဒမိတ်ကိုလည်း ဘုံမချစ်ရဲပေ။ ဘုံ့ကိုယ်ကျင့်တရားကို သူယုံကြည်ပါတော့မလားပဲ ... တဖြည်းဖြည်း ကိုနန္ဒမိတ်ကို ဘုံချစ်မိနေပြီဖြစ်ကြောင်း သိလာရ၍လည်း ဘုံ အကြီးအကျယ်တုန်လှုပ်ခြောက်ခြားနေရသည်။ ချစ်သူရင်ခွင်ထဲပြေးဝင်ပြီး သူမ ... အခက်အခဲနှင့်အရှုပ်ထုပ်ကြီးကို ရင်ဖွင့်ပြောပြချင်လာ၏။ ကိုသုတက နောက်ယှက်မှာပါ။ တစ်နေ့နေ့ ကိုနန္ဒမိတ်ကိုပြောပြတော့မယ်။ အရမ်းရှက်စရာကောင်းတဲ့အဖြစ်တွေလေ။ ဘုံ ကြေကွဲနေသည်။

"ဘုံ"

"ဟင်"

"မင်းဘာဖြစ်နေလဲ ... ဘယ်လိုအခက်အခဲတွေနဲ့ ရင်ဆိုင်နေရလို့လဲကွာ ... ကိုယ့်ကိုပြောပြပါ၊ အခုတလော ဘုံ့မျက်နှာလေး အမြဲတမ်းညှိုးနွမ်းနေတယ်"

"ဟင့်အင်း ... ဘုံဘာမှမဖြစ်ပါဘူး ကိုနန္ဒမိတ်ရယ် ... မိသားစုပြဿနာတွေပါ၊ ကိုနန္ဒမိတ်ကူညီလို့လည်း မဖြစ်ပါဘူး၊ ဘုံ့ကိုနားလည်ပေးပါနော်"

ဘုံက သူ့ကိုချစ်နေကြောင်း ... ဘုံ့မျက်ဝန်းလေးတွေက သက်သေပြနေသည်ဟု နန္ဒမိတ် ထင်သည်။ ဘုံ့မှာ အခက်အခဲတွေရှိနေသလိုပင် ... သူသိချင်နေ၏။ အကူအညီပေးရင်တောင် ဘုံက



www.burmeseclassic.com

www.burmeseclassic.com



လက်မခံဘဲဖြစ်နေသည်။

"ဘုံ ဒီကုမ္ပဏီကနေ အလုပ်ထွက်ချင်ထွက်မယ်"

"ဘုံ ဘာဖြစ်လို့လဲဟင် ... ကိုယ့်ကိုရှောင်ထွက်ဖို့ကြိုးစားနေတာလား ... မလိုပါဘူး ဘုံရယ် ... မင်းဆန္ဒတွေအတိုင်းပဲဖြစ်စေရမှာပါ"

"တခြားကိုယ်ရေးကိုယ်တာကိစ္စတွေကြောင့်ပါ ကိုနန္ဒမိတ်ဘုံ့ကိုအချိန်လေးပေးပါနော် ... ကျန်တာကတော့ ကိုနန္ဒမိတ်ဆန္ဒအတိုင်း လုပ်ဆောင်နိုင်ပါတယ်လေ"

"ဘုံရယ်"

သူ ဘုံ့လက်လေးကိုဆုပ်ကိုင်လိုက်သည်။ ဘုံကမရုန်းဖယ်ပေ။ ဘုံ့မျက်ဝန်းလေးတွေက ရီဝေစိုစွတ်နေ၏။ ဘုံ့ကိုနားလည်စွာဖြင့် ချစ်ခြင်းမေတ္တာတွေကို ပြသရမည်ဖြစ်သည်။

"ဘုံရယ် ... မင်းဆန္ဒအတိုင်းပဲ ကိုယ်ဖြစ်စေရမှာပါ၊ မင်းဘာဖြစ်ချင်လဲ ပြောပါ ... ကိုယ်လိုက်လျှောပေးပါ့မယ်"

"ကိုနန္ဒမိတ်ရယ်"

ဘုံ ဆက်ပြီးရပ်တည်နိုင်စွမ်းမရှိတော့ ... သူ့မထလိုက်သည်။

"ဘုံ သွားတော့မယ်"

"ဘုံ"

"ဘုံတစ်ယောက်ထဲပဲ သွားပါရစေနော် ... ကိုနန္ဒမိတ် နေခဲ့





ပါ။ ပတ်ဝန်းကျင်ကနေ ဝေဖန်ကဲ့ရဲ့တာတွေ ဘုံ မခံစားနိုင်လို့ပါ"

သူ့မ ကုမ္ပဏီပြောင်းမှဖြစ်တော့မှာပါ။ မကောင်းသတင်းကမကြာခင် ... ပတ်ဝန်းကျင်ကိုပျံ့နှံ့တော့မှာ သိနေသည်။ အစ်မယောက်ျားနှင့်ဖောက်ပြန်တဲ့သတင်း ... ဘုံ ... သူ့မ စားပွဲလေးရှိရာဆီ ရောက်လာသည်။

"ဘုံ"

"ဟင် ညီပြာ ... "

"မင်းနဲ့စကားပြောချင်တယ်"

"ဘုံနဲ့ဘာပြောမှာလဲ ... ညီပြာ ... နင်နဲ့ငါ ဘာမှပြောစရာစကားမရှိဘူးထင်တယ်"

"ကိုကို့အကြောင်းပဲ"

"ဟင် ... ဘာဖြစ်လို့လဲ ... ကိုကြီးအကြောင်းဆိုရင်တောင် ဘုံ့ကိုလာမပြောပါနဲ့"

"မင်းကိုပြောရလိမ့်မယ် ဘုံ ... မင်းနဲ့ကိုကြီးတွဲနေတယ်လို့ ငါသတင်းကြားတယ်"

"ဘာပြောတယ်"

ညီပြာ့မျက်လုံးတွေက ရဲရဲတောက်နေသည်။ ဘုရားရေ ... ဘုံမလုံမလဲနှင့် ညီပြာ့ကိုရင်ဆိုင်ဖို့သတ္တိတွေ တော်တော်လေးမွေးနေရ၏။ ညီပြာ တိုးတိုးလာပြောနေ၍ တော်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းနဲ့ကိုယ် အပြင်မှာအကြိတ်အနယ်ဆွေးနွေးဖို့ စကားရှိလာပြီ မဟုတ်လား"

"ညိုပြာ ... မင်းမဟုတ်တာတွေလာမပြောနဲ့နော် ... ငါ့ခဲအိုနဲ့တွဲစရာလား ... တို့တွေဒီလိုပဲသွားလာနေတာ ရိုးနေပြီ"

"နင်တော်တော်အကျင့်ပျက်တာပဲ ချစ်ခြင်းဘုံ ... ဟိုင်းဝေးလမ်းမကြီးဘေးမှာ ကားရပ်ပြီးအချစ်နလံထနေတာ ငါမသိဘူးထင်နေလား"

"ဘာ ... "

ဘုံ ရှက်လိုက်တာ ... မျက်နှာပေါ် ရေနွေးပူပူတွေပက်ဖြန်းပစ်လိုက်သလိုပင် ညိုပြာ ဒီလောက်အထိသိနေပြီပဲ။ ပတ်ဝန်းကျင်ကို မကြာခင် ပျံ့နှံ့တော့မည်ဖြစ်သည်။

"ဘယ်လိုလဲ ချစ်ခြင်းဘုံ"

"ဒါကလည်း ငါ့ကိုယ်ရေးကိုယ်တာကိစ္စပဲ ... မင်းလုပ်ချင်တာလုပ်လေ ... ငါ ဂရုမစိုက်ဘူး"

"ဒါဆိုလည်းပြီးရောလေ ... ခဲအိုနဲ့ဖောက်ပြန်နေတဲ့သတင်းတွေ မနက်ဖြန်ကစပြီး ဖြန့်ရမယ်၊ စဉ်းစားထားနော် ဘုံ ... နင့်ခဲအိုလူရှုပ်ကြီး ငါဖြစ်ချင်တာတွေမလုပ်ပေးရင်တော့ ... နင့်အရှက်ကောင်းကောင်းကွဲစေရမယ်"

ညိုပြာ ပြန်ထွက်သွားသည်။ ရှုံးတက်ချိန်မဟုတ်၍ ပတ်ဝန်း





ကျင်မှာလူတွေမရှိသေး၍ တော်သေး၏။ ဘုံ ဘာဆက်လုပ်ရတော့မလဲ ... မကောင်းမှုဆိုတာ ဆိတ်ကွယ်ရာမရှိပါလား။ ဘုံ ... ဇောချွေးတွေပင် ပျံချင်လာသည်။ ကိုသုတဆီ ဘုံလှမ်းဖုန်းဆက်လိုက်၏။ ဘုံ့ခန္ဓာကိုယ်လေးတစ်ခုလုံး တုန်လှုပ်ခြောက်ခြားနေရသည်။

"ကိုကြီး ... ညိုပြာက ဘုံ့ကိုခြိမ်းခြောက်နေပြီ၊ ဖြေရှင်းပေးပါ၊ ဘုံ ကြောက်တယ် ... ဘုံ့ကိုကယ်ပါဦးနော်"

"OK ဘုံ ... ဘာမှမကြောက်နဲ့ ... ကိုကြီးစည်းစိမ်တွေပြုတ်သွားပါစေ၊ ဒီဟာမရဲ့ပါးစပ်ကို ပိတ်ပေးမယ်"

သုတကတော့ ညိုပြာ့အား ဘာလုပ်သင့်လဲဆိုတာ အပြင်းအထန်စဉ်းစားနေမိသည်။ သူ့ကိုဆက်သွယ်လာ၏။ တွေ့နေကျအခန်းမှာပဲ တွေ့ဖို့ချိန်းလိုက်သဖြင့် ညိုပြာရောက်လာသည်။

"ကိုကို ... ညိုပြာ့အပေါ် တော်တော်လေးရက်စက်တာပဲ ချစ်ခြင်းဘုံက ကိုကို့ခယ်မလေ ... ကုမ္ပဏီမှာဆို ဣန္ဒြေသိက္ခာကြီးတစ်ခွဲသားနဲ့ ယောကျ်ားတွေကိုများ အထင်သေးသလိုလို ... ရှုံ့ရှာမုန်းတီးနေသလိုလိုနဲ့"

"ညိုပြာ ... မင်း ... တခြားအကြောင်းတွေ ဘာမှမပြောနဲ့တော့ ... မင်း ဘာဖြစ်ချင်လဲ အဲဒါပဲပြော"

သုတ ဒေါသထွက်ချင်နေသည်။ ညိုပြာက သူ့ကိုထောင်ခြောက်ဆင်ပြီး ဖြားယောင်းသွေးဆောင်ခဲ့တာပဲဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ကိုကို"

"ပြော"

"လေသံက မာလှချည်လား"

"ညိုပြာ ... မင်း အပိုစကားတွေ မပြောတာအကောင်းဆုံးပဲ မင်းဘာဖြစ်ချင်တာလဲပဲပြော"

"ကျွန်မလား ... ရှင့်ကို တရားဝင်လက်ထပ်ချင်တယ်၊ ရှင်ပဲ လက်ထပ်ပါ့မယ်ဆိုပြီး ကျွန်မကိုဖြားယောင်းသွေးဆောင်ပြီး ပေါင်းခဲ့တာလေ"

"ထားပါတော့ကွာ ... မင်းကိုပြောပြီးပြီပဲ ... ကိုယ့်ဇနီးမှာ ကိုယ်ဝန်ရှိနေလို့လေ၊ မိန်းမကို ဘယ်လိုလုပ်ပြီးကွာရှင်းမလဲ"

"ဒါကဒါပဲလေ ... ရှင်နဲ့ဘုံတို့ဖောက်ပြန်နေတဲ့ကိစ္စ မိသားစုဝင်သိဖို့ မလိုလားဘူးထင်တာပဲ"

"ငါတို့ဖောက်ပြန်နေတယ်ဆိုတာ မင်းမှာအထောက်အထားရှိလို့လား ညိုပြာ"

"ရှိတယ်"

ညိုပြာက ဓာတ်ပုံတစ်ပုံထုတ်ပြတော့ သုတအထိတ်တလန့်ဖြစ်သွားရသည်။ အခုလောက်ဆိုရင်တော့ ချစ်ခြင်းဘုံကြောက်နေလောက်ပြီဖြစ်၏။ သူ အကာအကွယ်ပေးရမယ်။ ညိုပြာက ဘယ်လိုမိန်းကလေးမျိုးလဲဆိုတာ သုတအသိဆုံးပင် ... ညိုပြာက သူ့ကိုဒုက္ခ





ပေးတော့မယ်။ သုတဆိုတဲ့ကောင်ကို ဒီလိုလာလုပ်လို့ဘယ်ရမလဲ။

"ညိုပြာ ... မင်းအတွက် မင်းလိုချင်တာတွေ ကိုကိုအားလုံးဖြည့်စွမ်းပေးမယ်၊ မင်း ကိုယ်တို့နဲ့အဝေးဆုံးကိုထွက်သွားပေးပါကွာနော် ... မင်းဘာလိုချင်လဲပြော"

"ကိုကိုနဲ့ညိုပြာ တရားဝင်လက်ထပ်မယ် ... စည်းစိမ်းဥစ္စာတွေကတော့ ကိုကို့မယားကြီးကိုပေးလိုက်ပါနော်၊ ညိုပြာချစ်တာကိုကိုပါ၊ စည်းစိမ်းဥစ္စာတွေ မဟုတ်ပါဘူး ကိုကိုရယ်"

ဘယ်ရမလဲ ... ညိုပြာပဲလေ ... ရှင်ကြီးကိုအရယူပြမယ်။ ကျွန်မက သူဌေးကတော်ဖြစ်ချင်တာလေ။ ကိုသုတရဲ့စီးပွားအရှာကောင်းပုံနှင့် ချမ်းသာကြွယ်ဝမှုတွေကို ညိုပြာသိထား၍ဖြစ်သည်။

"ကိုကိုရယ် ... ချစ်ခြင်းဘုံက ကိုကို့ကိုဒုက္ခပေးဖို့ကြံစည်တာပါ၊ သူချစ်နေတာက ကိုနန္ဒမိတ်ပဲ ... ကိုကို သိရဲ့လား"

"တော်စမ်း ... မင်းဆက်မပြောနဲ့တော့ ငါ မင်းကိုတရားဝင်လက်မထပ်နိုင်ဘူး၊ မင်းလုပ်ချင်တာလုပ်လေ ... ငါ မင်းခြိမ်းခြောက်တာတွေကို ကြောက်နေမှာမဟုတ်ဘူး"

သုတ ဒေါသတွေဖြစ်လာသည်။ ချစ်ခြင်းဘုံမှာ ချစ်သူရှိနေတာကို သူလုံးဝမကြားလိုပေ ... သူ့ရှေ့မှာရှိနေတဲ့ ညိုပြာ့ကိုသာ အမှုန့်ကြိတ်ပစ်ချင်သည်။

"ငါ့ကိစ္စ ငါပဲရှင်းမယ် ... ချစ်ခြင်းဘုံကိုထိဖို့မကြံစည်နဲ့နော်၊


www.burmeseclassic.com

www.burmeseclassic.com

ဒီခေတ်ပုံက မင်းတို့ကွန်ပျူတာနဲ့ပြုပြင်လုပ်ကြံထားတာပဲ မယုံဘူး"

"ကိုကိုက တကယ်ပဲဂုဏ်သိက္ခာတွေမဲ့ချင်လို့လား ... ညိုပြာက ကိုကို့ကုမ္ပဏီကို အပိုင်လိုချင်ပါတယ်ဆိုရင်ရော"

"ဘာပြောတယ် ... မင်း လောဘတော်တော်ကြီးတာပဲ"

ညိုပြာ့ကို ကုမ္ပဏီကြီးအပိုင်ပေးလိုက်လည်း ပါးစပ်ပိတ်မှာ မဟုတ်ဘူးဆိုတာ သုတသိနေသည်။ ဒီပြဿနာက မလွယ်တော့ဘူး။

"ညိုပြာ"

"ကိုကို"

"ကိုကို စဉ်းစားပေးပါ့မယ်ကွာ ... တရာဝင်လက်ထပ်တာထက် မင်းကုမ္ပဏီကိုပေးပါဆိုရင်လည်း ကိုကိုပေးပါ့မယ်"

"ကိုကိုက ချစ်ခြင်းဘုံကိုတော့ အချစ်ကြီးချစ်တာလား"

"မိန်းမတွေအားလုံးကတော့ ... ကိုကို့အတွက်အပျော်ပါပဲ ညိုပြာ ... ဒါပေမဲ့ ရိုးသားပြီးအေးချမ်းတဲ့သုန့်ကိုတော့ လုံးဝစွန့်မပစ်နိုင်လို့ပါ"

သုတ သေသေချာချာစဉ်းစားကြည့်တော့မှ ... သုန်က သူ့အပေါ်သစ္စာရှိပြီး ... သူထားရာနေ စေရာသွားတဲ့မိန်းကလေးတစ်ယောက်ဖြစ်နေသည်။ သူဖောက်ပြန်နေတာတွေ သိသိကြီးနှင့် သုန်ဘာတစ်ခွန်းမှအပြစ်မတင်ခဲ့။ သူသာရှုပ်ပွေခဲ့ပေမယ့် သူ့မိန်းမကေ





ဘော့ ဖြူစင်ရိုးသားပြီး သူ့အမိန့်တွေကိုနာခံမည့်မိန်းမမျိုး ရွေးချယ်ကက်ထပ်ထားခဲ့သည်။

"ကောင်းပြီလေ ... ကိုကိုစဉ်းစားပါ၊ ညိုပြာကတော့ အကြီး းဆုံး လျှော်ကြေးမျိုးပေးမှ ကျေနပ်မှာနော်"

ညိုပြာပြန်ထွက်သွားသည်။ ညိုပြာ ... မင်းတော်တော်လေး သာဘကြီးတဲ့မိန်းမပဲ ... မင်းကို ငါအများကြီးပေးကမ်းထောက်ပံ့ းခဲ့တာပဲ ... တကယ်တမ်းကျတော့ သုန့်ကိုကွာရှင်းပြတ်စဲဖို့ ဖြစ်နိုင်ဟု သူသိလာသည်။

"ချစ်ခြင်းဘုံကိုလည်း ကိုကြီးမစွန့်လွှတ်နိုင်ဘူးကွာ ..."

ချစ်ခြင်းဘုံက အစ်မနှင့်အမေအတွက် သူ့ကိုပူးကပ်လာခြင်း ပေမယ့် ... သူကတော့ ချစ်ခြင်းဘုံကိုအရူးအမူးစွဲလမ်းနှစ်သက် ခဲ့သည်။ သုတ စိတ်တွေပူလောင်လာ၏ ... ရှုပ်ပွေမိတဲ့အကျင့် က်ကြောင့် သူ့မိသားစုရော ... သူ့စီးပွားရေးလုပ်ငန်းတွေပါ ထိ ်တော့မည်ဖြစ်သည်။ သူအိမ်ပြန်လာခဲ့၏။ သုန်အိပ်နေသည်။

"သုန် ... အပြစ်ကင်းမဲ့လိုက်တာ ... မင်းအပေါ်သစ္စာမဲ့ခဲ့ ယ်၊ နောက်ဆုံး မင်းညီမနဲ့ပါဖောက်ပြန်ဖို့ကြိုးစားခဲ့တယ်"

သူ စိတ်မကောင်းဖြစ်ရသည်။ သုန်လည်း ချောမောလှပသူ ပဲ ... သူတန်ဖိုးမထားခဲ့။ သူ အမြဲတမ်းအပြစ်ရှာပြီး သုန်မလှန်ရဲ င် လုပ်ထားခဲ့၏။ မိန်းကလေးတွေနှင့် ပေါ်တင်တွဲနေတာပင်


www.burmeseclassic.com

www.burmeseclassic.com



သုန့်ဘက်က စိတ်ဆိုးဒေါသဖြစ်တာတွေ မတွေ့ခဲ့ရပေ။ သုန့်အနား အသာအယာလှဲချလိုက်တော့ သုန်နိုးလာသည်။

"ဟင် ... မောင်ပြန်လာပြီလား ... သုန်စောင့်နေတာ ဘယ်လိုအိပ်ပျော်သွားလဲမသိပါဘူး မောင်ရယ်"

"သုန်"

"ဟင်"

"မောင် မင်းအပေါ် အနိုင်ကျင့်ခဲ့တာတွေ ... မင်းကွယ်ရာ ရှုပ်ပွေခဲ့တာတွေကို စိတ်မနာဘူးလား"

"မောင်ရယ် ဒါကတော့ ယောကျ်ားလေးတွေမှာရှိတတ် တာပဲ ... မောင်ကချမ်းသာတယ်လေ ... မောင် စီးပွားရေးလည်း အောင်မြင်အောင်လုပ်နေရတော့ မောင်ပင်ပန်းနေမယ်ဆိုတာ သုန် သိပါတယ်၊ မောင့်ကို ပျော်သလိုနေစေချင်ခဲ့ပါတယ်၊ ဘာပြဿနာ မရှိပါဘူးမောင် ... သုန်. ခွင့်လွှတ်နေနိုင်တယ်"

"သုန်ရယ်"

သူ့အိမ်ထောင်သက်တမ်းတစ်လျှောက်လုံး ... သုန့်အ ပထမဆုံးအကြိမ် ကြင်နာစွာပွေ့ဖက်မိနေသည်။ ညီပြာနှင့်ဖော ပြန်ခဲ့တာ ထားပါဦး။ ခယ်မကိုပါကြံစည်တာတော့ လူ့စည်းကမ်း လွန်းသည်ဟု ထင်လာခဲ့၏။ သုန့်ကိုလည်း ပျော်ရွှင်စေချင် သည်။





"သုန်လည်း နောက်ဆိုရင်ပျော်သလိုနေပါ၊ မောင် မကန့်ကွက်တော့ပါဘူး၊ သုန်လွတ်လွတ်လပ်လပ်နေ ... သုန့်အမေကိုလည်း စောင့်ရှောက်ပါ"

"မောင်ရယ် ... သုန်ဝမ်းသာလိုက်တာ ... မောင်က သုန့်ကို ချမ်းချမ်းသာသာထားခဲ့တာပဲ ... သုန်ကျေနပ်ပါတယ်၊ သုန့်မှာလည်း ရင်သွေးလေးရှိနေပြီဆိုတော့လေ သုန် အေးချမ်းသာယာတဲ့ မိသားစု ဘဝလေးကို တည်ဆောက်ချင်ပါတယ်"

"စိတ်ချပါသုန် ... မောင်ကတိပေးပါတယ်၊ မောင်တို့မိသားစု ဘဝလေးပျော်ရွှင်အောင် မောင်အတတ်နိုင်ဆုံး ပျော်ရွှင်စေရမှာပါ"

သုတနောင်တတွေရလာသလို ... သုန့်ခန္ဓာကိုယ်လေးအား ပွေ့ဖက်၍ သုန့်ပါးပြင်လေးကို နမ်းရှိုက်နေမိလေသည်။

◆◆◆

www.burmeseclassic.com

www.burmeseclassic.com



အခန်း ( ၁၄ )

ဘို့မမကြီးကိုလည်း သနားတယ်။ အမေ့ရဲ့ ပျော်ရွှင်မှုတွေကိုလည်း မဖျက်စီးရက် ... နာမည်ပျက်တွေနှင့်ကြုံတွေ့ရမှာလည်း ဘို့ပဲ ဖြစ်နေသည်။

"ဘို ... နင်ငွေရှာစရာမလိုဘူးနော် ... ကိုသုတထောက်ပံ့မှုတွေကိုလည်း အရမ်းကြီးအားကိုးမနေနဲ့ ... ဒီလူက စားနေကျကြောင်ဖားကြီးဟ"

"ခြိမ့်ရဲ့ရယ် ... နင်ကလည်း ... ဘို့ကလေ အမေနဲ့မမကြီးတွေ့ဆုံစေချင်တာ တစ်ခုထဲပါ"

"နှမချင်းကိုယ်ချင်းမစာတဲ့လူပဲ ... သူ့ညီမကို ငါရက်စက်ပြမယ်၊ သူ ဘယ်လိုခံစားရမလဲ"

"ခြိမ့်"

"ဘာလဲ"



"မမကြီးကရှိသေးတယ်၊ ပြီးတော့ ... မြဇေရီက နင့်ကိုချစ်နေတာလေ ... သူ့အစ်ကိုအကျင့်စရိုက်တွေနဲ့ ဘာမှမဆိုင်ပါဘူးဟာ သနားပါတယ်"

"မြဇေရီ ဘယ်လောက်ပဲခြိမ့်ရဲ့အပေါ် ကောင်းနေပါစေ ငါကတော့ မြဇေရီကို လုံးဝလက်ထပ်မယူဘူး"

"ခြိမ့်"

"ဘို ... နင်နဲ့မဆိုင်တဲ့ကိစ္စအသာနေပါ၊ မြဇေရီကို ငါမချစ်ဘူး၊ ဒါပေမဲ့ သူ့ဆီက ရသလောက်ယူမယ်"

"အမေသိသွားရင် အရမ်းစိတ်မကောင်းဖြစ်ရလိမ့်မယ်၊ မမကြီးလည်း ကိုယ်ဝန်ဆောင်ထားရတယ်လေ"

"ငါမသိဘူး၊ ကိုသုတရက်စက်ရင် မမကြီးကို ငါတို့ကျွေးမွေးစောင့်ရှောက်နိုင်ဖို့အရေးကြီးတယ်၊ နင်လည်း ကိုနန္ဒမိတ်ကိုပဲရွေး"

"ခြိမ့်"

"ငါ့ကိစ္စ ဝင်မပါနဲ့"

ဘို ဆက်ပြောခွင့်မရှိတော့ဘဲ ထွက်သွားသည်။ ခြိမ့်အရင်ကနှင့်တော့ လုံးဝမတူပေ ... အရက်တွေသောက်နေတတ်ပေမယ့် စီးပွားတော့ရှာပေးတတ်၏။ ပြောသေးတယ် ... ဘို့နှင့်ကို စီးပွားရှာစေချင်လို့တဲ့ ... ယောကျ်ားကောင်းကောင်းရွေးတဲ့ ... ခြိမ့်သဘောတူနေတာက ကိုနန္ဒမိတ်ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘုံဘာဆက်လုပ်ရတော့မလဲ ကိုနန္ဒမိတ်ရယ် ... ဘုံလေ ချစ်သူအဖြစ်ရွေးချယ်လိုပေမယ့် ဘုံ့ကိုယ်ကျင့်တရားကို ရှင်သံသယ ဝင်မှာ ကြောက်ရွံ့နေမိတယ်"

ဘုံ ကုမ္ပဏီသို့လည်း မသွားချင်တော့။ ညီပြာ့ရဲ့ခွပ်စွဲပုတ် ခတ်မှုတွေက ထိတ်လန့်တုန်လှုပ်စရာပါ။ သူမခွင့်ယူပြီး အမေ့နား မှာပဲနေသည်။

"ဘုံလေး ... အလုပ်မသွားဘူလား"

"ဟင့်အင်း ... အမေ့နားမှာနေချင်လို့"

"အမေ ဘာမှမဖြစ်ပါဘူး ... သမီးကြီးလာလိမ့်မယ်"

"ဟင် ... မမကြီးလာမယ် ဟုတ်လားအမေ"

"ဟုတ်တယ်လေ"

မမကြီးကိုပြပြီး ကိုသုတက ဘုံ့အနားကပ်လို၍ဖြစ်မည်။ ... နောက်ဆုတ်ချင်ပေမယ့် ခြေလှမ်းတွေက ကျွံဝင်သွားပြီဖြစ်သည်။ ဘုံမှားတယ်။ အရမ်းကိုမှားသွားပါတယ်။ ကိုနန္ဒမိတ်ရယ် ... ဘုံ ... ယ်ပါဦး ... မမကြီးရောက်လာသည်။ ကိုသုတမပါပေ။ ဘုံ နည်း နည်းလေးအသက်ရှုချောင်သွားရ၏။ မမကြီး စားစရာတွေကား ... အပြည့်ပဲ ပျော်နေသည်။

"အမေနေကောင်းလား ... မောင်ကပြောတယ်၊ အမေ့ သုန်အနီးကပ်ပြုစုနိုင်ဖို့ အိမ်မှာလာနေပါတဲ့"





"မဖြစ်ပါဘူး သမီးကြီးရယ် ... အမေနေကောင်းပါတယ်၊ ... ဘားခြံရုံကလည်း လက်မခံဘူး၊ သူက အခုလိမ္မာနေပြီ၊ အမေ့ကိုရှာ ... ကျွေးပါတယ်"

"အမေ ... မောင်ကလေ သုန့်ကိုချစ်လာပါပြီ၊ ညကဆိုရင် ... ည်း ထူးထူးခြားခြားသုန့်ကိုဖက်ထားတယ် ... သူ့ကိုခွင့်လွှတ်ဖို့ ... ည်းပြောတယ်၊ ရင်သွေးလေးရလာတော့လည်း မောင်ပြောင်းလဲ ... တယ် အမေ"

မမကြီးက ရိုးသားသူပဲ ... ဘုံကတော့ သိနေသည်။ မမကြီး ... ဘက်ျား အခုအခက်အခဲတွေနဲ့ရင်ဆိုင်နေရပြီ။ ညီပြာက ပြဿ ... ရှာနေတယ်လေ။ ဘုံ့ကိုလည်းချစ်တယ်တဲ့ ... မမကြီးကျန်းမာ ... ကောင်းလာပုံပင် ... မျက်နှာလေးပြည့်ပြီး နုဖတ်ချောနေသည်။

"သုန် ... သမီးကြီးမျက်နှာလေးပြည့်လာတယ် ... နုဖတ်နေ ... ပဲ ... သမီးလေးထင်တယ်"

"ဟုတ်တယ်နော် အမေ ... မောင်လည်းချောတယ်၊ သုန် ... ည်းချောတော့ သမီးလေးကအရမ်းချောမှာပဲ"

ဘုံကတော့ အမေ့နားမှာမမကြီးရှိနေ၍ သူမအပြင်ထွက်ဖို့ ... တွက် ပြင်ဆင်နေသည်။ မမကြီးရှေ့မှာမနေချင်ဘူး။ မျက်နှာပူ ... ၏။ မမကြီးနှင့်မျက်နှာချင်းဆိုင်ဖို့ပင် ခက်ခဲနေသည်။

"ဘုံလေး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ညီမလေး ဘာတွေစဉ်းစားနေတာလဲကွယ် ... မမကြီး
တောင် လန့်နေတယ်"

"ရတ်တရက်ဖြစ်နေလို့ပါ မမကြီးရာ ... ဘုံလေ ကုမ္ပဏီ
အဆင်မပြေလို့ နောက်ကုမ္ပဏီတစ်ခုကိုပြောင်းမယ် ... ဒါကြော
အလုပ်ရှာရမယ်လေ"

"ဘုံလေးရယ် ... တခြားအလုပ်တွေကို လိုက်ရှာမနေပါ
တော့ ... မောင့်ကုမ္ပဏီမှာဝင်လုပ်လေ ... မောင်ကပြောနေတာ
ဘုံကအစွမ်းအစရှိတယ်တဲ့ သူ့ရဲ့ကိုယ်ရေးအရာရှိအဖြစ် လုပ်ပါလာ
ညီမလေး လခကောင်းကောင်းရမှာ ... မောင်ကအရင်ကလိုမဟု
ပါဘူးကွယ် ... ပြောင်းလဲလာပါပြီ၊ မမကြီးကိုလည်း ချစ်လာတ
အရင်နဲ့ကတော့လုံးဝမတူဘူး ဘုံရယ်"

"မမကြီး"

"ပြော"

"ယောက်ျားကို အရမ်းချစ်လား"

"ချစ်တယ်လို့လည်း မဟုတ်ပါဘူး ... ရင်သွေးလေးရလာ
တော့ သံယောဇဉ်တွယ်လာတယ် ... မမရင်သွေးလေး ဆင်း
ကြောက်တယ် ... သူ့အဖေကချမ်းသာတယ်လေ၊ မောင်ပြောင်း
သွားတာတော့အမှန်ပဲ ဘုံလေးရယ်"





မမကြီးယောက်ျား မမကြီးနောက်ကွယ်မှာဖောက်ပြန်နေ
တာ မမကြီးမသိတာလား ...တစ်ခါတစ်လေ ပေါ်တင်တွဲနေတာပါ။
ညီပြုံးနဲ့ဆိုရင် ညဘက်တွေ မမကြီးတို့ခြံထဲအထိလိုက်ဖူးတယ်တဲ့။
မမကြီးကို ဘုံသနားသည်။

"ကျွန်မသွားတော့မယ်"

"ဘုံလေး"

"ရှင်"

"ရော့"

"ဘာလဲ"

"ညီမလေးအတွက် မမကြီး လက်ဆောင်ပေးတာပါ"

သုန် ပေးချင်နေတာကြာပါပြီ။ ညီမလေးကို ဝတ်စားပြင်
ဆင်စေချင်သည်။

"မလိုချင်ပါဘူး မမရာ"

"မောင်ပြောမှာစိုးလို့လား ဘုံ ... စိတ်မပူပါနဲ့ မောင်ကိုယ်
တိုင်က ပေးခိုင်းတာပါ"

ညီမလေးကိုဝတ်စေချင်တဲ့ မမကြီးရဲ့မျက်ဝန်းတွေက ရွှန်း
လက်တောက်ပလွန်းနေသည်။ ဘုံ လက်မခံချင်ပေ ... ဒါတွေက
ဘုံ့ခန္ဓာကိုယ်လေးအား ဝါးမျိုးဖျက်ဆီးပစ်မည့် ... မကောင်းဆိုးဝါး
ပစ္စည်းတွေပဲ ... ကိုသုတ ... ဘုံ့ကို စေတနာမေတ္တာတွေနဲ့ပေးတာ



www.burmeseclassic.com

www.burmeseclassic.com



မှ မဟုတ်တာ ... မမကြီးအပေါ်ကောင်းတာလည်း ဘုံ့အသွေးအသားတွေကို ဝါးမျိုဖို့ပါ။

"မမကြီးပဲသိမ်းထားပါ၊ ဘုံမလိုချင်ပါဘူး ... အမေ့နားမှာနေပေးဦးနော်၊ ဘုံသွားတော့မယ်"

ဘုံ အိမ်မှာနေမလို့ပါပဲ ... မမကြီးရောက်လာ၍ မနေချင်တော့။ အပြင်ရောက်လာတော့ ဘုံဘယ်သွားရမှန်းမသိ ... လမ်းမပေါ်မှာ ဦးတည့်ရာမဲ့လျှောက်သွားနေမိသည်။

"ဘုံ"

"ဟင်"

"တက်"

"ရှင်"

"တက်ပါ"

ကိုသုတ ...သူမ အထိတ်တလန့်နှင့် မတက်ဘူးငြင်းလို့လည်း မဖြစ်ပေ။ ကိုသုတက လက်ကိုဆွဲပြီးတင်မှာပါ။

"မင်းကုမ္ပဏီကိုမသွားတာကောင်းတယ် ဘုံ ...မင်းအတွက်အန္တရာယ်ကင်းတယ်"

"ကျွန်မတောင်းပန်ပါတယ် ကိုကြီးရယ်နော် ... ဘုံမှားသွားပါတယ်၊ ညီပြာက ရုံးမှာ ကိုသုတက မမကြီးကိုကွာရှင်းပြီး သူ့ကိုလက်ထပ်မယ်လို့ပြောလို့ ဘုံလုပ်မိလုပ်ရာလုပ်ခဲ့တာပါ"





သုတလည်း နောင်တတွေရနေသည် ... တကယ်တမ်းကျတော့ ရုံးသားတဲ့ဇနီးကို မစွန့်လွှတ်နိုင်ခဲ့ဘူး။ ဘုံ့ကိုလည်းချစ်နေမိ၏။ ညီပြာနဲ့သူ ရှင်းလင်းရမည့်ကိစ္စတွေလည်းရှိသည်။

"ဘုံ"

"ရှင်"

"ကိုကြီးရင်ခွင်ထဲမှာ ကြည်ကြည်ဖြူဖြူနဲ့ တစ်ကြိမ်တည်းပဲနေပေးပါ၊ ဘုံဖြစ်စေချင်တာတွေအားလုံး ကိုကြီးလိုက်လျောဖြည့်စွမ်းပေးပါ့မယ် ... သုန့်မှာလည်း ကိုကြီးရင်သွေးလေးရှိနေတယ်၊ ကိုကြီးလည်း အမှားတွေကို နောင်တရနေပါပြီ"

"မဖြစ်နိုင်ပါဘူး ကိုကြီး ... ဘုံ မလိုက်လျောပါရစေနဲ့၊ ဘုံကြောက်တယ်၊ မမကြီးရှေ့မှာ ဘုံ မျက်နှာချင်းတောင်မဆိုင်ရဲတော့ဘူး"

"မင်းကိုချစ်မိနေပြီ ချစ်ခြင်းဘုံ ... ကိုကြီး ဘယ်လိုလုပ်ရမလဲ ... မင်းကိုမှမရရင် ကိုကြီးသေလိမ့်မယ်"

သုတ ဘယ်လိုမှဘုံ့ကိုစွန့်လွှတ်ဖို့မဖြစ်နိုင်တော့ပေ ... သူချစ်သည်။ ဘယ်မိန်းကလေးမျိုးကိုမှ မချစ်ခဲ့ဖူးတဲ့အချစ်တွေနဲ့ပါ။

"အစ်ကိုကြီးစည်းစိမ်ဥစ္စာတွေရော ... ဂုဏ်သိက္ခာတွေရော အားလုံးစွန့်လွှတ်နိုင်ပါတယ် ... ဘုံလေးနဲ့ကိုကြီး နိုင်ငံခြားကိုထွက်ပြေးကြမယ်လေ"



www.burmeseclassic.com

www.burmeseclassic.com

"မဖြစ်ပါဘူး ... ဘုံမလိုက်နိုင်ဘူး ... ခြံရုံသိသွားရင် အသေသတ်မှာ ... ဘုံ့မှာချစ်သူရှိတယ်၊ ကိုနန္ဒမိတ်ပါ"

"မင်းမှာချစ်သူရှိတယ်ဆိုတာ လက်ခံပါတယ်ဘုံရယ်၊ ကိုကြီးနဲ့တစ်ရက်ထဲပဲနေထိုင်ပေးပါ"

"မဖြစ်ပါဘူး ... ဘုံ ဘယ်လိုနည်းနဲ့မှ လက်မခံနိုင်ပါဘူး"

ကားလေးက အရှိန်မြှင့်ပြီး ... ခြံကြီးတစ်ခြံထဲသို့ မောင်းဝင်လာသည်။ ခြံစောင့်ပဲရှိနေတဲ့ ခြံကြီးတစ်ခြံ ... ဘုံထိတ်လန့်တုန်လှုပ်စွာ ကားပေါ်ကနေ မဆင်းဘဲ နေမိသည်။

"ဆင်းပါ ဘုံ ... "

"ဟင့်အင်း မဆင်းဘူး ... ကျွန်မကို ပြန်ပို့ပါ၊ မမကြီးနဲ့ရင်သွေးလေးမျက်နှာကိုထောက်ပါဦး ကိုကြီးရယ် ... ဘုံ တောင်းပန်ပါတယ်နော်၊ ကိုကြီးဆန္ဒတွေကို ဘုံလုံးဝဖြည့်စွမ်းမပေးနိုင်ပါဘူး၊ ဘုံ အသေပဲခံတော့မယ်"

"ဒီပြဿနာကိုမင်းပဲစခဲ့တာပဲ ဘုံ ... မရဘူး၊ မင်းအကောင်းဆုံး အဆုံးသတ်ပေးရမယ်"

သူမ ကားပေါ်ကနေ့မဆင်းပေ။ သူတ အရူးတစ်ပိုင်းလိုဖြစ်နေပြီ။ ဆင်ခြင်တုံတရား ကင်းမဲ့နေသည်။ ဘုံ့ခန္ဓာကိုယ်လေးအား အငမ်းမရ သိမ်းဖက်ဖို့ ကြိုးစားစဉ် ဘုံက အတင်းရုန်းဖယ်တွန်းထိုးပစ်နေ၏။ သူတစိတ်တွေ ထိန်းချုပ်နိုင်စွမ်းမရှိ၊ ဘုံ့ကို မဖျက်ဆီးချင်





ပေမယ့် အချစ်ကြောင့် သူ့သွေးသားတွေက ဆူပွက်နေသည်။

"ချစ်တယ် ... ဘုံ့ကိုအရမ်းချစ်တယ်၊ ကိုကြီးကို နားလည်ပေးပါ ဘုံရယ် ... ကိုကြီးရင်ခွင်ထဲမှာ တစ်ရက်လေးပဲနေပေးပါ၊ မင်းမမကြီးအပေါ် ကိုကြီးတာဝရ ပေးဆပ်မှာပါ"

ဘုံ ငြင်းသည်။ တွန်းထိုးရုန်းဖယ်ပစ်နေမိသည်။ ကားလေးပေါ်ကနေဆင်းပြေးဖို့ ဘုံကြိုးစားနေမိ၏ ... ကိုကြီးလက်တွေကတင်းကြပ်နေကာ အင်အားသုံးပြီး ဘုံ့ကိုနမ်းရှိုက်ဖို့ ကြိုးစားနေသည်။

"ဘုံတောင်းပန်ပါတယ် ကိုကြီးရယ်နော် ... ဘုံ့ကိုသနားပါ၊ ဘုံမှားသွားတာပါ"

ဘုံ အတင်းရုန်းဖယ်ရင်း လက်အုပ်လေးချီပြီး တောင်းပန်နေမိသည်။ ကိုသုတ အရူးတစ်ယောက်ကဲ့သို့ မုန်ယိုနေတဲ့ဆင်ကြီးလို ဘာကိုမှစဉ်းစားမနေတော့ဘဲ ... ဘုံ့ခန္ဓာကိုယ်လေးအား တစ်စစီဖွဲ့ခြွေပစ်ဖို့ ကြိုးစားနေသည်။

"တီ ... တီ"

"တီ"

"ဟင်"

ခြံဝမှာကားတစ်စီး ဟွန်းကိုကျယ်လောင်စွာတီးနေသဖြင့် ကိုသုတ သူမ ခန္ဓာကိုယ်လေးအား လွှတ်ပေးလိုက်သဖြင့် သူမ


www.burmeseclassic.com

www.burmeseclassic.com

အဝတ်အစားတွေကို ပြန်ပြင်ဆင်ရသည်။

"မင်း အထဲမှာပဲနေ ... ညိုပြာပဲ"

"ဟင်"

ကိုကြီးကပျာကယာနှင့် ကားပေါ်မှဆင်းပြီး ခြံတံခါးကိုဖွင့်ပေးသည်။ ညိုပြာပဲ ... တော်ပါသေးရဲ့ ... ဘုံ ကားလေးထဲမှာပဲ ပုန်းနေလိုက်၏။ ညိုပြာ့ကားလေး ခြံထဲဝင်လာပြီး ... ကိုသုတက ခြံတံခါးကို မပိတ်ထားခဲ့ပေ။ နှစ်ယောက်သား တိုက်ပုလေးထဲ ဝင်သွားကြလေသည်။

"ဘုရားကယ်တာပဲ ... ကျေးဇူးပဲညိုပြာရေ ... နင်ရောက်မလာရင် ဘုံ့ဘဝ ရေတိမ်နစ်ရတော့မလို့"

ဘုံ ... ကားလေးပေါ်ကနေပြေးဆင်းပြီး ခြံကြီးထဲကနေ ထွက်လာခဲ့သည်။ လမ်းမကြီးပေါ်ရောက်မှ ဘုံ အသက်ကိုဝဝလင်လင် ရှူသွင်းပြီး ကြောက်စိတ်တွေပြေသွားရ၏။ ခြေလှမ်းကို သွက်သွက်လေးလှမ်းရင်း ... ခြံကြီးနှင့်ဝေးအောင် လျှောက်လာခဲ့သည်။ ညိုပြာက ဒီခြံကြီးတောင်သိနေပြီပဲ ... ဘယ်လောက်လာရောက်နေထိုင်ခဲ့ကြလဲ ... မမကြီးကိုသနားမိနေ၏။ ကိုသုတ ဘယ်လောက်ပဲ နှောင်တရတယ်ပြောနေပါစေ။ ဘုံကတော့မယုံမိ။ ကိုယ်ဝန်ဆောင်ထားရတဲ့ မမကြီး ... ယောကျ်ားရဲ့သစ္စာမဲ့မှုကို မသိဘူးဆိုတာ





မဖြစ်နိုင်ပေ။ သိသိကြီးနှင့် ဘယ်လောက်များ နာကျင်ကြေကွဲရှာမလဲ။ ကိုသုတကို မုန်းတီးရွံရှာနေမိလေသည်။

အခန်း ( ၁၅ )

"ကိုကို ... ဘာဖြစ်လို့ ညိုပြာ့ကိုရှောင်နေရတာလဲ ... ဒီကို ဘယ်ကောင်မလေးနဲ့လာတာလဲပြော ... ချစ်ခြင်းဘုံနဲ့လား"

"ဘာပြောတယ် ညိုပြာ"

"ကိုကို အရမ်းကိုသတ္တိရှိနေတာပါလား ... ခယ်မလည်း မချန်ဘူး"

"ဖြန်း"

"ဟင်"

"မင်းစော်ကားလို့ ခံမယ့်ကောင် မဟုတ်ဘူးနော်ညိုပြာ၊ မင်းကို ငါဘယ်လောက်ပေးကမ်းထောက်ပံ့ခဲ့ရလဲ"

"ရှင် ... ရှင် ... ကျွန်မကို ရိုက်တယ်ပေါ့လေ"

"မင်းပါးစပ်ကိုပိတ်ထားလိုက်စမ်း ညိုပြာ ... မင်းပြန်လိုက်တာအကောင်းဆုံးပဲ"





ညိုပြာရောက်လာ၍ သူ့အကြံအစည်တွေ ပျက်သွားရသည်။ အခုလောက်ဆိုရင် ချစ်ခြင်းဘုံ ထွက်ပြေးသွားပြီဖြစ်၏။ သုတဒေါသတွေ အထွတ်အထိပ်ရောက်လာရသည်။ ညိုပြာ့ကို သတ်ပစ်ချင်တယ်။ ဒီမိန်းမက ... သူ့ကို အရှက်သိက္ခာမဲ့အောင် လုပ်တော့မည်ဖြစ်သည်။

"ကိုကို ... ကျွန်မအပေါ် ဘာဖြစ်လို့ရက်စက်ရတာလဲဟင်၊ ကိုကို့အပေါ် ကျွန်မ ဂုဏ်သိက္ခာမဲ့အောင်မလုပ်ရက်ဘူး သိလား"

ညိုပြာ့ပါးပြင်ပေါ် မျက်ရည်တွေလိမ့်ဆင်းကျလာသည်။ ရှင် တော်တော်ရက်စက်တာပဲ ... ညိုပြာ အခြေအနေကိုစောင့်ကြည့်နေခြင်းဖြစ်သည်။ ရှင်ကြီးကို အရှက်ခွဲပြမယ်။ ချစ်ခြင်းဘုံကိုထိလို့ ညိုပြာ့ကို ကိုယ်ထိလက်ရောက်လုပ်လာ၏။ ညိုပြာ အံသွားလေးကို တင်းတင်းကြိတ်ထားပစ်လိုက်သည်။

"မင်းထွက်သွားတော့ ညိုပြာ ... မင်းလုပ်ချင်တာလုပ်လေ၊ ဒါကတော့ အားလုံးကိုစွန့်ပြီး နိုင်ငံခြားမှာ အပြီးအပိုင်သွားနေတော့မယ်"

ညိုပြာ ... သူ့ကိုအရှက်ခွဲလည်း အပိုပဲဖြစ်သွားနိုင်သည်။ သာလေးအချို့သတ်ပြီး အခြေအနေကိုစောင့်ကြည့်ရမည်ဖြစ်၏။ ညိုပြာ ပြန်ထွက်သွားဖို့ပဲ ဆုံးဖြတ်လိုက်သည်။

"ကောင်းပြီလေ ... ညိုပြာပြန်ပါ့မယ်၊ ညိုပြာက ကိုကို့ကို



www.burmeseclassic.com

www.burmeseclassic.com



အရမ်းချစ်လို့ ပျော်ပျော်ပါးပါးအတူနေထိုင်ဖို့လာခဲ့တာပါ"

"တော်ပါတော့ကွာ ... မင်းပြန်တော့ ကျေးဇူးပြုပြီးပြန်ပါ မင်းအတွက် ငါငွေကြေးပဲဖြည့်စွမ်းပေးနိုင်မယ် ... ကျန်တာတွေ တော့ မင်းတောင်းဆိုလို့ရမယ်မထင်နဲ့"

သူ ... ချစ်ခြင်းဘုံလွတ်သွားတာကို ဒေါသတွေဖြစ်ရသည် စားရကံကြုံမှ ပုတ်ချလိုက်ရတယ်။ ညိုပြာ မင်းအသေပဲ ... ငါ ဆက်ပြီးနှောက်ယှက်လာရင်တော့ မင်းသေရလိမ့်မယ်။

"ကိုကို"

"သွားစမ်းပါကွာ"

"ညိုပြာပြန်ပါ့မယ်၊ ဒါပေမယ့် ချစ်ခြင်းဘုံရဲ့ကိုယ်ကျင့်သိက္ခာ ကျဆင်းရမယ့်အခြေအနေကိုတော့ ... ကိုကိုဖန်တီးစေချင်မှာတော့ မဟုတ်ဘူးနော်"

"တောက်"

"ချစ်ခြင်းဘုံတို့ကံကောင်းတာများ ခဲအိုတောင်မချန်ဘဲ ခြေ ဆွယ်ဖြားယောင်းနေတာတောင် နှာမည်မပျက်ဘူး"

"ဒုန်း"

"ဝုန်း ... ဒိုင်း"

သူမ ထွက်သွားသည်။ သုတတစ်ယောက်ထဲ ကျန်ရစ်ခဲ့၏ ချစ်ခြင်းဘုံကို သူလွှတ်ပေးလိုက်ရမလား ... မင်းကိုချစ်တယ်





ကိုကြီးအရမ်းနာကျင်နေရတယ်ဘုံ ... ကိုကြီးအမှားတွေကိုလည်း သိနေပါပြီ။ သူ ကားမောင်းပြီး ချစ်ခြင်းဘုံအား ရှာဖွေရန် ထွက်လာ ခဲ့သည်။ ညိုပြာနဲ့များတွေ့နေပြီလား ... နှောက်ယှက်တဲ့ညိုပြာအား သူသတ်ပစ်ချင်လောက်အောင် ဒေါသထွက်သွား၏ ... လမ်းမှာ ချစ် ခြင်းဘုံကို မတွေ့ရတော့ပေ။ ဖုန်းဆက်တော့ ဖုန်းကိုမကိုင်ပေ။

"ဘုံ ... မင်းစခဲ့တဲ့ပြဿနာပဲ ကိုကြီးရင်တွေ မီးတောက်နေ ပြီကွ ... မင်းအတွက် ကိုကြီး ဘယ်လောက်အထိလိုက်လျှော့ဖြည့် ဆည်းပေးခဲ့လဲ"

သုတ ကားကိုအရှိန်မြင့်မောင်း၍ ရန်ကုန်သို့ပြန်လာခဲ့သည်။ သုတစိတ်တွေ ရှုပ်ထွေးနှောက်ကျိလာရ၏။ စီးပွားရေးလုပ်ငန်းတွေ ကိုလည်း လုံးဝစိတ်မဝင်စားတော့ ... သူ့ရင်ထဲမှာ ချစ်ခြင်းဘုံပဲရှိ နေသည်။

"ဘုံရယ် ... ကိုကြီး ဘယ်လိုဖြေရမလဲကွာ ... ကိုကြီး မင်းကို မလွှတ်နိုင်တော့ဘူး၊ နန္ဒမိတ်ဆိုတဲ့ကောင်က ဘာကောင်လဲ"

နန္ဒမိတ်က မိန်းကလေးတစ်ယောက် အားကိုးနိုင်လောက် သောအရည်အချင်းတွေ ပိုင်ဆိုင်နေသည်။

"သူနဲ့ကိုအကြပ်ကိုင်ရမယ်၊ ချစ်ခြင်းဘုံကို ငါမျက်စိအောက် မှာထားမယ်"



www.burmeseclassic.com

www.burmeseclassic.com



သုတရင်တွေ မီးတောက်ပြီး ... အိမ်ပြန်လာခဲ့သည်။

"မောင် ... ဒီနေ့စောလိုက်တာ ... ကျွန်မလည်း အခု အမေ့ဆီကနေ ပြန်လာတာလေ"

"သုန်"

"ပြောလေ မောင်"

"မင်းကို မောင်စိတ်မချဘူးကွာ ... ဒါကြောင့် မောင်အစော ကြီးပြန်လာခဲ့တာ ... ကုမ္ပဏီလုပ်ငန်းတွေက အများကြီးကျန် တယ်"

"မောင်ရယ် ... သုန့်ကိုစိတ်ချပါ၊ အိမ်မှာလည်း ဒေါ်အုံး တယ်"

"မဟုတ်ဘူးလေ ... သုန့်မှာကကိုယ်ဝန်ကြီးနဲ့ ဒါကြော အမေနဲ့ဘုံ့ကို အိမ်မှာခေါ်ထားပါလို့ပြောတာ"

ချစ်ခြင်းဘုံ့ကို သူ့မျက်စိအောက်မှာပဲထားဖို့ ဆုံးဖြတ် သည်။ သုန်က သူ့ကိုစိုးရိမ်တကြီးဖြစ်နေတာကို ယုံကြည်နေ သုန် ရိုးသားတယ်။ အရင်လို သုန်စိတ်ဆင်းရဲအောင် မလုပ်ချင် မယ့် ... ဘုံ့ကိုတော့ သူစွဲလမ်းနှစ်သက်စွာချစ်မိသွားသည်။

"အမေတို့ရှိနေရင် မောင်စိတ်အေးရမယ်လေ ... သုန် သွေးသားအရင်းတွေပဲ"

"အင်းပါမောင်ရယ် ... သုန်ခေါ်ပါ့မယ်၊ ဒေါ်အုံးက ကြိုက်ပါ့မလား ..."





"ဘာဆိုင်လို့လဲကွာ ... ဒေါ်အုံးကအလုပ်သမားပါ"

"သုန်ခေါ်မယ် ... မောင် အလုပ်တွေကို စိတ်အေးလက် အေးပဲ စီးပွားရှာနိုင်အောင်ပါ"

သုန်လည်း သုတစကားတစ်ခွန်းပြောလိုက်တာနှင့် ဖြည့်စွမ်း နိုင်ရန် ဂရုတစိုက် လုပ်ဆောင်ပေးလေ့ရှိသည်။

"မောင်ရယ် ... သုန်လေ မောင်အခုလိုရင်သွေးလေးကို ဂရု စိုက်ကြင်နာတာ အရမ်းဝမ်းသာတာပဲ ... မောင်ပျော်သလိုနေပါ နော်၊ သုန်ခွင့်လွှတ်ပါတယ်၊ အဓိက သုန့်ရင်သွေးလေးရဲ့အဖေနေရာ မှာ မောင့်ကိုရှိနေပေးစေချင်တာပါ"

"စိတ်မပူနဲ့နော် သုန် ... မောင်က လူပါကွာ ... တိရစ္ဆာန် တွေတောင် ကိုယ့်ကလေးကိုကြင်နာယုယတတ်ကြတာပဲ ... မောင် လောက်အထိ အသိဉာဏ်မမဲ့ပါဘူး သုန်ရယ်"

သုန့်ခန္ဓာကိုယ်လေးအား သူ့ရင်ခွင်ထဲ ဆွဲယူပွေ့ဖက်လိုက် ခြင်း သုန့်မျက်ဝန်းလေးတွေထဲမှာ မျက်ရည်ကြည်လေးတွေ ဝေ့ ဝဲနေအောင် ပျော်သွားရသည်။

မောင်မှားပါတယ် သုန်ရယ် ...မောင့် ဂုဏ်သိက္ခာတွေနဲ့ ကိုက်ဖက်အောင် မောင်ရုပ်ပွဲနေခဲ့တာပါ။ မိန်းမတွေကို မချစ် တတ်ဘဲ အပျော်အပျက်သဘောထားခဲ့တာပါ။



www.burmeseclassic.com

www.burmeseclassic.com



ချစ်ခြင်းဘုံ ဘယ်ရောက်နေပြီလဲ … နန္ဒမိတ်ဆိုတဲ့ကောင်နဲ့လား။ ဘယ်လိုပဲဖြစ်ဖြစ် မင်း ကိုကြိုးမျက်စိအောက်မှာပဲရှိနေရမယ် ချစ်ခြင်းဘုံ …

"မောင် အပြင်ကိုသွားရဦးမယ် သုန် … မင်းကိုစိတ်မချလို့ဝင်ကြည့်တာပါ"

"မောင်ရယ် … အလုပ်ကိစ္စတွေကိုပဲ အာရုံစိုက်စမ်းပါ၊ အမေနဲ့ညီမလေးကို ဒီညပဲလာနေကြဖို့ သုန်ခေါ်ထားမယ်၊ မောင် ဘာမှမပူနဲ့နော်"

"သုန့်ကိုစိတ်မချဘူးကွာ … အမေနဲ့ဘုံ့ကို အမြန်သာခေါ်ထားလိုက်တော့နော်"

"ဟုတ်ကဲ့ပါ မောင်"

မောင့်ဆန္ဒဆိုရင် သုန့်ဆန္ဒတွေပါပဲ။ အမေနဲ့ဘုံ့ကို ဘယ်လိုအကြောင်းပြပြီးခေါ်ထားရမလဲ … ခြိရုံကရှိသေးတယ်။ မောင့်ကိုမောင်လေးခြိရုံက အဖက်ပင်မလုပ်ခဲ့။ နာကျည်းမုန်းတီးနေသည်။

"အမေ့ဆီဖုန်းဆက်ရမယ် … မောင်ပြန်လာတာနဲ့ မောင့်ဆန္ဒတွေအတိုင်း လုပ်ပေးထားရမယ်"

သုန် … အောက်ထပ်သို့ဆင်းလာခဲ့သည်။ မောင့်ကို စိတ်အေးလက်အေးနှင့် စီးပွားရှာစေချင်၏။ သူမအပေါ် … မောင် တယုတယလုပ်လာတာကိုပဲ သုန်ကျေနပ်ပျော်ရွှင်မိသည်။





"ဒေါ်ဒေါ်အုံး … သုန့်အမေနဲ့ညီမလေးဘုံတို့ ဒီမှာလာနေဖို့ သုန်ဘယ်လိုခေါ်ရမလဲဟင်"

"ဘာပြောတယ် သုန် … မင်းညီမလေး ပါလား"

"မောင်က သုန့်ကိုစိတ်မချလို့ပါ၊ အမေနဲ့ညီမလေးဘုံကို ခေါ်ထားတဲ့လေ"

ဒေါ်အုံးကတော့ မနှစ်သက်မိပေ။ မောင်သုတအကြောင်း မိမိအသိဆုံးဖြစ်နေသည်။ သုန့်အပေါ် အရမ်းကောင်းနေတာ သုန့်ညီမလေးကြောင့်ပဲ ဖြစ်နိုင်နေ၏။ သုန်ကရိုးသားတယ်။ ဒါပေမဲ့ မိမိက အလုပ်သမားပဲ … တားဆီးပိုင်ခွင့်မရှိပေ။

သုန့်ဘေးအိမ်ကဖုန်းဖြင့် အမေ့ကိုခေါ်လိုက်သည်။

"အမေ … သုန်နေမကောင်းဘူး ခေါင်းတွေလည်းအရမ်းမူးနေတယ်၊ ဘုံ့ကိုပါခေါ်ပြီး တစ်လလောက်ပဲလာနေပေးပါနော်၊ သမီး အနားမှာလာနေပေးဖို့ သုန်တောင်းပန်ပါတယ်"

"အမေပဲလာနေပေးရမလား သုန် … တခြားသူတွေက လိုက်ကြမှာမဟုတ်ဘူး"

"အမေ … သမီးကြီးအနားမှာမနေချင်ဘူးလား၊ သုန် အရမ်းအားငယ်နေလို့ပါနော် … ဘုံ့ကိုလည်းခေါ်ခဲ့ပါ၊ အမေမရှိဘဲ ဘုံတစ်ယောက်ထဲ ဘယ်လိုနေမလဲ … ခြိရုံ့ကိုလည်း သုန်ပြောပြပါ့မယ်၊ အမေနဲ့ဘုံ အခုပဲလာခဲ့ပါနော်"



www.burmeseclassic.com

www.burmeseclassic.com



"အင်းပါကွယ် ... အမေလာခဲ့ပါ့မယ် ... ဘုံ့ကိုလည်း အမေ အတင်းအကြပ်ခေါ်လာခဲ့ပါ့မယ်၊ သမီးကြီး စိတ်မပူပါနဲ့နော်"

ဒေါ်မေတ္တာဘုံကတော့ သမီးကြီးကိုစိတ်ပူမိသည်။ သွားရ မယ်။ သမီးကြီး ကိုယ်ဝန်ရှိနေ၏။ နေမကောင်းဖြစ်ပြီး စိတ်အား ငယ်နေရှာမှာပဲ ... တစ်လလောက်တော့ သွားနေပေးသင့်သည်ဟု ထင်သည်။ အိမ်ပြန်ရောက်တော့ ဘုံလေးအိပ်နေ၏။ ဒေါ်မေတ္တာဘုံ သမီးငယ်အား အတင်းအကြပ်ခေါ်ဆောင်လာခဲ့သည်။

"ဘုံထစမ်း ... အဝတ်အစားတွေထည့် ... ညည်းယူစရာရှိ တာတွေယူ"

"ဟင် ... ဘယ်သွားမလို့လဲ အမေ"

"သမီးကြီး သုန်အိမ်"

"ဟင် ... ဘာသွားလုပ်မှာလဲ အမေ"

"တစ်လလောက်သွားနေရမယ် ... ငြင်းမနေနဲ့တော့ ဘုံ ... အမေစိတ်ပူတယ်၊ သမီးကြီးက သူနေမကောင်းလို့ အားရှိအောင် အမေနဲ့ညီမလေး တစ်လလောက်လာနေပေးပါတဲ့"

မမကြီးယောကျ်ား ကိုသုတရဲ့အကြံအစည်ပဲ ... ဘုံသွား မနေချင်ပေ ... ဒီနေ့တောင် ဘုံအသက်လုပြေးလာခဲ့ရတာပါ။ ကိုသုတအိမ်မှာ ဘုံ ဘယ်လိုသွားနေရမလဲ ...

"အမေလည်း နေမှမကောင်းသေးတာပဲ ... သွားနေလို့





မဖြစ်သေးပါဘူး အမေရာ ... မမကြီးကို ဒီမှာပဲလာနေခိုင်းပါလား"

"ဘုံ ... ညည်းကိုကျတော့ သုန်ကဘယ်လောက်ချစ်လဲ၊ ညီမလေးကို ဝတ်စားပြင်ဆင်နေစေချင်တယ်၊ မိသားစုအပေါ် သံယောဇဉ်ကြီးလွန်းတယ် ... ညည်းတို့ကကျတော့ ... သမီးကြီး ဒီလောက်တောင်းပန်နေတာတောင် ငြင်းကြတယ် ... ဒီလောက် အထိ မရက်စက်ကြပါနဲ့အေ"

အမေ မျက်ရည်ဝဲလာပြီဖြစ်၍ ... ဘုံ ဘယ်လိုပြောပြရမှန်း ပင်မသိတော့ ... မမကြီးယောကျ်ားရဲ့ ကျားချောင်းချောင်းချင်တဲ့ အကြံအစည်တွေပါ။ အမေ ... ဘုံအသိဆုံးပါ။ မမကြီးမျက်နှာကို ဘုံမကြည့်ရဲတော့ဘူး။

"ညည်းလိုက်ကိုလိုက်ခဲ့ရမယ် ဘုံ ... အမေစိတ်ဆင်းရဲပြီး သေတာကိုမြင်ချင်လို့လား ချစ်ခြင်းဘုံ"

"အမေ ... သမီးကအပျိုအရွယ်လေးလေ၊ မမကြီးအိမ်မှာ သွားနေဖို့ သင့်တော်ပါ့မလား ... ဟင်"

"ဘာမသင့်တော်စရာရှိလဲ အမေပါတာပဲ ... ပြီးတော့ မောင်သုတက လူကြီးလူကောင်း ... လုပ်ငန်းရှင်တစ်ယောက်၊ ညည်းစကားတွေကို သုန့်ရှေ့မှာ မပြောမိစေနဲ့နော်"

အမေရော ... မမကြီးရောက ... ရိုးသားဖြူစင်သူတွေပါ။ မမကြီးယောကျ်ားက ... ဘာဖြစ်လို့ ဘုံတို့မိသားစုအပေါ် အခု



www.burmeseclassic.com

www.burmeseclassic.com



တလောမှလာပြီး ကောင်းနေရတာလဲသိလား အမေ ...

"ခြံရံကလည်း သဘောတူပွဲမလားဟင်"

"ညည်းတို့နေခဲ့ကြတော့ ... ငါပဲသွားနေမယ်၊ အမေစကားကို ညည်းတို့ပယ်ရှားနေတယ်ပေါ့လေ ... ငါ့ဟာငါပဲသွားမယ်၊ အင်းလေ ... ငါက အသုံးမှမကျတော့တာ"

"အမေ ... ဘုံလိုက်ခဲ့ပါတော့မယ်၊ ခြံရံ့ဆီ ဖုန်းဆက်အသိပေးပါရစေ"

အမေအချစ်ဆုံးက မမကြီးပဲ ... ဘုံလိုက်သွားပေးရုံကလွဲပြီး တခြားနည်းလမ်းမရှိတော့ပေ ... အမေက ခြံရံတားနေတာကိုပင် ဆဲဆို၍ ဇွတ်အတင်းသွားသည်။

"နင်ကငါ့ကိုဆရာလာမလုပ်နဲ့ ချစ်ခြံရံ ... ငါကအမေ ... အစ်မအပေါ် ဒီလောက်အထိ မရက်စက်ကြနဲ့"

ပြောပြီး ဒေါသတွေထွက်ပြီး အသားတွေတုန်၍ အမေမောပမ်းနေသည်။ ဘုံ စောဒက မတက်ရဲတော့ပေ။ အဝတ်အစားတွေ ထည့်လိုက်ရ၏။ ခဏကြာတော့ ...မမကြီးအိမ်ကကား လာကြိုလေသည်။ အင်းလေ မတတ်နိုင်တော့ဘူး။ ဒီဇာတ်လမ်းတွေက ဘုံထွင်ခဲ့တာပဲ။

ကိုနန္ဒမိတ်ကို သတိရနေ၏။ ကိုနန္ဒမိတ်လိုယောကျ်ားတစ်ယောက်ကိုပင် ဘုံချစ်သူအဖြစ်ရွေးချယ်ခွင့်မရှိခဲ့။ ဘုံ့မှာ သတ္တိလည်း





မရှိပါဘူး။

တစ်နေ့နေ့မှာ ညိုပြာက ကိုသုတနှင့်ဘုံပတ်သက်မှုကို အတင်းအဖျင်းအဖြစ် ကိုနန္ဒမိတ်အားပြောပြတော့မှာ သေချာသည်။

✦✦✦

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၆ )

"ဘုံ ... မင်း ဘာဖြစ်လို့အလုပ်ထွက်ရတာလဲ၊ ကိုယ်နဲ့အဝေးဆုံးကို ထွက်မသွားပါနဲ့ ... ကိုယ်ရှိနေလို့လား ဘုံရယ်"

"ဘုံ့အကြောင်းတွေနဲ့ဘုံပါ ကိုနန္ဒမိတ်ရယ် ... ဘုံ့အမေရဲ့ဆန္ဒပါ"

"ဘုံ"

"ရှင်"

"မင်းနဲ့ကိုယ် လက်ထပ်ကြမယ်၊ မင်းအမေကိုလည်း ကိုယ်တာဝန်ယူနိုင်တဲ့အင်အား ရှိနေပါပြီ"

ကိုနန္ဒမိတ်ရယ် ... ဘုံလေ ... အလွယ်တကူဆုံးဖြတ်ချက်မချနိုင်တော့ပါဘူး။ ဘုံ အမှားတွေလွန်ကျူးမိနေပြီ။ အမေ့ဆန္ဒတွေနှင့် မမကြီးတို့အိမ် ပြောင်းနေလာခဲ့ရသည်။ ခြံရံလည်းဒေါသတကြီးတားနေပေမယ့် အမေက လက်မခံပေ။ အစ်မကြီးအပေါ် အကြင်





နာမရှိတဲ့ ဟာတွေတဲ့ ...

"အစ်မအိမ်မှာလိုက်နေရတာ မသင့်တော်ဘူးဆိုရင် ညည်းလည်းယောကျ်ားရှာလေ ... မောင်နန္ဒမိတ်လို ယောကျ်ားမျိုးကိုတော့ ညည်းကမရွေးချယ်ဘူး၊ မဟုတ်လား ချစ်ခြင်းဘုံ"

ကိုနန္ဒမိတ်ကို ... သမီးမရွေးချယ်တာမဟုတ်ပါဘူး အမေ။ မရွေးချယ်သင့်လို့ပါ။ သမီး အမှားတစ်ခုကို မဆင်မခြင်လုပ်မိနေခဲ့တယ်။ မမကြီးယောကျ်ားကတော့ အမေ့ကိုတယုတယနှင့် ဘုံ့ကိုသာ မကြိုက်စည်ရင် ... သူက ဘုံတို့မိသားစုကို ပြစ်ပယ်ထားတာပါ။

"ဘုံ"

"ဟင်"

"ကိုယ်တို့လက်ထပ်ကြမယ်၊ ကိုယ် ... ဘုံနဲ့အဝေးမခံနိုင်လို့ပါ၊ ကိုယ် အရှမ်းအချမ်းသာကြီးမထားနိုင်တောင် ... ဘုံ ဆင်းရဲဒုက္ခမရောက်စေရပါဘူး"

နန္ဒမိတ် ဘယ်လိုနည်းနဲ့မှ ဘုံ့ကိုလက်လွှတ်မခံနိုင်တော့ပေ။ ဘုံ့လက်မောင်းလေးကို သူ တင်းကြပ်စွာဆုပ်ကိုင် လှုပ်ရမ်းနေပေမယ့် ... ဘုံကတော့ ကျောက်ရုပ်တစ်ရုပ်ကဲ့သို့ပင်။

"ဘုံပြောပါဦး ... မင်းဘာတွေဖြစ်နေလဲကွာ ... မင်းမှာဘယ်လိုအခက်အခဲတွေရှိနေလဲ ... ကိုယ့်ကိုပြောပြစမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မလက်မထပ်နိုင်ပါဘူး ကိုနန္ဒမိတ် ... မိန်းကလေး တစ်ယောက်ကို အပြင်ပန်းကနေကြည့်ပြီး ဆုံးဖြတ်လို့မရနိုင်ဘူး ထင်ပါတယ်"

ဘုံ့ကို အရမ်းအထင်တွေကြီးမနေစမ်းပါနဲ့ ကိုနန္ဒမိတ်ရယ်။ စဉ်းစားဆင်ခြင်တုံတရား ကင်းမဲ့သူပါ ... ဘုံ ဘယ်လိုမှ ကိုယ်လွတ် ရုန်းထွက်လို့ မရနိုင်တော့ဘူးထင်တယ်။

"ဘုံ ... မင်း တစ်ခုခုဖြစ်နေသလိုပဲ ... မင်းဘာပဲဖြစ်ဖြစ် ကွာ ကိုယ်နားလည်မှုပေးနိုင်ပါတယ်၊ ကိုယ့်ကိုပြောပြပါ၊ ကိုယ်နဲ့ လက်ထပ်ဖို့ကိစ္စကို အပြတ်မငြင်းလိုက်ပါနဲ့"

ကိုနန္ဒမိတ်က ဘုံ့ကိုယ်လေးအား သူ့ရင်ခွင်ထဲတင်းကြပ်စွာ ဆွဲယူပွေ့ဖက်ထားသည်။ ဘုံ မရုန်းထွက်မိ။ ချစ်သူရင်ခွင်ထဲတိုးဝင်၍ ဘုံ အားပါးတရငိုကြွေးလိုက်သည်။

"မင်းကိုယ့်ကိုချစ်ပါတယ် ဘုံ ... ကိုယ်သိပါတယ်၊ ဘုံ ... ကိုယ့်ကိုချစ်နေတယ်မဟုတ်လား ... ကိုယ်နဲ့လက်ထပ်ဖို့ ဘုံမငြင်း ဘူးမဟုတ်လား"

သူမ အသိတွေဝင်လာသည်။ ကိုနန္ဒမိတ်ရင်ခွင်ထဲကနေ ရုန်း ဖယ်ထွက်ပစ်လိုက်၏။ ခပ်လှမ်းလှမ်းတွင် ကားတစ်စီးရပ်နေပြီ။ ထိုကားထဲတွင် ကိုသုတရှိနေသည်။

ဖိုးလပြည့်စာပေ



"ကိုနန္ဒမိတ် ပြန်ပါတော့ ... ဘုံတောင်းပန်ပါတယ်နော်၊ ကျွန်မ လုံးဝလက်မထပ်နိုင်ပါဘူး၊ ကျွန်မကို ထပ်ပြီးမဆက်သွယ်ဖို့ တောင်းပန်ပါတယ်"

ဘုံ ပြတ်သားစွာဖြင့် တင်းတင်းမာမာငြင်းပစ်လိုက်သည်။ မဖြစ်နိုင်တော့ပါဘူး။ ကိုနန္ဒမိတ်နဲ့ဘုံ မတန်တော့လို့ပါ ... သူမ အတင်းအကြပ်ပြန်ခိုင်းသဖြင့် ကိုနန္ဒမိတ်ပြန်သွားသည်။

"ဘုံ"

"ဘုံ့ကိုမနှောက်ယှက်ပါနဲ့ ကိုသုတ ... တောင်းပန်ပါတယ်၊ ကိုသုတဆန္ဒအတိုင်းပဲ ကျွန်မရောက်လာပြီပဲ"

"ကားပေါ်တက်လေ"

"ကျွန်မ ကိုသုတကုမ္ပဏီမှာ ဝင်မလုပ်နိုင်ပါဘူး ... ကျွန်မ တခြားအလုပ်တစ်ခုခုရှာမှာပါ"

"မင်းဘာအလုပ်မှမလုပ်ဘဲ အိမ်မှာပဲနေပေးပါလား ဘုံရယ်၊ ကိုကြီးတောင်းပန်ပါတယ်၊ မင်းကိုလက်ဖျားနဲ့မထိနဲ့ဆိုရင်လည်း ကိုကြီးမထိပါဘူးကွာ"

သုတကတော့ ဘုံ့ကိုချစ်မိနေသည်။ ဘယ်လိုနည်းနှင့်မှစွန့် လွှတ်ဖို့မဖြစ်နိုင်ပေ။ ဘုံ့ကို သူလက်ဖျားနဲ့တို့ခွင့်မရရင်တောင်မှ သူ့ အနားမှာရှိနေစေချင်သည်။

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီးမျက်စိရှေ့မှာပဲ ဘုံနေပေးပါ၊ နန္ဒမိတ်ကို ဘုံအပြတ်ငြင်းပစ်လိုက်ပြီမဟုတ်လား"

"ဟုတ်တယ် … ကျွန်မလို ကိုယ်ကျင့်တရားပျက်ယွင်းနေတဲ့ မိန်းမတစ်ယောက်နဲ့ မတန်လို့ပါ"

ဘုံငိုပစ်ချင်သည်။ ကိုသုတနှုတ်ခမ်းတွေက ပြုံးယောင်သမ်းလာ၏။ ဘုံ မှန်းတီးနာကျည်းရသည်။

"မင်းကစတာပဲ ဘုံ … မထင်မှတ်ဘူးကွာ ကိုကြီးနှလုံးသားတွေက မင်းကိုချစ်မိသွားတာကို"

"မဖြစ်သင့်တော့ဘူးထင်ပါတယ်နော် ကိုကြီး … ဘုံတို့ဆွေမျိုးသားချင်းတွေလိုပဲ နေထိုင်ကြရအောင်ပါ"

ကိုကြီးကို ဘုံတောင်းပန်မိသည်။ ဘုံသွားလေရာကို အရိပ်လိုလိုက်နေခဲ့၏။ စီးပွားရေးလည်း စိတ်မဝင်စားတော့ပေ။ ဘုံ့ကိုစူးစိုက်ပြီး ကြည့်သည်။

"ဘုံ"

"ရှင်"

"မင်းလုပ်ရမယ့်အလုပ်ကလေ ကိုကြီးအနားမှာနေဖို့ပဲ … ကိုကြီးလည်း နောင်တတွေရမိနေပါတယ် ဘုံ"

သုတလည်း သုန်စိတ်ထိခိုက်ကြေကွဲရမယ့် အလုပ်တွေကို





လုပ်လိုပေ။ မိသားစုဘဝလေးကို ပြန်၍အဆင်ပြေပျော်ရွှင်ချင်နေသည်။ ခက်နေတာက ဘုံ့ကို အရူးအမူးချစ်မိနေခြင်းဖြစ်၏။ ထိန်းချုပ်နိုင်စွမ်းပင်မရှိ။ ဘုံ့ကိုစိတ်မချနိုင် … စိတ္တဇဖြစ်နေသည်။

"ကိုကြီးရှေ့မှာနေပေးပါ၊ ကိုကြီး အရမ်းချစ်မိနေပြီ … မင်းအတွက် ကိုကြီး ဘယ်အရာကိုမဆိုစွန့်ပစ်နိုင်တယ်၊ ဖြစ်နိုင်ရင်လေ ဘုံ့ကိုခေါ်ပြီး ကိုကြီး အဝေးတစ်နေရာကိုထွက်သွားချင်တယ်"

"ကိုကြီး"

"ပြော"

"မမကြီးက ကိုကြီးရင်သွေးလေးကို လွယ်ထားရတာလေ၊ ဖျက်ဆီးပစ်လိုက်ပါနဲ့ ဘုံတောင်းပန်ပါတယ် ကိုကြီးရယ် … ကိုကြီးရဲ့စီးပွားရေးလုပ်ငန်းတွေ၊ ဂုဏ်သိက္ခာတွေ အပျက်စီးခံမလို့လား"

"ကားပေါ်တက်လေ ဘုံ … ကိုကြီးကြိုးစားပါ့မယ်၊ ဂုဏ်သိက္ခာရှိတဲ့ ယောကျ်ားတစ်ယောက်ဖြစ်အောင်လေ"

သုတလည်း နောင်တတွေရနေသည် … ဘုံ့ကိုချစ်မိနေတာက သူ့အသိတရားတွေကို အမှောင်တွေဖုံးလွှမ်းနေစေခဲ့၏။ သုန့်စည်းစိမ်ဥစ္စာတွေပေးထားခဲ့ပြီး ဘုံနှင့်အဝေးဆုံးကိုထွက်သွားချင်ဆန္ဒတွေက အပြင်းပြဆုံးဖြစ်နေသည်။

"သွားကြရအောင် ဘုံ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီးနဲ့အတူတူ ... ကုမ္ပဏီတစ်ခုထဲမှာ ဘုံမလုပ်ပါရစေနဲ့"

"ဘုံရယ်"

သူ ကားကိုထိုးရပ်ပစ်လိုက်ပြီး ဘုံ့ခန္ဓာကိုယ်လေးအား ပွေ့ဖက်ထားမိသည်။

"လွှတ်ပါ ... ဘုံတို့ ဆင်ဆင်ခြင်ခြင်နေထိုင်သင့်ပါတယ်"

ကိုကြီးကို အတင်းအကြပ်ငြင်းဆန်ပစ်နေလို့လည်း မဖြစ်ပေ ဘုံကစခဲ့တာပဲ။ ကိုကြီးက ဘုံ့မျက်နှာလေးအားဆွဲမော့စေပြီး နမ်းဖို့ကြိုးစားစဉ် ဘုံ့မျက်ဝန်းတွေထဲမှာ မျက်ရည်တွေပြည့်နေခဲ့သည်။

"ဘုံ"

"ရှင်"

"ကိုကြီး မင်းလေးကိုချစ်တယ် ... ယုတ်ယုတ်မာမာနဲ့ မင်းဘဝလေးကိုဖျက်ဆီးပစ်ဖို့ မကြံစည်ရက်တော့ပါဘူး"

ကိုကြီးက ဘုံ့ကိုမနမ်းတော့။ ဘုံ့ကိုလွှတ်ပေးလိုက်ပြီး ကားကို အိမ်ပြန်မောင်းလာခဲ့သည်။

"မောင်နဲ့ဘုံလေးတွေ့ခဲ့တာလား၊ အတော်ပဲ ... မိသားစုတွေ ထမင်းလက်ဆုံစားကြမယ်၊ ဘုံလေး ... အဝတ်အစားလဲပြီး ဆင်းလာခဲ့နော်"

"ဟုတ်"





ဘုံ ... သူမအခန်းလေးထဲ ပြေးဝင်လာခဲ့သည်။ မမကြီး အရမ်းကိုပျော်နေတယ်။ သူမငိုပစ်လိုက်၏။ မမကြီးနှင့်မျက်နှာချင်းဆိုင်ရမှာပင် ရှက်နေသည်။ ဒါပေမယ့် ဘုံရှောင်လွှဲမရနိုင်။ အောက်ထပ်ဆင်းလာခဲ့ရ၏။ ထမင်းပွဲမှာ အမေနှင့်မမကြီးက ပြင်နေသည်။

"ဘုံလေး လာထိုင်"

"ဟုတ်"

"ဘုံ"

"ရှင် အမေ"

"လောလောဆယ် သမီးအစ်ကိုကြီးကပြောတယ် ... သမီးအလုပ်မလုပ်နဲ့ဦးတဲ့ ... မမကြီးအနားမှာပဲနေတဲ့ ... မမကြီးကိုယ်ဝန်ကရင့်နေပြီ၊ စောင့်ရှောက်ပေးဖို့လိုတယ်ကွယ်"

"ဟုတ်ကဲ့ အမေ"

ဘုံ ဘာမှပြောမနေချင်တော့ပေ။ မမကြီး မမွေးမချင်းတော့ ဘုံလုပ်ချင်တာတွေ လုပ်ပစ်ဖို့မသင့်ဟု ထင်မိနေသည်။

"သမီးလေး"

"ရှင်"

"မောင်နန္ဒမိတ်နဲ့ရော သမီးလေးအဆင်ပြေရဲ့လား"

ကိုကြီး ဝင်လာသည်။ မျက်နှာကတင်းသွား၏။ အမေက



www.burmeseclassic.com

www.burmeseclassic.com

တော့ မသိပေ။ သမီးနှင့်ကိုနန္ဒမိတ်ကို သဘောတူနေသည်။

"အတော်ပဲကွယ် ... မိသားစုထမင်းဝိုင်းမှာဆုံကြတုန်း မောင်နန္ဒမိတ်နဲ့သမီးလေးကို လက်ထပ်ပေးဖို့ ... တိုင်ပင်ချင်တယ်ကွယ်"

"သုန်တော့သဘောတူတယ် အမေ ... နန္ဒမိတ်က ဘုံနဲ့ငယ်သူငယ်ချင်းပဲ ... နန္ဒမိတ်က အရမ်းကြိုးစားတယ်လေ၊ ရိုးသားမှုလည်းရှိတယ်"

မမကြီးက ဝမ်းသာအားရပြောနေသည် ... ကိုကြီးကဆတ်ခနဲ သူမကိုမော့ကြည့်၏ ... ဘုံ တုန်လှုပ်ခြောက်ခြားစွာဖြင့် ငြိမ်းပစ်မိသွားသည်။

"ကိုနန္ဒမိတ်ကိုဘုံမချစ်ဘူး အမေ ... လက်ထပ်ဖို့ သမီးမစဉ်းစားသေးဘူး၊ အရေးကြီးတာက မမကြီးကိုပြုစုပေးဖို့ပဲ"

ကိုကြီး ထပြီးသောင်းကျန်းမှာလည်း ဘုံကြောက်မိသည်။ အမေနှင့်မမကြီးတို့ရဲ့အပျော်ကို မဖျက်ဆီးပစ်ချင်တာပါ။

"အင်းလေ ... သမီးလေးဆန္ဒပါပဲ၊ ဘာပဲဖြစ်ဖြစ် အမေကတော့ မောင်နန္ဒမိတ်ကို အပြတ်ကြီးမငြင်းစေချင်သေးတာပဲ ... သမီး အလိုက်အထိုက်လေးတော့နေ"

"ဟုတ်"

ဖိုးလပြည့်စာပေ



သုတကတော့ ဒေါသတွေပေါက်ကွဲထွက်ချင်နေသည်။ ဘုံဘယ်ယောကျာ်းနှင့်မှ လက်ထပ်တာမျိုး သူလက်မခံနိုင်ပေ။ မင်းရင်ခွင်ထဲမှာပဲ နေရမယ်ဘုံ ... အိပ်ရာဝင်ခဲ့သည်အထိ သူ့မျက်နှာကြည်လင်၍ ... သုန်က တယုတယပွေ့ဖက်ရင်း မေးနေသည်။

"မောင်"

"ဟင်"

"ကုမ္ပဏီမှာ အဆင်မပြေဘူးလားဟင် ... မောင့်မျက်နှာလေးက ညှိုးငယ်နေသလိုပဲ"

"သုန်"

"ပြောလေ"

"တကယ်လို့ကွာ ... မောင် နောက်မိန်းမတစ်ယောက်ကို အိမ်ပေါ်ခေါ်တင်လာမယ်ဆိုရင်ရော"

"မောင်ရယ် ... သုန်လက်ခံပါတယ်၊ မောင့်တိုက်ပဲ မောင့်သဘောဆန္ဒအတိုင်းပဲလုပ်ပါ၊ မောင်ပျော်ရွှင်နေတာကို သုန်အမြင်ချင်ဆုံးပါ"

"သုန်ရယ်"

"အလကားနော် ... မောင်ကနောက်တာပါ၊ သုန့်မှာကိုယ်ဝန်ကြီးနဲ့ မောင်ဒီလိုစကားတွေမပြောချင်ပါဘူး၊ Sorry"

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"မောင်ရယ်"

မောင်က အခုတလောထူးထူးခြားခြားပဲ ... သုန်တို့မိသားစု အပေါ် လိုက်လျှောနေပေးတာ။ နောက်မိန်းမတစ်ယောက်ကို အိမ်ပေါ်ခေါ်တင်ထားချင်လို့လားပဲ။

"မောင်"

"ဟင်"

"သုန့်အတွက် ထည့်မစဉ်းစားပါနဲ့နော်၊ သုန်က အမေတို့နဲ့ သွားနေလည်း ရပါတယ်၊ မောင့်ကို ကွာရှင်းပေးပါ့မယ်"

"မဟုတ်ပါဘူး သုန်ရာ ... မင်း ဒီလောက်အထိ မောင့်ကို ချစ်ပြမနေစမ်းပါနဲ့ ... သဝန်လေးဘာလေး နည်းနည်းကြောင်ပါဦး မောင့်လုပ်ရပ်တွေကို မိန်းမကတားမှပေါ့"

"မောင်ကစီးပွားရှာနေတာပဲလေ ... သုန်ကမှီခိုပဲ ... အရေးကြီးတာက မောင်ပျော်နေဖို့ပါ"

"အိပ်ပါတော့ကွာ ... တစ်ခါတစ်လေ မောင်လွန်ကျူးခဲ့တဲ့ အမှားတွေကြောင့် ... သုန်နဲ့ အိမ်ထောင်ရေးပြိုကွဲရမှာတော့ မောင်ကြောက်မိတယ်"

"မောင်ထားရာမှာ သုန်နေမှာပါ၊ နောက်မိန်းမတစ်ယောက်





အိမ်ပေါ်ခေါ်တင်လာလည်း ... သုန်လေ ... အစ်မကြီးနေရာမှာပဲ ကျေကျေနပ်နပ်နေပေးမှာပါနော်"

"သုန်ရာ"

သူက ဘုံ့ကို တရားဝင်ဇနီးအဖြစ်လက်ထပ်လိုသည်။ သုန်ကတော့ ကျေနပ်မှာပါ။ အမေနဲ့ခြံရုံပဲ ... သုတစဉ်းစားနေတာက ခြံရုံကို အရင်းအနှီးတွေလုပ်ပေးဖို့ပင်။ ခြံရုံ ... သူ့ခါးပိုက်ထောင်ထဲ ထည့်ထားနိုင်ဖို့အရေးကြီးတယ်။ သူ့အနေနဲ့ ညီအစ်မနှစ်ယောက်ကို လက်ထပ်ယူတာ အဆန်းမဟုတ်ဟုထင်သည်။

"သုန် အိပ်တော့နော်၊ မောင်ပြောတာတွေကို ခေါင်းထဲ ထားနဲ့ ... ကျန်းမာအောင်ပဲနေပါ"

သုန့်ကိုပွေ့ဖက် ချော့မြူရသည်။ အရင်က သုန့်အပေါ် သူ အမြဲတမ်းအနိုင်ကျင့်ဗိုလ်ကျကာ ... ရက်စက်ထားခဲ့သည်။ အခုတော့လည်း သုန့်အပေါ် တယုတယနှင့်ပျော်ရွှင်အောင်ထားဖို့ ကြိုးစားနေရ၏။ သုန်လည်း သနားဖို့တော့ကောင်းပါတယ်။ ဖြူဖြူစင်စင် မိန်းကလေး။ သုန်အိပ်ပျော်သွားမှ အိပ်ရာကနေအသာအယာ ထသည်။ သူ လသာဆောင်ကိုထွက်လာခဲ့သည်။ ရင်တွေပူလောင်နေတယ်။ သူတွေ့ချင်နေတာက ဘုံပဲ ... အိပ်နေပြီလား ...

"ကိုကြီးချစ်နေမိလို့ပါ ... ကိုကြီးနဲ့လက်ထပ်ပါ ဘုံ"



www.burmeseclassic.com

www.burmeseclassic.com



သူ ... အရက်သောက်နေမိသည်။ ညိုပြာ့ကိုစွကလည်း မပြေ ပြတ်သေးဘူး။ တိုက်ခန်းဝယ်ပေးဖို့ ... ငွေတွေပေးဖို့ ညှိနှိုင်းထား၏။ ညိုပြာက လောဘရမက်ကြီးသည်။

သူ့ကုမ္ပဏီကြီးကိုမှ အပိုင်လိုချင်လို့ တောင်းဆိုနေ၏။ သူ စိတ်တွေရှုပ်ထွေးလာပြီး အရက်တစ်ခွက်ပြီးတစ်ခွက် သောက်နေ မိသည်။

အခန်း ( ၁၇ )

"ချစ်ခြင်းဘုံ"

"နင်နဲ့ငါ ပြောစရာစကားမရှိဘူးထင်တယ် ညိုပြာ ... နင်တို့ ကိုစွ နင်တို့ရှင်းပါ"

"ငါတို့ကိစ္စတွေမှာ နင်ဝင်ပါနေလို့ ... ငါက နင်နဲ့ရှင်းနေရ တာလေ"

ညိုပြာ သည်းမခံနိုင်တော့ဘူး။ ချစ်ခြင်းဘုံကို စွဲလမ်းနှစ် သက်နေတဲ့ ကိုကို့အချစ်တွေကို ညိုပြာလက်လွှတ်ဆုံးရှုံးနေရပြီ ဖြစ် သည်။ ညိုပြာ့ကိုရှောင်နေ၏။ ဘယ်လောက် ဒေါသဖြစ်စရာ ကောင်းလဲ။

အခု ချစ်ခြင်းဘုံက ကိုကိုတို့အိမ်တောင်ရောက်နေပါပြီ ... ညိုပြာ ဒေါသတွေပေါက်ကွဲနေရသည်။

**ဖိုးလပြည့်စာပေ**

www.burmeseclassic.com

www.burmeseclassic.com



"နင် ကိုကို့အိမ်ရောက်နေပြီဆို"

"ဟုတ်တယ်လေ ... မမကြီးအတင်းခေါ်လို့ပဲ နေရတာကာ နင့်စိတ်နဲ့မနိုင်းပါနဲ့ ညိုပြာ ... ငါ့ကိုယ်ကျင့်တရားကို ငါအာမခံတယ်"

"ဟား ... ဟား ... ဟား ... နင်ကများ ... ခဲအိုကိုချိုင်နေပြီးတော့ ... မြို့ပြင်မှာနစ်ပါးသွားနေတာလေ၊ ငါ့မှာသက်သေရှိတယ် ... ကြည့်"

ညိုပြာ့ဖုန်းထဲမှာ ကိုသုတနှင့်ဘုံတို့ ကားထဲမှာဖက်နေကြတဲ့ပုံ ရှိနေသည်။ ဘုံ စိတ်ပျက်မိ၏။ မတတ်နိုင်တော့ဘူး။ ဘုံစခဲ့တဲ့ဓာတ်လမ်းပဲ ... မမကြီးနှင့်အမေပျော်ရွှင်မှုတွေကို မဖျက်ဆီးပစ်ချင်ပေ။

"နင်ဘာလုပ်ချင်တာလဲ ညိုပြာ"

"ကိုကို့ကို ငါ့ဆီပြန်ပေး"

"ငါ ဘာမှမယူထားဘူး၊ နင်သာ လိုချင်တာကို ရအောင်ယူနိုင်တယ်၊ ဒီဓာတ်ပုံတွေလိုက်ပြလေ ... ငါကတော့ ဂရုမစိုက်ဘူး"

သူမပြောပြီး ထွက်လာခဲ့သည်။ ညိုပြာ့ရှေ့မှာသာ ပြောရတာ။ ဘုံကြောက်နေမိ၏။ အမေနှင့်ခြံရံသာသိသွားရင် ဘုံ့အတွက် ရပ်တည်ရာမရှိနိုင်တော့။ အမေ မကြိုက်ဆုံးက မိန်းကလေးတစ်





ယောက် ကိုယ်ကျင့်တရားပျက်ပြားခြင်းပဲ ... ပြီးတော့ ခြံရံ့အမှားအတွက် သူမ ပေးဆပ်ရတော့မည်ဖြစ်သည်။

"ကျွန်မအရမ်းကြောက်တယ် ကိုနန္ဒမိတ်ရယ် ... ဘုံ့ကိုကယ်ပါဦး"

သူမ စားသောက်ဆိုင်တစ်ခုရဲ့ ထောင့်စားပွဲလေးမှာထိုင်ရင်း ရှေ့ဆက်ရမယ့်ခရီးအတွက် ... အကြောက်တရားတွေက သူမခန္ဓာကိုယ်လေးကို လွှမ်းခြုံရစ်သိုင်းနေကာ မျက်ရည်တွေမျက်ဝန်းလေးထဲမှာ ပြည့်နှက်နေသည်။

"ဘုံ့ကိုချစ်နေနိုင်ပါဦးမလား ဘုံလေ ... ဘုံ ဘယ်လိုမှအဖတ်ဆယ်လို့မရတဲ့ အမှားကြီးတစ်ခုကို ကျူးလွန်ထားမိနေပါတယ်"

ကိုနန္ဒမိတ်နှင့်လက်ထပ်ဖို့တော့လည်း ... မဖြစ်နိုင်ပါဘူး။ ညိုပြာက နောက်ယှက်မှာသေချာသည်။

"ကိုနန္ဒမိတ် ... ဘုံ့ကိုကယ်ပါဦး၊ ဘုံအရမ်းကြောက်နေတယ်၊ တစ်လောကလုံး ဘုံ ဘယ်သူ့ကိုမှရင်မဆိုင်ရဲလို့ပါ"

ပတ်ဝန်းကျင်မှာလူတွေရှိနေ၍ ဘုံမျက်ရည်မကျရဲ။ မျက်တောင်လေးများဖြင့် ပုတ်ခတ်ထိန်းသိမ်းနေရသည်။ အမေ ... မမကြီး ... ခြံရံ ... ဆက်မတွေးရဲတော့ ... ခန္ဓာကိုယ်လေးတစ်ခုလုံး



www.burmeseclassic.com

www.burmeseclassic.com



သွေးတွေအေးခဲတောင့်တင်း ရပ်သွားတော့မလားပဲ။ ပိုက်ဆံမရှိပေမယ့် ဂုဏ်သိက္ခာကိုတန်ဖိုးထား နေထိုင်လာခဲ့ကြတဲ့မိသားစုလေးပါ။

"ဘုံ့ကိုချစ်မိနေပြီ၊ ကိုကြီးကိုလက်မထပ်ရင်တောင်မှ ကိုကြီးအနားကနေ မင်းလုံးဝထွက်သွားခွင့်မပြုနိုင်ဘူး"

အရက်တွေ ပိုမိုသောက်လာတဲ့ကိုသူတ ... မမကြီးက ကိုယ်ဝန်နှင့် ... ခဲအိုကို မဆင်မခြင်ဖြားယောင်းမြူဆွယ်ခဲ့မိတဲ့ ဘုံ ...

"ဘုံ"

"ဟင်"

သူမရှေ့တွင် မားမားကြီးရပ်နေသူက ကိုနန္ဒမိတ်ပါ။ လုံးဝမထင်မိ ... ဘယ်ကနေဘယ်လို နန္ဒမိတ်ရောက်လာရတာလဲ။ မျက်ဝန်းတွေထဲမှာ မျက်ရည်တွေပြည့်နေသည်။

"ကိုယ် ထိုင်မယ်နော်"

"ဟုတ်"

"ဘုံ"

"ရှင်"

"အပြင်သွားမယ်"





"ရှင်"

"ထပါ"

သူက သူမလက်လေးကိုဆွဲ၍ ထွက်လာသည်။ သူ့ကားပေါ်တက်စေ၏။ ဘုံ မငြင်းဆန်နိုင်။ သူက ကားကိုမောင်းထွက်လာခဲ့သည်။

"ကိုနန္ဒမိတ် ... ဘယ်သွားမလို့လဲ၊ ကျွန်မကို ကားရပ်ပေးပါ။ ကျွန်မ ရှင်နဲ့မလိုက်နိုင်ဘူး"

သူကတော့ ဘာမှမပြောပေ။ ကားကိုလည်း ရပ်မပေးခဲ့။ ရှစ်ထပ်တိုက်ကြီးရဲ့ရှေ့မှာ ရပ်သည်။

"ဆင်း"

"ဒီမှာ"

"စကားတွေပြောမနေနဲ့တော့ ... မင်းကို လွတ်လပ်စွာ ပေါက်ကွဲခွင့်ပြုမလို့"

"ရှင်ခေါ်ချင်တိုင်းခေါ်လို့မရဘူးနော် ကိုနန္ဒမိတ် ... ကျွန်မ ရှင့်ကိုပြောထားပြီးပြီပဲ မချစ်ဘူးလို့"

"ကိုယ့်ကိုမင်းချစ်ပါတယ် ဘုံရယ် ... လက်ထပ်ဖို့ပဲ မင်းမှာ သတ္တိမရှိတာမဟုတ်လား"

"ဘာရှင့်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကိုယုံကြည်ပေးပါ ဘုံ ... မင်းသဘောတူညီမှုမရဘဲ မင်းအသားကို လက်ဖျားနဲ့တောင်မတို့ပါဘူးကွာ"

သူ ...

ဘုံ့လက်လေးကိုဆွဲခေါ်ခဲ့သည်။ ရုစ်ထပ်တိုက် အပေါ်ဆုံး ထပ်ကို တက်လာခဲ့သည်။ သူဝယ်ထားတဲ့ တိုက်ခန်းကိုပါ။ ချစ်ခြင်း ဘုံ တစ်စုံတစ်ခုသော စိတ်သောကခံစားနိုင်တဲ့အကြောင်း ရှိနေနိုင် သည်ဟု နန္ဒမိတ်ထင်သည်။

"ဒါ ... ဒါ"

"ကိုယ်ဝယ်ထားတာပါ"

"ဘုံ ... ဘုံလေ"

"မကြောက်ပါနဲ့ ... ကိုယ်က မင်းထိခိုက်နစ်နာအောင် တစ်ခုမှ မလုပ်ပါဘူး"

ကိုနန္ဒမိတ်ကို ဘုံအကြွင်းမဲ့ယုံကြည်လိုက်သည်။ ယခုအချိန်မှာ ဘုံ ဘယ်လိုမှဖြေသိမ့်လို့မရအောင် အပူသောကတွေ ... ဘုံ့နှလုံးသားတွေကို လောင်မြိုက်နေသည်။ ဘုံ အားကိုးတကြီးတမ်းတမိခဲ့တာက ကိုနန္ဒမိတ် မဟုတ်လား ... ကိုနန္ဒမိတ်လိုယောကျ်ားတစ်ယောက်ကို ဘုံ့ခန္ဓာကိုယ်အသွေးအသားတွေ ပေးအပ်လိုက်ရင်ရော ဘာဖြစ်လဲ ... ဘုံ့ကို ဖေးမလက်တွဲခေါ်ယူမယ့်သူက ကိုနန္ဒမိတ်ပဲ





ဖြစ်သည်။

"ဘုံ"

"ဟင်"

"ကိုယ် အအေးဖျော်ပေးမယ်၊ မင်း ရင်ပူနေတယ်မဟုတ်လား"

"ရှင်"

"ငြိမ်ငြိမ်လေးနေ ... ဒီနေ့တစ်နေ့လုံးတော့ ကိုယ်ပဲ ဘုံ့ကို ပြုစုပေးမယ်"

သူ အထဲဝင်သွားသည်။ ဧည့်ခန်းထဲမှာ ဘုံ့ဓာတ်ပုံကြီးချိတ်ထားပါလား ... ရှင့်အချစ်တွေကို ဘယ်လိုပဲသက်သေပြနေပါစေ။ ချစ်ခြင်းဘုံက နာမည်ပျက်တွေနဲ့ပါ။ ကိုယ့်နာမည်ကို ကိုယ်တိုင်ဖျက်ခဲ့သူပါ။ ဘုံ့မှာဖြေရှင်းလို့မရနိုင်တဲ့ အရှုပ်အထွေးကြီးနဲ့ ...

"ဘုံ"

"ရှင်"

"အအေးသောက်"

"ရှင် ဒီမှာနေတာလား"

"မနေပါဘူး ... ကိုယ့်ချစ်သူနဲ့နေဖို့လေ၊ ကိုယ်စိတ်ကူးယဉ်ပြီး ပြင်ဆင်ထားတာ"



www.burmeseclassic.com

www.burmeseclassic.com

“အဟက်”

“ဘာရယ်တာလဲ”

“ကျွန်မနဲ့လား”

“ဟုတ်တယ်”

“ဟား ... ဟား ... ဟား”

“ချစ်ခြင်းဘုံ ... မင်းသရော်နေတာလား”

“ရယ်ချင်လို့ပါ”

“ဘာလဲ ... မင်းက ဒီလိုလုံးဝ ဖြစ်လာနိုင်စရာမရှိဘူးလို့ ပြောချင်တာလား”

“အင်း”

“ဟုတ်တယ် ... ဒီအခန်းကို မင်းနဲ့နေဖို့ပြင်ဆင်နေတာပါ၊ မင်းကို သော့တစ်ချောင်းပေးထားမယ်၊ မင်းလည်း လာပြီးအပန်း ဖြေနိုင်တယ်ကွာ”

“ရှင်နဲ့လား”

“ကိုယ်နဲ့ဆိုရင်တော့ ပိုကောင်းတာပေါ့၊ ဒါပေမယ့် မင်းနာမည်နဲ့ဝယ်ထားတာဖြစ်လို့ မင်းအနေနဲ့ မင်းချစ်တဲ့ဘယ်ယောကျ်ား ကိုမဆို ခေါ်လာနိုင်ပါတယ်”

“ဘာရှင့်”





“ရော့ ... ဒီမှာ ဒီအခန်းရဲ့ပိုင်ဆိုင်ခွင့်တွေ”

သူက စာရွက်စာတမ်းတွေထည့်ထားတဲ့အိတ်ကို ပေးသည်။ ဘုံ နာကျင်ကြေကွဲလွန်းရသည် ... ဘုံချစ်မိနေတာက ရှင့်ကိုပါပဲ။ ဒါပေမဲ့လည်း ရှင့်ကိုတော့ ဘုံလက်ထပ်လို့မဖြစ်နိုင်တော့လို့ပါ။ ဘုံ ရယ်နေပေမယ့် မျက်ဝန်းတွေထဲသို့ မျက်ရည်တွေ ဝေ့သီချင်နေ သည်။

“ကျွန်မပြန်တော့မယ် ... ရှင့်ဆီကနေ ဘာမှမလိုချင်ပါဘူး၊ ရှင်လည်း အပင်ပန်းခံပြီး ရွေးနဲ့စာလေ”

“ဘုံ”

သူမလက်မောင်းတွေကို သူဆုပ်ကိုင်လိုက်သည်။ သူမ မျက်နှာလေးကို စေ့စေ့ကြည့်လိုက်၏။ မင်းဘယ်လောက်အထိနာကျင် ကြေကွဲနေရလဲဆိုတာ ကိုယ်သိပါတယ် ချစ်ခြင်းဘုံရယ် ... မင်းမျက် ဝန်းတွေက ဖော်ပြနေတာပဲ။

“ချစ်ခြင်းဘုံ ... မင်းဘာတွေဖြစ်နေတာလဲဆိုတာ ကိုယ်သိ နေတယ်၊ ကိုယ့်ကို ညိုပြာပြောတာလေ”

“ဘာ”

“မင်းမပေါက်ကွဲပါနဲ့ ဘုံ ... မင်းရဲ့ကိုယ်ကျင့်တရားတွေကို ကိုယ်ယုံကြည်တယ်၊ မင်း ဘာဖြစ်လို့လုပ်ပစ်ရတာလဲဆိုတာလည်း



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်သိနေတယ်”

ညိုပြာ ... မင်းပြောလိုက်ပြီပေါ့။ ချစ်ခြင်းဘုံက ကြောက်မယ်ထင်နေလို့လား ... ယောကျ်ားတစ်ယောက်ကိုလည်း အဲဒီလောက်အထိ မေ်းမေ်းတက် ကိုယ်မယူဘူး။

“ဟုတ်တယ် ... ကျွန်မအစ်မကြောင့်ပဲ ... ညိုပြာက ကျွန်မခဲအိုကိုချူစားနေတာ ... ကျွန်မခံပြင်းလွန်းလို့ပါ၊ ပြီးတော့ ကျွန်မအမေကြောင့်ပဲ”

ဘုံ သတ္တိရှိရှိဝန်ခံလိုက်တာပဲ။ ဘုံ့ရဲ့ရိုးသားမှုဟု နန္ဒမိတ်ထင်မိသည်။ ဘုံ ဘာကြောင့်ပဲလုပ်လုပ် ... သူကတော့ ဘုံ့ကိုချစ်နေနိုင်၏ ... ဘုံ့မျက်ဝန်းတွေထဲကမျက်ရည်တွေက သူ့မပါးပြင်လေးပေါ်လိမ့်ဆင်းကျလာသည်။

“ချစ်ခြင်းဘုံရယ် ... မင်းဝမ်းမနည်းပါနဲ့ ... ကိုယ်ရှိပါတယ် မင်းရင်ဖွင့်ပါ၊ မင်းကို အစွန်းဆုံးအထိ ကိုယ်နားလည်မှုတွေပေးနိုင်ပါတယ်”

“ကိုနန္ဒမိတ်ရယ်”

ဘုံ ဟန်ဆောင်တင်းမာမနေနိုင်တော့။ ချစ်သူရင်ခွင်ထဲ တိုးဝင်ဖက်တွယ်ထားမိသည်။ ပြီးတော့ ထိန်းချုပ်ထားရတာတွေ တာတမံတစ်ခု ကျိုးပေါက်သွားသလို မျက်ရည်တွေက တလိမ့်လိမ့်ကျ





ဆင်းလျှက် ... သူမအသံလေးထွက်လာပြီး တသိမ့်သိမ့်ရှိုက်ငိုသည်။

“ဘုံရယ် ... ကိုယ်သိပါတယ်၊ မင်းဒီအရှုပ်အထွေးတွေကြားနေ ရုန်းထွက်ပစ်လိုက်ပါ”

“ကျွန်မဘယ်လိုရုန်းထွက်ရမလဲ ... မောင်ရယ် ပြောပြပါဦး၊ ကိုသုတက ကျွန်မကိုအလွတ်မပေးတော့ဘူး၊ ညိုပြာက ကျွန်မဘဝကို စုတ်ပြတ်သတ်သွားအောင်စုတ်ဖြဲပြီး ... မြောင်းထဲပစ်ချတော့ မယ်လေ”

“မောင်ဟုတ်လား ... ဘုံ ကိုယ့်ကိုချစ်တယ်လို့ပြောလိုက်တာလား၊ မောင်အရမ်းပျော်တယ်ကွာ ... တကယ်ပါဘုံရယ် ... မောင်အလိုချင်ဆုံးက ဘုံ့နှလုံးသားတွေထဲက အချစ်တွေပဲ”

“ဟုတ်တယ် ... ကျွန်မမောင့်ကိုချစ်တယ်၊ ကျွန်မရဲ့ကြေကွဲမှုတွေ၊ နာကျင်ခံစားနေရတာတွေကို မောင်ပဲ နားလည်မှုဝေခံစားပေးခဲ့တာလေ”

“ဘုံရယ်”

ဘုံ့ဘဝ ဘာပဲဖြစ်ဖြစ်ပါ။ ဘယ်လိုအနေအထားမျိုးပဲဖြစ်ဖြစ် နန္ဒမိတ်ကတော့ လက်ထပ်ယူမည်ဖြစ်သည်။ ဘုံနှင့်ကိုသုတတို့ မငြိမ်းကြသေးဘူးဆိုတာလည်း သူအကြွင်းမဲ့ယုံကြည်နေ၏။ ချစ်သူနွှာကိုယ်လေးအား သူတင်းကြပ်စွာဖက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘုံ"

"မောင်"

"မောင်နဲ့လက်ထပ်ပါ ဘုံ ... ဘာတွေပဲဖြစ်နေပါစေ၊ မောင့်ကိုပြောပြပါ။ မောင့်ဘဝအတွက် အလိုအပ်ဆုံးမိန်းမက ... ဘုံတစ်ယောက်ထဲဖြစ်စေရမယ်၊ ပျို့တာအိုတာနဲ့မဆိုင်ဘူးနော်"

"လောလောဆယ်တော့ ဘုံလက်ထပ်ဖို့ကိစ္စကို လက်ခံနိုင်ပါဘူး မောင်ရယ် ... ဘုံ ရှင်းလင်းရမယ့်ကိစ္စတွေရှိနေပါတယ်၊ ကံကြမ္မာတွေကိုတော့ ဘယ်လိုမှပြောလို့မရသေးဘူးလေ ... မောင်နဲ့ အနေနဲ့ တခြားမိန်းကလေးတွေ့ရင်လည်း လက်ထပ်နိုင်ပါတယ်"

ဘုံ ဆက်မပြောနိုင်တော့ ... ကြေကွဲနာကျင်မှုတွေက ဘုံ့ရင်ထဲပြည့်နှက်နေသည်။ ကျွန်မဘဝ ... လူပုံအလယ်မှာ ဘယ်လိုအရှက်တကွဲအကျိုးနည်းတွေနဲ့ ရင်ဆိုင်ဖြတ်သန်းရမှန်းမသိသေးလို့ပါ။ ကျွန်မ အမြဲတမ်းရိုးသားဖြူစင်ခဲ့တယ်ဆိုတာ ကျွန်မအသိဆုံးပါပဲ မောင် ... ဒါပေမဲ့ အထောက်အထားတစ်စုံတစ်ရာမပြနိုင်ပါဘူးလေ။ မောင်က ဘုံ့ပါးပြင်လေးပေါ် လိမ့်ကျနေတဲ့ မျက်ရည်စတွေကို သုတ်ပေးသည်။

"ဘုံ"

"ဟင်"





"မောင်နားလည်ပါတယ်ကွာ ... မင်းဆန္ဒတွေအတိုင်း အားလုံးဖြစ်စေရပါ့မယ်၊ မောင်လည်း မင်းနဲ့အတူတူ မျှဝေခံစားပါရစေ"

"ကျွန်မ မောင့်ကိုအရမ်းချစ်တယ်၊ ရင်ကွဲမတတ်ပဲ မောင့်ကိုချစ်မိသွားရပါပြီ"

မောင့်ရင်ခွင်ကပဲ ဘုံ့အတွက် အေးမြသာယာငြိမ်းချမ်းမှုတွေ ပေးစွမ်းနိုင်မဲ့ အရိပ်လေးတစ်ခုလို့ ကျွန်မသတ်မှတ်လိုက်သည်။ စောစောက မီးတောက်တွေလောင်မြိုက်နေတဲ့ ကျွန်မရင်တွေ စိမ့်စမ်းရေထဲ စိမ်ထားမိသလို အေးမြခဲ့ရသည်ပဲ မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၈ )

"မောင်ရယ် ... ဘာဖြစ်လို့များ အရက်တွေအရမ်းသောက်နေရတာလဲ သုန့်ကိုပြောစမ်းပါ။ မောင့်မှာ စိတ်ညစ်စရာတွေရှိနေလို့လားဟင့်"

သုန် ...

ချစ်ဝသုန် ...

မင်းအရမ်းဖြူစင်ရိုးသားတဲ့ မိန်းမတစ်ယောက်ပါ ... မင်းအပေါ် မောင်အမြဲတမ်းအနိုင်ကျင့်ရက်စက်ခဲ့တယ်။ မင်း ဘာဖြစ်လို့များ မုန်းတီးနာကျည်းမသွားရတာလဲကွာ ...

"သုန်ဘာလုပ်ပေးရမလဲဟင် ... မောင် တခြားမိန်းကလေးတစ်ယောက်ကို လက်ထပ်ဖို့အထိ အခြေအနေရောက်နေလို့လား သုန့်ကိုအားမနာပါနဲ့ ... သုန် ကွာရှင်းပေးပါ့မယ်"





"သုန်ရယ် ... မင်း ဘာဖြစ်လို့ မောင့်အပေါ်ဒီလောက်အထိ ခွင့်လွှတ်နားလည်ပေးနေရတာလဲ၊ မောင်မှားတယ် သုန် ... အရာရာအားလုံး မောင့်အမှားတွေပါကွာ"

သူတရင်ထဲမှာ ဘုံရှိနေသည်။ ဘယ်လိုမှ ဖယ်ထုတ်ပစ်လို့မရ။ မဖြစ်သင့်ဘူးဆိုတာသိသိကြီးနှင့်ပဲ ချစ်ခြင်းဘုံကိုပေါင်းသင်းပိုင်ဆိုင်ထားလိုနေ၏။ သုန်သိသွားရင်ရော ... ညိုပြာ့ကိစ္စ အပြီးသတ်ရှင်းပစ်ဖို့ သူစဉ်းစားထားသည်။

"သုန်"

"မောင်"

"မောင်တို့ အိမ်ထောင်သက်တမ်းတလျှောက်လုံး မောင်ပဲသုန့်အပေါ် ဆိုးသွမ်းအနိုင်ကျင့်ခဲ့တာပါ"

"ဆက်မပြောပါနဲ့ မောင်ရယ် ... သုန်ခွင့်လွှတ်နားလည်ထားပြီးသားပါ။ အားလုံးက ပြီးဆုံးသွားပါပြီ၊ သုန်တို့ရင်သွေးလေးကိုပဲ ပြည့်ပြည့်စုံစုံ ချစ်ခြင်းမေတ္တာတွေနဲ့ ပြုစုစောင့်ရှောက်ပေးကြရအောင်ပါ"

တကယ်လို့မဖြစ်နိုင်ရင်ရော ... ကိုသူတဆက်မမေးသင့်ဟုထင်သည်။ သူက ဖခင်ပဲ။ သူတာဝန်ကျေပြွန်နိုင်မယ်တောင် မထင်တော့ဘူး။ ချစ်ခြင်းဘုံကိုအရယူဖို့ သူ့စိတ်တွေထဲမှာ ဆန္ဒတွေပြင်း



www.burmeseclassic.com

www.burmeseclassic.com



ပြုနေသည်။

"လောကကြီးထဲမှာ ... နွားကျတဲ့ယောကျ်ားတွေကလည်း အများကြီးပဲ ကိုကို ... ခဲအိုနဲ့ဖြစ်ချင်တိုင်းဖြစ်နေတဲ့ ချစ်ခြင်းဘုံကို ကျတော့ နန္ဒမိတ်ကလက်ထပ်မယ်တဲ့"

ညိုပြာပြောတဲ့စကားတွေက သုတနားထဲမှာ ပင့်တင်ထပ် ရိုက်ခတ်နေသည်။ နန္ဒမိတ်က လူပျို့လူလွတ် လူတော်ပါ။ သုတနဲ့ ဘယ်လိုမှ မယှဉ်နိုင်။

"ကိုကို ညိုပြာတို့လက်ထပ်ကြအောင်နော်၊ ချစ်ခြင်းဘုံက ကိုနန္ဒမိတ်ကိုပဲလက်ထပ်မှာ ... အကျိုးမရှိဘဲ မရင်းချင်ပါနဲ့"

သုတစိတ်တွေကို လွှမ်းမိုးထားတာက ချစ်ခြင်းဘုံပဲဖြစ်နေ သည်။ အရယူမယ်။ သုန့်ကိုတော့ အားနာပါတယ်။ မောင့်နှလုံးသား တွေကို ချစ်ခြင်းဘုံကလွှမ်းမိုးနေပြီ သုန် ...

"မောင်"

"ဟင်"

"အိပ်ပါတော့နော်"

"အင်း"

"ထပါ"

မောင်ဘာတွေဖြစ်နေလဲ သုန်သိချင်နေသည်။ မောင်ပျော်





ရှင်ဖို့ သုန်ဘယ်လိုအရာမျိုးမဆို လုပ်ဆောင်ပေးချင်မိ၏။ အမေ့ကို တရိုတသေ တလေးတစားဆက်ဆံလာတာကိုပဲ ... သုန့်ဘဝမှာ ဆုလာဒ်ကြီးကြီးမားမားရမိထားသလိုပင်။ မောင့်ကိုတွဲပြီး အိပ်ခန်း ဆီခေါ်လာခဲ့သည်။

"မောင်က စီးပွားရေးလုပ်ငန်းတွေလုပ်ရတာပါ ... အိပ်ရေး ပျက်လို့မဖြစ်ဘူးနော်"

သုတ လိုက်လာခဲ့သည်။ သူတွေ့ချင်နေတာက ချစ်ခြင်းဘုံ ကိုပဲ ... ညိုပြာက ဖုန်းဆက်ထား၏။ နန္ဒမိတ်နဲ့ဘုံ့ကို ကားတစ်စီး နဲ့တွေ့တယ်တဲ့။ သုတမေးချင်သည်။ သုန်စိတ်ချသွားစေရန် သုတ အိပ်ချင်ယောင်ဆောင်လိုက်၏။ သုန်အိပ်ပျော်သွားမှ သုတအပြင် ထွက်လာခဲ့သည်။

"ဘုံ ... မင်း ဒီလိုလုပ်လို့မရဘူးနော်၊ အစ်ကိုကြီးကို စွန့်ပစ် မသွားပါနဲ့ကွာ"

သုတမှာ တစ်အိမ်လုံးရဲ့သော့အပိုတွေရှိသည်။ ချစ်ခြင်းဘုံ အိပ်ခန်းကိုလည်း သူအလွယ်တကူဝင်ရောက်နိုင်၏။ မထူးတော့ဘူး ချစ်ခြင်းဘုံအား သုတ ဘယ်လိုအကြောင်းမျိုးနဲ့မှ လက်လွှတ်အဆုံး ရှုံးမခံနိုင်။ မဖြစ်မနေအရယူသိမ်းပိုက်ထားဖို့ ဆုံးဖြတ်ထားသည်။

"ကျွီ ... "



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

တံခါးက ရုတ်တရက်ပွင့်လာ၍ ဘုံအရမ်းလန့်သွားရသည်။ သူမ တံခါးကိုလော့ချထားတာပါ။ စာကြည့်စားပွဲကနေ ထလိုက်ပြီး လှည့်အကြည့်တွင် မမကြီးရဲ့ယောကျ်ားကိုသုတ ဝင်လာသည်။

"ဟင် … ရှင် … ရှင် ဘာဖြစ်လို့ဝင်လာရတာလဲ၊ အဲဒီလို မလုပ်ပါနဲ့ ကိုသုတ"

"ဘုံ"

"ကျွန်မတောင်းပန်ပါတယ်နော်၊ မမကြီးသိသွားရင် အားလုံး ပြဿနာတက်မှာပါ၊ အမေလည်းရှိပါတယ်၊ ဘုံတောင်းပန်ပါတယ် ကိုကြီးရယ်နော်"

ချစ်ခြင်းဘုံ အရမ်းလှတယ်။ အိစက်နေတာပဲ။ ညဝတ်အင်္ကျီ ပါးပါးလှပ်လှပ်လေး … အချိုးကျကျလှပတောင့်ဖြောင့်နေတဲ့ ခန္ဓာကိုယ်ကောက်ကြောင်းတွေ။

"မင်းမမကြီးမသိစေချင်ရင် ဘုံလေးငြိမ်ငြိမ်နေလိုက်လေ၊ ကိုကြီးကတော့ အချစ်ကြီးချစ်နေမိလို့ပါ။ ဘယ်လိုမှ နောက်ဆုတ်ပေးလို့မဖြစ်နိုင်တော့ဘူး ဘုံလေးရယ်"

"ကိုသုတ တောင်းပန်ပါတယ်၊ မမကြီးသိသွားရင် ကိုယ်ဝန်ကြီးနဲ့ စိတ်ထိခိုက်ရမှာပါ"





"မင်းပဲဒီလိုလုပ်ခဲ့တာပဲ ချစ်ခြင်းဘုံ … ငါ့ကို မင်းပဲမြူဆွယ်ဖြားယောင်းခဲ့တာလေ"

ဘုံ့ဘဝတော့ ရေတိမ်မှာနစ်ပါပြီ။ အော်လည်းမအော်ရဲပေ။ အမေနှင့်မမကြီးသိသွားမှာလည်း ကြောက်မိသည် … ဘုံ ဘယ်လို ရှောင်တိမ်းရမလဲ … ဘုံ့အမှားတွေပါ။ အရာအားလုံး ဘုံ့ကြောင့်ပါပဲ။ ဘုံစခဲ့တဲ့ ဇာတ်လမ်းပဲ …

"ဘုံ့ကိုချစ်တယ်၊ ကိုကြီးစည်းစိမ်တွေအားလုံး သုန့်ကိုပေးထားခဲ့ပါ့မယ် … ဘုံနဲ့ကိုကြီး နိုင်ငံခြားကိုအပြီးအပိုင်ထွက်ပြေးကြမယ်လေ"

"ဟင့်အင်း … ကျွန်မ အဲဒီလိုမလုပ်နိုင်ပါဘူး ကိုကြီး၊ မဖြစ်နိုင်တာကို မပြောပါနဲ့နော်၊ ဘုံ အမေ့ကိုခေါ်ပြီး ပြန်တော့မယ်"

"မင်း ငါ့ကိုစွန့်ခွာသွားလို့မရဘူးနော် ဘုံ … ငါ့ရင်ထဲမှာ မင်းကိုအချစ်ကြီးချစ်မိသွားပြီကွ … မစွန့်လွှတ်နိုင်တော့ဘူး"

"ဖယ်ပါ … ရှင် … ရှင်ထွက်သွားနော်၊ လူယုတ်မာကြီး"

"ဘာပြောတယ် ချစ်ခြင်းဘုံ … ငါကလူယုတ်မာကြီး ဟုတ်လား၊ မင်းပဲ အဲဒီလူယုတ်မာကြီးဖြစ်အောင် မြူဆွယ်ဖြားယောင်းခဲ့တာပဲ"

"ကျွန်မ … အဲဒီလောက်အထိဖြစ်အောင် မရည်ရွယ်ပါဘူး



www.burmeseclassic.com

www.burmeseclassic.com



ကိုသုတ … မမကြီးစိတ်ချမ်းသာဖို့လောက်ပါပဲ”

“ကိုကြီးဆန္ဒတွေကို ဖြည့်စွမ်းပေးပါကွာ … မငြင်းဆန်ပါနဲ့ ဘုံလေးရယ်”

“ရှင် … ရှင် … ကျွန်မအသားကို မထိနဲ့နော်၊ လူယုတ်မာကြီး …ကျွန်မ ရှင့်ကိုအရမ်းမုန်းတယ်၊ ကျွန်မအော်ပစ်လိုက်မှာနော်”

“အော်ကွာ … အော် … မင်းအော်လို့ မင်းအမေနဲ့အစ်မ သိသွားရင်လည်း မင်းဘက်ကစပြီး မြူဆွယ်တာလို့ပြောမယ် … မင်း ငါ့ကိုညှုခဲ့တဲ့အသံဖိုင်တွေ ငါ့ဖုန်းထဲမှာရှိတယ်လေ”

ဘုံ ဘာဆက်ပြောလို့ရတော့မှာလဲ။ ဘဝကို ဒူးထောက်အရှုံးပေး အညံ့ခံဖို့ပဲရှိတော့သည်။ ခြံရှံရေ … ဘုံတော့ရေတိမ်မှာနစ်ရတော့မယ်။ ခြံရှံ့စကားတွေ နားမထောင်ခဲ့လို့လေ။ အမေနဲ့မမကြီးကို တွေ့ဆုံစေချင်တဲ့ စေတနာအမှားတွေပါ ခြံရှံ ယုံပါနော်။ ခြံရှံသာ သိသွားရင် ဘုံ့ကိုအသေသတ်ပစ်မှာသေချာသည်။

“မမကြီးယောကျ်ားကို နင်သတိထားနော် ဘုံ …စားနေကျ ကြောင်ဖားကြီးဟာ … အမေနဲ့နင့်ကို သူ့အိမ်ထဲအတင်းဆွဲသွင်းတာ မရိုးသားဘူး၊ နင့်ကို တစ်ခုခုကြံစည်သံကြားရင်တော့ သူ့ကိုငါကိုယ်တိုင်သတ်ပြီး ထောင်ထဲဝင်မယ်”

ခြံရှံသတ္တိရှိပြီး ဒေါသတွေ ပေါက်ကွဲလွယ်တတ်သူဖြစ်သည်။ ဘုံ့ကြောင့် ခြံရှံလည်းထောင်ထဲမဝင်စေချင်ပါဘူး။ ဘုံ့မှာရှောင်တိမ်း





နိုင်တဲ့အင်အားတွေ မဲ့နေ၏။ ကိုသုတလက်တွေက သူမခန္ဓာကိုယ်လေးအား သိမ်းကြုံးပွေ့ဖက်လိုက်သည်။

“မင်းပြဿနာတွေကို မကြီးထွားစေချင်ရင် ငြိမ်ငြိမ်လေး လက်ခံပါ၊ ကိုကြီးရှာဖွေသမျှ မင်းအတွက်ပဲအားလုံးဖြစ်စေရမှာပါ။ ဘုံလေးရယ်နော်”

“ဟင့်အင်း … ဟင့်အင်း … ကျွန်မ ဘာမှမလိုချင်ဘူး၊ မမကြီးနဲ့အမေ့ကို တွေ့စေချင်တာလေးပါ”

“မရတော့ဘူး၊ ကိုကြီးက ဘုံ့ကိုစွဲလမ်းနှစ်သက်သွားပြီ၊ မစွန့်လွှတ်နိုင်တော့လို့ပါ … ကိုကြီးရင်ခွင်ထဲမှာ ဒီတစ်ညတာလေးပဲ နေပေးပါကွာ … ဘုံးလေးကို တစ်ရက်ပဲဖြစ်ဖြစ် ပိုင်ဆိုင်ထားချင်နေလို့ပါ”

“လွှတ်ပါ … ကိုသုတ တောင်းပန်ပါတယ်၊ လွှတ်ပေးပါ”

ဘုံတောင်းပန်တိုးလျှိုးသံတွေက တိုးတိတ်နေသည်။ ရုန်းဖယ်နိုင်တဲ့အင်အားတွေလည်း ကင်းမဲ့နေ၏။ ကိုသုတအနမ်းတွေက သူမပါးပြင်လေးပေါ် တရကြမ်း ကျရောက်နေသည်။

“လူယုတ်မာကြီး … ခွေးကြီး”

“မင်းပြောချင်တာပြောတော့ ဘုံ … ကိုကြီးနှလုံးသားတွေကို မင်းကပိုင်စိုးထားနိုင်ပြီလေ၊ မင်းကို တစ်ညတာလေးဖြစ်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ပိုင်ဆိုင်ထားချင်ပါတယ် ချစ်ခြင်းဘုံ"

ဘုံ့ခန္ဓာကိုယ်တစ်ခုလုံး ... ကိုသုတရင်ခွင်ထဲမှာ နစ်မြုပ်နေ‌သည်။ မအော်ရဲ ... အမေနဲ့မကြီးသိသွားမှာ ကြောက်မိ၏။ ပြီးတော့ ခြံရဲ ...

"ခြံရဲလူသတ်မိတော့မယ် ဘုံ ... မမကြီးယောကျ်ား လူယုတ်မာကြီးကိုပဲ ... နင်လည်းအိမ်ထောင်ပြုတော့ ကိုနန္ဒမိတ်ကိုပဲရွေးချယ်ပါ"

ခြံရဲပြောတဲ့စကားတွေကို ကြားယောင်နေမိရင်း ... သူမရင်တွေကွဲရှနာကျင်လာရသည်။ ကိုနန္ဒမိတ်ကို ဘုံရွေးချယ်ထားပါပြီ။ ဘုံ ဘယ်လိုဘဝမျိုးကိုပဲရောက်ခဲ့ပါစေ ... မောင် ကြည်ဖြူစွာလက်ထပ်ယူမယ်တဲ့ ... ဘုံ ဘယ်လိုလုပ်ရမလဲ။ မလွှဲမသွေဘဲ ... လူယုတ်မာကြီးရဲ့ဆန္ဒတွေအတိုင်း 'ဘုံ့ခန္ဓာကိုယ်သွေးသားတွေကို ဝါးမျိုသောက်သုံးခွင့်ပြုရတော့မည် ဖြစ်သည်။

"ဘုံ ... သမီး ... ဘုံလေး"

"ဒုန်း ... ဒုန်း"

"ချစ်ခြင်းဘုံ"

"ဟင်"

အမေ့အသံပဲ ...ဘုံ့ကိုကယ်တင်မယ့်သူ ပေါ်လာပြီဖြစ်သည်။





"ဘုံ"

"မင်းအမေပဲ ... ဒီအဖွားကြီး ဘာလာရှုပ်တာလဲမသိဘူး။ မင်း သပ်သပ်ရပ်ရပ်လုပ်ပြီး ထွက်တွေ့ပါ"

သူမခန္ဓာကိုယ်လေးအား သပ်ရပ်စေရန်ပြုပြင်ပြီး အမေ့ကို ထွက်တွေ့သည်။

"အမေ ... ဘာဖြစ်လို့လဲဟင်"

"ဘုံ"

"ရှင်"

"အမေအိပ်မက်ဆိုးတွေမက်နေလို့လေ ဘုံလေး ... သမီးက ဆံပင်ဖားလျားကြီးနဲ့ ချောက်ထဲကိုပြုတ်ကျတော့မလို့ အမေကယ်ဖို့တဲ့"

"အမေရယ် ... ဘုံဘာမှမဖြစ်ပါဘူး ... လာ အမေ့အခန်းထဲသွားမယ်"

"အမယ်လေး သမီးဘုံရယ် ... အမေကြောက်လိုက်တာ၊ အမေ့သမီးလေး သေမလားလို့လေ၊ တော်ပါသေးရဲ့ ... အိမ်မက်ကလည်း ကွက်ကွက်ကွင်းကွင်းကြီး"

"လာပါ အမေရာ"

အမေ့ကိုဆွဲ၍ အခန်းထဲပြန်ပို့ပေးလိုက်ရသည်။ ဘုံဘည်း ရင်



www.burmeseclassic.com

www.burmeseclassic.com

တွေတုန်လိုက်တာ။ ကံကောင်းလို့ပဲ ... အမေရောက်လာလို့ တော်သေးတယ် ... ဘုံ့ဘဝနစ်မွန်းရမယ့်အဖြစ်ကနေ သီသီလေးလွတ်မြောက်သွားခဲ့ရ၏။ အမေ့အိပ်ခန်းထဲရောက်တဲ့အထိ ဘုံကြောက်လန့်နေဆဲပင်။

"အမေ"

"ပြောလေ ဘုံ"

"ဘုံတို့လေ ကိုယ့်အိမ်လေးကိုပဲ ပြန်ကြရအောင်ပါ၊ မမကြီးလည်း နေကောင်းတာပဲ ... အလုပ်သမားအဒေါ်ကြီးကလည်း ဂရုစိုက်ပါတယ်"

"သမီးကြီးက သူ့အနားမှာပဲနေဖို့ ပြောနေတယ်၊ မွေးဖွားပြီးမှပြန်ပါတဲ့ ... မောင်လေးခြိမ့်ကိုလည်း တိုက်ခန်းဝယ်ပေးဖို့ပြောနေတယ်၊ အမေ့ကို ကောင်းကောင်းကျွေးချင်လို့တဲ့လေ"

"ဘုံတော့ နေရတာစိတ်မလုံဘူး၊ ကိုယ့်အိမ်မဟုတ်လို့လားမသိဘူး၊ အိပ်လို့မပျော်ဘူး အမေ ... အိပ်မက်ဆိုးတွေလည်း မက်နေတယ်"

"အင်းလေ အမေလည်းပြန်ချင်ပါတယ်၊ ဟုတ်တော့လည်း ဟုတ်ပါတယ်လေ၊ သမီးလေးကအပျိုလေး အမေပြောကြည့်မယ်"

"အမေရယ် ဗွတ်ပဲ ပြန်ကြရအောင်ပါ ... ခြိမ့်ကိုလည်း တစ်





ယောက်ထဲထားရတာ စိတ်မချဘူး"

"အေးပါကွယ်"

ဘုံ ဒီမှာဆက်နေလို့မဖြစ်တော့ဘူး။ အန္တရာယ်ကကြီးမားစွာ ကျရောက်လာနိုင်သည်။ အိပ်ရင်လည်း အမေနှင့်အတူတူအိပ်ဖို့ပဲ ည်းစားထား၏။ ကိုသုတရန်ကနေ ရှောင်နိုင်ဖို့ ဘုံဘာဆက်လုပ်ရ န်းပင်မသိတော့။ အမေ့ရင်ခွင်ထဲ တိုးဝင်ဖက်တွယ်ထားမိသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၉ )

"ကိုနန္ဒမိတ် ... ရှင်စဉ်းစားကြည့်လေ ... ချစ်ခြင်းဘုံက ခဲအိုနဲ့ရုပ်နေပြီး ... တစ်အိမ်ထဲအတူနေကြတယ် ... ရှင့်စိတ်ထဲမှာ သတီလို့လား"

"တော်ပါတော့ညိုပြာ ... ဘာတွေလာပြောနေတာလဲ၊ မင်းနဲ့မဆိုင်တဲ့ကိစ္စပဲ ... ကိုယ်လည်းချစ်ခြင်းဘုံကိုချစ်တာ ပျိုတာအို တာ ... ရုပ်တာတွေနဲ့မဆိုင်ဘူး၊ ဘုံ ဘယ်လိုဘဝမျိုးနဲ့ပဲဖြစ်နေပါစေ ကိုယ်လက်ထပ်မယ်၊ အဲဒါ ကိုယ့်ဆုံးဖြတ်ချက်ပဲ"

"ရှင်နွားလား ... လှည်းကျိုးထမ်းမလို့လား ... ချစ်ခြင်းဘုံမှာ ရုပ်လေးချောတာပဲရှိတယ်၊ ညိုပြာတို့က အိမ်ထောင်ရှိတဲ့လူနဲ့ ရုပ်တာ လူကြားကောင်းသေးတယ်၊ ခဲအိုနဲ့ရုပ်တာကတော့"





"ဒိန်း ... "

သူထရပ်လိုက်သည်။ ညိုပြာပြောနေတာတွေကို လုံးဝနားဆောင်နိုင်စွမ်းမရှိတော့။ ချစ်ခြင်းဘုံက ကိုယ်ကျင့်တရားတွေပျက်ပြားတဲ့မိန်းကလေးတစ်ယောက် မဟုတ်ဘူးဆိုတာ နန္ဒမိတ်အကြွင်းမဲ့ယုံကြည်သည်။

"မိန်းကလေးတစ်ယောက်ရဲ့ ကိုယ်ကျင့်တရားကို မင်း ဒီထက်အထိမပြောပါနဲ့ ညိုပြာ ... မင်းထွက်သွားပါ၊ ကိုယ့်ဟာကိုယ် ကျေနပ်လို့ လှည်းကျိုးထမ်းလည်း မင်းနဲ့မဆိုင်ပါဘူး ... ကိုယ်ကပြောချင်တယ်"

"ပြီးရောလေ ... ရှင့်ကို စေတနာနဲ့လာပြောပြတာနော်၊ အကျိုးမရှိတဲ့ဟာမကိုများ ရှင်က အကာအကွယ်ပေးချင်နေသေးတယ်၊ ရှင်ပါ ဘယ်လောက်အထိ သိက္ခာညှိုးမှိန်သွားရမလဲဆိုတာစောင့်ကြည့်နေပါ"

"တောက်"

ဘုံပြောပြတာတွေကိုပဲ အမှန်ဟု နန္ဒမိတ်ထင်မိသည်။ ယုံကြည်ပြီးသားပဲ ...

ညိုပြာက ကိုယ်ကျင့်တရားနည်းနည်းလေးမှ ကောင်းတာမဟုတ်ဘူး။

ချစ်ခြင်းဘုံဆိုတဲ့ သူချစ်ရတဲ့ မိန်းကလေးကလည်း သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



ထိခိုက်နစ်နာစေရန် ဘယ်လိုမှ မလုပ်ဘူးဆိုတာ နန္ဒမိတ် ယုံကြည်စိတ်ချထားသည်။

"ဘုံရယ် ... မောင်တို့လက်ထပ်ကြရအောင်ပါ၊ မင်းကို မောင်နားလည်ပါတယ်၊ မင်းက ကိုယ်ကျင့်သိက္ခာကို ထိန်းသိမ်းထားခဲ့သူပါ"

နန္ဒမိတ် ချစ်သူဆီဖုန်းဆက်၍ တွေ့နေကျတိုက်ခန်းလေးမှာ တွေ့ဖို့ ချိန်းဆိုပေမယ့် ဘုံ့ကအတွေ့မခံပေ။

ဘုံ ဘာဖြစ်လို့လဲဟု မေးတော့ ...

မဖြစ်နိုင်ဘူးလို့ပဲ သိထားလိုက်ပါ မောင်ရယ်တဲ့ ...

"မင်း မောင့်ကို မောင်လို့ခေါ်နေသေးလို့ ... မောင့်ချစ်သူအဖြစ် မင်းရပ်တည်နေတယ်လို့ မောင်သတ်မှတ်ပါတယ်"

"လောလောဆယ်တော့ ဘုံလေ ရပ်ကွက်ထဲကအိမ်လေးကို ပြန်နေထိုင်ဖို့စီစဉ်နေပါတယ် မောင်"

"ဘုံ"

"ဟင်"

"မောင် မင်းကိုယုံကြည်တယ်၊ အကြွင်းမဲ့ပဲ ... ဘယ်တော့မှ ပြောင်းလဲပစ်လို့မရနိုင်တဲ့ အချစ်တွေနဲ့ပါ"

"Thank You ပါမောင်"

မောင့်ကိုထိခိုက်နစ်နာအောင် ... ဘုံ မလုပ်ဆောင်လိုပေ





မောင့်အချစ်တွေကိုလည်း ဘုံမစော်ကားချင်လို့ပါနော်။ မောင်က ဘုံ့နာမည်နှင့် တိုက်ခန်းလေးဝယ်ပေးထားတာ ဘုံက ထိုတိုက်ခန်းလေးမှာရှိနေသည်။

မောင့်ကို ပြောမပြမိ။

မနေ့ညကအဖြစ်အပျက်တွေက ဘုံ့စိတ်တွေကို ခြောက်လှန့်နေဆဲပင်။

"ဘုံ"

"ဟင်"

"မောင်တို့ ညနေ ခဏလေးပဲဖြစ်ဖြစ်တွေ့ကြရအောင်၊ မင်းဆန္ဒမပါဘဲ မောင် လုံးဝမစော်ကားပါဘူး ဘုံရယ်"

"ဟင့်အင်း ... ဒါပဲနော် မောင်"

"ဘုံ ... ဘုံ ... ဟာကွာ"

မောင့်ရဲ့ ဟာကွာဆိုတဲ့ စိတ်ပျက်အားလျော့သွားတဲ့အသံကို ဘုံကြားနေရသည်။

ဘုံ လုံးဝစိတ်မကောင်းပါဘူး မောင်။

စိတ်တွေခြောက်ခြားသိမ်ငယ်ရလွန်းလို့ မောင်နဲ့ လုံးဝ ရင်ဆိုင်နိုင်တဲ့သတ္တိ မရှိဘူး။

ကျွန်မစိတ်တွေ ရှုးသွပ်တုန်လှုပ်နေဆဲပါ။

"ကျွန်မကို ခွင့်လွှတ်နားလည်ပေးပါ မောင် ... ကျွန်မစိတ်



www.burmeseclassic.com

www.burmeseclassic.com



ကို ဆေးကျောသန့်စင်ခွင့်ပြုပါ”

ညိုပြာက ဘုံ့ကို ဘယ်လောက်အထိ အပုတ်ချပြောဆိုနေ… ဆိုတာ ဘုံမကြားချင်ဆုံးပင်။

ဘုံ့ကံကြမ္မာပါပဲ …

ဘုံကိုယ်တိုင် အမှားတစ်ခုကို လွန်ကျူးထားမိခဲ့သည်။

ဘုံ့အမှားကို တွေးပင်မတွေးရဲ။

ကိုသုတလို မိန်းမတွေနှင့်ရင်းနှီးကျွမ်းဝင်ခဲ့တဲ့သူက ဘုံ့… အရှုံးအမှုး စွဲလမ်းချစ်ခင်သွားလိမ့်မယ်ဟု မထင်မှတ်ခဲ့။

ညက သူမအမေရင်ခွင်ထဲ တိုးဝင်အိပ်စက်ထားဖော… မျက်လုံးတွေ ကြောင်နေသည်။

“ကိုနန္ဒမိတ်ရယ် … ဒီအခန်းလေးက ဘုံ့ကိုလုံခြုံမှုပေး… တာပါ၊ ဘုံတစ်ယောက်ထဲ ပုန်းခိုနေခွင့်ရလို့လေ”

တိုက်ခန်းလေးထဲမှာ … အရာအားလုံးပြည့်စုံအောင် ကိုနန္ဒမိတ်က စီစဉ်ပေးထားသည်။

အမေ့ကိုခေါ်ပြီး … လာနေချင်လိုက်တာ။

ကိုသုတဝယ်ပေးတဲ့တိုက်ခန်းမှာ နေရမှာထက် … ပိုပြီး စိတ်သန့်မိ၏။

ကိုသုတကို ဘယ်လိုဖြေရှင်းရမှန်းပင်မသိ။

ညကျတော့ ခြံရုံ့ဆီ ပြန်သည်။

ဖိုးလပြည့်စာပေ



“ဘုံ … နှင်အဆင်ပြေရဲ့လား၊ ခြံရုံကတော့ နှင့်အတွက် စိုးရိမ်းစိတ်ပူနေတယ်၊ အမေရော”

“အားလုံးတော့အဆင်ပြေပါတယ် ခြံရုံ … ဒါပေမယ့်လေ ဘုံ မနေတတ်ဘူး၊ အမေ့ကို ဒီမှာပြန်နေကြရအောင်လို့ ပြောနေတာ”

“ပြန်လာခဲ့လေ … ကောင်းသားပဲ”

“အင်း … ဒီည ဒီမှာပဲအိပ်မယ်၊ ခြံရုံ့ကိုလွမ်းလို့လေ၊ နှင်ရော မြဇကေရီနဲ့ဘယ်လိုလဲ”

“လမ်းခွဲလိုက်ပြီ”

“ဘာပြောတယ် ခြံရုံ”

“ဇကေရီ့မိဘတွေက သဘောမတူနိုင်ဘူးတဲ့လေ၊ သူ့အစ်ကို က အသောင်းကျန်းဆုံးပဲတဲ့”

“နှင်နဲ့ဆိုတာသိသွားလို့လား ခြံရုံ”

“မသိပါဘူး … ငါကဆင်းရဲနွမ်းပါးလို့တဲ့လေ၊ ဟား … ဟား ဟား … ဘာဖြစ်လဲ ငါကကားတစ်စီးရတယ်၊ သူ့ညီမနဲ့ ညအိပ်ပြီး ပြီ”

“ခြံရုံ … နှင် … နှင်”

“ထားလိုက်ပါ၊ ငါ့အတွက်ဘာမှမပူနဲ့ … ငါ သစ်စိမ်းချိုးချိုး ပြီး ခေါက်ပစ်လိုက်တာ၊ အခုလောက်ဆိုရင် မြဇကေရီအသည်း ကွဲခတ်နေလောက်ပြီ”

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"မြကောရီမှာအပြစ်မရှိပါဘူး ခြိမ့်ရဲရယ် ... အဓိပ္ပာယ်မရှိ တာ"

"ကိုသုတရဲ့ညီမဖြစ်နေတာကိုက အပြစ်ရှိနေတာပါ။ ခြိမ့် အမေနဲ့တစ်မိသားစုလုံးကို အထင်သေးစော်ကားခဲ့တဲ့ လူရုပ်လူ ကြီးရဲ့ညီမပဲ"

ကိုသုတက ဘုံ့ကိုပါထိပါးစော်ကားနေတယ်ဆိုတာ သိသွား ရင် ... ပြဿနာက မိုးထိမီးလောင်သွားနိုင်သည်။ ကိုသုတညီမ တောင် ခြိမ့်ရဲက အညိုးကြီးကြီးနဲ့လက်စားချေနေသည်။

"ဘုံ"

"ဟင်"

"နင်အထဲဝင်နေ ... ဟိုမှာ မမကြီးယောကျ်ားလာနေပြီ"

"ဟင်"

ဘုံ ရင်မထားရသည်။ ခြိမ့်ဆီ တိုက်ခန်းဝယ်ပေးဖို့ကိစ္စ လာ ပြောတာပဲဖြစ်နိုင်သည်။

"နင်အခန်းထဲဝင်နေ ... အသံမပေးနဲ့"

"အင်းပါ"

ကိုသုတကို ခြိမ့်ရဲလုံးဝအထင်မကြီးမိ ... မိန်းကလေးတွေနှင့် ဘယ်လောက်ရှုပ်ပွေနေလဲဆိုတာ ခြိမ့်အသိဆုံးပင်။ ဘုံ့ကို သူ့ကား နှင့် အတင်းအကြပ်ပြန်ခေါ်သွားမှာ မလိုလား ... မနှစ်သက်၍ ဖြစ်





သည်။

"ခြိမ့် ... မင်းတစ်ယောက်ထဲလားကွ ... ပျင်းနေလား"

"မပျင်းပါဘူး ကိုသုတ"

"မင်းကို အစ်ကိုကအရင်းအနှီးတွေ၊ လုပ်ငန်းတွေ အများ ကြီးလုပ်ပေးချင်တယ်"

"ရပါတယ် ကိုသုတ... ခြိမ့်အတွက် အဆင်ပြေပါတယ်၊ အရင်က လူပေလူတေ ခြိမ့်မဟုတ်တော့ပါဘူး၊ ခြိမ့်အတွက် ဘာမှ မလိုအပ်ပါဘူး"

သုတကတော့ တစ်နေ့လုံး ဘုံကပျောက်နေ၍ လိုက်ရှာနေ ခြင်းဖြစ်သည်။ သူ့စိတ်တွေမအေးချမ်းဘဲ ပူလောင်နေ၏။ ဘုံ ဘယ် ရောက်သွားတာလဲ။ နန္ဒမိတ်ကိုတောင် မသိမသာသွားခြောက်ခဲ့ပြီး ပြီ။ ခြိမ့်ဆီများ ရောက်နေလားလို့။ ညက ... ပါးစပ်ထဲရောက်တော့ မယ့် ထမင်းလုပ် ပုတ်ချခံလိုက်ရသည်။

"အိမ်ကိုလည်း လာပါဦးကွာ ... အစ်ကိုပြောဆိုခဲ့တာတွေ အတွက် တောင်းပန်ပါတယ်"

"ကျွန်တော်တစ်ယောက်ထဲနေချင်ပါတယ် ကိုသုတ ... ပျော်ရင် တဲဘုတ်ကလည်း နန်းတော်ကြီးပါပဲ"

"မင်းကို အစ်ကို တိုက်ခန်းဝယ်ပေးချင်တယ်၊ မင်းက လူ ရည်သန့်လေးပါ၊ တိုက်ခန်းနဲ့က ပိုပြီးလိုက်ဖက်မယ်လို့ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ခြံရံ"

ခင်ဗျားကြီး ကျုပ်ကို ဘာမက်လုံးတွေပေးနေတာလဲ။ ခြံရံ့ စိတ်ထဲမှာ မသက်သာတော့။ ဘုံ့ကိုပဲ ချောင်းနေတာလား။ မဖြစ်ဘူး အမေနဲ့ဘုံ့ကို ပြန်ခေါ်ထားရမယ်။ ကိုသုတမျက်လုံးတွေက မငြိမ်ပေ ... သူတို့အိမ်လေးထဲအနှံ့ ဝေ့ပတ်အကဲခတ်နေသည်ဟု ထင်သည်။ ဘုံ့ကို ရှာဖွေနေတာလား။

"ကျွန်တော် အပြင်သွားစရာရှိတယ် ကိုသုတ ... အိမ်ကို သော့ခတ်ထားခဲ့ရမှာ ... ကျွန်တော့်အတွက် အပူမရှာပါနဲ့၊ ဘာမှ မလိုပါဘူး၊ ကိုသုတအပေါ်မှီခိုနေရင် ခြံရံက အသုံးမကျလက်ကျော မတင်းတဲ့ကောင် ဖြစ်သွားလိမ့်မယ်"

ခြံရံက ဘုကောနေသဖြင့် သုတ ဝင်ရခက်နေသည်။ တော်တော်ကြီးကျယ်တဲ့ကောင် ... တစ်ချိန်ကပြောထားမိတဲ့စကားတွေကို အထအနကောက်နေ၏။ သုတရှက်နေမိတာက ဘုံပဲ ... မထင်မှတ်ဘဲ ... ဘုံစီးနေကျ ဖိနပ်လေးချွတ်ထားတာ သုတတွေ့နေရသည်။

"ဘုံ ဒီမှာပဲရှိနေရမယ်၊ ဖိနပ်စင်မှာချွတ်ထားတဲ့ ဖိနပ်လေးက ငါလက်ဆောင်ပေးထားတဲ့ ဖိနပ်လေးပဲ"

သိန်းကျော်တန်တဲ့ ဒေါက်မြင့်ဖိနပ်လေး။ ဘုံရောက်နေတာ အသေအချာပင်၊ ဒီကောင်က သူ့ကိုပထုတ်နေသည်။ တစ်စုံတစ်ခု





ကို ခြံရံရိပ်မိနေပြီလား။

"ကိုယ်ပြန်တော့မယ် ခြံရံ၊ မင်းလိုအပ်တဲ့အခါ လာတွေ့ပါကွာ၊ သုန့်ရဲ့မောင်နှမတွေကို စောင့်ရှောက်ရမယ့်ဝတ္တရားရှိတယ်ကွ"

ဘုံ ... မင်း ပုန်းနေလို့ရမယ်ထင်နေလားကွာ ... သုတက မရရအောင်ယူပစ်နိုင်တယ်ကွ။ မင်း ဘယ်လောက်အထိရှောင်ပုန်းနေနိုင်မလဲ။ သုတလိုကောင်နဲ့ ဒီလိုလာစမ်းလို့မရဘူးလေ။ သုတ ပြန်ထွက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၂၀ )

"ဘုံ"

"ဟင်"

"ဒီလူ ဘာသဘောလဲ"

"မသိဘူးလေ ... နင့်ကို အရင်းအနှီးတွေထုတ်ပေးမလို့ ပြော နေတာပဲ"

"ဘုံ ... နင်မှန်မှန်ပြောစမ်းပါ၊ ဒီလူ့အကန့်ကဘာလဲ"

"ဒုက္ခပါပဲ ခြိမ့်ရယ် ... မသိပါဘူးဆို"

"သူတစ်ယောက်ယောက်ကို ရှာနေသလိုပဲ ... မျက်လုံးတွေ က မငြိမ်ဘူး"





ခြိမ့်ရဲ့ မသက်သာတော့။ ဘုံ့ကိုများ ... အတွေးနှင့်ပင် ခြိမ့်ရဲ့ဒေါသ တွေပေါက်ကွဲရသည်။ ခြိမ့်ရဲ့ညီမကို ထိလို့ကတော့ ...

"နင်မပြန်နဲ့တော့ ဘုံ ... ဒီမှာပဲနေ၊ အမေ့ကို ငါသွားပြန်ခေါ် မယ်၊ နင့်ကိုလာထိလို့ကတော့ အသက်ချင်းလဲပစ်မှာ"

"ခြိမ့်ရယ် ... အဓိပ္ပာယ်မရှိတာတွေ ... အမေရော ... မမကြီး ရော စိတ်မကောင်းဖြစ်ရမယ့်ကိစ္စတွေ မလုပ်ပါနဲ့ဟာ"

"ဒီလူ့ကို ငါမယုံဘူး ... တစ်သက်လုံး ငါတို့မိသားစုအပေါ် စေတနာမရှိခဲ့တာဟ"

"မမကြီးရင်သွေးလေးရှိနေလို့လည်း ဖြစ်နိုင်ပါတယ် ခြိမ့်ရယ်၊ ငါနဲ့ ဘာမှမဆိုင်ပါဘူး"

"ပြီးရော"

"ခြိမ့်"

"ပြော"

"ဘုံ ... နင့်ကိုတိုင်ပင်စရာရှိလို့ လာတာပါဟဲ့"

"ဘာလဲပြော"

"ငါလေ ကိုနန္ဒမိတ်ကိုရွေးချယ်လိုက်ပြီ၊ သူနဲ့ငါ ချစ်သူတွေ ဖြစ်နေကြပြီ ခြိမ့် ... နင်သဘောတူလား"

"တကယ်လား ဘုံ ... အေးကောင်းတယ် ... ငါသဘောတူ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ နင်မျက်နှာမငယ်စေရပါဘူး၊ ကိုနန္ဒမိတ်ကိုပဲ နင်လက်တွဲပါ၊ နင့်ရွေးချယ်မှုမှန်တယ်"

အခုမှ ခြိမ့်ရုံစိတ်အေးသွားရသည်။ ကိုနန္ဒမိတ်နဲ့ လက်ထပ်စေချင်တာပါ။

"တစ်နေ့နေ့ နင်နဲ့မိတ်ဆက်ပေးမယ်နော် ခြိမ့်ရုံ"

"ဘုံ"

"ဟင်"

"ငါ နင့်အတွက်စိတ်အေးချင်တယ်၊ မမကြီးလိုမဖြစ်စေချင်ဘူး၊ ချမ်းသာတဲ့ယောကျ်ားကိုယူတာထက် ကိုယ်နဲ့ဘဝတူတွေပဲ ကောင်းပါတယ်"

"အမေ့ကိုတော့ ... အရမ်းဖိအားမပေးပါနဲ့ ခြိမ့်ရုံ ... အမေ့ကျန်းမာရေးက စိတ်နဲ့ဆိုင်နေတယ်လေ"

"အေးပါ ... နင့်ကိုစိတ်မချလို့ပါ ဘုံရာ ... နင်ပြန်မှာလား"

ဘုံ မပြန်ရဲပေ။ ကိုသုတ ရမ်းတော့မှာသေချာသည်။ အမေလည်း ဆက်ပြီးမနေချင်တော့တာ သိသာနေ၏ ... မမကြောင့်ပါ။ ဘုံ ဒီမှာပဲအိပ်နေရင်လည်း ပြဿနာတွေကပြီးဆုံးသွားမှာ မဟုတ်။ ပြန်ရမယ် ...

"ပြန်မယ်"





"ဘုံ"

"ပြော"

"ခြိမ့်ရုံလေ မမကြီးယောကျ်ားကို လုံးဝစိတ်မချဘူး၊ ငါ့စိတ်ထဲမှာ တစ်မျိုးကြီးပဲ ... အမေ့ကိုခေါ်ပြီး ပြန်လာခဲ့ပါ၊ မမကြီးက နေတတ်ပါတယ်"

"အင်းပါ"

ဟုတ်တယ် ခြိမ့်ရုံပြောတာ ... အမေ့ကိုခေါ်ပြီး ဒီမှာပဲပြန်နေမယ်။ ဘုံ ရှောင်မှဖြစ်မယ်။ ပြဿနာက ဘုံကစခဲ့တာဖြစ်၍။ ဘုံ မရှုနိုင်မကယ်နိုင်ဖြစ်ရသည်။

"ပြန်မယ်နော် ခြိမ့်ရုံ"

"ငါလိုက်ပို့ပေးမယ်"

"အင်း"

မှောင်နေပြီဖြစ်၍ ခြိမ့်ရုံနှင့်အတူတူ ဘုံပြန်လာခဲ့သည်။ လမ်းမှာ ကိုသုတနဲ့မတွေ့ပါစေနဲ့ ... ဘုံတို့အိမ်ရောက်လာတော့ ကိုသုတ မရောက်သေးပေ။ ဘုံ့ကိုလိုက်ရှာနေမှာ သေချာသည်။

"အမေနဲ့ဝင်တွေ့လိုက်ပါဦး ခြိမ့်ရုံ ... မမကြီးကိုရောပဲ"

"မတွေ့တော့ဘူး ...အမေ့ကို ငါနဲ့ပြန်လာနေဖို့ပဲပြောလိုက်"

သူမ ... တိုက်ကြီးထဲကို တွန့်ဆုတ်နှေးကွေးတဲ့ခြေလှမ်းတွေ



www.burmeseclassic.com

www.burmeseclassic.com



နှင့် ဝင်လာခဲ့သည်။ ဧည့်ခန်းမှာ အမေနှင့်မမကြီးတို့ရှိနေကြ၏။ ဘုံ့ကိုတွေ့လိုက်တော့ ... မမကြီးမျက်နှာ ဝင်းလက်တောက်ပသွားသည်။

"ဘုံလေးရယ် ... ညီမလေး ဘယ်တွေလျှောက်သွားနေတာလဲ၊ မောင်ကလေ စိတ်ပူပြီးဖုန်းဆက်လို့"

"သမီးလေး ဘုံ ... ဘယ်ကနေပြန်လာတာလဲ၊ မိန်းကလေး တစ်ယောက်ဖြစ်ပြီး ညဉ့်နက်တဲ့အထိ အပြင်မှာနေရလား"

"ခြိုရုံ့ဆီသွားတာပါ အမေ ... အပြန် ခြိုရုံလိုက်ပို့တယ်၊ မဝင်တော့ဘူးဆိုပြီး ပြန်သွားတယ်"

"ကြည့်စမ်း ... ဒီကောင်လေး ... မအေကိုတောင်ဝင်မနှုတ်ဆက်ဘူး၊ ရိုင်းလိုက်တာ"

သားခြိုရုံ ... သမီးကြီးရဲ့ခင်ပွန်းကို အမုန်းကြီးမုန်းနေသည်။ မိမိ ဒီမှာနေတာလည်း သားခြိုရုံမကြိုက်ပေ ... မိမိလည်း ပြန်ချင်ပါတယ်။ သမီးကြီးနေမကောင်းဖြစ်လို့ စိတ်မချတာ။ သားမက်နှင့်လည်း သမီးပျိုလေး အတူတူနေလို့ မသင့်တော်ဟုထင်သည်။

"ဟော ...မောင်ပြန်လာပြီ၊ အမယ်လေး ဘုံလေးရောက်နေလို့ တော်သေးတယ်၊ ညည်းအစ်ကိုကြီးကလေ အရင်လိုမဟုတ်ဘူး ဘုံ ... လူကောင်းဖြစ်နေပါပြီ"

ဖိုးလပြည့်စာပေ



ပွန်း ... ဘာကောင်းတာလဲ။ ဘုံ့ကိုအရယူဖို့ကြိုးစားနေတာ မမကြီးသိလို့လား။ ဘုံ့မှာလည်း အပြစ်တွေရှိနေသည်။ မျက်နှာချင်းမဆိုင်ချင်ပေမယ့်လည်း မဆိုင်လို့မှမဖြစ်တာပဲ ...ကိုသုတ ဝင်လာသည်။ သူမကိုကြည့်တာ စူးရဲဝင်းတောက်နေ၏။ မမကြီးကတော့ ယောကျ်ားနားပြေးကပ်သွား၍ မျက်နှာချိုသွေးနေသည်။

"မောင် ... ဘုံလေ ... မောင်လေးခြိုရုံနဲ့သွားတွေ့တာပါ။ ဘုံက ဘယ်တော့မှ မဟုတ်မဟတ်အလုပ်တွေ လုပ်တာမဟုတ်ဘူး၊ မာနအရမ်းကြီးတဲ့ကောင်မလေးပါ"

ထင်သားပဲ ... ခြိုရုံ့အိမ်မှာရှိမယ်ဆိုတာ။ ချစ်ခြင်းဘုံ ...မင်းက ငါ့ကိုရှောင်တိမ်းနေတာပေါ့လေ။ ရမလား ... ဘုံ ခဏလေးပျောက်တာကိုတောင် သုတထိန်းချုပ်နိုင်ခြင်းမရှိအောင် ခံစားနေရသည်။ မတွေ့တွေ့အောင်ရှာနေမိ၏။ သူ ချစ်ခြင်းဘုံကို ဘယ်လိုမှမပျောက်ပစ်လို့မရတော့။ ရယူပိုင်ဆိုင်ထားလိုတဲ့ဆန္ဒတွေ ပို၍ပို၍ပြင်းထန်ပေါက်ကွဲနေရသည်။

"မင်း ဘယ်တွေလျှောက်သွားနေတာလဲ ဘုံ ... ကိုကြီးကုမ္ပဏီကိုလည်း မလာဘူး"

"ခြိုရုံ့ဆီသွားတာပါ။ ဘုံ အလုပ်ပြောင်းဖို့ ရုတ်တရက်မလွယ်သေးဘူး ကိုကြီး"

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဘုံရယ် ... ဘာမလွယ်စရာရှိလဲ၊ ညီမလေး ပေါ်တင်ပြော လိုက်လေ ... မောင့်လက်ထောက်ရာထူးက လစာပိုကောင်းမှာပဲ ကိုကြီးက စေတနာနဲ့စီစဉ်ပေးတာပဲ၊ အရင်အလုပ်ကို သံယောဇဉ် တွယ်မနေနဲ့တော့ ထွက်လိုက်"

မမကြီးကတော့ ဘယ်အရာမဆို ယောက်ျားဆန္ဒက အဓိက ပဲ။ ကိုသုတ လူယုတ်မာကြီး ... ဘုံ့ သေပစ်ချင်လောက်အောင် စိတ်ညစ်ရသည်။

"မနက်ဖြန် ကိုကြီးနဲ့ပဲသွားရမယ်၊ ဘုံ ကုမ္ပဏီကနေမထွက် ရဲရင် ကိုကြီးပြောလိုက်မယ်"

"ကောင်းတယ် မောင် ... ဘုံလေးက အရမ်းအားနာတတ် တယ်၊ ဘုံလေးရယ် ... ကိုကြီး စေတနာနဲ့စီစဉ်ပေးတာကို လက်ခံ ပါ"

"ဟုတ်"

ဘုံ ... အခန်းလေးထဲပြန်ဝင်လာခဲ့သည်။ စိတ်တွေ တုန်လှုပ် ချောက်ခြားနေရလွန်း၍ အိပ်ဖို့ပင်ကြောက်လာ၏။ ဘုံ ဘယ်လို လုပ်ရမလဲ။ ထွက်ပြေးချင်သည်။ ခြံရုံကတော့ ပြန်လာနေတဲ့ ကိုသုတရဲ့ စက်ကွင်းကနေ လွတ်မြောက်စေရန် ဘုံကြိုးစားရမည် ဖြစ်၏။ သူမ အမေ့အိပ်ခန်းထဲ ဝင်လာသည်။





"ဟင် ... ဘုံလေး မအိပ်သေးဘူးလား"

"ဘုံ ... အိပ်လို့မရဘူး အမေ"

"ဘာဖြစ်လို့လဲကွယ် ... ဒါဆိုလည်း အမေနဲ့လာအိပ်"

"အမေ"

"ပြော"

"ဘုံတို့ ပြန်ကြရအောင်ပါ၊ မမကြီးအိမ်မှာကပ်နေရတာ ဘုံ စိတ်မသန့်ဘူး၊ ခြံရုံကလည်း အမေ့ကိုပြန်လာခဲ့ပါတဲ့"

"အင်းပါ ... သမီးကြီးကိုယ်ဝန်လရင့်ရင် အမေပြန်နေမှာပါ၊ သမီးကြီးကိုလည်း ထောက်ထားညှာတာရမယ်လေ ဘုံ"

အမေ့ကိုတော့ ဘုံဘာမှမပြောလိုပေ ... ဘုံ့ရင်တွေ ... မီး တောက်နေသည်။ အမေ့အနားမှာပဲ ဘုံအိပ်စက်ဖို့ဆုံးဖြတ်ထား၏။ ကိုသုတက သူမထံ ဖုန်းဆက်သည်။

"ချစ်ခြင်းဘုံ ... မင်းရှောင်နေလို့မရဘူးနော်၊ ကိုကြီးနဲ့လာ တွေ့ပါ၊ လသာဆောင်ကနေ စောင့်နေမယ် ... မင်းမလာရင် ငါ ပေါက်ကွဲမှာနော်"

"ဟုတ်"

ကိုကြီးကခြိမ်းခြောက်ပြီး ဖုန်းကိုပိတ်ပစ်သည်။

"ဘယ်ကလဲ ဘုံ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုနန္ဒမိတ်ပါ"

"ဟင် ... မောင်နန္ဒမိတ်နဲ့သမီးတို့က ချစ်သူတွေဖြစ်သွား
ပြီလား"

"ဟုတ်တယ် အမေ"

"အမယ်လေး သမီးရယ် ... အမေစိတ်အေးသွားရပြီ၊ ကောင်း
တယ်ကွယ် ... အမေက မောင်နန္ဒမိတ်ကိုပဲ ရွေးချယ်စေချင်တာ"

"အခုအပြင်မှာတဲ့ ... သမီးနဲ့ အရေးတကြီးဆွေးနွေးစရာ
လို့တဲ့"

"ဟင် ... သမီးထွက်သွားမလို့လား"

"ဝရံတာကိုပါ အမေ ... သမီးဖုန်းသွားပြောမလို့ ... သူ
မနက်မှတွေ့မယ်လို့ ပြောမလို့"

"အေး ... အခုထွက်မတွေ့နဲ့တော့၊ မောင်သုတသိသွားရင်
မကောင်းဘူး၊ အမေကတော့လေ မောင်နန္ဒမိတ်နဲ့လက်ထပ်စေချင်
လှပါပြီ"

မိမိလည်း ကျန်းမာရေးမကောင်းတော့ဘူး။ သမီးလေးဘို့
အတွက်ပဲ ပူပင်ရတာပါ။ ခဲအိုနဲ့လည်း အချိန်ကြာကြီးအတူတူနေ
ထိုင်ဖို့ဆိုတာ မသင့်တော်ပါဘူး။ မိမိပြန်ရမယ်။ သားယယ်ခြံရုံတစ်
ယောက်ထဲလည်း ပစ်ထားလို့မှမရတာ ...





"အမေ"

"ဟင်"

"သမီး ဝရံတာကိုသွားမှာပါ၊ အမေအိပ်တော့နော်၊ ဘုံ့အခန်း
ထဲပဲ ဘုံပြန်အိပ်တော့မယ်၊ အမေ အိပ်မက်ဆိုးတွေမက်နေမှာလည်း
စိုးပူတယ်၊ အမေက နှလုံးသမားလေ"

"အမေ့အတွက် စိတ်မပူနဲ့နော် ... တစ်ခါတစ်လေ ဘုံလေး
အကြောင်းရင်တွေပူပြီး ... အိပ်တဲ့အခါတွေ အမေအိပ်မက်ဆိုးတွေ
မက်တာပါ ဘုံလေး ... မောင်နန္ဒမိတ်ကို အပြင်ထွက်မတွေ့နဲ့နော်"

"အင်းပါ ... စိတ်ချအိပ် ... ဘုံ ကလေးမှမဟုတ်တာ၊ ဝရံတာ
မှာ ဖုန်းခဏထွက်ပြောပြီးရင် ဘုံပြန်ဝင်အိပ်မယ်"

"အင်း"

"စိတ်ချလက်ချအိပ်တော့"

ဘုံလည်း အမေ့ကိုလိမ်ရတာ ... ကမောက်ကမတွေဖြစ်ရ
သည်။ ပါးစပ်ထဲ တွေ့ရာတွေပြောလိုက်တာ။ အပြင်ထွက်လာခဲ့
၏။ ကိုသုတ စောင့်နေသည်။

"ကျွန်မကိုလွှတ်ပေးပါ ကိုသုတ ... ဂုဏ်ရှိတဲ့ယောကျ်ားတစ်
ယောက်အနေနဲ့ နာမည်ပျက်ကိစ္စတွေကို ထိန်းသိမ်းစေချင်ပါတယ်၊
ကျွန်မ လုံးဝလက်မခံနိုင်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ"

"မင်း ကိုကြီးလက်ထဲကနေလွတ်မြောက်ဖို့ ဘယ်တော့မှ မစဉ်းစားစေချင်ဘူး"

"ကိုသုတ ... အခုဆိုရင် မမကြီးမှာကိုယ်ဝန်ကြီးနဲ့ မိသားစုဘဝလေးကို ပြန်ထိန်းပါ ... ဘုံ တောင်းပန်ပါတယ်၊ ဘုံ စတင်ခဲ့တာမှန်ပေမယ့် မလုပ်သင့်ဘူးထင်ပါတယ် ကိုသုတ"

ဘုံ အနူးညွတ်တောင်းပန်ပြီး ထိုကိစ္စအား အပြတ်ရှင်းပစ်ရန် ဆုံးဖြတ်ထားမိသည်။

"ကိုကြီး ...ဘုံ့ခန္ဓာကိုယ်အသွေးအသားတွေကို ရယူချင်တာ မဟုတ်လား၊ ကောင်းပါပြီ ကိုကြီးဆန္ဒတွေအတိုင်းပဲလုပ်ပါ၊ နောက် နေ့ ... ဘုံ ကိုယ့်ကိုယ်ကိုသတ်သေပစ်မယ် ... ဘုံ အရှက်တကွဲ ဂုဏ်သိက္ခာမဲ့ရမယ့်ဘဝမှာ အသက်မရှင်ချင်တော့ပါဘူး၊ ကိုကြီးလုပ် ချင်သလိုသာလုပ်ပါတော့"

ကိုသုတရန်ကနေ ဘုံ ဘယ်လိုမှရှောင်လွှဲလို့မရမှန်း သိထား သည်။ ခြံရံ လူသတ်မှုနဲ့ထောင်ကျရမယ်။ မလွှဲမသွေပဲ ... ဘုံ မဆိုင်နိုင်တော့ပါဘူး။

"ကိုသုတ မွေးလာမယ့် ရင်သွေးလေးအထိ ... သားစဉ်မြေး ဆက် နာမည်ပျက်ရမယ်၊ ဘုံကတော့ သေပစ်မှာပဲ၊ ကိုသုတနာမည်





သုံးပါဘူး၊ ဘုံသေချင်လို့သေတာမျိုးပဲ ဖြစ်စေရမှာပါ၊ ရှင်စော်ကား ပါ၊ ကျွန်မခန္ဓာကိုယ်အသွေးအသားကိုမှ ဝါးမျိုးသောက်သုံးချင်ပါ ဘယ်ဆိုရင်ပေါ့"

ဘုံ ဘယ်လိုမှမတတ်နိုင်တော့၍ ... ကိုသုတဆန္ဒအတိုင်းပဲ ဖြည့်ဆည်းပေးဖို့ပဲရှိသည်။ သူမအား မျက်ဝန်းတောက်တောက်တွေ နှင့် စိုက်ကြည့်နေသူက ကိုသုတပင် ...

"မင်းထွက်သွားတော့ ချစ်ခြင်းဘုံ ... ငါအရမ်းမှားတယ်၊ ငါ့ဘဝက နာမည်ပျက်ရမယ့်အခြေအနေတွေ ဖြစ်နေပြီ ... မင်းကို ညီမလေးတစ်ယောက်လိုပဲ ငါဆက်ဆံသင့်တာပါ"

သုတ နောင်တတွေရပြီး ... ချစ်ခြင်းဘုံကို မတော်မတရား လုပ်မည့်အကြံအစည်တွေကို ရပ်တန့်ပစ်လိုက်ဖို့ ... ဆုံးဖြတ်ချက်ချ လိုက်သည်။ သုန် ကိုယ်ဝန်လွယ်ထားရတယ် ... သူ့သွေးသားပဲ။ သူ့အပေါ်သစ္စာရှိပြီး ဇနီးကောင်းပီသလွန်းတဲ့ ချစ်ဝသုန်။ ချစ်ခြင်းဘုံ က ကျေးဇူးတင်ကြောင်းပြောပြီး သူ့ကိုထိုင်၍ကန်တော့နေ၏။ သုတရင်တွေ ကွဲအက်ကျိုးပေါက်တစ ဖြစ်သွားမလားတောင်ထင် သည်။

"ကိုကြီးကိုကျေးဇူးတင်ပါတယ် ... မိသားစုဘဝလေးကို ပျော်ရွှင်စရာတည်ဆောက်ပါ၊ ကိုကြီးက နာမည်ပျက်တွေမရှိသင့်တဲ့



www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းရှင်သူဌေးကြီးပါ၊ သတိနဲ့ယှဉ်ပါနော်”

“မင်းထွက်သွားတော့ ချစ်ခြင်းဘုံ … နောက်ဆို ညီမလေး တစ်ယောက်လိုပဲ ကိုကြီးဆက်ဆံပါတော့မယ် … သုန့်ကို စောင့် ရှောက်ပေးပါကွာ”

“စိတ်ချပါ ကိုကြီးရယ်”

မထင်မှတ်ဘဲ … ကိုသုတ နောင်တတွေရသွား၏။ ဘုံ ဖျော် ရွှင်သွားရသည်။ တော်ပါသေးရဲ့ … ဘုံကံကောင်းလို့ … ကိုသုတ တကယ်ပဲ နောင်တရသွားပါစေဟု ဆုတောင်းနေရလေသည်။

အခန်း ( ၂၁ )

“ကိုကို … ရှင်က ညိုပြာ့ကို ဒီလိုလာပြီးတောင်းပန်နေလို့ မရဘူးနော်၊ ရှင်နဲ့ချစ်ခြင်းဘုံတို့ မှားယွင်းခဲ့ကြတာ ညိုပြာအရှက်ခွဲ ပစ်မှာနော်”

“ညိုပြာ … မင်းလိုချင်တာတွေ ကိုယ်ပေးပါ့မယ်လို့ ပြော ထားပြီပဲ … မင်းလောဘ မကြီးသင့်တော့ဘူး”

ညိုပြာ ဘယ်လိုမှညှိနှိုင်းလို့မရဘဲဖြစ်နေသည်။ လောဘတွေ ကြီးလွန်း၏။ သူ့ကုမ္ပဏီကို အပိုင်လိုချင်နေ၏။ သူ့မှာ ရင်သွေးလေး မွေးတော့မည်။ စီးပွားပျက်လို့မဖြစ်ပါဘူး … သုန်သိသွားရင်လည်း စိုးရိမ်မိနေသည်။

“ကိုကိုနော် … ညိုပြာ့ရဲ့တောင်းဆိုချက်တွေကို … မလိုက်



www.burmeseclassic.com

www.burmeseclassic.com



လျှောရင်တော့ ချစ်ခြင်းဘုံရဲ့အမေကိုရော သူ့အစ်ကိုခြံရုံဆိုတာကို ရော သွားပြောပစ်မှာ"

"မင်း ... မင်း"

"ညိုပြာကတော့ ဘဝကို ... ဘာမဟုတ်တဲ့ကားလေးတစ်စီး၊ တိုက်ခန်းလေးတစ်ခန်းနဲ့တော့ အနစ်မွန်းမခံနိုင်ဘူး"

သုတရင်ထဲမှာ ဒေါသတွေအလိပ်လိုက်တက်လာရသည်။ လည်ပင်းညှစ်ပြီး သတ်ပစ်လိုက်ချင်သည်။ ဘုံကိုတော့ အထိမခံနိုင်တော့ပေ။ သူ့ကြောင့် ဖြူစင်တဲ့ချစ်ခြင်းဘုံ ဂုဏ်သိက္ခာမဲ့မယ့်အရေးတားဆီးရမည်ဖြစ်သည်။ ခြံရုံသိသွားရင်လည်း သူ့အတွက် ကောင်းတဲ့အခြေအနေတွေ ဖြစ်လာနိုင်စရာမရှိပေ ... သုန့်မှာလည်း ကိုယ်ဝန်အရင့်အမာကြီးနှင့် ဖြစ်နေသည်။

"ဘယ်လိုလဲ ကိုကို"

"ကောင်းပြီလေ ညိုပြာ ... ကိုယ့်အမှားတွေကိုနောင်တရပြီ၊ မိသားစုကိုတော့ အပြိုကွဲမခံနိုင်ဘူး"

ညိုပြာ့အား တစ်နည်းနည်းနဲ့တော့ ရှင်းပစ်ရမည်ဖြစ်သည်။ သူ့စည်းစိမ်ဥစ္စာတွေကို လုယူတော့မည့်မိန်းမတစ်ယောက် ... ကုမ္ပဏီပေးလိုက်ရရင် သူ့ဘဝ လမ်းပေါ်လျှောက်ရတော့မည်ဖြစ်သည်။

"ညိုပြာ ... ကိုကိုပေးဖို့ဆုံးဖြတ်လိုက်ပြီ၊ ညိုပြာဖြစ်စေချင်





တာတွေ အားလုံးဖြစ်စေရမယ်"

"ကောင်းတာပေါ့ ကိုကို"

ညိုပြာနှုတ်ခမ်းလေးတွေက ပြုံးနေပေမယ့် ကိုသုတအား တစ်စစီဆွဲဆုတ်ပစ်ချင်နေသည်။ ချစ်ခြင်းဘုံကို အရူးအမူးချစ်နေသတဲ့လား။ ညိုပြာ့ကို ချစ်ရမှာပါ။ တကယ့်တော့ ညိုပြာအလိုအပ်ဆုံးက ကိုသုတပဲ ... စီးပွားရေးကိုအောင်မြင်အောင် လုပ်ဆောင်နိုင်သည်။ ကုမ္ပဏီကြီးပေးလည်း ညိုပြာ ဘယ်လိုစီမံခန့်ခွဲရမှန်းမသိ။ ကိုကိုနှင့်တရားဝင်လက်ထပ်ပြီး သူဋ္ဌေးကတော်ကြီးဖြစ်ချင်တာပါ။

"ရှင်ကြီးဆီကစည်းစိမ်တွေရလည်း ရှင်းကြီးဘဝတစ်စစီဖြစ်စေရမယ်"

ညိုပြာ့ရင်ထဲမှာ ချစ်ခြင်းဘုံကို လုံးဝအခဲမကြေနိုင်ပဲဖြစ်နေသည်။ ကိုနန္ဒမိတ်လည်း နွားပဲ ... ချစ်ခြင်းဘုံကို ဘယ်လိုအခြေအနေမျိုးပဲဖြစ်နေပါစေ လက်ထပ်မယ်တဲ့ ... ညိုပြာ့ဘဝကတော့ အဖတ်ဆယ်လို့မရတော့။ ကိုသုတက စည်းစိမ်ဥစ္စာတွေ တောင်လိုပုံပေးရင်တောင်မှ ချစ်ခြင်းဘုံဘဝ စုတ်ပြတ်သတ်သွားစေရမယ်။

"ညိုပြာ"

"ဟင်"

"ညိုပြာ့အတွက် ကိုကိုဝယ်ပေးထားတဲ့တိုက်ခန်းလေးကို



www.burmeseclassic.com

www.burmeseclassic.com



သွားကြမယ်"

"ကျွန်မတောင်းဆိုတာတွေကို အရင်ဆုံးပေးဦးလေ၊ ရှေ့နေတွေနဲ့ စာချုပ်စာတမ်းတွေလုပ်ရမှာ"

"ကိုကို့ကိုမယုံဘူးလား ညိုပြာ"

"မယုံဘူး ... ရှင်ကြီးက ချစ်ခြင်းဘုံမှချစ်ခြင်းဘုံဖြစ်နေတာ ကျွန်မဘဝကို မြောင်းထဲပစ်ချလိုက်တဲ့ချစ်ခြင်းဘုံကို ... ကျွန်မ တစ်သက်မကြေဘူး"

ညိုပြာ့စကားတွေကြောင့် သုတစိတ်တွေပူသွားရသည်။ ညိုပြာက အတ္တကြီးတယ်။ လောဘရမက်လည်းကြီးတယ်။ ဘုံ့ကို တစ်သက်လုံးနောက်ယှက်တော့မှာ သေချာသည်။ ဘုံ့ဘဝကိုတော့ လုံးဝအဖျက်ဆီးမခံနိုင်တော့ဘူး။ ပြီးတော့လည်း သူနှင့်ဖြစ်ပျက်ခဲ့သည်ဟူသောစွပ်စွဲချက်ကြီး သုန်တို့မိသားစုအား အသိမပေးလိုပေ။ ဘယ်လောက်အထိ အရှက်သိက္ခာမဲ့ရမလဲ။ သုတလည်း သူလုပ်ခဲ့တဲ့ အမှားအတွက် ... သူ လုံးဝတာဝန်ယူရမည်ဖြစ်သည်။

"မဟုတ်သေးဘူး ညိုပြာရယ် ... ကိုကိုလည်း ချစ်ခြင်းဘုံကြောင့် စိတ်တွေကစဉ့်ကလျားဖြစ်ပြီး ညိုပြာ့အပေါ်ဥပေက္ခာပြုမိသွားတယ်၊ ကိုကိုလည်း ချစ်ခြင်းဘုံကို လုံးဝခွင့်မလွှတ်နိုင်ဘူး"

သူ့ဆီက ချစ်ခြင်းဘုံကို မုန်းတယ်ဆိုတဲ့အသံကြောင့် ညိုပြာ့





နှုတ်ခမ်းတွေပေါ်မှာ အပြုံးစတွေ ဝင်းလက်လာသည်။ သုတ ဖက်ထားလိုက်၏။ ညိုပြာပျော့သွားသည်။

"ကိုကို"

"ညိုပြာရယ်"

"ကိုကိုရယ် ... ညိုပြာချစ်မိတာက ကိုကိုပါ၊ ချစ်ခြင်းဘုံအစ်မကို ကွာရှင်းပစ်လိုက်စမ်းပါ၊ ညိုပြာတို့ လက်ထပ်ကြရအောင်"

ညိုပြာ ... မင်းအကြံကို ငါမသိဘူးထင်နေလား။ မင်းက ကုမ္ပဏီကိုရော ... ငါ့ကိုရော အရယူဖို့ကြံစည်ကြိုးစားမှာ မဟုတ်လား။ ဖျက်ဆီးဖို့ကြံစည်နေတာပဲ။ သုတ တွေးမိတိုင်း သူ့လုပ်ရပ်အတွက် အရှက်တွေရနေရသည်။

"သုန်က မောင့်ကိုအရမ်းယုံကြည်ခဲ့တယ်၊ နားလည်မှုတွေလည်း အပြည့်ပေးခဲ့တယ်၊ မောင်ကသာ သုန့်အပေါ် မတရားအနိုင်ကျင့်ခဲ့တာပါ"

သုန့်ကို သူရက်စက်ခဲ့တာတွေကို ပြန်စဉ်းစားမိတိုင်း ...သူ့မိသားစုဘဝလေးကို မထိန်းသိမ်းနိုင်တာတွေ ... နောင်တရလို့မဆုံးပေ။ သူ့အိမ်ထောင်ရေးကို ထိန်းသိမ်းနိုင်ဖို့မဖြစ်နိုင်တော့တာ သုတ သိနေသည်။

"ညိုပြာ ... ကိုကိုတို့ အေးအေးဆေးဆေးနေရအောင်ပါ ဘယ်လိုလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို"

"ပြောလေ"

"ကျွန်မတို့ လက်ထပ်ကြမလား"

"ကိုကိုစီစဉ်ပါ့မယ် ... တကယ်တော့ ကိုကိုရွေးချယ်ရမှာက ညိုပြာပါကွာ"

ညိုပြာ ယုံကြည်သွားသည်။ မိန်းကလေးတွေအများကြီးနဲ့ တွေ့ဆုံခဲ့တာ ... ညိုပြာလောက် ... သူ့အပေါ် လောဘတကြီး ထောင်ခြောက်ဆင် အမိဖမ်းတဲ့မိန်းမမျိုးမရှိခဲ့ပေ။ မင်းကြောင့်ပဲ ညိုပြာ ... အစ်မနှင့်အမေကြောင့် ချစ်ခြင်းဘုံက သူ့ကို ဖြားယောင်း သွေးဆောင်ခဲ့တာပဲရှိသည်။ မင်းကိုကယ်တင်ပေးဖို့ ... ကိုသူတ ဆုံးဖြတ်လိုက်ပါပြီ။ ချစ်ခြင်းဘုံ ... မင်းကိုယုံကြည်ပါတယ်။ မင်း မမကြီးကို စောင့်ရှောက်ပေးနိုင်မယ်လို့လေ။

"ညိုပြာ"

"ဟင်"

"ကိုကိုတို့ သွားကြရအောင်"

"အင်း"

ညိုပြာက သူ့လက်မောင်းတွေကိုဖက်တွယ်ထားရင်း ကား ပေါ်တက်သည်။

"ညိုပြာ ... ဒီတစ်ခါတော့ မင်းကိုအဆုံးသတ်ပေးရမယ့်





အချိန်ပဲ ... ငါ့ကိုယ်ငါလည်း အဆုံးသတ်ပစ်ရတော့မယ်၊ လူ့လောက ကြီးထဲမှာ မင်းရော ...ငါရော လုံးဝအသက်ရှင်နေထိုင်ဖို့ မသင့်တော် တော့ဘူး"

သူ ကားကို တရကြမ်းမောင်းထွက်လာခဲ့သည်။

"ကိုကို ... ဖြည်းဖြည်းမောင်းစမ်းပါ၊ ညိုပြာ ကြောက်လာ ပြီ"

"ညိုပြာ"

"ကိုကို"

"မင်း ... ကိုကိုနဲ့ အရမ်းပဲအတူတူပေါင်းဖက်ချင်တာလား"

"ကိုကိုရယ် ဘယ်လိုပြောလိုက်တာလဲ ... ကိုကိုက အရမ်း တော်တဲ့သူလေ၊ ညိုပြာက သူ့ဇနီးကတော်ဖြစ်ချင်တယ်၊ ကိုကိုနဲ့ ညိုပြာတို့ပဲ လိုက်ဖက်ပါတယ်နော်"

"ဟုတ်တယ်"

မင်းဘဝကိုတော့ မလွှဲမသွေ အဆုံးသတ်ပေးရတော့မှာပဲ ညိုပြာ ...

သုတ နှုတ်ခမ်းတွေကပြုံးရောင်သမ်းနေသည်။ သူရော ဘာ ထူးလို့လဲ။ ကိုယ့်ဂုဏ်သိက္ခာကိုတောင် မစောင့်ထိန်းတတ်ဘူး။ မိန်းမ တွေနဲ့ရှုပ်ချင်တိုင်းရှုပ် ... ပွေချင်တိုင်းပွေခဲ့တယ်လေ။ ဂုဏ်သိက္ခာ မရှိခဲ့တဲ့ယောက်ျား ...



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို ... ကားကိုအရှိန်လျှော့ပါဦး၊ ဘယ်ကိုမောင်းနေတာလဲဟင် ... မြို့ပြင်ရောက်လာပြီ"

"ဟုတ်တယ် ညိုပြာ ... တမင် မြို့ပြင်ကိုမောင်းလာတာ၊ မင်းရဲ့လောဘရမက်တွေရော ... ငါ့ရဲ့ဂုဏ်သိက္ခာမဲ့၊ အရှက်မရှိတဲ့ အပြုအမူတွေကိုရော အဆုံးသတ်ပေးတော့မလို့"

"ကိုကို ... အဲဒီလိုမလုပ်ပါနဲ့ ရှင်ရူးနေလား၊ ရှင့်စည်းစိမ်ဥစ္စာတွေကို စွန့်တော့မလို့လား"

"စွန့်မယ် ... ငါတို့မစွန့်ဘဲ လူ့လောကကြီးထဲမှာ ဘယ်လိုမျက်နှာနဲ့ အသက်ရှင်နေထိုင်မှာလဲ"

"ကိုကို တောင်းပန်ပါတယ်၊ အဲဒီလိုမလုပ်ပါနဲ့ ... ကားကိုအရှိန်လျှော့ပေးပါနော်"

ညိုပြာ့ရဲ့တောင်းပန်တိုးလျှိုးသံတွေက သုတအသိတွေထဲတိုးမဝင်လာနိုင်တော့။ အပြစ်ကင်းဖြူစင်တဲ့ ချစ်ခြင်းဘုံရဲ့ဘဝလေးကိုပဲ သုတ ကယ်တင်စောင့်ရှောက်ပေးချင်သည်။ နောက်ဆုံးပါ နောက်ဆုံးဖြည့်စွမ်းပေးတာပါ။ ညိုပြာ ငိုယိုတောင်းပန်ရင်း ကယ်ကြပါဦးဟု အော်ဟစ်လိုက်၏ ... သူကတော့ အသိဉာဏ်တွေထိန်းချုပ်နိုင်စွမ်း မရှိတော့ဘဲ။ ကားလေးအား အကြီးဆုံးညောင်ပင်ကြီးတစ်ပင်ဆီဦးတည်၍ အရှိန်ပြင်းစွာမောင်းပစ်လိုက်သည်။

"ဒုန်း"





"အား"

"ဝုန်း"

"အမယ်လေး ကယ်ကြပါဦး"

ညိုပြာ့အသံတွေ တိတ်ဆိတ်ငြိမ်သက်သွားသည်။ သူလည်းလှုပ်နိုင်တော့ ... ကားရှေ့ခန်းမှာ အောက်ပိုင်းတစ်ပိုင်းလုံးပိညှပ်နေ၏။ သူ အသိရှိနေချိန်လေးမှာ 199 သို့ ဖုန်းဆက်အကြောင်းကြားလိုက်လေသည်။

"အဝေးပြေးလမ်းမကြီးဘေးမှာ ကားအက်စီးဒင့်ဖြစ်နေပါတယ်"

နာကျင်တဲ့ဝေဒနာတွေကို ပြင်းပြစွာခံစားနေရသည်။ ခေါင်းတွလည်း မူးဝေပြာမှိုင်းလာရ၏။ ဒါပေမဲ့ နောက်ဆုံးအနေနှင့် ချစ်ခြင်းဘုံထံ ဖုန်းဆက်လိုက်သည်။

"ဘုံ ... အစ်ကိုကြီးပါ၊ မင်းကိုနှုတ်ဆက်တာလေ ... သန့်ကိုစောင့်ရှောက်ပေးပါ၊ အား ... ဂွတ် ... ဂွတ်"

"ကိုကြီး ဘာဖြစ်နေတာလဲ၊ ဘယ်မှာလဲဟင်"

ကိုသုတအသံတွေက အားတင်းပြီးအနိုင်နိုင်ပြောနေရပုံပင်။ နာကျင်စွာလည်း ညည်းညူနေသေးသည်။

"အား ... ဂွတ် ... ဂွတ် ... ကိုကြီးရင်ဘတ်က အရမ်းနာလာပြီ ဘုံ ... လူ့လောကကြီးထဲကနေ ထွက်ခွာသွားရတော့



www.burmeseclassic.com

www.burmeseclassic.com

မယ်"

"ကိုကြီး ဘာဖြစ်လို့လဲဟင် ... ဘယ်မှာလဲ ဘုံ့ကိုပြောပါ"

"သုန့်ကို ချစ်တယ်၊ ရင်သွေးလေးကိုလည်း ချစ်တယ်၊ သုန့်ကို အနားမှာနေပြီး စောင့်ရှောက်ထားပေးပါကွာ ... မင်းအတွက် ညီပြုံ့ကို အပြတ်ရှင်းပစ်လိုက်တာပါ ... အား"

"ကိုကြီး ... ကိုကြီး ဘာတွေပြောနေရတာလဲ ကိုကြီး"

ကိုကြီးအသံတွေက ညည်းညူရင်း ငြိမ်သက်တိတ်ဆိတ်သွားသည်။ ကိုကြီးပြောတာက ဘုံ့ကိုဒုက္ခပေးမယ့် ညီပြုံ့ကိုရှင်းပစ်လိုက်ပြီတဲ့။ ဘုရားရေ ... ဘာတွေဖြစ်ကုန်ပြီလဲ။ ကိုကြီး တစ်ခုခုဖြစ်သွားပြီဆိုတာ သေချာသည်။

"ဘုံရော ... ဘုံ ... ညီမလေး ... မမကြီးကိုကယ်ပါဦးကွယ်၊ မောင်လေ ... မောင် ကားအက်စီးဒင့်ဖြစ်လို့တဲ့ ဆေးရုံကဆက်တာ"

"ဟင်"

"မမကြီး ဘယ်လိုလုပ်ရမလဲ၊ ဆေးရုံကနေ သက်ဆိုင်ရာက အကြောင်းကြားတာပါ"

"မမကြီးသတိထားပါ ... ကိုယ်ဝန်ကြီးနဲ့လေ ကိုကြီး ဘာမှမဖြစ်ပါဘူး"

အမေပါ ထွက်လာသည်။ ခြိမ့်ကိုလည်း ဖုန်းဆက်ခေါ်လိုက်သည်။





"ဆေးရုံကိုလိုက်သွားကြမယ်၊ အမေနေခဲ့ပါ၊ ဘာမှစိတ်မပူပါ ... အမေ ... ဖြစ်သွားရင်လည်း ဘယ်တတ်နိုင်တော့မလဲ"

ကိုသုတက ဘုံ့ထံမသေခင်ဖုန်းဆက်ခဲ့သည်။ ကိုကြီးသေဆုံးသွားပြီဆိုတာ သေချာနေ၏။ ညီပြုံ့ကို ဘုံ့အတွက်ရှင်းပစ်လိုက်တာတဲ့။ သူမ အထိတ်တလန့်နှင့် ဆေးရုံကိုရောက်သွားသည်။

"နှစ်ယောက်လုံး နေရာမှာတင်ပွဲချင်းပြီး ဆုံးသွားပါတယ်၊ အလောင်းတွေက ရေခဲတိုက်ထဲရောက်သွားပါပြီ"

သက်ဆိုင်ရာတွေက ရှင်းလင်းပြောပြကြသည်။

"မောင် ... မောင်ဆုံးသွားပြီလို့ ပြောတာလား"

"မမကြီးရယ် ... တရားနဲ့သာ ဖြေလိုက်ပါနော်"

"ဘုံ့ ... ခြိမ့် ... မမကြီးကိုပြောကြပါဦးကွယ်၊ မောင်ရော ကြီးရင်သွေးလေးရဲ့အဖေလေ"

"မမ ... စိတ်ကိုဖြေပါ၊ ဘယ်တတ်နိုင်တော့မလဲ၊ ကိုသုတ သွားပြီလေ"

မမကြီးကိုသနားလို့ ခြိမ့်ကိုယ်တိုင် ကိုသုတကိုသတ်ပစ်မိမှာ ... ရှောင်နေမိသည်။ ဒါပေမဲ့ ကံကြမ္မာတွေကဖြစ်ပျက်သွားသည်။

"ဘုံ"

"ဟင်"

"မမကြီးကိုခေါ်ပြီး ပြန်တော့ ... အသုဘကိစ္စ ခြိမ့်လုပ်လိုက်


www.burmeseclassic.com

www.burmeseclassic.com

မယ်”

မမကြီးက ဘုံ့ရင်ခွင်ထဲ လဲပြိုကျဆင်းနေသည်။ ညိုဖြော ကြောင့် ကိုသုတ သူ့ဘဝကိုပါ အဆုံးသတ်ပစ်လိုက်တာပဲဖြစ်နိုင်၏။ ဘုံ့ရှေ့ရေးအတွက်လား ... နောင်တရနေပြီးကာမှ မမကြီးတို့ အိမ်ထောင်ရေး အဆင်ပြေပျော်ရွှင်ရပြီ ထင်ထားမိတာပါ။

“နင့်ဘဝကိုလည်း စုတ်ပြတ်သတ်ပြီးမြောင်းထဲရောက်သွား အောင် လုပ်ပစ်ရမယ် ချစ်ခြင်းဘုံ ... ငါ ဘယ်တော့မှမကြေဘူး နင် သူများတံတွေးခွက်မှာ ပက်လက်မျောစေရမယ်”

ညိုဖြောကြိမ်းမောင်းသွားခဲ့သည်။ ဘုံ ကြောက်ရွံ့တုန်လှုပ်ခဲ့ ရ၏။ အခုတော့ အဆုံးသတ်သွားပြီလား။ မမကြီးအား ချော့မော့ ခေါ်ပြီး အိမ်ပြန်လာခဲ့၏။ မမကြီး ငိုကြွေးလို့မဆုံးပေ။ အမေလည်း ငိုသည်။

“မောင်သုတရယ် ဖြစ်မှဖြစ်ရလေ”

ဒေါ်မေတ္တာဘုံလည်း သမီးကြီးယောကျ်ား ... မိန်းမတွေနှင့် ရှုပ်ပွေတာ သိသင့်သလောက်သိထားပေမယ့် ... အငယ်တွေအထင် သေးမှာစိုး၍ ရေငုံနှုတ်ပိတ်နေခဲ့သည်။ သမီးကြီးနှင့် မိမိတို့မိသားစု အပေါ်လည်း အဖက်မတန်သလို နှိမ်ချဆက်ဆံတာတွေရှိ၏။ အခု တလော ပြန်ပြီးနောင်တရကာ စိတ်သဘောတွေ ဖြူစင်ပြည့်ဝလာ သည်ဟု ထင်သည်။

ဖိုးလပြည့်တာပေ



“သမီးကြီး ... စိတ်ကိုဖြေပါကွယ် ... ရင်သွေးလေးရှိတယ် လေ”

သုန် ဘယ်လိုမှမဖြေနိုင်။ ရင်သွေးလေး အဖေမဲ့ရမည့်အရေး တွေးပူပြီး ... မောင့်ကို ကျန်းကျန်းမာမာပျော်ပျော်ရွှင်ရွှင် ရှိစေချင် ခဲ့သည်။ အခုတော့ မောင်မရှိတော့။ စည်းစိမ်ချမ်းသာတွေ အပြည့် ထားခဲ့၏။ သုန်ဘာလုပ်ရမှာလဲ ... မောင်အမြင်မှန်ရပြီး သုန့်ကို ဂရုစိုက်ကြင်နာလာကာမှ ... သုန်တသိမ့်သိမ့်ရှိုက်ငိုမိသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၂၂ )

"သမီးနဲ့ပဲအတူတူ အားလုံးလာနေကြပါ၊ အမေ ... ခြံရှေ့ ဘုံရောပဲ ... မမကြီးအနားမှာ နေပေးကြပါ"

မမကြီးရဲ့တောင်းဆိုမှုအရ ဘုံတို့မိသားစုတွေ မမကြီးတိုက်မှာပဲ နေထိုင်ကြဖို့ဆုံးဖြတ်၍ ပြောင်းရွှေ့လာကြသည်။ ဘုံကတော့ စိတ်မသန့် ... ကိုသုတက နောင်တတွေရပြီး ဘုံ့ဘဝအတွက် ညီပြာ အားအပြတ်ရှင်းပစ်ခဲ့သည်။

"ဘုံ့ဘဝကိုနှောက်ယှက်မယ့် ညိုပြာ့ကိုရှင်းပစ်လိုက်တယ်"

ထိုစကားသံတွေက ဘုံ့နားထဲသို့ သဲရည်ပူတွေလောင်းချ လိုက်သလို ပူလောင်နေသည်။ ဘုံ့စိတ်တွေ မလုံမလဲဖြစ်ရသည် ကိုနန္ဒမိတ်ကိုပင် မျက်နှာချင်းမဆိုင်ရဲတော့။ ဘုံ့ဘက်ကနေ ဘယ် လောက်ပဲဖြူစင်ပါတယ်ပြောပြော ... ဘုံ့ဘဝတစ်လျှောက်လုံး





အတွက် ပြတ်သွားတဲ့ကြိုးတစ်ချောင်းကို ပြန်ဆက်ထားသလို အဖု အထစ်တွေပဲဖြစ်နေနိုင်သည်။

"ဘုံ"

"ရှင် မမကြီး"

"ညီမလေးချစ်သူ နန္ဒမိတ်နဲ့လက်ထပ်လေ၊ မမကြီး အစစ အရာရာတာဝန်ယူမယ်၊ မောင်ပိုင်တဲ့တိုက်ခန်းတွေလည်း ရှိသေး တယ် ဘုံ"

"ဘုံ အိမ်ထောင်ပြုဖို့မစဉ်းစားသေးပါဘူး မမကြီး ... ဘုံ့မှာ မမကြီးနဲ့ရင်သွေးလေးကို စောင့်ရှောက်ရမယ့်တာဝန်တွေ အစ်ကို ကြီးက အပ်ထားခဲ့တယ်"

"အမယ်လေး ဘုံရယ် ... နန္ဒမိတ်နဲ့ဘုံတို့ လက်ထပ်ပြီးရင် လည်း မမကြီးကိုပစ်ထားကြမှာမို့လား"

"လောလောဆယ်တော့ ဘုံ အိမ်ထောင်ရေးကိုမစဉ်းစား ချင်သေးပါဘူး မမကြီးရယ်"

"မမကြီးကတော့လေ ... နန္ဒမိတ်လို အရည်အချင်းရှိတဲ့ ယောကျ်ားကို လက်လွှတ်မခံသင့်ဘူးထင်တယ် ဘုံလေးရယ်"

မမကြီးရဲ့ ... မောင်နှမတွေအပေါ်ထားတဲ့ ချစ်ခြင်းမေတ္တာ စေတနာကို ဘုံသိသည်။ ဒါပေမဲ့လည်း ကိုနန္ဒမိတ်နဲ့လက်ထပ်ဖို့



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာက ... ကိုနန္ဒမိတ်က အလုပ်တာဝန်နှင့် နိုင်ငံခြားကိုရောက်နေသည်။ ဖုန်းဖြင့် ဝမ်းနည်းကြောင်းတော့ပြောခဲ့၏။ ဘုံကတော့ ဘာပဲဖြစ်ဖြစ် ညိုပြာသတင်းဖြန့်ထား၍ ခဲအိုကိုမြူဆွယ်ဖြားယောင်းတဲ့ မိန်းမတစ်ယောက်အဖြစ် နာမည်ကပျက်နေသည်။

"ခြိမ့်ရုံ"

"ဗျာ မမကြီး"

"ခြိမ့်ရုံမှာလည်း ချစ်သူရှိတယ်ဆို ... မမကြီးဆီခေါ်လာခဲ့ မမကြီး အားလုံးတာဝန်ယူမယ်"

"ခြိမ့်ရုံမှာ ချစ်သူလည်းမရှိတော့ပါဘူး မမကြီး ဘုံ့လိုပါပဲ"

ခြိမ့်ရုံလည်း မြကေရီနှင့်မျက်နှာခြင်းဆိုင်ရမှာ မျက်နှာပူနေသည်။ အသုဘကို မြကေရီ မလာခဲ့ပေ။ နိုင်ငံခြားမှာရောက်နေသည်ပါ။ ခြိမ့်ရုံအား ခုထိ မမကြီးမောင်ဆိုတာ မသိသေးပေ။

"မမကြီးကို မငဲ့ကြနဲ့နော်၊ အချိန်တန်အရွယ်ရောက်ရင်တော့ မိသားစုဘဝလေးကို တည်ဆောက်ကြရမှာပဲ ခြိမ့်ရုံ ... မင်းလည်း မမကြီးခင်ပွန်းကျန်ခဲ့တဲ့ ကုမ္ပဏီကိုဦးဆောင်ပေးပါ"

"စိတ်ချပါ မမကြီး ... ခြိမ့်ရုံကြိုးစားပေးပါ့မယ်၊ ကုမ္ပဏီကိစ္စတွေ ဘုံလည်း နားလည်တာပါပဲ"

"အင်းလေ ... မင်းတို့မောင်နှမ စည်းစည်းလုံးလုံးနဲ့ မမကြီး

ဖိုးလပြည့်စာပေ



ကို အကူအညီပေးကြပါ"

"ဟုတ်ကဲ့"

သုန်ကတော့ ရင်သွေးလေးကိုလွယ်ထား၍ ဘာစီးပွားရေးမှ မလုပ်နိုင်ခဲ့ပေ။ မောင်လေးခြိမ့်ရုံနှင့် ညီမလေးဘုံကိုပဲ လွှဲအပ်ထားရသည်။ ရင်သွေးလေးက အရင့်အမာကြီးနှင့် ... လက်ထပ်ကာစက မောင် စိတ်မထင်လျှင်မထင်သလို သုန့်ကိုနှိပ်စက်ခဲ့ပေမယ့် ... ရင်သွေးလေးရပြီး သုန့်အပေါ် အကြင်နာအယုအယတွေနှင့် ထွေးပွေ့ဆက်ဆံလာခဲ့သည်။

"မောင်ရယ် ... သုန်ကံဆိုးပါတယ်၊ မောင့်အချစ်တွေကိုရနေပြီးကာမှ သုန့်အနားကနေ မောင်ထွက်သွားတယ်"

ညီမလေးနှင့်မောင်လေးကို တာဝန်တွေပေးအပ်ပြီး သူမ အိပ်ခန်းထဲပြန်ဝင်လာရာ ... မောင့်ကိုလွမ်းဆွတ်တမ်းတရလွန်းသဖြင့် မောင့်မီးခံသေတ္တာကို သုန်ဖွင့်ကြည့်မိသည်။ အရင်က သုန် ထိတောင်မထိခဲ့။ နောက်ပိုင်း မောင်ကမီးခံသေတ္တာသော့အား သုန့်လက်ထဲအပ်ခဲ့တာပင် ... သုန် စပ်စပ်စုစုဖွင့်မကြည့်ခဲ့ ...

"မောင်ရယ် ... ကံကြမ္မာတွေကလည်း ... ကြောက်စရာကောင်းလိုက်တာနော်၊ သုန့်ကို အပြည့်အစုံမောင်ထားခဲ့ပေးတာပဲ"

မောင့်မီးခံသေတ္တာကို ဘုံစိတ်လိုလက်ရဖွင့်ကြည့်နေမိသည်။

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အထဲမှာ ပိုက်ဆံတွေအထပ်လိုက်ပဲ … ပြီးတော့ စာရွက်စာတမ်းတွေ … မောင် မိန်းကလေးတွေနဲ့ရှုပ်ပွေတာလည်း သုန်သိနေသည်။ ညီပြာက မောင့်အချစ်ဆုံးမိန်းမတစ်ယောက်ထင်တယ်။ ခြံထဲအထိ ခေါ်လာတတ်တာ။ ဘုံလည်းသိထား၏။ သုန်ကတော့ … မောင့်သဘောဆန္ဒအတိုင်းပါပဲ။ အိမ်ထောင်ရေးပြိုကွဲမှာလည်းရှက်ပြီး သုန်သည်းခံနေထိုင်ခဲ့သည်။

"ဟင်"

မောင့်မီးခံသေတ္တာထဲမှာ ဘာကြောင့်များ ညီမလေးဘုံရဲ့ဓာတ်ပုံလေးက ရှိနေရတာလဲ။ ဘုရားရေ … မောင်နဲ့စုံတွဲပုံလည်း ရှိနေသဖြင့် … သုန်လက်ဖျားခြေဖျားတွေ အေးစက်သွားအောင် ကြောက်ရွံ့တုန်လှုပ်သွားရသည်။

"ဘုရားရေ … မောင်နဲ့ဘုံက ဖောက်ပြန်နေကြတာပဲ၊ ဘုရားသခင် ကယ်တော်မူပါ … ဒါကြောင့် … မောင် သုန့်မိသားစုအပေါ် သဘောကောင်းခဲ့တာပါလား"

သုန် ထိတ်လန့်တုန်လှုပ်စွာဖြင့် ရင်ဝကိုဖိထားရသည်။

"ဘုံ … ဘုံ … နင်လုပ်ရက်တယ်၊ မမကြီးယောကျ်ားကိုမှ ရက်စရာကောင်းလိုက်တာဟယ်၊ ဒါကြောင့်လည်း နင့်ကိုနန္ဒမိတ်က လက်ထပ်ဖို့ ငြင်းပယ်ပစ်လိုက်တာမဟုတ်လား … ပတ်ဝန်းကျင်





မှာ ဘယ်လောက်များ သတင်းတွေပျံ့နှံ့နေပြီလဲ"

တခြားမိန်းကလေးတွေနှင့် မောင် ဖောက်ပြန်နေတာကို သုန်သည်းခံခွင့်လွှတ်ထားနိုင်ပေမယ့် … ဘုံ့လုပ်ရပ်အတွက်တော့ လုံးဝခွင့်မလွှတ်နိုင်ဘဲ ဒေါသတွေပေါက်ကွဲရသည်။

မောင်က ယောကျ်ားလေးပဲ … ပြီးတော့ … မောင့်ခံစားချက်တွေရေးထားတဲ့ စာတစ်စောင်မှာ … ဒီကိစ္စမင်းပဲစတင်ပြီး ငါ့ကိုမြူဆွယ်ဖြားယောင်းခဲ့တာပါ ချစ်ခြင်းဘုံတဲ့ …

"ချစ်ခြင်းဘုံ … နင် … နင် ကိုယ့်အစ်မရဲ့ယောကျ်ားကိုများ အရှက်မရှိလိုက်တာ"

သုန် ဘယ်လိုမှသည်းခံကြိတ်မှိတ်မနေနိုင်တော့၍ … ဘုံရှိနေတဲ့အခန်းထဲ ဝင်လာခဲ့ပြီး … ဘုံ့ပါးကို ဖြန်းခနဲရိုက်ချပစ်လိုက်သည်။

"ဖြန်း"

"ဟင် … မမကြီး … ဘာဖြစ်တာလဲ ဘုံ့ကို အခြောက်တိုက်ကြီး"

"ဘာ … အခြောက်တိုက်ကြီးရိုက်တာလဲ ဟုတ်လား၊ မောင့်မီးခံသေတ္တာထဲက ထွက်လာတဲ့ပစ္စည်းတွေလေ"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



မမကြီး သိသွားပြီပဲ။ ကိုသုတနဲ့ဘုံ တွဲရိုက်ထားတဲ့ပုံ။ ဘယ်အချိန်ကရိုက်ထားမှန်းပင် ဘုံမသိပေ။

"နင် ဒီလောက်အထိ ဌေမက်ရလား ချစ်ခြင်းဘုံ ... စပွန်ဆာရှာချင်ရင်လည်း တခြားသူဌေးတွေကိုရှာပါလား၊ ငါ့ယောက်ျားကိုမှ နင့်အစ်မယောက်ျားကိုမှ လုပ်ရလား"

"မဟုတ်ပါဘူး မမကြီးရယ် ... ဘုံရှင်းပြပါရစေနော်၊ ဘုံ တမင်သက်သက်လုပ်တာ မဟုတ်ပါဘူး"

"နင် ... ဘာတွေလိမ်ညာ ... ဆင်ခြေတွေပေးဦးမလို့လဲ ချစ်ခြင်းဘုံ ... ဒီမှာ မောင်ရေးထားတဲ့စာလေ ... နင်ကစတာတဲ့ ငါ့ယောက်ျားကို နင်ကစပြီးမြူဆွယ်ဖြားယောင်းခဲ့တာတဲ့"

"မဟုတ်ပါဘူး မမကြီးရယ် ... မဟုတ်ပါဘူး၊ ဘုံရှင်းပြတာကို နားထောင်ပေးပါလား ... ဒီကိစ္စ အမေနဲ့ခြံရုံကို လုံးဝအသိမပေးပါနဲ့နော်"

"ဘာ ... ဘာပြောတယ်၊ ဘုံ ဘာကိစ္စမို့ အမေ့ကိုမပြောခိုင်းတာလဲ"

"ဟင်"

အခန်းဝမှာ အမေကမားမားကြီးရပ်နေသည်။ မမကြီးလက်ထဲကနေ ဓာတ်ပုံတွေကို အမေကလုယူပြီးကြည့်၏ ... စာဖတ်ပြီး





တော့ အမေ့လက်တွေက ရင်ဝကို ဖိသည်။

"ချစ်ခြင်းဘုံ ... နင်ဘာလုပ်တာလဲ၊ ညည်း ... ညည်း ခဲအိုနဲ့ဖြစ်နေတာလား"

"မဟုတ်ပါဘူး အမေ"

"ဘာမဟုတ်တာလဲ၊ ဟုတ်တယ် ... ဟိုနေ့ညက ညည်းအမူအယာတွေပျက်နေတာ ... ညည်း ဒီလောက်အထိ ကိုယ်ကျင့်တရားပျက်ရလား ချစ်ခြင်းဘုံ ... အမိုက်မ ... ခွေးမ"

"အမေ ... အမေရယ် ... ဘုံရှင်းပြပါရစေနော်၊ မမကြီးလည်း နားထောင်ပေးပါ။ ဘုံ အဲဒီလောက်အထိ ကိုယ်ကျင့်တရားပျက်ပြားတာ မဟုတ်ပါဘူး"

"ဖြန်း"

"ဟင် ... အမေ"

"ဖြန်း"

"နင် ... နင် ... ငါ့သမီးမဟုတ်တော့ဘူး၊ အရှက်မရှိတဲ့မိန်းမ ထွက်သွား ... ကိုယ့်အစ်မယောက်ျားကိုချူပြီး နင်က စည်းစိမ်ပေါ်မှာ ခံစားချင်သေးလား၊ အမယ်လေး ... ငါရင်ကျိုးပါပြီ၊ ငါသေပစ်ချင်တယ်၊ ရှက်လိုက်တာ ... သမက်ရှေ့မှာ ငါဘယ်လိုမျက်နှာမျိုးနဲ့ နေထိုင်ခဲ့ရလဲ ... အမယ်လေး"



www.burmeseclassic.com

www.burmeseclassic.com

"အမေ ... အမေ"

"လုပ်ပါဦး မမကြီး ... အမေလဲသွားပြီ အမေ"

အမေ ... ရင်ဝကိုဖိပြီး လဲကျသွားသည်။ ဘုံ ... ခြိမ့်ရံ့ကို အကြောင်းကြားပြီး ... အမေ့ကို ဆေးရုံပို့မယ်လုပ်တော့ ... အိမ်နားနီးချင်း ဆရာဝန်က အမေအသက်မရှိတော့ဘူးတဲ့ ... အမေ့ကို ဖက်၍ ဘုံကြေကွဲဝမ်းနည်းစွာဖြင့် ငိုကြွေးမိသည်။

"အမေရယ် ... ဘုံလေ ... အမေ့အတွက်ကြောင့်ပါနော်၊ ဘုံ ဘယ်လိုရှင်းပြရမလဲ ... အစ်မခင်ပွန်းကို ငွေကြေးကြောင့် ဘုံ မြူဆွယ်ဖြားယောင်းခဲ့တာ မဟုတ်ပါဘူး"

မမကြီးယောကျ်ားဆုံးတာ ရက်လည်ကာစပဲရှိသေးသည်။ အမေကွယ်လွန်သွားခဲ့သည်။ အားလုံး ဘုံ့အတွက်ကြောင့်ပဲလား။ ဘုံ အမေ မရှိဘဲနဲ့ ... ဘယ်လိုများရပ်တည်ရမလဲဟင်။ ဘုံကတော့ မမကြီးနှင့်အတူတူမနေရန် ဆုံးဖြတ်လိုက်သည်။

"မမကြီးတိုက်မှာတော့ ခြိမ့်ရံ့ကိုနေခွင့်ပြုမယ်၊ ချစ်ခြင်းဘုံက တော့ ကိုယ့်အိမ်မှာကိုယ်ပြန်နေပါ"

မမကြီးကိုယ်တိုင်က ဘုံ့ကိုရှိမနေစေချင်ပေ။ ခြိမ့်ရံ့ကတော့ ဘုံ့ကို အပြစ်မတင်ပေ။ မမကြီးယောကျ်ားကို ဘုံကစည်းစိမ်ဥစ္စာတွေကြောင့် ... မြူဆွယ်ဖြားယောင်းခဲ့တာ မဟုတ်ဘူးဆိုတာ





ယုံကြည်ပေး၍ တော်သေးသည်။

"ဘုံ ... နင် ဘာကြောင့်လုပ်တယ်ဆိုတာ ခြိမ့်ရံ့သိပါတယ်၊ မမကြီးယောကျ်ားက တို့မိသားစုအပေါ် ယုတ်မာခဲ့တာပဲ ... နင့်မှာ အပြစ်မရှိပါဘူး ဘုံ ... ဘာမှအားမငယ်နဲ့ ... ငါတစ်ယောက်လုံးရှိပါသေးတယ်၊ နင်နေထိုင်ဖို့ တိုက်ခန်းတစ်ခန်းဝယ်ပေးမယ်၊ နင့်အတွက် လုပ်ငန်းတွေလည်း ငါထူထောင်ပေးမယ်"

"မမကြီးယောကျ်ားနဲ့ပတ်သက်တဲ့ ငွေကြေးတွေ ငါမလိုချင်ဘူး ခြိမ့်ရံ့ ... ထားလိုက်ပါ၊ ငါ့ဘဝကို ငါ့အစွမ်းအစနဲ့ ငါကိုယ်တိုင်ရပ်တည်နိုင်အောင်ကြိုးစားမယ် ခြိမ့်ရံ့"

ခြိမ့်ရံ့ကတော့ ဘုံ့ကို အပြစ်မတင်မိပေ။ အမေနဲ့မမကြီးတို့တွေ ဆုံဖို့ ဘုံလုပ်မိတာဖြစ်နိုင်သည်။ မမကြီးအိမ်ထောင်ကျပြီးထဲက ခြိမ့်ရံ့တို့မိသားစုဝင်တွေ ကစဥ့်ကလျားဖြစ်ကုန်သည်။

"ကိုနန္ဒမိတ်ရော ... ဘုံ့အကြောင်းတွေသိလား"

"အင်း ... ညီပြာနေ့ကယုက်တာပါ ခြိမ့်ရံ့ ... ဒါပေမဲ့ ကိုနန္ဒမိတ်ကတော့ ... ဘုံဆန္ဒရှိရင် လက်ထပ်ဖို့အဆင်သင့်ပါ"

"နင် ဘာဖြစ်လို့လက်မခံတာလဲ ...ကိုနန္ဒမိတ်ကို ငါယုံကြည်တယ် ဘုံ"

"စိတ်သဘောထားပြည့်ဝတဲ့ ... လူကြီးလူကောင်းတစ်



www.burmeseclassic.com

www.burmeseclassic.com

ယောက်ပါ ခြိမ့်ရဲ့ ... လောကကြီးက စိတ်ပျက်စရာကြီးပါဟာ၊ မမကြီး ကိုယ်တိုင်ကတောင် ဘုံ့ကိုနားမလည်ဘဲ မုန်းတီးသွားတာလေ"

မမကြီးက ... ဘုံ့ကိုလုံးဝလက်မခံဘဲ မုန်းတီးနာကျည်းနေသည်။ အမေပါ ဆုံးသွားရတယ်ဆိုတော့ ... ဘုံ့ကို မတွေ့မမြင်ချင်လောက်အောင် ရွံရှာစက်ဆုပ်နေ၏။ ဘုံ ရင်အနာရဆုံးပဲ။ ခြိမ့်ရဲက မမကြီးလုပ်ငန်းတွေကို ဦးစီးပေးမည်ဖြစ်ပေမယ့် ... မမကြီးနှင့်အတူတူ နေထိုင်ဖို့ ငြင်းဆန်ခဲ့သည်။

"ခြိမ့်ရဲလည်းပြဿနာနဲ့ပဲ ဘုံ ... ဘယ်အချိန် မမကြီးသိပြီး ပေါက်ကွဲမလဲမသိဘူး ... မြကေရီကိစ္စလေ"

"ခြိမ့်ရဲရယ် ... မြကေရီက အပြစ်ကင်းမဲ့ပါတယ်၊ သူဌေးသမီးလေးဆိုတော့ ... မိဘတွေက ခြိမ့်ရဲနဲ့သဘောမတူတာ အပြစ်မရှိပါဘူးဟယ် ... ပြန်ပြီးဆွေးနွေးညှိနှိုင်းပါဦး"

"ကိုသုတညီမဖြစ်နေတာက အပြစ်ပဲလေ"

"မြကေရီကအေးတယ် ... နင့်အတွက် သူ့မှာပေးဆပ်ရတာတွေ များနေပါပြီ ... အခုလည်း ... နင်လက်မထပ်ချင်ဘူးဆိုလို့ နိုင်ငံခြားကို ထွက်သွားတာပါ"

မြကေရီကိုတော့ ခြိမ့်ရဲ့ရင်ထဲမှာရှိနေသည်။ သူဘယ်လောက်ပဲ ဟန်ဆောင်ပြောနေပါစေ။ မြကေရီက သူ့ကိုချစ်မြတ်နိုးလွန်း၏။





ကိုသုတညီမဖြစ်နေတာက သူ့ရင်ကို နာကျင်စေသည်။

"မြကေရီအပေါ် ခြိမ့်ရဲရက်စက်တာလေ"

"တော်ပါတော့ ဘုံရာ ... လောကကြီးထဲမှာ ကိုယ်ဖြစ်ချင်တာတွေ မဖြစ်ရတာလဲရှိတယ်၊ ထားလိုက်ပါ"

"ခြိမ့်ရဲရယ်"

"နင်ရော ... ကိုနန္ဒမိတ်နဲ့ အပြီးအပိုင်လမ်းခွဲလိုက်ပြီလား"

"ဟင့်အင်း ... လမ်းမခွဲပါဘူး၊ ဘုံကငြင်းခဲ့တာပါ၊ ကိုနန္ဒမိတ်ရဲ့ဂုဏ်သိက္ခာတွေ ချစ်ခြင်းဘုံကြောင့် မမဲ့စေချင်လို့ပါ"

သူမမျက်ဝန်းတွေထဲမှာ မျက်ရည်တွေပြည့်နှက်လာသည်။

ောင့်ကို ကျွန်မတွေ့ချင်ပါတယ်။ လွမ်းလည်းလွမ်း ... တမ်းတနေတယ်။ ကျွန်မ ... လောလောဆယ် အင်အားတွေမဲ့နေပါတယ်။ ျွန်မအနားမှာ ကိုနန္ဒမိတ်ရှိနေရင် ... ကျွန်မ အားအင်တွေပြည့်ဝနေမလားပဲ။

ခြိမ့်ရဲကတော့ ... မမကြီးကုမ္ပဏီမှာဦးစီးပြီး အိမ်မှာပြန်နေသည်။ အမေ့ကို ဘုံလွမ်းလိုက်တာ။ အမေ့စိတ်ထဲမှာ အလိမ္မာဆုံး ... အနစ်နာဆုံးသမီးလေးက အမိုက်မဲဆုံး ... ဂုဏ်သိက္ခာကိုယ်ကျင့်တရားအမဲ့ဆုံး သမီးအဖြစ် တမလွန်အထိ သတ်မှတ်သယ်ဆောင်သွားပြီဖြစ်သည်။ ဘုံ ... ဘယ်လိုဖြေသိမ့်ရမလဲ အမေ ...



www.burmeseclassic.com

www.burmeseclassic.com



သမီးဘုံ ရင်ကွဲအက်မတတ်နာကျင်နေရပါတယ်။ ခြံရုံက နားလည်မှု ပေးပြီး အားပေးနှစ်သိမ့်နေ၍တော်သေးသည်။

◆◆◆

အခန်း ( ၂၃ )

မောင် သတင်းတွေအားလုံးကြားပါတယ် ဘုံ ... မင်းအတွက် စိတ်ထိခိုက်ကြေကွဲလိုက်ရတာ ... မင်းနဲ့တွေ့ချင်တယ်။ မောင့်ဖုန်းကို ဘာဖြစ်လို့မဲကိုင်တာလဲ။ ဖုန်းပိတ်ထားပါတယ်လို့ပဲ ဖြေနေတယ်။ ဘာဖြစ်လို့လဲ ဘုံရယ် ... သူ ဆောက်တည်ရာမရအောင် စိတ်တွေတုန်လှုပ်နေသည်။ ဘုံ ဘယ်လောက်အထိအားငယ်နေရှာလဲ။ အမေလည်း ဆုံးသွား၏။ ဘာကြောင့်လဲ ... မိခင်နှင့်အစ်မအတွက် ... စိုးရိမ်ပူပန်နေမှုတွေနှင့် ဘုံ အမှားအယွင်းလုပ်မိခဲ့တာ နန္ဒမိတ် သိသည်။

"ဘုံ့ကို မောင်အရမ်းတွေ့ချင်နေပြီ၊ တွေ့ဖို့ခွင့်ပြုပါ ဘုံရယ်၊ မောင့်ရင်ခွင်ထဲမှာ ဘုံ့ကိုနားခိုစေချင်ပါပြီ"

ဘုံ့ကိုတွေ့ဖို့ နန္ဒမိတ်ကြိုးစားပေမယ့် ဘုံကရှောင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



အတွေ့မခံပေ။ ဘုံ့သတင်းတွေကလည်း ပတ်ဝန်းကျင်မှာ နားမဆံ့အောင်ပင် ဆိုးဝါးစွာကြားနေရ၏။ ဘုံ့ကိုသနားသည်။

"ကျွန်တော် ... မမကြီးကိုပြောပြစရာရှိပါတယ်၊ အဲဒါကတော့ ဘုံ့ကို မမုန်းဖို့ပါပဲ"

"နန္ဒမိတ် ... မင်း ... မင်းကိုယ်တိုင်က ဘုံ့အပေါ်ခွင့်လွှတ်နိုင်တာလား"

"ဟုတ်ပါတယ် ... ဘုံ့စိတ်ဓာတ်ကို ကျွန်တော်အသိဆုံးဖြစ်နေလို့ပါပဲ ... ညို့ပြာကြောင့် ဘုံ့စိတ်တွေ မိုက်ရူးရဲဆန်သွားတာပါ ဘုံ ကိုယ်ကျင့်တရား မပျက်ပြားပါဘူး၊ အမေနဲ့မမတို့တွေဆုံနိုင်ဖို့အတွက်ပါဗျာ"

သုန်လည်း ရုတ်တရက်ကြီးစိတ်ဆိုးပေါက်ကွဲကာ ... ဘုံ့ကို နှစ်ပြားမတန်အောင်ပြောဆိုမိသည်။ သုန်မှားသွားပြီပဲ ... သုန့်ကြောင့် အမေလည်း သေဆုံးသွားခဲ့ရ၏။ သွေးမတော်သားမစပ် မောင်နန္ဒမိတ်တောင် ညီမလေးဘုံ့ကို ခွင့်လွှတ်နားလည်ပေးနိုင်ခဲ့သည်။ သုန်က မောင်နှမတွေ ...

"အခုဆိုရင် ဘုံက ကျွန်တော့်ကိုရှောင်နေတယ်၊ အတွေ့မခံဘူး၊ မမကြီးလည်း ဘုံ့အပေါ်နားလည်ခွင့်လွှတ်ပေးဖို့ ... ကျွန်တော် လာပြောပေးတာပါ၊ ဘုံ့ကို အရမ်းသနားတယ်"

ဖိုးလပြည့်စာပေ



"မမကြီးနားလည်ပါပြီ မောင်နန္ဒမိတ်ရယ် ... ညီမလေးဘုံနဲ့ သွားတွေ့လိုက်ပါ့မယ်"

နန္ဒမိတ်စိတ်ထဲမှာ နာကျင်ခံစားနေရတာတွေကို မမကြီး သိစေရန်ပြောရင်း ... ဘုံ့ကိုတွေ့ဆုံခွင့်ရဖို့ ကြိုးစားနေရသည်။ ခြိမ့်ရဲ့ ဆီလည်း ရောက်သွား၏။ ဘုံမရှိဘူးဘဲပြောသည်။

"ခြိမ့်ရဲ့ ... ကိုယ်တောင်းပန်ပါတယ်ကွာ ... ဘုံ ဘယ်မှာလည်း ပြောပြပါ၊ ကိုယ် ခဏလေးပဲဖြစ်ဖြစ် ဘုံနဲ့တွေ့ပါရစေ"

"ခြိမ့်ရဲ့လည်း ဘယ်လိုမှမတတ်နိုင်လို့ပါ ကိုနန္ဒမိတ် ... ဘုံက လက်မခံဘူးဗျ ... သူ့ဆန္ဒအတိုင်းမလုပ်ရင် ... သူက သူ့ကိုယ်သူ သတ်သေမှာတဲ့"

"ဟာကွာ ... အဓိပ္ပာယ်မရှိတာပဲ ဘုံရာ ... ဒါဆိုလည်း ခြိမ့်ရဲ့ပဲ ဘုံ့ကိုပြောပြပေးပါ၊ ကိုယ့်မိတ်ဆွေတစ်ယောက်အနေနဲ့ပဲ ဘုံ့ကိုတွေ့ပါရစေလို့ ... ကိုယ် မိတ်ဆွေကောင်းတစ်ယောက်အဖြစ်ပဲ ဘုံနဲ့ စကားပြောချင်တာပါလို့ ... ကိုယ့်ဖုန်းလေးပဲဖြစ်ဖြစ်ကိုင်ပြီး နားထောင်ပေးပါလို့"

"ဟုတ်ကဲ့ ကိုနန္ဒမိတ်"

ခြိမ့်ရဲ့လည်း မတတ်နိုင်ပေ။ ဘုံက လုံးဝလက်မခံ။ ကိုနန္ဒမိတ်နှင့် မျက်နှာချင်းမဆိုင်ရဲကြောင်း ... ပြောနေသည်။ ကိုနန္ဒမိတ်ပြန်သွား၏။ ဘုံက အခန်းလေးထဲမှာ မျက်ရည်တွေလိမ့်ဆင်းကျရင်း

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းသားလေးတွေ တဆတ်ဆတ်တုန်ရီနေ၏ … ခြိမ့်ရဲ့ ဝင်သွားသည်။

"နင်ကြားတယ်မဟုတ်လား ဘုံ … ကိုနန္ဒမိတ်တောင်းဆိုတဲ့အတိုင်း ခဏလေးပဲဖြစ်ဖြစ်တွေ့လိုက်ပါဟာ"

"ဟင့်အင်း … ဘုံ လုံးဝမတွေ့ချင်ဘူး ခြိမ့်ရဲ့ … ဘယ်လိုမျက်နှာမျိုးနဲ့ ဘုံရင်ဆိုင်ရမှာလဲ … သူ ဘယ်လောက်ပဲနားလည်ခွင့်လွှတ်နိုင်ပါစေ၊ ဘုံ့စိတ်တွေ မသန့်တော့ဘူး၊ ဘုံ တစ်ယောက်ထဲပဲ နေချင်တယ်၊ ဒီညနေပဲ ဘုံ နိုင်ငံခြားကိုထွက်တော့မှာလေ"

ဘုံကတော့ … ဒီပတ်ဝန်းကျင်ကနေ အဝေးဆုံးကိုထွက်ခွာသွားဖို့ပဲ ဆုံးဖြတ်သည်။ ဘုံ နှလုံးသားတွေနာကျင်ရလွန်းလို့ပါ။ အမှားတစ်ခုအတွက် ဘုံပဲပေးဆပ်ရမည်ဖြစ်၏။ ဒီလိုအမှားမျိုးက မမှားသင့်ပါဘူး … ဘုံ နိုင်ငံခြားကို ထွက်သွားတော့မည်ဖြစ်သည်။

"ဘုံ"

"ဟင်"

"နင် … တကယ်ပဲ … ကိုနန္ဒမိတ်ကို ကျောခိုင်းတော့မလို့လား"

"အင်း"

"ကောင်းပါတယ်ဟာ … နင့်ဆုံးဖြတ်ချက်မှန်ပါတယ်၊ ဒီလိုပဲလုပ်သင့်တယ်လေ"





"ခြိမ့်ရဲ့"

"ဘာလဲ ဘုံ"

"နင်ရော … ကေရီနဲ့ အဆင်ပြေတာကို ဘုံတွေ့ချင်တယ်"

"ခြိမ့်ရဲ့လည်း စဉ်းစားဆုံးဖြတ်ပြီးပြီ ဘုံ … ဒီနေ့ပဲ မမကြီးကိုရော … မြကေရီမိဘတွေကိုရော ဖွင့်ပြောပြမယ်၊ တောင်းပန်မယ်၊ အားလုံးကျေနပ်ကြည်ဖြူရင် ကေရီနဲ့လက်ထပ်မယ်"

ကေရီလည်း မြန်မာနိုင်ငံကိုပြန်ရောက်နေသည်။ ခြိမ့်ရဲ့နဲ့တွေ့ဆုံပြီးပြီ။ ကိုသုတကြောင့် ကေရီ့ကို ချစ်သူအဖြစ်ရောက်အောင် တမင်ကြံစည်ခဲ့တာဖြစ်ကြောင်း ပြောပြတော့ … ကေရီကလက်ခံခွင့်လွှတ်၏။ ကိုယ့်ကိုချစ်တာ နှလုံးသားတွေနဲ့ပါတဲ့ … ကိုယ်လည်းလုပ်သင့်ပါတယ်တဲ့ … ကိုကိုကမှ မကောင်းတာတဲ့။ ကိုသုတဆုံးပြီးသဲက ကိုသုတမိဘတွေလည်း နောင်တတွေကြီးစွာရနေကြသည်။

"မမကြီးကိုတော့ ဘုံနှုတ်ဆက်သွားတယ်လို့ပဲ ပြောလိုက်ပါခြိမ့်ရဲ့ … နင်လည်းစောင့်ရှောက်ပါ၊ မမကြီးစေတနာကို ဘုံနားလည်တယ်၊ မိသားစုအပေါ် သံယောဇဉ်ကြီးရှာပါတယ် ခြိမ့်ရဲ့"

ခြိမ့်ရဲ့ကလည်း ဘုံ့ကိုနားလည်စွာဖြင့် ဘုံ့ဆန္ဒတွေအတိုင်း ဖြည့်ဆည်းလုပ်ဆောင်ပေးခဲ့သည်။ ကိုနန္ဒမိတ်အတွက်တော့ ဘုံခွဲခွာရတာ နားလည်ခွင့်လွှတ်နေပါစေ။ ဘုံ့အမှားကြီးက တွေးမိတိုင်း ဘုံ ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



တိုင်ပင် ရှိုက်ရှာစက်ဆုတ်နေရသည်။ မျက်နှာပူစရာကောင်းလိုက်တာ ဘုံ တွေးမိတိုင်းရှက်နေရသည်။

"ဘုံ ... ဒီမှာ ဘယ်လိုမှရပ်တည်နိုင်စွမ်းမရှိတော့လို့ပါ။ မောင် ရယ် ... မဖြစ်နိုင်ပါဘူး၊ ဘုံက နာမည်ပျက်တွေနဲ့ပါနော်"

မောင့်ကိုတွေ့ချင်တဲ့ဆန္ဒတွေ ပြင်းပြနေပေမယ့် ဘုံကတော့ ဆန္ဒတွေကို အကောင်အထည်မဖော်နိုင်တော့ပါဘူး မောင် ... မတွေ့တော့ပါဘူး။ ဘုံ အဝေးဆုံးကိုပဲ ထွက်ခွာသွားတော့ပါ့မယ်။ မမကြီးကိုလည်း မနှုတ်ဆက်တော့။ ခြိမ့်ရံတစ်ယောက်ပင် သိထားပြီး နိုင်ငံခြားကို ထွက်ခွာလာခဲ့သည်။

"မောင့်ကိုမတွေ့တော့ပါဘူး ခြိမ့်ရံ ... ဘယ်လိုအကြောင်းနဲ့ ပေါင်းစပ်ဖို့မဖြစ်နိုင်တော့ပါဘူးလို့ ပြောပေးပါ၊ ဘုံ့ကို မေ့ပစ်လိုက်ပါလို့"

ဘုံ ဆက်မပြောနိုင်တော့။ ခြိမ့်ရံ့ကိုပဲပြောပြခဲ့ပြီး လေယာဉ် ကြီးပေါ်တက်ခဲ့သည်။

"ခြိမ့်ရံ"

"ဟင်"

"ဘုံ သွားပြီနော် ... ဘယ်တော့မှပြန်လာဖြစ်မလဲဆိုတာ မသိပါဘူး၊ ဟိုရောက်ရင် ဘုံနဲ့ဆက်သွယ်လို့ရမယ့်ဖုန်းနံပါတ်တွေ





လိပ်စာတွေ လှမ်းပို့လိုက်ပါ့မယ်"

"ဘုံ ... ဆက်ဆက်ပေးနော်၊ ခြိမ့်ရံ့ကိုတော့ အဆက်မသွယ် ဖြတ်မထားပါနဲ့ ... ဘုံက ဘယ်သူ့ကိုမှမပြောပါနဲ့ဆိုရင်လည်း ခြိမ့်ရံ မပြောပါဘူး၊ ကတိပေးတယ်နော်"

"အင်းပါ"

ဘုံ ... မျက်ရည်တွေ ဆက်ပြီးမထိန်းနိုင်တော့သဖြင့် ခြိမ့်ရံ့ကို ကျောခိုင်းပစ်လိုက်သည်။ ရင်ထဲမှာ ဟာတာတာကြီးနှင့် မွန်းကြပ် တစ်ဆို့နေ၏။ မမကြီးကိုလည်း စိတ်မချပါဘူး။ ကိုယ်ဝန်အရင့်အမာ ကြီးနဲ့ ယောကျ်ားရော ... အမေရော သေဆုံးရတဲ့အဖြစ်။ မိသားစု ပါ ကွဲခဲ့ရသည်။

"နင် တော်တော်အရှက်မရှိတာပဲ ဘုံ ... နင်မို့ ကိုယ့်အစ်မ ခင်ပွန်းကို ကြံစည်ရက်တယ်၊ ငါက အရှမ်းရိုးသားခဲ့တာလေ၊ ငါ့ညီမ နဲ့ ငါ့အမေကို ကျွေးမွေးစောင့်ရှောက်ခွင့်ရပြီလို့ ပျော်ရွှင်ခဲ့ရတာပါ။ နင်ကတော့ ယုတ်မာပက်စက်တဲ့အကြံအစည်နဲ့ပဲ"

မမကြီးစကားတွေက ဘုံ့နားထဲ သံရေပူတွေလောင်းချသလို လိုက်သလို ဖြေဖျောက်လို့မရအောင် ခံစားနေရဆဲပင်။ သူမစိတ်တို့ ထိန်းချုပ်မစ်လိုက်ပြီ။ လေယာဉ်ပေါ်တက်လာခဲ့သည်။ သူမထိုင်ခုံ နံပါတ်မှာထိုင်၏။ ရင်ထဲမှာပေ့ါပါးသွားမလိုလိုနှင့် မောင့်ကိုလွမ်း သလိုလို ... တမ်းတသလိုလို ... နောင်တတွေရလာသလိုမျိုး



www.burmeseclassic.com

www.burmeseclassic.com



ဘုံ့မျက်ဝန်းလေးကို ဖွတ်မှိတ်ထားပစ်သည်။

"ဟင် ... ဒီလူ ဘယ်လိုလူလဲ ... ငါ့အသားကိုထိကပ်လာ ထိုင်တယ်၊ အမြင်ကပ်လိုက်တာနော်"

သူမ မျက်လုံးတွေမှိတ်ပြီး ငြိမ်သက်နေပေမယ့် ... သူမ အသားကိုလာထိကပ်ထိုင်တဲ့ ခရီးသည်ကြောင့် ... မျက်လုံးကို ဆတ်ခနဲဖွင့်ပြီး ဘုံပြန်ကြည့်လိုက်၏။ ယောကျ်ားတစ်ယောက်ပဲ။ အနောက်တိုင်းဝတ်စုံကို သေသပ်လှပစွာဝတ်ဆင်ထားပြီး ဦးထုပ်ကိုဆောင်းထားသည်။

"ဘယ်လိုလူလဲ ... အသားယူနေလိုက်တာ၊ လူကိုများ ဘာအောင်းမေ့နေလဲ"

လေယာဉ်ကြီးက ကောင်းကင်ပေါ်သို့ ပြေးလမ်းအတိုင်း အရှိန်ယူပြီးတက်သွားသည်။ ဘုံ့ခန္ဓာကိုယ်လေး သိမ့်ခနဲခံစားလိုက်ရပြီး ဟိုလူ့ဘက်ကို သူမခန္ဓာကိုယ်လေး ယိုင်ယိုင်သွားသည်။

"အို့"

"ဘယ်လိုလူလဲ"

သူမကိုယ်လေးအား ထိုလူက လက်နှင့်ဖေးမထိန်းချုပ်လိုက်၍ သူမဒေါသတကြီးနှင့် ထိုလူအား မျက်စောင်းခတ်ကြည့်မိသွားသည်။

"ဟင် ... ရှင် ... ရှင် ... မောင် ... အဲ ... ကိုနန္ဒမိတ်





ဘယ်လိုကနေဘယ်လို ရောက်လာရတာလဲ"

"ဘုံ"

"ဟင်"

သူမရှောင်ထွက်ပြေးလို့ မရတော့ပေ။ လေယာဉ်ကြီးက ကောင်းကင်ပေါ်ရောက်နေပါပြီ။ မောင်က သူမလက်လေးကို ဆုပ်ကိုင်လိုက်လေသည်။

"မင်း ... ဘယ်လိုမှ မောင့်ကိုရှောင်ဖယ်ပစ်ခွာသွားလို့ မရဘူးဆိုတာသိထားပေါ ချစ်ခြင်းဘုံ"

"မောင့်ကို ... အဲ ... ရှင့်ကို ဘယ်သူပြောလိုက်တာလဲ၊ ဘုံ့အကြံအစည်တွေကို ရှင်ကြိုသိနေတာပေါ့လေ"

"ဟုတ်တယ်လေ ... ခြံရှံပြောပြထားတာလေ"

"ဟင် ... ခြံရှံကောင်စုတ် ... နည်းနည်းလေးမှကတိမတည်ဘူး"

"ဘုံ"

"ရှင်"

"မောင့်ကို ရှောင်တိမ်းမနေပါနဲ့တော့ကွာ ... ပတ်ဝန်းကျင်က ဘယ်သူတွေဘာပဲပြောပြောပါ၊ မောင်လက်မခံနိုင်ဘူး၊ လောလောဆယ်တော့ မောင်တို့ နိုင်ငံခြားမှာပဲနေကြမယ်၊ မိသားစုဘဝလေးကို တည်ဆောက်ကြရအောင်နော်"



www.burmeseclassic.com

www.burmeseclassic.com

"ဟင့်အင်း ... ကျွန်မအချိန်ယူချင်ပါတယ်၊ ရုတ်တရက်ကြီး ကျွန်မ ဘယ်လိုမှစိတ်မသန့်နိုင်သေးလို့ပါ ကိုနန္ဒမိတ်ရယ် ... ဘုံ တစ်ယောက်ထဲပဲနေပါရစေ ... ရှင်ပြန်ပါ၊ ရှင် သေသေချာချာ စဉ်းစားပါဦးနော်"

"မောင် စဉ်းစားပြီးပြီ၊ အကြိမ်ကြိမ်ပါပဲ ... ဘုံ ဘယ်လောက် အထိထိန်းသိမ်းနိုင်ပြီး ကိုယ်ကျင့်တရား ဖြူစင်ဖြောင့်မယ်တယ်ဆို တာ မောင်အသိဆုံးပါ၊ ဘုံ့ကို မောင်ချစ်တယ် ... မောင့်အပေါ် ရက်ရက်စက်စက် ... "

မောင်က ... လက်လေးကို တင်းကြပ်စွာဆုပ်ကိုင်ထား သည်။ ဘုံလည်း မရုန်းဖယ်မိ။ မောင်နဲ့ဝေးသွားရမှာကို ဘုံကိုယ်တိုင် ဘယ်လောက်အထိ ကြေကွဲတုန်လှုပ်နေရလဲ ...

"သြော် ... ဘုံ့ကို ပေးစရာစာတစ်စောင် ရှိသေးတယ်၊ ရန်ကုန်က လူကြုံပါးလိုက်တာပါ၊ မင်းဖတ်ကြည့်လေ"

မောင်က စာတစ်စောင်ပေး၍ ဘုံ ယူပြီးဖောက်ဖတ်လိုက်မိ သည်။

ညီမလေး ဘုံ ...

မမကြီး လူချင်းတွေ့ပြီးတောင်းပန်ဖို့ စိတ်ကမလုံတာနဲ့ မောင်နန္ဒမိတ်ကိုပဲ လူကြုံပါးပြီး စာရေးလိုက်ပါတယ်ကွယ် ...

ဖိုးလပြည့်စာပေ



"ဟင် ... မမကြီးစာပဲ"

"ဟုတ်တယ် ဆက်ဖတ်လေ"

မမကြီးစာကို ဘုံဆက်ဖတ်တော့ ... မောင်ကလာရှင်းပြ ၍ ညီမလေးအပေါ် အထင်လွဲပြီး ပက်ပက်စက်စက် နစ်နစ်နာနာ ပြောဆိုမိခဲ့တာတွေကို တောင်းပန်ထားသည်။

မမကြီးလည်း ရင်သွေးလေးမွေးတော့မယ် ... မွေးပြီးရင် တော့ မြန်မာပြည်ကိုပြန်လာပြီး တူလေးကိုကြည့်ပါဦး ဘုံလေးရယ်၊ လောလောဆယ် ဘုံလေးထွက်ပေါက်အဖြစ် နိုင်ငံခြားကို ခဏ လောက်ထွက်သွားပါစေဆိုပြီး ... မမကြီး သွားခွင့်ပြုလိုက်တာပါ၊ မမကြီးနဲ့တူလေးကို အကြာကြီးပစ်မထားပါနဲ့နော်၊ တောင်းပန်ပါ တယ်ကွယ် ... မမကြီးအနား ပြန်လာခဲ့ပါ၊ မောင်နန္ဒမိတ်နဲ့လည်း လက်ထပ်ကြပါ၊ ဘုံလေးအတွက် ယောကျ်ားကောင်းပါ

မမကြီးစာကိုဖတ်ပြီး ... ဘုံ့ရင်ထဲမှာ ပျော်ရွှင်ပီတိတွေဖြစ်ရ လွန်းလို့ မျက်ရည်တွေပင် ပြည့်လျှံလာသည်။

"ဘုံလေ ... ဘုံ ... မမကြီးရဲ့ခွင့်လွှတ်နားလည်မှုတွေကို အမြဲတမ်းမျှော်လင့်နေခဲ့မိတာပါ မောင်ရယ်"

"ဘုံ"

"ရှင်"

"မောင်နဲ့ဘုံ့အတွက် ဒီခရီးကတော့ ဟန်နီးမွန်းအကြိုခရီး

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အဖြစ် သတ်မှတ်လိုက်ကြရအောင်ပါကွာ ... နော်"

"အောင်မယ် ... ဘယ်သူက ရှင့်ကို ဒီလောက်မြန်မြန်ကြီး လက်ထပ်မယ်ပြောလို့လဲ ... ကျွန်မဘဝတစ်သက်တာအတွက် ဖြစ်နေလို့လေ၊ အချိန်ယူ စဉ်းစားပါရစေနော်"

"မောင်ကတော့ စဉ်းစားခွင့်မပေးနိုင်တော့ဘူး ဘုံရယ် ... အမြန်ဆုံးပဲလက်ထပ်မယ် ... မောင်တို့မှာ လုပ်ကိုင်စရာတွေ အများကြီးရှိသေးတယ်၊ မောင့်ကို ယုံကြည်ပေးပါ၊ ဘုံနဲ့မောင် တစ်နာရီ တစ်စက္ကန့်လေးတောင် မခွဲနိုင်တော့ဘူး၊ ပတ်ဝန်းကျင်ကလည်း ဘုံ့ကို ဘာမှထိခိုက်နစ်နာအောင် မပြောကြပါဘူး၊ ညီပြာမှမရှိတော့တာ ... အတိတ်ကဖြစ်ရပ်တွေကို မေ့ပစ်လိုက်တာအကောင်းဆုံးပဲလို့ မောင်ထင်တယ်"

ဘုံလည်း စဉ်းစားမိနေသည်။ မောင့်ကိုလည်း စိတ်သောကတွေနှင့် မောင့်စီးပွားရေးပါထိခိုက်နစ်နာရမှာကို မလိုလားနိုင်တော့။ ပူလောင်သောကတွေနှင့် ပြဿနာတွေကို အေးချမ်းသာယာစေချင်၏။ မောင့်ဆန္ဒတွေက ဘုံ့ဆန္ဒတွေပါပဲ ...

"မောင့်ဆန္ဒတွေကို ... လိုက်လျောပေးပါနော် ဘုံရယ် ... မမကြီးအနားမှာလည်း ဘုံရှိနေသင့်တယ်လေ ... ဘုံကလက်ထပ်ဖို့ ငြင်းလည်း ... မောင်ကတော့ မင်းအနားမှာကပ်ပြီးလိုက်နေမှာပဲ ဘုံရယ် ... ဒါပဲကွာ"

ဖိုးလပြည့်စာပေ



"မောင်ရယ် ... ကျွန်မနားလည်ပါပြီ မောင့်ကိုလည်း ကျွန်မ ဘယ်လိုမှ စွန့်လွှတ်လို့မဖြစ်နိုင်တော့ဘူးဆိုတာ ကျွန်မနှလုံးသားရဲ့ဆန္ဒကို မလိမ်ညာချင်တော့ပါဘူးနော် ... မောင့်ကို အရမ်းချစ်တယ်"

"ဘုံရယ် ... မောင်လည်း ဘုံ့ကိုအရမ်းချစ်ပါတယ်၊ ချစ်တယ်ကွာ"

လေယာဉ်ကြီးက ထိုင်းနိုင်ငံအပြည်ပြည်ဆိုင်ရာလေဆိပ်မှာ ဆင်းသက်သွားသည်။ မောင်နှင့်ဘုံလည်း တစ်ယောက်လက်ကိုတစ်ယောက် တင်းကြပ်စွာဆုပ်ကိုင်ထားရင်း ... ဒီခရီးစဉ်ကတော့ ဟန်းနီးမွန်းအကြိုခရီးစဉ်အဖြစ် အပျော်တွေက နှစ်ယောက်လုံးရဲ့ ရင်ထဲသို့ တိုးဝင်လာကြ၏ ... ဘုံ ... သွားပြီးအလုပ်ဝင်မှာက ဘန်ကောက်မှာပါ ...

"မင်းအလုပ်လုပ်မယ့်ကုမ္ပဏီကို ... မောင် အစောကြီးထဲက ပယ်ဖျက်ကြောင်း အကြောင်းကြားထားပြီးပါပြီ ဘုံ"

"ဟင် ... မောင် ... တကယ်ပဲကွာ"

"အခုတော့ မောင်တို့နှစ်ယောက် ဖူးခက်မှာပဲအပန်းဖြေကြမယ်၊ ဘယ်လိုလဲ ဘုံ ... OK"

"OK"

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com

"လာ ... သွားကြမယ်"

ချစ်ခြင်းဘုံ ဘယ်လိုမှငြင်းမနေနိုင်တော့ဘဲ မောင့်လက်ကို မြဲမြဲမြံမြံဆွဲကိုင်၍ မောင်ခေါ်ဆောင်ရာသို့ ပျော်ရွှင်မြူးတူးစွာ လိုက်ပါလာခဲ့လေသည်။

ရှင်မြတ်နိုး

BURMESE CLASSIC
www.burmeseclassic.com